

# ဖြစ်တည်မှုတိုက်ပွဲ

## စစ်မှန်သော လူ့တန်ဖိုးကို ရှာဖွေခြင်း

ADRIAN EBENS

# ဖြစ်တည်မှုတိုက်ပွဲ

Adrian Ebens

https://maranathamedia-myanmar.com/

Copyright © 2018 Adrian Ebens

Updated from previous editions

ISBN-13: 978-1-57258-668-0

Library of Congress Control Number: 2011903965

Printed in Australia by Maranatha Media

Fatheroflove.info

adrian@identitywars.org

# မာတိကာ

အပိုင်း ၁။ မတူသောနိုင်ငံနှစ်နိုင်ငံ - ဖြစ်တည်မှုပျောက်ဆုံးခြင်း
၁။ မိမိကိုယ်သာ ကိုးကွယ်ရာ
၂။ အသက်စမ်းရေးတွင်း
၃။ ဘုရား၏ မေတ္တာရိပ်အောက်သို့
၄။ မိသားစုနိုင်ငံတော်
၅။ မိသားစု ပြဿနာများ
၆။ လောက ငရဲဘုံ
၇။ ကောင်းကင် မျိုးဆက်
၈။ မတူသော နိုင်ငံနှစ်နိုင်ငံ
၉။ ဗာဗုလုန်နိုင်ငံ၏ နှလုံးသား
အပိုင်း ၂။ တစ်ခုသောကံကြမ္မာ - ဖြစ်တည်မှုအစစ်အမှန်ကို ပြန်လည်ရယူခြင်း
၁၀။ မာရ်နတ်၏ ချည်နှောင်မှုများမှ ဖောက်ထွက်ခြင်း
၁၁။ ကောင်းကင်တံခါးများကို ဖွင့်ခြင်း
အပိုင်း ၃။ ဘုရားသခင့် သား၊ သမီးများအဖြစ်သို့
၁၂။ မိမိကိုယသာ ကိုးကွယ်သောဘဝ
၁၃။ ကောင်းကင်တက်ရာ လှေကားထစ်များ
၁၄။ အမည်ကွဲ ဘုရားများ
၁၅။ သင် အဘယ်သို့ ဖတ်သနည်း
၁၆။ ကျွန်မျိုး မဟုတ်တော့ပြီ
၁၇။ ဗာဗုလုန်၏ ကျဆုံးခန်း

ရည်စူးမော်ကွန်း

ဤစာအုပ်ဖြင့် ကျွန်တော့်ကို
ဖြောင့်မတ်တည်ကြည်ရန်
ရိုးသားဖြောင့်မှန်ရန်
အစပြုသည့်အရာကို အဆုံးထိလုပ်ဆောင်ရန်
မတရားမှုကို မျက်ကွယ်မပြုရန်
- သွန်သင်ခဲ့သော ဖခင် Abel

အိပ်မက်နောက်လိုက်ရန်၊ ထိုးထွင်းဉာဏ်ရှိရန်၊
သဘာဝတရားကို ချစ်မြတ်နိုးရန်၊
သဒ္ဒါတရားထက်သန်ရန် သွန်သင်ခဲ့သည့်
- မိခင် Evelyn

ဟာသဉာဏ်ရှင်၍
ကျွန်တော့်ကို အမြဲရယ်မောပျော်ရွှင်စေတတ်သော
ချစ်ရသော ငယ်ပေါင်းကြီးဖော်
- နှမ Karen

တို့အား ရည်စူးမော်ကွန်းတင်ရပါသည်။

# အပိုင်း ၁ - မတူသောနိုင်ငံနှစ်မျိုးနှင့် ဖြစ်တည်မှုပျောက်ဆုံးခြင်း

## ၁။ မိမိကိုယ်သာ ကိုးကွယ်ရာ

စိတ်ကူးယဉ် အိပ်မက်များဆီ သွားရာ တံခါးပေါက်များဖြစ်သော ပေါ့ပ်အဆိုတော်၊ အားကစားအကျော်အမော်တို့၏ ပိုစတာများကို နံရံအပြည့် ကပ်ထားသည့် မီးရောင် မှိန်မှိန် အခန်းတစ်ခန်း။ အခန်းထောင့် တစ်နေရာတွင် ကျောင်းဖတ်စာအုပ်များတင် ထားသည့် စားပွဲတစ်လုံးရှိ၏။ သို့သော် စားပွဲပေါ် ရှိ ပစ္စည်းများအနက် အသံအား ကောင်းသည့် အသံချဲ့စက် သေးသေးလေးတစ်လုံးသည် အဓိကပစ္စည်းဖြစ်သည်။ ဆယ်ကျော်သက်တစ်ဦး၏ စိတ်ကူး၊ အိပ်မက်တို့ ထင်ဟပ်နေသည့် အခန်းတစ်ခန်း။

ကျွန်တော့်စိတ်နှလုံးထဲတွင် အပြင်းအထန် တိုက်ပွဲဖြစ်နေ၏။ ဘဝတိုက်ပွဲ။ အမှန်တရားအတွက် တိုက်ပွဲ။ ကြမ်းပြင်ကို ကြောင်တောင်ငေးရင်း “ငါ ဒါမျိုးလုပ်မိမယ်လို့ တစ်ခါမှ မတွေးမိဘူး” ဆိုမိ၏။ ကျွန်တော့် ကိုယ်ပိုင်ယူဆချက်များကို အလေးအနက် ဆန်းစစ်နေမိသည်။ ထိုဒွိဟစိတ်သည် ငါ့ကို ဝါးမျိုလွှမ်းအားကြီးသော ကြောင့် စိုက်သည့်အတိုင်း ယခုရိတ်သိမ်းရသော သောကများကို မေ့ပျောက်ရန် စိတ်ထွက်ပေါက် ရှာသည့်အနေဖြင့် ယခင်က လုပ်နေကျအတိုင်း နံရံကပ်ပိုစတာများကို ကြည့်၍နှစ်သိမ့်ရာ ရှာလိုက်ရသည်။

ကျွန်တော့်စိတ်သည် ဆောက်တည်ရာ မရ။ စိတ်ဖြေရာရရန် ကိုးစားခဲ့ဖူးသည့် ပညာအရေအချင်း၊ အားကစား၊ ရှင်းလင်းပြတ်သားစွာ ပြောဆိုတတ်ခြင်းတို့သည် ယခုတွင် ငါ့ကို ဘာမျှ အကူအညီ မပေးနိုင်။ စိတ်ဓာတ်ကျခြင်း တိမ်စိုင်တို့သည် ငါ့ အပေါ် ပိကျလျက် ငါ့ရည်မှန်းချက်တို့ကို စတင်ညှစ်ထုတ်ကြကုန်၏။ နှလုံးသားထဲ အမြတ်တနိုး သိမ်းထားသည့် အဖိုးတန်အရာအားလုံးကို ဖွင့်ဖောက် ခိုးယူလေ၏။ မျှော်လင့်ခြင်းအတွက်ပင် နေရာမရှိတော့။

အမေ့ကို ယခုကဲ့သို့ မည်သည့်အခါမျှ မဆက်ဆံရန် စိတ်ပိုင်းဖြတ်ခဲ့သော်လည်း ယခုမပြောသင့်သော စကားလုံးများ ပြောမိလေပြီ။ ဤအပြုအမူပြီးနောက် ငါ သည် ငါဖြစ်လာချင်သောသူမျိုး ဖြစ်မလာသေးကြောင်း နားလည်သွား၏။ ကိုယ့် ကိုယ်ကိုယ် ဘဝင်မကျ။ ပြောင်းလဲချင်သော်လည်း ပြောင်းလဲခြင်းငှာ မစွမ်းနိုင်၍ မျှော်လင့်ချက်မဲ့ခဲ့ရသည်။

စိတ်ဓာတ်ကျခြင်း၊ စိတ်ကျခြင်းသည် ယခုကာလတွင် ကမ္ဘာကြီးကို အခြောက်လှန့် ဆုံးဖြစ်၏။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်းမှလည်း အောက်ပါအတိုင်း ထုတ်ပြန် ထားသည်။

စိတ်ကျရောဂါသည် ကမ္ဘာပေါ်တွင် နာမကျန်းဖြစ်မှုနှင့် မသန်မစွမ်းခြင်းကို ဖြစ်စေ သောအဓိကအချက်ဖြစ်သည်။ ယနေ့ စိတ်ကျရောဂါခံစားနေသူ သန်းပေါင်း ၃၀၀ ကျော်ရှိနေ၍ ၂၀၀၅ ခုနှစ်မှ ၂၀၁၅ အတွင်း ၁၈% ကျော် တိုးလာ၏။[၁]

ဤပြဿနာ မည်မျှ အန္တရာယ်များကြောင်း ၂၀၁၁ စစ်တမ်းကို ကြည့်ကြည့်ပါ။

- နှစ်စဉ် လူပေါင်းတစ်သန်း မိမိကိုယ်မိမိ သတ်သေကြ၏။ စက္ကန့် ၄၀ လျှင် တစ်ဦးနှုန်း (ဝါ) တစ်ရက်လျှင် လူပေါင်း ၃၀၀၀ နှုန်း သေကြ၏။

- မိမိကိုယ်မိမိသတ်သေမှုတစ်ခုရှိတိုင်း သတ်သေရန်ကြိုးစားသူ အယောက် ၂၀ ရှိ၏။ တစ်ရက်လျှင် ကိုယ့်ကိုယ်ကိုယ် သတ်သေရန် ကြိုးစားမှု ၆၀၀၀၀ ရှိ သည်။

- ကမ္ဘာ့အတိုင်းတာဖြင့် လွန်ခဲ့သောဆယ်စုနှစ် ငါးစုအတွင်း ကိုယ့်ကိုယ်ကိုယ် သတ်သေမှုနှုန်း ၆၀ % မြင့်တက်လာခဲ့သည်။ စက်မှုထွန်းကားသော တိုင်းပြည် များ၌ သာ၍ကျူးလွန်ကြ၏။

· ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) ၏ ထုတ်ပြန်ချက်အရ ကိုယ့်ကိုယ်ကိုယ် သတ်သေမှုအားလုံး၏ ၆၀% သည် အာရှတိုက်၌ ဖြစ်ပွား၏။ ထို့အထဲမှ ၄၀%သည် တရုတ်၊ အိန္ဒိယ၊ ဂျပန်တိုင်းပြည်တို့တွင် ဖြစ်ပွား၏။ [၁]

ဤကမ္ဘာတွင် ဘာများဖြစ်ကုန်ကြသနည်း။ အဘယ်အရာသည် သန်းပေါင်းများစွာသောလူတို့အား နေ့သစ်ကို ရဲရဲရင်ဆိုင်မည့်အစား သေလိုဇောကပ်စေရသနည်း။

Mr. Phillip Day ၏ The Mind Game စာအုပ်တွင် ဤသို့ရှင်းလင်းစွာ ဆိုထား၏။

လွန်လေပြီးသော ကာလများတွင် မိသားစုများသည် သိုက်သိုက်ဝန်းဝန်း နေထိုင်ကြပြီး စိတ်ဓာတ်ကျနေသူများကို ဖေးမကြ၏။ ... ယနေ့ခေတ်တွင် အိမ်ထောင်မိသားစုပြိုကွဲခြင်း၊ သာသနာ့ဂုဏ်ရည် မှေးမှိန်လာခြင်း၊ ၂၁ရာစု၏ အခြေအနေအရှိန်ဟုန်ကို အလျင်မီရန် ရုန်းကန်ရင်း မိသားစုများ တကွဲတပြား ဖြစ်လာကြသည့်အတွက် ယခင်ကာလများ၌ မိသားစုဝင်များ၊ ရပ်မိရပ်ဖများကလုပ်ဆောင်ခဲ့ကြသည့် ဖေးမနှစ်သိမ့်ခြင်း ကိစ္စများကို ယခုအခါ စိတ်ပညာပါရဂူများက နေရာယူ ဝန်ဆောင်ကြရ၏။ ဤအချက်သည် ကျွန်တော်တို့ လူ့အသိုင်းအဝိုင်းအတွက် အလွန်အန္တရာယ်ရှိသောအရာဖြစ်သည်ဟု လုံးလုံးထင်မိပါသည်။ [၂]

Phillip Day က အကြောင်းရင်း (၃) ချက် ချပြ၏။ (၁) မိသားစုပြိုကွဲခြင်း၊ (၂) သာသနာ့ဂုဏ်ရည် မှေးမှိန်လာခြင်း၊ (၃) ၂၁ရာစု၏ အခြေအနေ အရှိန်ဟုန်ကို အလျင်မီရန် မိသားစု တကွဲတပြား ဖြစ်လာကြခြင်း။ ထိုအချက်များအနက် မိသားစုပြိုကွဲခြင်းသည် အဓိကပြဿနာဖြစ်သည်။ David Van Biema က အောက်ပါအတိုင်း ဆိုထားသည်။

---

၁။ http://www.who.int/mental_health/management/depression/en/

၂။ https://www.medicalnewstoday.com/articles/234219.php

အခြားမည်သည့်မျိုးဆက်၌မျှ မတွေ့ရသော မျိုးဆက်တစ်ခု ပေါ်ပေါက်လာသည်။ ထိုမျိုးဆက်တွင် ငယ်ရွယ်စဉ်မှစ၍ ပြင်းထန်သော စိတ်ဒဏ်ရာ ခံစားနေရသူ သန်းနှင့်ချီ၍ ရှိသည်။ မိသားစုပြိုကွဲခြင်းကို ကြုံခဲ့ရသော ကလေးများဖြစ်သည်။ ထိုကိန်းဂဏန်းသည် မရေတွက်နိုင်သော စိတ်ဝေဒနာသည်များအနက် အချို့သာ ရှိပါသေးသည်။ ၄

Jim Conway ၏ Adult Children of Legal and Emotional Divorce စာအုပ်၌ လည်း မိသားစု စိတ်ဝမ်းကွဲခြင်း (ဝါ) တရားဝင် ကွာရှင်းခြင်းကို နှဖူးတွေ့ဒူးတွေ့ကြုံခဲ့ကြသည့် ထောင်သောင်းချီသော လူများ၏ ဆိုးရွားမှု၊ နာကျင်မှုများအကြောင်း ကွက်ကွက်ကွင်းကွင်းဖော်ပြခဲ့၏။ ထိုကဲ့သို့သောလူများ၌ သိမ်ငယ်စိတ်ကို တွေ့ရကြောင်း “ငါ ဘယ်သူလဲ” “ငါ အချစ်ခံရဖို့ မထိုက်တန်ဘူးလား” စသည်ဖြင့် မဆက်မပြတ် မေးခွန်းထုတ်တတ်ကြသည်ဟု ဆိုသည်။ ၅

ထိုမေးခွန်းများသည် လူ့ဇာတိ၌ပါလာသော တန်ဖိုးရှိသောသူဖြစ်ချင်သည့် ပြဿနာဆီ မောင်းပို့သည်။ ငါ့ကို အလေးထားသောသူ ရှိပါ၏လော။ ငါသည် တန်းဖိုးရှိပါ၏လော။ ထိုထိုသော မေးခွန်းများသည် လူ့စိတ်ထဲ၌ အဘယ်သို့ ဝင်ရောက်ခဲ့သနည်း။ ဤမေးခွန်းကို ဖြေနိုင်ရန် ကနဦးအစမူလကို ပြန်လှည့်ရပါမည်။

ဧဝသည် တစ်ဦးတည်း သတိမမူ မေ့မေ့မောမောခြေဆန့်စဉ် ဘုရားသခင်က မစားရန် ပညတ်ခဲ့သည့် အပင်အနီးသို့ ရောက်နှင့်လျှက်သားဖြစ်၏။ စိတ်ထဲတွင် “ဘုရားသည် အဘယ့်ကြောင့် ဤအပင်၏ အသီးကို မစားရန် တားရသနည်း” ဟုအတွေးဝင်၏။

---

၃။ Phillip Day, *Introduction - http://www.campaignfortruth.com/Eclub/100702 /depressionandsuicide.htm*

၄။ David Van Biema, “Learning to Live with a Past that Failed,” People, May 29, 1989, p 79.

၅။ Jim Conway, *Adult Children of Legal or Emotional Divorce*, (Monarch Publications, 1990) p 53.

အသီးကလည်း အလွန်စားချင်စဖွယ်ကောင်းရာ လက်ယက်ခေါ် ဖိတ် နေသယောင် ရှိသည်။ ထိုအခိုက် အပင်ပေါ်မှ အသံတစ်သံ ထွက်လာ၏။ မာရ်နတ်သည် မြွေကို သုံး၍ ဧဝအား "သင်တို့သည် ဥယျာဉ်၌ ရှိသမျှသောအ ပင်တို့၏ အသီးကို မစားရဟု ဧကန်စင်စစ် ဘုရားသခင် မိန့်တော်မူသလော"[၆] ဟု သွေးဆောင်လေ၏။ ဧဝနှင့် စကားစစ်ထိုးနိုင်ရန် သွေးဆောင်ရင်း တစ်ပြိုင်နက် သူမစိတ်ထဲတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ် သံသယစိတ်ကို ထားရစ်ခဲ့သည်။ ဧဝသည် မာရ်နတ်နှင့် မယှဉ်သာပါ။ သူမအကျွမ်းတဝင်မရှိသော မှောင်မိုက်၏ လက်နက်ပရိယာယ်ဖြင့် တိုက်ခိုက်ခံရသောအခါ စကားစစ်ထိုးပွဲတိုတိုနှင့် ပွဲသိမ်းသွားပါလိမ့်မည်။ ဧဝက စကားစစ်ထိုးလိုသောကြောင့် "ငါတို့သည် ဥယျာဉ်၌ရှိသော အပင်တို့၏ အသီးကို စားရသော အခွင့်ရှိ၏။ သို့သော်လည်း ဥယျာဉ်အလယ်၌ရှိသောအပင်၏ အသီးကိုကား သင်တို့သည် မကိုင်မစားဘဲ နေကြလော့။ စားမိပါက ဧကန်အမှန် သေမည်ဟု ဘုရားသခင် မိန့်တော်မူခဲ့ပါသည်"[၇] ဟု ပြန်ပြောပြသည်။ ဘုရားသခင်၏ ပညတ်စကားကို ပြန်ရွတ်ဆိုခြင်းဖြင့် ဧဝသည် မာရ်နတ်၏ စိန်ခေါ်မှုကို လက်ခံခဲ့မိသဖြင့် ဒုက္ခလှလှ တွေ့ရတော့သည်။ စာတန်၏သွေးထိုးစကားနှင့် သူမ၏ စူးစမ်းလိုစိတ်တို့ကြောင့် မထင်မှတ်ထားသော စာတန်၏ ချေပစကားကို ကြားရသောအခါ ကြက်သေသေရတော့သည်။ "သင်သည် အမှန် သေမည်မဟုတ်။"[၈]

စာဖတ်သူလည်း အပျော်တမ်း စကားရည်လုပွဲများတွင် မိမိက အသာစီးရထားသည်ဟု ထင်မှတ်နေချိန်တွင် မထင်မှတ်ဘဲ တစ်ဖက်သား၏ အလှဲထိုးခြင်းခံရကာ ပါးစပ်အဟောင်းသား ဖြစ်ဖူးပါသလော။ သူတို့စကားသည် အလွန်လေးနက်၊ ပညာရှိသောကြောင့်မဟုတ်သော်လည်း သူတို့ထံမှ ထိုကဲ့သို့သော စကားမျိုး ကြားရမည်ဟု လုံးလုံး ထင်မှတ်မထားမိသောကြောင့် ဆွံ့အသွားသလိုဖြစ်ဖူးပါသလော။

---

၆။ Genesis 3:1 ၇။ Genesis 3:2,3 ၈။ Genesis 3:4

ထိုကဲ့သို့သော စကားမျိုး သူတို့ ပြောင်ပြောင်တင်းတင်းပြောလိမ့်ဟု လုံးလုံးမတွေး မိဖူးသော စကားမျိုး ကြားဖူးပါသလော။

သူ့သားကောင်သည် ဘာမျှပြန်မပြောနိုင်အောင် ဖြစ်နေကြောင်း သိသည်နှင့် တစ်ပြိုင်နက် "ထိုအသီးကို စားသောနေ့၌ သင်တို့သည် မျက်စိပွင့်လျက် ကောင်းမ ကောင်းကိုသိ၍ ဘုရားကဲ့သို့ ဖြစ်မည်စိုးသောကြောင့် တားမြစ်ခြင်းဖြစ်သည်" [၉] ဟု လှည့်ကွက်ဖြင့် အပြီးသတ်ထိုးနှက်၏။ ၉။ ကမ္ဘာဦးကျမ်း ၃း ၅

ဤကျမ်းချက်များသည် ခရီးသွားစဉ် ရွာတစ်ရွာကို ကားနှင့်ဖြတ်သွားရသည် နှင့် တူပါသည်။ မျက်တောင်တစ်ချက်ခတ်သည်နှင့် လမ်းတစ်လျှောက်ရှိ ရှုခင်းများ ကို မြင်ရတော့မည် မဟုတ်ချေ။ ဧဝထံ မာရ်နတ် သွတ်သွင်းခဲ့သော အတွေးအခေါ် သည် အာဒံ၏ မျိုးဆက်အားလုံးကို ဒုက္ခပေးသော "အကြီးအကဲဖြစ်လိုစိတ်" တည်း ဟူသော ကျိန်စာမျိုးစေ့ ပါရှိနေသည်။ လွတ်လပ်ဟန်ရှိသည့် ထိုအတွေးခေါ်သည် လူ့ဝိညာဉ်ကို အမှောင်ထဲ၌ စိတ်ဆင်းရဲမှုအပေါင်း၏ ကျေးကျွန်ဖြစ်စေသော အဓိက အချက်ဖြစ်၏။ စကားကြော ရှည်မိပါသလော။ စိတ်မရှိပါနှင့်။ "သင်သည် ဧကန် မ သေရ" ဟူသော အတွေးခေါ်ကို ပြန်လည်အနက်ဖွင့်ကြပါစို့။ ထိုစကားသည် "ငါ့ ကို ဂရုစိုက်မဲ့သူရှိလို့လား။" "ငါက အချစ်ခံဖို့ မထိုက်တန်တဲ့လူလား။" စသည့် မေး ခွန်းများကို မည်သို့စတင်ပေါ်ပေါက်လာစေကြောင်း ကျွန်တော်တို့ လေ့လာကြမည်။

ကျွန်တော် ၈ နှစ်အရွယ်တွင် ညီမလေးက ရီတတ်၊ ငိုတတ်၊ နို့ပင် စို့တတ်သော အရုပ် လက်ဆောင်ရခဲ့ဖူး၏။ အရုပ်နောက်ကျောတွင် ဓာတ်ခဲထည့်ရန်သာလိုသည်။ ထို့နောက်တွင် အရုပ်က အခိုက်အတန့်တစ်ခုထိ ဖျော်ဖြေသွားမည်ဖြစ်သည်။ အရုပ် ၏ ငိုသံကို နားမခံနိုင်၍ ခွေးစာကျွေးချင်စိတ်ဖြစ်မိသော်လည်း ညီမလေး၏ ငိုသံကို နာရီနှင့်ချီ မကြားလိုပြန်သည်နှင့် သည်းခံလိုက်ရသည်။ နောက်ကျောတွင် ဓာတ်ခဲ နှစ်လုံး ထည့်လိုက်ရုံဖြင့် ထိုအရုပ်အသက်ရှိလာသည်။ စာတန်ကလည်း ဧဝ စိတ်ထဲ

တွင် ထိုသဘောတရားကို သွတ်သွင်းလို၏။ အသင်ဝေ ဘေးစကားကို နားမယောင် ပါနှင့်။ သင့်၌ ကိုယ်ပိုင်အသက်ရှိ၏။ သင့်၌ အသက်ရှိသောကြောင့် စိတ်ရှိသည့်အ တိုင်း ပြုမူလော့။ သင့်အပေါ် ဘေးရောက်မည်မဟုတ်။ သင်သည် ဧကန်သေရမည် မဟုတ်။ ဓာတ်ခဲအားပြန်သွင်းဖို့ ဤသစ်ပင်ဆီ လာနေသမျှကာလပတ်လုံး သင်အ ဆင်ပြေပြေ နေနိုင်မည်။

ဒူဇလသား ကလေးက မိဘများအား "သား ကိုယ့်ဘာသာ ရပ်တည်နိုင်ပြီလို့ ထင်တယ်။ အိမ်နောက်ဖေးက ခြံစောင့်နတ်က ပြောတယ်။ သားမှာ ကိုယ်ပိုင်အစွမ်း တန်ခိုးတွေ ရှိတယ်တဲ့။ အဲ့တန်ခိုးက သားကို အသက်ရှင်စေတယ်။ သားလိုအပ်တဲ့ အရာမှန်သမျှ ဖြည့်ဆည်းပေးမှာ။ ပြုစုပျိုးထောင်ပေးခဲ့သမျှအတွက် ကျေးဇူးပါ။ တစ်နေ့နေ့ ပြန်တွေ့နိုင်မယ်လို့ မျှော်လင့်ပါတယ်။" ဟု ဆိုလာလျှင် သင်မည်သို့ တွေး မည်နည်း။ ဤအဖြစ်အပျက်သည် ဒေင်ဥယျာဉ်၌ အာဒံ၊ ဧဝတို့၏ ဖြစ်စဉ်နှင့် တူပါသည်။ "သင်သည် ဧကန်သေမည် မဟုတ်" ဟူသောအတွေးသည် ကောင်း ကင်ခမည်းတော်အပေါ် လုံးလုံးမှီခိုသည့် ဆက်ဆံရေးကို ပျက်စေ၏။ ထိုအတွေး အခေါ်က သူတို့ မည်သူဖြစ်ကြောင်း သူတို့၏ ဖြစ်တည်မှု အရင်းမြစ်ကို တိုက်ခိုက် နေသည်။ သူတို့ မည်သူဖြစ်ကြောင်း သူတို့၏ ဖြစ်တည်မှုကို သံသယဝင်စေ၍ ဘု ရားသားဖြစ်ရခြင်း တန်ဖိုးကိုပါ သံသယဝင်စေသည်။ အာဒံ၊ ဧဝတို့သည် ဘုရား သခင်ထံ ပြန်လှည့်နိုင်ရန် ၎င်းတို့၏ အမှားများကို အဘယ့်ကြောင့် မမြင်နိုင်ကြရသ နည်း။ ရိုးရှင်းသောအဖြေ မရှိပါ။ သင့်၌ ကိုယ်ပိုင်တန်ခိုးရှိသောကြောင့် "သင်သည် ဧကန် သေရမည် မဟုတ်" ဟူသော အတွေးအခေါ်ကို တစ်စက္ကန့်မျှ ဖက်တွယ်မိခြင်း က မူလအတိုင်း ဘုရားနှင့် မိတ်သဟာရဖွဲ့ခြင်းမင်္ဂလာကို ချက်ချင်း လက်လွတ်ဆုံး ရှုံးစေ၏။ ဤအကြောင်း နောက်ပိုင်းအခန်းတွင်များ ဆက်လက်လေ့လာကြပါမည်။ ယခု ကံကြမ္မာကို အဆုံးအဖြတ်ပေးသော ထိုသစ်ပင်အကြောင်း ဆက်ကြအုံးစို့။

ပညတ်ထားသည့် အသီးကို စားသောအခါ အဘယ်သို့ဖြစ်မည်ဟု မာရ်နတ်သွေးထိုးခဲ့သည့် စကားကို သတိပြုပါ။ သင့်မျက်စိသည် ပွင့်ကာ၊ လက်ရှိထက်မြင့်မြတ်သော ရှင်သန်သူအဆင့်သို့ ရောက်မည်ဟု ဆိုခဲ့သည် မဟုတ်လော။ ဤစကား၌ သင့်အထဲ၌ ကိုယ်ပိုင်တန်ခိုးရှိသည်သကဲ့သို့ ရုပ်လောက၌လည်း အစွမ်းတန်ခိုးများရှိကြောင်း၊ ၎င်းတို့ကို ပိုင်ဆိုင်သည့်အခါ သင်သည် တန်ခိုးရှင်ဖြစ်လာမည်ဟူသော သဘောမျိုး ပါနေ၏။ ဥစ္စာဓနလောကမှ ကြိုဆိုမှုလည်းဖြစ်သည်။

ကမ္ဘာဦးကျမ်း ၃း ၄၊ ၅တွင် မာရ်နတ်သည် အစွမ်းတန်ခိုးကို အခြေပြုသည့် သူ့နိုင်ငံတော်သို့ ဝင်ရောက်လာသူ များပြားလာစေရန် အစွမ်းကုန် သွေးဆောင်ဝါဒဖြန့်နေကြောင်း တွေ့ရသည်။ ပူးပေါင်းလာသူများအတွက် တန်ခိုးနှင့် စိတ်သာယာမှုကို ပေးစွမ်းမည့် နိုင်ငံတော်ကို ကတိပေးကာ ကမ်းလှမ်းခဲ့သည်။ ထိုနိုင်ငံတော်ကို အုတ်မြစ်ကြီး နှစ်ခုအပေါ် အခြေခံထား၏။ ၎င်းတို့မှာ -

၁။ သင်သည် ကိုယ်ပိုင်သက်ရှိလူသားဖြစ်သောကြောင့် လွတ်လပ်သောသူဖြစ်၏။ ပြင်ပမှလာသော ကျေးဇူးရှင် (သို့) ဩဇာအာဏာတစ်ခုခုအပေါ် မှီခိုရန် မလို။

၂။ ငါတို့ ရရှိပိုင်ဆိုင်ထားလျှင် (သို့) အဆက်အသွယ်ရှိထားလျှင် ငါတို့ကို ပိုမိုတန်ခိုးကြီးစေသော၊ ပိုမိုဉာဏ်ကောင်းစေသော၊ ဘဝကို ပိုမိုပြည့်စုံစေနိုင်သောလူ၊ အရာဝတ္ထု၊ ပစ္စည်းဥစ္စာများဖြင့် ဖွဲ့စည်းထားသော ကမ္ဘာဖြစ်သည်။

အကောင်းအဆိုး သိကျွမ်းရာအပင်ကို အသုံးချ၍ စာတန်သည် ဓာတ်ခဲအားဖြင့် အသက်ရှင်လာသော အရုပ်ကဲ့သို့သော အသက်ရှင်မှုမျိုး၊ ပြင်ပမှလာသော ကျေးဇူးရှင် (သို့) ဩဇာအာဏာတစ်ခုခုအပေါ် မှီခိုရန် မလိုဘဲ ရှင်သန်နိုင်မှုဟု လူသားများအတွက် ငါးစာအဖြစ် ရောင်းစားသည်။ ထို့ကြောင့် အခန်း ၁ ကို မိမိကိုယ်သာ ကိုးကွယ်ရာဟု အမည်ပေးရခြင်းဖြစ်သည်။ မာရ်နတ်က ကျွန်တော်တို့သာ သူ့ဒဿနကို

လက်ခံကျင့်သုံးပါက ခန္ဓာအတွင်းရှိ ဆဲလ်များ ထာဝရရှင်သန်လိမ့်မည်ဟု လူသားများကို သွေးဆောင်လေ့ရှိသည်။

အာဒံ၊ ဧဝတို့စားသည့် ပညတ်ထားသောအပင်၏ အသီးတွင် ပင်ကိုယ်အားဖြင့် သူတို့ကိုကြောက်လန့်စိတ်၊ အပြစ်ရှိစိတ်၊ ပုန်ကန်လိုစိတ် ဖြစ်စေသောအဆိပ်များ ပါရှိမနေကြောင်း သတိပြုရန် အရေးကြီး၏။ သမ္မာကျမ်းစာ၌ ထိုအသီးသည် စားချင့်စဖွယ်ဖြစ်သည်ဟု ဆို၏။ သူတို့ကို အဆိပ်သင့်စေသောအရာသည် ဧဝထံ စာတန်ပြောခဲ့သော စကားလုံးများဖြစ်သည်။ အဆိပ်သည် စာတန့် နိုင်ငံတော်၏ နည်းစနစ်များဖြစ်သည်။ အချို့က "အာဒံနဲ့ ဧဝရဲ့ အသီးစားတဲ့အပြစ်ကို မစားတဲ့ ငါက ဘာကြောင့် မဆီမဆိုင် ကျွဲကူးရေပါ ခံရတာလဲ" ဟု မေးတတ်ကြသည်။ အမှန်မှာ ကျွန်တော်တို့ ဘုရားသခင်ကို ပစ်ပယ်ကာ အာဒံနှင့် ဧဝံကဲ့သို့ ကိုယ့်သဘောအတိုင်း ပြုမူသည့် အခါတိုင်း မာရ်နတ်၏ အဆိပ်ကို မျိုချနေသည်နှင့် တူပါသည်။ အာဒံ၊ ဧဝတို့နည်းတူ ထိုအပင်၏ အသီးကို အကယ်စင်စစ် ကျွန်တော်တို့ နေ့စဉ် စားသုံးနေကြကြောင်း၊ အကျိုးဆက်အနေဖြင့် ကြောက်စရာကောင်းသော ဒုက္ခဝေနာများ ခံစားနေရခြင်းဖြစ်ကြောင်း ကျွန်တော်တို့ လေ့လာသွားမည်ဖြစ်သည်။

ဘုရားမရှိဘဲ ကျွန်တော်တို့ အသက်ရှင်နိုင်သည်ဟူသော အတွေးခေါ်သည် များစွာသော လူများအတွက် ထူးဆန်းသောအရာ မဟုတ်ပါ။ သို့သော်လည်း ထိုအယူအဆ မျိုးသည် ကိုယ့်သေတွင်းကိုယ်တူးသည့် အတွေးခေါ်မျိုးဖြစ်ကြောင်း နောက်အခန်းတွင် ကျွန်တော်တို့ လေ့လာကြပါမည်။

## ၂။ အသက်စမ်းရေတွင်း

အလုပ်၌ နေ့တာရှည်သော နေ့တစ်နေ့ဖြစ်သည်။ ဘတ်ဂျက်ဆွဲပြင်ဆင်ခြင်း အပြီးသပ်တော့မည်။ ဘတ်ဂျက်ပေါင်း ၉၀ကို တစ်ခုတည်းအဖြစ် အပြီးသတ် စီမံနေရချိန်ဖြစ်၏။ လိုချင်တာရဖို့ များများတောင်းဆိုသော၊ များများမျှော်လင့်သော၊ များများလိုချင်သော ရည်မှန်းချက်ခပ်ကြီးကြီး မန်နေဂျာများအကြား ရှိရင်းဘတ်ဂျက်ကို ခွဲဝေပေးရခြင်းမှာ အမှားမရှိအောင် အထူးဂရုစိုက်ရသောအလုပ်ဖြစ်သည်။ ဤအလုပ်အကြောင်းများ မေ့ပစ်ထားချင်နေတုန်း ရုတ်တရက် ဖုန်းဝင်လာ၏။ "ဟယ်လို ... သားလား၊ အဖေပါ။" အသံကား မငြိမ်။ မြင်းမိုရ်တောင် ပခုံးထမ်းနေရသည်နှင့်တူ၏။ "ဘာကိစ္စလဲ အဖေ။" "သားအမေ ဆိုးဝါးတဲ့ ယာဉ်တိုက်မှုဖြစ်လို့။" ထိုစကားကြောင့် ကျွန်တော့်အပေါ် မိုးပြိုသည့်ပမာ ခံစားလိုက်ရသည်။ တုန်လှုပ်ခြောက်ခြားနေမိသည်။ နှလုံးခုန် နှစ်ဆမြန်လာသည်။ ကိုယ်ခန္ဓာလည်း ထူပူပြီး တောင့်နေသည်။ "ယာဉ်တိုက်မှု" အသံကို ငြိမ်အောင် အတော်ထိန်းပြီး "စိုးရိမ်ရလား" ဟု မေးရာ "အတော်ဆိုးတယ် သား။"

ထိုအချိန် ဖုန်းထဲတစ်ဆင့် အဖေ့ထံ ဟုပ်ခနဲ့ ရောက်ချင်မိ၏။ အဖေ့ကို နှစ်သိမ့်ချင်မိသည်။ သို့သော်လည်း အဖေ့ဆီ ကားဖြင့် နှင်လျှင် ၁၂ နာရီမျှ ကြာမည်။ လေယာဉ်ဖြင့် သွားမည်ဆိုလျှင် မနက်အထိစောင့်ရမည်။ ဖုန်းချပြီးသည်နှင့် စိတ်ခြောက်ခြားလာ၍ ထိတ်လန့်စိတ်၊ ကြောက်စိတ်၊ ထိုင်းမှိုင်းစိတ်တို့က ကျွန်တော့်ကို တစ်ဟုန်ထိုး ထိုးနှက်လေတော့သည်။ ချက်ချင်း ယေရှုဘုရားကို သတိရပြီး "အို...သခင်ယေရှု၊ အမေ့ကို အသက်ချမ်းသာခွင့် ပေးပါအုံး" ဟု ကျမ်းစာကို ဖွင့်ဖတ်၍ ဆုပြီးရင်း တောင်းနေမိရာ စိတ်ငြိမ်သက်ရာ ရလာ၏။ ထို့နောက် ကျွန်တော့်စိတ်သည် ရောက်တတ်ရာရာ အတွေးပေါင်းစုံတွေးရင်း ကြောက်လာပြန်သည်။ အကူအညီမဲ့

ခံစားလာရကာ တုန်လှုပ်လာပြန်သည်။ အခါခါ ဒူးထောက် ဆုတောင်းရင်း ယေရှုဘုရားကို ဖက်တွယ်ထားလိုက်သည်။

အမေသည် တေးဂီတသင်ခန်းစာများ သင်ကြားပို့ချရန် ခရီးထွက်ရလေ့ရှိသည်။ ဆယ်မီတာခန့်အကျယ် လမ်းလယ်ကျွန်းပါသော နှစ်လမ်းသွား အဝေးပြေးလမ်းမပေါ် ရှေ့ကားကို ကျော်တက်ရန် မောင်းနေချိန်အထိသာ အမေ မှတ်မိသည်။ အခြားလမ်းမှလာသောကားသည် ထိန်းမရဖြစ်ပြီး လမ်းနှစ်လမ်းအကြားရှိ ဆယ်မီတာအကျယ်ရှိသောလမ်းလယ်ကျွန်းကို ဖြတ်တိုက်ကာ မိခင်၏ကားခေါင်းကို ဝင်တိုက်၏။ အရှိန်များသောကြောင့် အင်ဂျင်က အကာကို ထိုးဖောက်ကာ စတီယာတိုင်ကို တွန်းထုတ်သဖြင့် အမေ့မျက်နှာကို အရိုက် ထိုင်ခုံသည် ဘာကြောင့်မှန်းမသိ အချိန်ကိုက်ကျိုးသွားသဖြင့် ဝမ်းသာရသည်။ မဟုတ်လျှင် အမေ ပွဲချင်းပြီးနိုင်၏။ ဆေးရုံရောက်သောအခါ လက်ကျိုး၊ ခြေကျိုး၊ မျက်နှာဘယ်တစ်ခြမ်းလုံး ပုံပန်းပျက်သွားသည်။

အမေဆေးရုံအရောက်တွင် တာဝန်ကျချိန် ပြီးတော့မည့်ဆဲဆဲ ဆရာဝန်တစ်ဦးရှိ၏။ ထိုဆရာဝန်သည် အမေ့ကို မြင်သည်နှင့် အလုပ်ပြန်ဝင်ကာ အမေ့အသက်ကို ကယ်တင်ရန် ၈ နာရီမျှ လုံးပမ်းခဲ့၏။ စိုးရိမ်စရာ အခြေနေများ ကျော်ဖြတ်ပြီးနောက်ဆုံးတွင် အခြေနေတည်ငြိမ်သွားသည်။ ထိုဆရာဝန်ကို စိတ်ရှိသည်အတိုင်း ကျေးဇူးတင်စကား ပြောဖို့ပင် ရှာမရ။ ထိုအဖြစ်ကို အမှတ်ရတိုင်း မျက်ရည်လည်ရပါသေးသည်။ ထိုဆရာဝန်သည် ၁၆နာရီ တောက်လျှောက်ကုသပြီး နံနက် ၃နာရီမှ အခြေအနေဆိုးခဲ့သော်လည်း ယခုကောင်းသွားပြီဖြစ်ကြောင်း အဖေ့ကို ပြောဖို့သတိရသည်။ ကျွမ်းကျင်ဆရာဝန်တစ်ယောက်၏ ဂုဏ်သိန်အပေါင်းနှင့် ပြည့်စုံသည့် ထိုဆရာဝန်အပေါ် ယနေ့တိုင် ကျေးဇူးတင်နေမိသည်။

နောက်ရက်များတွင် ဇနီးသည်နှင့်အတူ အထူးကြပ်မတ်ခန်း၌ အမေ့ကို စောင့်ပေးရ၏။ အမေ အသက်ရှင်နေသေးသဖြင့် အလွန်ဝမ်းသာရသည်။ မြန်မြန်ဆန်ဆန် ကျန်း

မာလာသည်ကို ဆရာဝန်များကလည်း အံ့သြနေကြသည်။ အမေသည် စန္ဒရားတီးနိုင်တော့မည် မဟုတ်။ လမ်းလည်း လျှောက်နိုင်တော့ မည်မဟုတ်ကြောင်း သိရသည်။ အလွန် စိတ်မကောင်းဖြစ်ရသော်လည်း အသက်နှင့်ခန္ဓာမြဲနေသေးသည်ကို ထောက်၍ စိတ်ဖြေရပါသည်။ Lorelle က အမေ့ ကုသမှုမှတ်တမ်းကိုကြည့်ပြီး ကျွန်တော့်ကို လက်ယပ်ခေါ်၏။ အမေ အသက်ဆုံးရှုံးတော့မည်ဟူသော ဆရာဝန်တို့၏ မှတ်ချက်များနှင့် မမျှော်လင့်ဘဲ ရုတ်တရက် ထူထူထောင်ထောင် ကောင်းမွန်လာသည့် လက္ခဏာ၊ မှတ်ချက်များကို ကျွန်တော့်ကို ပြသည်။ ထိုသို့ ပြန်လည်ကောင်းမွန်လာရသည့် အကြောင်းရင်းကို မှတ်တမ်း၌ ရေးမထား။ သို့သော်လည်း အသက်၏ အရင်းအမြစ်ဖြစ်သော ကျွန်ုပ်၏ ကောင်းကင်ခမည်းတော်သည် သားတော်ကို စေလွှတ်၍ အမေ့ကို အသက်ဆက်စေခဲ့ကြောင်း ကျွန်တော် သိနေခဲ့ပါသည်။ အသက်ပေးပိုင်သော တန်ခိုးနှင့်ပြည့်စုံသော ယေရှုဘုရားအပေါ် အလွန်ကျေးဇူးတင်မိပါသည်။ ယခုအခါ အမေ လမ်းလျှောက်နိုင်ပြီ။ တစ်ခါတစ်ရံ စန္ဒာရား တီး၏။ အမေ့ စန္ဒရားသံကို ကြားရတိုင်း သေမင်း၏လက်ထဲမှ မိခင်ကို ကယ်ခဲ့သည့် ယေရှုဘုရားအပေါ် နက်နက်ရှိုင်းရှိုင်း ကျေးဇူးတင်မိသည်။

အသက်၏ အရင်းအမြစ်အကြောင်း နားလည်နိုင်ရန် သမ္မာကျမ်းစာ၌ ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ကောလောသဲဩဝါဒစာတွင် ယေရှုအကြောင်း ဤသို့ဆိုထား၏။

"ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်၌ ရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ခပ်သိမ်းသောအရာတို့သည် ခရစ်တော်အားဖြင့် ဖန်ဆင်းတော်မူ၍ ခရစ်တော်အတွက်ဖြစ်တော်မူ၏။ (၁၇) မည်သည့်အရာ တစ်စုံတစ်ခုကိုမျှ မဖန်ဆင်းမီ ခရစ်တော်ရှိ

တော်မူ၏။ ခပ်သိမ်းသောအရာတို့သည် သူ့အားဖြင့်တည်ရှိကြ၏။
ကောလောသဲသြဝါဒစာ ၁း၁၆၊ ၁၇။

ငါတို့မြင်နိုင်သောအရာ၊ မမြင်နိုင်သောအရာ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်း၍ စောင့်ရှောက်သောသူသည် ယေရှုခရစ်တော်ဖြစ်သည်။[၁၁] နောက်ဆုံးဝါကျကို သတိပြုကြည့်ပါ။ "ခပ်သိမ်းသောအရာတို့သည် သားတော်အားဖြင့်သာ တည်၏။" ဤကျမ်းပိုဒ်က ဘုရား၏သားတော်မှလာသော ဇီဝအသက်သည် စကြဝဠာတစ်ခွင်လုံးကို တည်စေသောအရာဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ဆိုထားသည်။ တမန်တော်ဝတ္ထုတွင် တမန်တော်ရှင်ပေါလုက ဤသို့ဆို၏။

"လောကဓာတ်မှစ၍ လောကဓာတ်၌ ရှိလေသမျှသောအရာတို့ကို ဖန်ဆင်းတော်မူသော ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို အစိုးရတော်မူသောအရှင်ဖြစ်၍၊ လူတို့လက်ဖြင့်လုပ်သော ဗိမာန်၌ ကိန်းဝပ်တော်မူသည် မဟုတ်။ - (၂၅) ဘုရားသခင်သည် ခပ်သိမ်းသောသူတို့အား **ဇီဝအသက်နှင့်တကွ ထွက်သက်ဝင်သက်မှစ၍ ခပ်သိမ်းသောအရာတို့ကို ပေးတော်မူသော**အရှင်ဖြစ်တော်မူ၍၊ တစ်စုံတစ်ခုကို အလိုတော်ရှိသကဲ့သို့ လက်ဖြင့်ကျွေးမွေးခြင်းကို ခံတော်မူသည်မဟုတ်။ (၂၆) ဘုရားသခင်သည် မြေတစ်ပြင်လုံး၌နေရသော လူအမျိုးမျိုးတို့ကို တစ်သွေးတည်းနှင့် ဖန်ဆင်းတော်မူ၍ **သူတို့အား ခွဲဝေစီမံသောအချိန်ကာလကိုလည်းကောင်း သူတို့၏ နေရာအပိုင်းအခြားကိုလည်းကောင်း မှတ်သားတော်မူ၏။** - (၂၇) အကြောင်းမူကား၊ လူတို့သည် ဘုရားသခင်ကို ရှာစမ်းသဖြင့် တွေ့ကောင်း တွေ့ကြလိမ့်မည် အကြောင်းတည်း။ သို့ဆိုသော်လည်း **ဘုရားသခင်သည် ငါတို့တွင် အဘယ်သူနှင့်မျှဝေးတော် မူသည်မဟုတ်။**

---

၁၁။ ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်ကြောင့် ဖြစ်ပါ၏။ ၁ရာချုပ် ၂၉း ၁၄

- (၂၈) **ငါတို့သည် ဘုရားသခင်အားဖြင့် အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ ဖြစ်လျက်ရှိကြ၏။** ထို သို့နှင့်အညီ သင်တို့တွင် လင်္ကာဆရာအချို့တို့က ငါတို့သည် ကား၊ နွယ်တော်သား ပင်၊ ဘုရားမျိုးပေ၊ ဖြစ်ကြလေဟု စပ်ဆိုသတည်း။ တမန်တော်ဝတ္ထု ၁၇း၂၄-၂၈။

ဤကျမ်းချက်မှ ကျွန်ုပ်တို့အသက်တာ၌ ရင်းရင်းနှီးနှီး ပါဝင်ပတ်သက်သောဘုရားကို တွေ့ရသည်။ တမန်တော်ရှင်ပေါလုက ဘုရားသခင်၏ ဂုဏ်တော်အကြောင်း အစချီ၍ သူ့ကိုယ်ရေးကိုယ်တာအကြောင်း၊ လူသားနှင့် ဆက်ဆံရေးအကြောင်းဖြင့် နိဂုံးချုပ်ထားသည်။

၁။ ဘုရားသခင်သည် တိုင်းနိုင်ငံတို့၏ ကာလအပိုင်းခြားနှင့် နေရာဒေသကို သတ်မှတ်တော်မူ၏။

၂။ ဘုရားသခင်သည် ငါတို့တွင် အဘယ်သူနှင့်မျှဝေးတော်မမူ။

၃။ ဘုရားသခင်အားဖြင့် အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ ဖြစ်လျက်ရှိ၏ဟု နိဂုံးချုပ်ထားသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်အားဖြင့်သာ အသက်ရှင်နေသည်မှန်လျှင် ဘုရားမပါဘဲ အသက်မရှင်နိုင်ဟု ရိုးရိုးလေး သိနိုင်သည်။ ခမည်းတော်ဘုရားကို ကိုယ်စားပြုသော ဘုရားသခင့်သားတော် သခင်ယေရှုက “ငါနှင့်ကွာလျှင် သင်တို့သည် ဘယ်အမှုကိုမျှ မတတ်နိုင်”[၁၂] ဟု ဆို၏။ ထို့ကြောင့် ဘုရားမပါလျှင် ကျွန်တော်တို့သည် ကိုယ်ခန္ဓာ၊ စိတ်နှလုံးနှင့် ဝိညာဉ်ရေးရာတို့တွင် မည်သည့်အမှုကိုမျှ မပြုနိုင်။ မွေးကင်းစကလေးငယ်တစ်ဦး မိဘများအပေါ် လုံးလုံးလျားလျား မှီခိုရသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်နှင့် သားတော်အပေါ် လုံးလုံးလျားလျား မှီခိုကြရသူများဖြစ်သည်။

---

၁၂။ ရှင်ယောဟန် ၁၅း ၅

ဤအကြောင်း ကျယ်ပြန့်သောကြောင့် ဆက်လက်ရှင်းပြပါမည်။ ခန္ဓာကိုယ်အတွင်း အင်္ဂါတစ်ခုဖြစ်သော အံ့ဖွယ်နှလုံး အကြောင်းတွေးကြည့်ပါ။ နှလုံးသည် နားသည်ဟူ၍ မရှိဘဲ နှစ်ပေါင်းများစွာ ခန္ဓာတွင်တစ်ခုလုံး၌ သွေးများဖြန့်ဖြူး ပို့လွှတ်ပေးသည်။ ထူးခြားသည်မှာ နှလုံးသည် ပြင်ပမှအကူအညီ မယူဘဲ အလုပ် လုပ်သည်။ နှလုံး၏ ကြွက်သားများသည် အာရုံကြောစနစ်၏ စေ့ဆော်မှုမပါဘဲ ကျုံ့နိုင်၊ ဆန့်နိုင်သည်။ နှလုံး၌ ကိုယ်ပိုင်လည်ပတ်နိုင်သည့် စနစ်ရှိ၏။ ခန္ဓာဗေဒကျမ်း၌ "နှလုံး၏ ဓာတ်ကူး စနစ် (conduction system) သည် ထူးခြားကြွက်သားဖြင့် ဖွဲ့စည်းထား၏။ ၎င်းက လျှပ်စစ်လှုံ့ဆောင်မှုကို ဖြစ်စေ၍ နှလုံးကြွက်သားကို ကျုံ့စေဆန့်စေ၏" [၁၃] ဟု ဆိုသည်။ ထူးခြားသည်မှာ မည်သည့်ခန္ဓာဗေဒကျမ်းကမှ နှလုံး၏ ကြွက်သားများသည် နှလုံးကို ကျုံ့ ဆန့်စေနိုင်ရန် လျှပ်စစ်လှုံ့ဆော်မှုကို မည်သို့ဖြစ်စေကြောင်း ဖော်ပြမထားပါ။ အထူးကြွက်သား (သို့) ပင်ကိုယ်စနစ်ဟုသာ အမည်ပေးကြ၏။ သို့သော် ထိုအထူး ကြွက်သား (သို့) ပင်ကိုယ်စနစ်သည် မည်သို့အလုပ်လုပ်၍ ထိုသို့လုပ်နိုင်စေသည့် စွမ်းအင်သည် မည့်သည့်နေရာမှ လာသနည်း။

အယူအဆကွဲပြားမှုသည် ထိုအချက်မှ အစပြု၏။ သမ္မာကျမ်းစာကမူ ထိုစွမ်းအင်သည် ဘုရားသခင်ထံမှ လာသည်ဟု ဆိုထားသည်။ "ငါတို့သည်ကား ဘုရားသခင်အားဖြင့် အသက်ရှင်၏" တမန်တော်ဝတ္ထု ၁၇း ၂၈။ သို့သော်လည်း မာရ်နတ်က ထိုစွမ်းအင်သည် ကျွန်ုပ်တို့အထဲ၌ ပင်ကိုယ်အားဖြင့် ရှိနှင့်သောအရာဖြစ်သည် ဟုဆို၏။ ကျွန်တော်တို့ အလိုအလျောက် လုပ်ဆောင်နိုင်သည့် ဇီဝဗေဒစနစ်တစ်ခုသာ ဖြစ်သည်ဟု ဆို၏။ "သင်သည် အမှန် သေရမည်မဟုတ်" (ကမ္ဘာဦးကျမ်း ၃း၄) ဟူသောစကားသည် ထိုအယူအဆ၏ အုတ်မြစ်ဖြစ်သည်။ ကျွန်ုပ်တို့ တစ်ခုမဟုတ်တစ်

၁၃။ Gerard Tortora and Nicholas Anagnostakos, *Principles of Anatomy and Physiology*, (Harper and Row Publishers, New York, 1984) p 463.

ခု ရွေးချယ်ယုံကြည်ကြရသည်။ ခရစ်ယာန်အများစုက အလယ်လမ်းကို လိုက်၍ "ဘုရားက အရာခပ်သိမ်းကို ဖန်ဆင်းတယ်။ ဒါပေမယ့် နာရီသံပတ်လိုပဲ သူ့ဟာသူ လည်ပတ်စေတယ်" ဟု ဆိုကြ၏။ ဘုရားသခင်က ထိုစွမ်းအင်ကို ဖန်ဆင်း၍ ကျွန်ုပ် တို့အထဲ၌ သူ့ဟာသူလည်ပတ်ရန် ထားထားပေးသယောင် ဆိုကြသည်။ သမ္မာကျမ်း စာက ထိုကဲ့သို့ မသွန်သင်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်အပေါ် နာရီ၊ မိနစ်၊ စက္ကန့် မလပ် လုံးလုံးလျားလျား မှီခိုရသူများ ဖြစ်၏။ ဘုရားသခင်သည် လူသားများ၏ နှ လုံးအလုပ်လုပ်ရန် လိုအပ်သော ထိုလျှပ်စစ်လှုံ့ဆော်မှုစွမ်းအင်ကို မေတ္တာဖြင့် အချိန် တိုင်း ထောက်ပံ့ပေးနေသူဖြစ်သည်။ ဤအမှန်တရားနှင့် ပတ်သက်၍ ကျွန်ုပ်တို့ လူ သားများကို မသက်မသာဖြစ်စေသောအရာ တစ်ခုရှိသည်။ ထိုအကြောင်းရင်းကို နောက်ပိုင်းတွင် အဖြေရှာကြမည်။ အမှန်မှာ ထိုပြဿနာကို ယခုပင် ကျွန်တော်တို့ ဖြေရှင်းသင့်သော အရာဖြစ်သည်။ "ငါတို့သည် ဘုရားသခင်အားဖြင့် အသက်ရှင် လျက်၊ လှုပ်ရှားလျက်၊ ဖြစ်လျက်ရှိ၏" (သို့) "သင်သည် အမှန် သေရမည်မဟုတ်။" မည်သည့်စကားကို သင်ယုံကြည်မည်နည်း။ အလယ်အလတ် ရွေးချယ်မှု မရှိနိုင်ပါ။

ဤအကြောင်းအရာသည် ကျွန်တော်တို့အတွက် စိန်ခေါ်မှုတစ်ခု ဖြစ်သကဲ့သို့ လူသားတို့၏ ရုပ်ပိုင်းဆိုင်ရာ ဖြစ်တည်မှုအကြောင်းကိုသာ ကျွန်တော်တို့ ဆွေးနွေး ရသေးသည်။ ယခုမူ စိတ်ပိုင်းဆိုင်ရာ၊ ဝိညာဉ်ရေးရာအပိုင်းများကို လေ့လာကြမည်။ အောက်ပါကျမ်းပိုဒ်ကို ဆင်ခြင်ကြည့်ပါ။

> မေတ္တာချင်းထုံးဖွဲ့၍၊ ခမည်းတော်ဘုရားနှင့် ခရစ်တော်၏ နက်နဲသောအရာကို နားလည်နိုင်သော ဝိစိကိစ္ဆာနှင့် ကင်းစင်သောဉာဏ်၏ စည်းစိမ်အပေါင်းနှင့် ပြည့်စုံ၍၊ စိတ်နှလုံး သက်သာစေမည်အကြောင်း အဘယ်မျှလောက် ကြီးသော တိုက်လှန်ခြင်းကို ငါခံရသည်ဟု သင်တို့သိစေခြင်းငှာ ငါ အလိုရှိ၏။ (၃) ဘုရား ထံ၌ ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့သည် ဝှက်ထားလျက်ရှိကြ၏။
> ကောလောသဲသြဝါဒစာ ၂း၂၊ ၃။

တစ်ဖန် ထာဝရဘုရားသည် မောရှေအား မိန့်တော်မူပြန်သည်ကား၊ - (၂) နာမထောင်လော့၊ ငါသည် ယုဒအမျိုးသား ဟုရ၏သားဖြစ်သော ဥရိ၏သား ဗေဇလေလကို အမည်ဖြင့် ခန့်ထား၏။ - (၃) သူသည် ရွှေ၊ ငွေ၊ ကြေးဝါကို လုပ်သောအတတ်၊ ကျောက်ကိုသွေး၍ စီသောအတတ်၊ - (၄) သစ်သားကို ထုလုပ်သောအတတ်နှင့် အမျိုးမျိုးသောအလုပ်ကိုထူးဆန်းစွာ လုပ်တတ်မည်အကြောင်း၊ - (၅) ဉာဏ်ပညာနှင့်တကွ သိပ္ပံအတတ် အမျိုးမျိုးတို့ကို ငါပေး၍၊ ဘုရားသခင်၏ ဝိညာဉ်တော်နှင့် ပြည့်စုံစေ၏။ ထွက်မြောက်ရာကျမ်း ၃၁း၁-၅။

သမ္မာကျမ်းစာ၌ ဘုရားသခင်သည်၊ ပညာခပ်သိမ်းတို့၏ ရင်းမြစ် ဖြစ်သည်ဟု ဆို၏။ ကောလောသဲ ၂း၂၊ ၃ က လူသားတို့၌ ပင်ကိုယ်အားဖြင့် ဉာဏ်ပညာရှိလာနိုင်သည်ဟူသော အတွေးခေါ်ကို ဆန့်ကျင့်ဘက်ပြု ရေးသားထား၏။ ခပ်သိမ်းသောဉာဏ်ပညာတို့သည် ဘုရားသခင့်သားတော် သခင်ခရစ်တော်အားဖြင့် ဘုရားသခင်မှ လာသည်ဟု ဆိုထားသည်။ ဥပမာအားဖြင့် ထွက်မြောက်ရာကျမ်း ၃၁း ၁-၅ ၌ ဘုရားသခင်သည် လူတစ်ဦးအပေါ် ပန်းတိမ်အတတ်ကို ပေးကြောင်း တွေ့နိုင်၏။ ကျွန်တော်တို့လည်း အရည်အချင်းရှိသူများကို အင်္ဂလိပ်လို “gifted”ဟု ခေါ်တတ်ကြပါသည်။ အမှန်ပင် ဘုရားသခင်လက်ဆောင်ပေးထားသော ပါရမီများဖြစ်ပါသည်။

တေးဂီတဖျော်ဖြေပွဲ၌ ရောက်နေသည်ဟု စိတ်ကူးကြည့်ပါစို့။ စင်မြင့်ပေါ် ခန်းနားတင့်တယ်စွာရှိနေသော စန္ဒရားခလုပ်များပေါ် လက်ချောင်းကလေးများကို ပြေးလွှား တီးခတ်နေသော ပါရမီရှင် အမျိုးသမီးငယ်၏ လက်သံ၌ ပရိသတ်အပေါင်း စီးမျောကြကုန်၏။ သူသည် ပညာရှင်လက်ဖြင့် တီးခတ်နေရာ စန္ဒာရားသည် တကယ်ပင် သီချင်းဆိုနေသည်နှင့် တူ၏။ တေးသွား၏ အထွပ်အထိပ်ရောက်သည်နှင့် တေးသွားပြီးလုကြောင်း ကျွန်တော်တို့ သိနိုင်သည်။ ဆက်၍ နားထောင်လိုသော်လည်း တေးသွားဆုံးလေပြီ။ ပရိသတ်တို့လည်း လက်ခုပ်တီးကြ၏။ အမျိုးသမီးငယ်လည်း ဦးညွှတ်ကာ ပရိသတ်တို့၏ ထောပနာကို ခံယူပြီး စင်မှ ဆင်းလေ၏။

ဤကဲ့သို့သော အဖြစ်အပျက်မျိုး၌ ဆင်ခြင်စရာ အရေးကြီးသောအချက် ရှိပါသည်။ ထိုကဲ့သို့သော အခြေနေမျိုးတွင် ပရိသတ်များအနေဖြင့် "ကောင်းချီးခပ်သိမ်း၏အရှင် ဘုရားသခင် ဘုန်းကြီးပါစေ" (သို့) အလားတူ အနက်မျိုးဆောင်သည့် ချီးမွမ်းစကားမျိုးဖြင့် အော်ဟစ်ချီးမွမ်းသင့်ပါသည်။ ထောပနာပြုခြင်းသည် ထိုအစွမ်း၊ ထိုပညာများကို ပေးသောဘုရားသခင်ကို ရည်ညွှန်းသင့်သည်။ စန္ဒရားပညာရှင်သည်လည်း ထိုအခြေအနေသို့ရောက်ရန် ဆောင်ကြဉ်းပေးသော ဘုရားသခင်အပေါ် ချစ်ခင်စိတ်၊ ကျေးဇူးတင်စိတ်ဖြင့် ဝမ်းသာပီတိဖြစ်နေသင့်သည်။ သို့သော်လည်း ထိုသို့ဖြစ်ခဲ၏။ အကယ်၍ ကျွန်တော်တို့သော ဘုရားသခင်ကိုသာ ဂုဏ်တင်ကြပါက အောင်မြင်မှုကြောင့် မာန်တက်ခြင်း၊ ကျရှုံးမှုကြောင်း စိတ်ပျက်ခြင်းမျိုး ခံစားရတော့မည်မဟုတ်ပါ။ အကြောင်းမှာ ထိုအစွမ်းအစတို့သည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်အစွမ်းအစများ မဟုတ်ချေ။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်အစွမ်းအစ မဟုတ်သောကြောင့် အောင်မြင်သောအခါ မာန်တက်စရာ မရှိ။ကျရှုံးသည့်အခါလည်း စိတ်ပျက်စရာ မရှိတော့ချေ။

ထိုနေရာတွင်လည်း မိမိကိုယ်သာ ကိုးကွယ်လိုစိတ်၏ အကျိုးဆက်များ တွေ့နိုင်သည်။ ဝေဟင်ထက်တွင် လွတ်လွတ်လပ်လပ် စက်တပ်လေထီးဖြင့် လေဟုန်စီးနေသည်ဟု စိတ်ကူးယဉ်ကြည့်ပါ။ အမြင့်မှ မြင်နိုင်သော လှပသည့် မြင်ကွင်းများကို ကိုယ်တိုင်မြင်နိုင်ရန် ပေပေါင်းထောင်နှင့်ချီ၍ တက်ရသကဲ့သို့ အောင်မြင်သောအခါ ခံစားရသော လွတ်လပ်မှုကြောင့် ထိုအောင်မြင်မှုကို ကျွန်တော်တို့ အစွမ်းဖြင့် တက်ယူရသောအရာသဖွယ် ကျွန်တော်တို့ ထင်မှတ်တတ်ကြသည်။ သို့သော် မြင့်လွန်းသော အထက်သို့ ဆက်သွားပါက အောက်စီဂျင် ပြတ်လပ်ခြင်းကြောင့် မူးမေ့သွားနိုင်သည်။ စက်ချို့ယွင်း၍ ပျက်ကျနိုင်သည်။ ကျွန်ုပ်တို့အထဲ၌ ကိုယ်ပိုင်အသက်ရှိသည်ဆိုသည့် မုသားကို ယုံလေလေ ပြုတ်ကျသည့်အခါ အထိနာလေလေ ဖြစ်၏။ ထိုစိတ်ထား၏ ကျိန်စာမှ လွတ်လမ်းမရှိ။ အထက်ကို မတက်ဘဲမနေနိုင်ဖြစ်စေသော ထိုစိတ်ထား၏ အသီးကို တစ်ခါမျှ မြည်းစမ်းမိပါက အကျိုးဆက်ကိုလည်း မလွဲမ

သွေ ခံရမည်ဖြစ်သည်။ “စိတ်ဓာတ်ကျခြင်းသည် ကမ္ဘာပေါ်တွင် မသန်မစွမ်းမှုကို ဖြစ်စေသည့် အဓိကအချက်ဖြစ်သည်။” ဟူသောစကားသည် အကြောင်းမဲ့ဖြစ်လာသော စကားမဟုတ်ပါ။

မိမိကိုယ်သာ ကိုးကွယ်လိုသောစိတ်ထားက ကျွန်ုပ်တို့ကို မသင့်လျော်သောနေရာသို့ တက်လိုသော ဆန္ဒကို ဖြစ်စေ၏။ ထိုအသီးကို များများစားလေလေ အမြင့်တက်လိုသော ဆန္ဒကြီးလေလေဖြစ်၍ ပြုတ်ကျနိုင်ချေ မြင့်လေလေဖြစ်၏။ သင်လည်း ဘယ်နှစ်ကြိမ် ခံခဲ့ရပြီးသနည်း။ မည်မျှ ဆက်၍ ခံနိုင်သေးသနည်း။ ဆင်ခြင်သင့်ပါသည်။

တစ်ဆင့်ထပ်၍ တက်ကြစို့။ ကျွန်တော်တို့ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ မှီခိုမှုများအကြောင်း လေ့လာခဲ့သည်။ ဝိညာဉ်ရေးရာနှင့် အကျင့်သီလအပိုင်းကိုလည်း လေ့လာကြမည်။ ဤအကြောင်းအရာသည် ခက်ခဲပါလိမ့်မည်။ စိတ်ကို ပြင်ဆင်ထားပါ။

သမ္မာကျမ်းစာက “ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏” ဟု ဆိုထားသည်။ (၁ယော ၄း၈) ထိုကျမ်းပိုဒ်က ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ၏ အရင်းအမြစ်ဖြစ်ကြောင်း ဖော်ပြနေပါသည်။ ဘုရားသခင်သည် မြော်လင့်ခြင်း၏အရှင် ဖြစ်ကြောင်းကိုလည်း ဖော်ပြနေသည်။ ရောမ ဩဝါဒစာ ၁၅း၁၃။ ထိုသဘောတရားကို ဂါလာတိဩ ဝါဒစာ၌ ပိုမိုကျယ်ပြန့်စွာ ရေးထားသည်။

> ဝိညာဉ်ပကတိ၏ အကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ (၂၃) နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။ ထိုသို့သောအကျင့်ကို အဘယ်တရားမျှ မမြစ်တား။ ဂါလတိဩဝါဒစာ ၅း၂၂၊ ၂၃။

ကျမ်းချက်၌ ရေးသားချက်များသည် အလွန်မွန်မြတ်ပါသည်။ အသေးစိတ် သုံးသပ်ကြည့်ကြစို့။ အထက်ပါ အကျင့်သီလတို့သည် ဘုရားသခင်၏ ဝိညာဉ်တော်ကို ပိုင်ဆိုင်မှသာ ရရှိနိုင်မည့် ကိုယ်ကျင့်တရားများ ဖြစ်သည်။ ကျမ်းချက်၏ အဓိပ္ပာယ်မှာ ဘုရားသခင်၏ ဝိညာဉ်တော်မပါလျှင် ကျွန်တော်တို့သည် ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်းစသည့်အရာများ မပိုင်ဆိုင်နိုင်။ ကန်ဘောင်ဘေး၌ လမ်းလျှောက်ဖြစ်သည့်တစ်နေ့ ဤကျမ်းချက်ကို တွေးမိသည်။ ပတ်ဝန်းကျင်သည် အေးချမ်းဆိတ်ငြိမ်နေ၏။ ထိုအခိုက် မိခင်တစ်ဦးသည် သမီးကို ဒန်းလွှဲပေးနေသည်ကို သတိထားမိသည်။ သူတို့နှစ်ဦးသည် ရယ်မောပျော်ရွှင်နေကြ၏။ သမီးအပေါ် ထိုမိခင်၏ ချစ်မြတ်နိုးစိတ်သည် ဘုရားသခင်ထံမှ လာ၏။ သမီးငယ်အပေါ် ချစ်ခင်ကြင်နာစွာဆက်ဆံတတ်သည့် အသိသည် သူမ၏ နှလုံးသားမှ အစပြုဖြစ်ပေါ်လာသော မသိမဟုတ်။ ဘုရားသခင်ထံမှ အစပြုဖြစ်တည်သော ထိုချစ်ခြင်းတရားကို မိခင်ထံပေးကာ မိခင်ကလည်း ပြသရန် ရွေးချယ်သောကြောင့် မိခင်မေတ္တာဟူ၍ ဖြစ်တည်လာ၏။ ဤသဘောအရ ထိုချစ်ခြင်းတရားသည် မိခင်မေတ္တာမဟုတ်။ မိခင်အားဖြင့် ဖော်ပြသော ဘုရားသခင်၏ မေတ္တာဖြစ်သည်။ ဘုရားသခင့်ဝိညာဉ်တော်ကို လက်ခံ၊ ပြုမူသောကြောင့် ထိုချစ်ခြင်းမေတ္တာသည် မိခင်၏သဘာဝတစ်ခု ဖြစ်လာသည်။ အမှန်ဆိုရသော် သားသမီးများအပေါ် မိဘအချစ်၊ ဇနီးမောင်နှံအချစ်ဟူ၍ မရှိပါ။ တစ်ဖက်စွန်းရောက်သည်ဟု ထင်ပါသလား။ မည်သို့ဆိုစေ သမ္မာကျမ်းစာက ထိုသို့သွန်သင်ထားသည်။

တရာဟောတိုင်း၊ သင်တန်းပေးတိုင်း ထိုအကြောင်းကို ကျွန်တော်ဟောပြောဝေငှလေ့ရှိသည်။ တရားနာပရိတ်တို့၏ တုံ့ပြန်ချက်ကလည်း စိတ်ဝင်စားစရာကောင်းသည်။ အချို့က ကျွန်တော့်အား လူသားမျိုးနွယ်တစ်ခုလုံးကို ပုတ်ခတ်ဝေဖန်သောသူသဖွယ် ဘုကြည့် ကြည့်ကြသည်။ မင်္ဂလာဆောင် စင်မြင့်ထက်၌ အချစ်သီချင်းသန်းပေါင်းများစွာ ဆိုခဲ့၊ သစ္စာများ တိုင်တည်ခဲ့ကြပြီး ဘုရားသခင် ကျွန်တော်တို့အ

ပေါ် ထိုချစ်ခြင်းမေတ္တာကို မမျှခဲ့ပါလျှင် တစ်ဦးမျှ သစ္စာတည် နိုင်မည်မဟုတ်။ ချစ်ခြင်းမေတ္တာကို စက်တပ်လေထီးနှင့် ခိုင်းနှိုင်းကြမည်။ အဘယ့်ကြောင့် ချစ်ခြင်းမေတ္တာပေါ်မှ လူပေါင်းများစွာ တဖုန်းဖုန်း ပြုတ်ကျကြသနည်း။ ကျွန်ုပ်တို့ အထဲ၌ ပင်ကိုယ်အားဖြင့် အချစ်ရှိနှင့်ပြီးဖြစ်သည်ဟု ယုံကြည်သူများသည် မိမိအဖော်အပေါ် ချစ်စိတ်ကုန်လျှက် အိပ်ရာထကြတတ်၏။ သူတို့ အချစ်ခရီးသည် ထိုမျှနှင့် အဆုံးသတ်ပြီလောဟု သံသယရှိလာ၍ မရှိတော့သောအချစ်ကို ရှာဖွေရန် အခြားတစ်ဦးကို ရှာကြတော့သည်။ ယာယီအကြွေးဝယ်ကဒ် ကုန်သွားပြီဖြစ်ရာ ယခု ယူထားသည့် အကြွေးအားလုံးဆပ်ရတော့မည် ဖြစ်သည်။

မိမိ၏ ဇနီးအား ရိုးမြေကျသည်အထိ ပေါင်းပါ့မည်ဟု ရိုးရိုးသားသား သစ္စာပြုသောလူတစ်ဦးက အခြားအမျိုးသမီးတစ်ဦးကို ရုတ်တရက် စိတ်ဝင်စားသွားသည့် အဖြစ်သည် ဘာ့ကြောင့်ဖြစ်ရသနည်း။ ထိုကဲ့သို့သော ခံစားချက်မျိုး မလိုချင်သော်လည်း အလိုအလျောက်ဖြစ်လာသော ထိုစိတ်ကို မထိန်းချုပ်နိုင်။ အချစ်သည် တဖျာနှင့် ရောထွေးကုန်၏။ သူ၏ သစ္စာစောင့်သိမှုကို သံသယဝင်တော့သည်။ သူ့စိတ်၌ အချစ်နှင့် မထိုက်တန်တော့ဟူသည့် စိတ်ဝင်ကာ စိတ်မလုံဖြစ်လာသဖြင့် မိမိကြင်ဖော်နှင့် ခွာလာတော့သည်။ သူ့အချစ်ကို တည်နိုင်မည်ဟု ထင်ခဲ့သည်။ သို့သော် ယခု သူ့စက်တပ်လေထီးသည် အင်ဂျင်သေ၍ ကောင်းကင်မှ ပြုတ်ကျလေပြီ။ သူ့အိမ်ထောင်လည်း ကွဲလေပြီ။ အများစုအတွက် အိမ်ထောင်သုခရှာတွေ့ရန် အလွန်ခက်ခဲရသည့်အကြောင်းရင်း တွေးမိဖူးပါသလော။

အိမ်ထောင်သည် ဘဝတွင် ပျော်ရွှင်မှု၊ အချစ်မခံစားရတော့သူများ အနေဖြင့် ချစ်ခြင်းမေတ္တာသည် ဘုရားသခင်ထံမှ ဖြစ်တည်လာကြောင်း၊ တောင်းလျှောက် သူတိုင်းအတွက်လည်း အခမဲ့ရရှိနိုင်သောအရာဖြစ်ကြောင်း သတိရစေချင်သည်။ မိမိ၏ဘဝ လက်တွဲဖော်အပေါ် အချစ်ခန်းနေပြီဟု ခံစားရပါက ဘုရားထံ၌ ထိုအချစ်ကို

ပြန်လည် တောင်းလျှောက်ကြပါ။ ဘုရားသခင်သည် ကတိပေးခဲ့သည်အတိုင်း ကေန်ဖြည့်ဆည်းပေးမည် ဖြစ်သည်။

အကြောင်းမူကား၊ ခမည်းတော်သည် သားတော်အားဖြင့် ဘုန်းထင်ရှားတော်မူခြင်းရှိမည် အကြောင်းတည်း။ - (၁၄) သင်တို့သည် ငါ၏နာမကို အမှီပြု၍ တစ်စုံတစ်ခုသောဆုကို တောင်းလျှင်၊ တောင်းသည်အတိုင်း ငါပြုမည်။

ရှင်ယောဟန်ခရစ်ဝင် ၁၄း၁၃၊ ၁၄။

## ၃။ ဘုရား၏ မေတ္တာရိပ်အောက်သို့

ကျွန်တော်တို့သည် အမြန်လမ်းမပေါ် အသော့မောင်းနှင်နေကြသည်။ Lorelle သည် မီးဖွားရန် ဝမ်းနာလာသောကြောင့်ဖြစ်သည်။ မည်သည့်အမှားမျှ မရှိစေချင်သောကြောင့် ဆေးရုံသို့ အပြေးနှင်လာကြခြင်းဖြစ်သည်။ မခံစားဖူးသော စိတ်လှုပ်ရှားမှုပြုံးပင်။ မကြာမီ သားဦးရတနာ မွေးတော့မည်။ ကျွန်တော်တို့လည်း မီးဖွားခန်းသို့ ဝင်လျှင် သူနာပြုဆရာမက "မင်းတို့ စိတ်လှုပ်ရှားလွန်းနေတယ်။ လမ်းထွက်လျှောက်ပါဦး" ဟု ဆို၏။ ထိုစကားလုံးများက ကျွန်တော်တို့ကို အနည်းငယ် အားမလို အားမရဖြစ်စေသည်။ ၄၅ မိနစ် ကြာပြီး နောက်တစ်ကြိမ် ပြန်ရောက်သည့်အချိန်တွင် Lorelle မပြုံးနိုင်တော့ပါ။ နောက်နာရီဝက်အကြာတွင် အမှန်ပင် မွေးဖွားတော့၏။ မီးဖွားချိန်သည် အမှန်ပင် ခက်ခဲပါသည်။ မီးဖွားသင်တန်း တက်ရောက်ခဲ့သော်လည်း ထိပ်တိုက်ကြုံသည့်အခါ ဆောက်တည်ရာမရ။ မီးဖွားချိန် တစ်ချက်တစ်ချက် ညှစ်ထုတ်သည်ကို ကြည့်ရသည်ကလည်း ကုန်တင်ရထားနှင့် ခေါင်းချင်းတိုက်ရသည့်ပမာ။ တစ်ခါပြီးလျှင် နောက်တစ်ခါ ဆက်တိုက်ခံစားရ၏။ ၁၁ နာရီ အကြာတွင် ကျွန်တော်တို့၏ သားဦး မိုင်ကယ်လ် မွေးဖွားလာသည်။

မီးဖွားပြီးချိန် Lorelle နှင့်အတူ ရိုက်ခဲ့သည့် ဓာတ်ပုံသည် အလွန်ထူးခြား၊ လှပသော ဓာတ်ပုံဖြစ်ခဲ့သည်။ ပီတိအပြုံးနှင့် သူထိုင်နေ၏။ မီးဖွားခြင်းသည် သူ့အတွက် ပုံမှန်နေ့စဉ် အလုပ်တစ်ခုပမာ။ ကျွန်တော်ကမူ လေနှင်ရာလွင့်တော့မည့်အတိုင်း လဲကျလုနေပြီ။ ထိုနေ့၌ အမျိုးသမီးတို့၏ ဘဝအပေါ် အမြင်သစ်တစ်ခု ရှိလာခဲ့သည်။ မီးဖွားတော့မည့် ဇနီးသည်ကို စောင့်ကြည့်နေရသည့်အလုပ်သည်လည်း အလွန်ခက်ခဲသောအလုပ်ဖြစ်ကြောင်း အမျိုးသမီးထုကြီးကို ပြောပြချင်ပါသည်။

ကျွန်တော့်စကားကြောင့် ရယ်ချင်သွားလျှင် ဆိုလိုရင်းကို ပြောပါမည်။ ကိုယ်သိပ်ချစ်ရသည့် ဇနီးသည် ပြင်းစွာဝေဒနာ ခံစားနေရသည်ကို ကြည့်ရသည့် စိတ်

သောကမှာ ပြောနိုင်စရာပင် မရှိပါ။ ကျွန်တော်တို့ ယောကျ်ားသားများသည် ပြဿနာတစ်ခုခု ကြုံရလျှင် ဖြေရှင်းတက်ကြပါသည်။ ထိုချိန်မှာမူ ကျွန်တော့်မှာ ကူညီဖြေရှင်းပေးဖို့ နည်းလမ်းမတွေ့၊ ထပ်တူနာကျင်ရပါသည်။ "ကိုယ်တော်၊ ဒီနာကျင်မှုတွေရဲ့အကြောင်းရင်းကို ကျွန်တော်သိပါတယ်။ ဒါပေမယ့် ကျွန်တော်နားမလည်နိုင်ဘူး" ဟု ဆုတောင်းခဲ့မိ၏။ ကိစ္စပြီးသွားသောအခါ အလွန်ပျော်ရပြန်ပါသည်။

ကျွန်တော့် သားဦးဩရသအား ပထမဦးဆုံး ပွေ့ချီရသည့် ခံစားချက်ကို ဒီတစ်သက်မေ့နိုင်မည် မထင်။ သူ့မျက်လုံးကလေးများကို ကြည့်လိုက်ရာ သားကလည်း ကျွန်တော့်ကို ပြန်ကြည့်နေသည်။ ကြည်နူးစရာ အခိုက်တန့်လေး။ သားကို ရှုမဝဖြစ်နေချိန် စိတ်ထဲ ကြောက်စိတ်ဝင်လာ၏။ သားလေး၌ ကျွန်တော့်ဗီဇသွေး စီးဆင်းနေမည်ဖြစ်ကြောင်း သတိရမိသည်။ အုပ်ချုပ်မှုကို မခံလိုသော ဗီဇ။ နာခံခြင်းထက် ပုန်ကန်သည့်ဘက်၌ အလိုအလျောက်ပါချင်သော ဗီဇ။ ထိုအလိုဆန္ဒကို သွန်သင်လမ်းပြကာ မေတ္တာစစ်၊ သနားကြင်နာခြင်း၊ တစ်ကိုယ်ကောင်းစိတ်မရှိခြင်း၊ နာခံတတ်ခြင်းစသည့် ကျင့်ဝတ်များကို သွန်သင်ပေးရမည့် တာဝန်ရှိကြောင်း သိလာ၏။ သားလေးသည် ကျွန်တော့်အတွက် သူငယ်ချင်းတစ်ယောက် ဖြစ်လာနိုင်ပါမည်လော။ ကျွန်တော်တို့အကြား တစ်စုံတစ်ခုဝင်လာ၍ သားအဖကို စိတ်ဝမ်းကွဲ စေလေမည်လော။ "ကောင်းကင်ဘုံ၌ ရှိတော်မူသော အဖဘုရား၊ ကျွန်တော်နဲ့ ကျွန်တော့်သားအကြားမှာ အနှောင့်အယှက်ပေးနိုင်မယ့် အရာတစ်ခုမှ ဝင်မလာနိုင်ဖို့ ကိုယ်တော် ကျွန်တော်တို့ကို စောင့်ရှောက်တော်မူပါ။ ကျွန်တော်တို့ သားအဖကို ချစ်ခင်ရင်းနှီးသော သားအဖဖြစ်စေပါ။ သားလေးအား ကျွန်တော့်ကို နားလည်တဲ့သား၊ သူငယ်ချင်းလို ပေါင်းလို့ရမယ့် သားဖြစ်စေတော်မူပါ" ဟု ဆုတောင်းလိုက်ရသည်။ ထိုဆုတောင်းသည် ကျွန်တော့်အထဲ၌ လေးလေးနက်နက် စွဲကျန်နေ၏။ မကြာခဏ အမှတ်ရလေ့ရှိသော ဆုတောင်း။ ဆန္ဒနှင့် ဘဝတစ်ထပ်တည်းကျဖို့ ယခုထိလည်း တောင်းမြဲ၊ တောင်းဆဲ။

နောက်လေးနှစ်အကြာတွင် ဘဝအမောများနှင့်ဝေးရာတစ်နေရာတွင် ဆိတ်ငြိမ်သော ဥပုသ်နေ့တစ်နေ့၌ ဘုရားသခင်နှင့် သွားလာ၍ စကားပြောဖြစ်ခဲ့၏။ ကောင်းကင်ဘုံ၌ ရှိတော်မူသော ခမည်းတော်အကြောင်း စဉ်းစားရင်း၊ ကျွန်တော့်အတွက် သူထားသော မေတ္တာတော် အဘယ်မျှလောက်ကြီးမားကြောင်း တွေးနေမိသည်။ ထိုခဏ၌ ကျွန်တော့် သားမွေးဖွားခဲ့စဉ်က အဖြစ်ပျက်ကို တွေးမိသည်။ ကျွန်တော့်သားသည် ကျွန်တော့်ကို သိတတ်သောသားဖြစ်ဖို့ သားနှင့် မည်သည့်အခါမျှ မခွဲခွာလိုသော လေးနက်သောဆန္ဒတို့ကို အမှတ်ရလာသည်။ ထိုအချိန်က မြင်ကွင်းများ အာရုံ၌ ပေါ်လာပြီး "မင်းအပေါ် ငါ့ခံစားချက်ကလည်း အဲလိုပါပဲ" ဆိုသော တည်ငြိမ်သေးငယ်သော အသံတစ်သံကို ကျွန်တော့်စိတ်ထဲတွင် ကြားလိုက်ရသည်။ ကျွန်တော်လည်း ငိုရမည်၊ ရယ်ရမည်မသိ ဖြစ်လျက်ရှိ၏။ ကျွန်တော့်အတွက် လက်ခံရန် အလွန်ခက်ခဲသောအရာ ဖြစ်နေခဲ့သည်။ "ဒါပေမယ့် ကိုယ်တော်၊ ကျွန်တော့်အကြောင်း ကိုယ်တော်သိပါတယ်။ ကျွန်တော် ပြောမှား၊ ဆိုမှား၊ ပြုမှားမိသမျှကို ကိုယ်တော်သိနေတယ်မဟုတ်လား" စသည်ဖြင့် အတွန့်တက်နေမိသည်။ ကိုယ့်ကိုယ်ကိုယ်လည်း အံ့သြမိခဲ့သည်။ ကျွန်တော်သည် ခရစ်တော်ကိုကယ်တင်ရှင်အဖြစ် လက်ခံပြီးသော၊ အပြစ်ဖြေလွတ်ခြင်း ခံရပြီးသောသူဖြစ်သည်ဟု ယုံကြည်ထားသူဖြစ်သည်။ သို့သော် ဘုရားသခင် ကျွန်တော့်အနား ထိုမျှလောက် နီးကပ်လာ၍ ကျွန်တော့်အပေါ် သူ့ခံစားချက်ကို ပြောပြသောအခါ ကျွန်တော့်အတွက် လက်ခံနိုင်ရန် ခက်နေပြန်သည်။ အဆုံးတွင် "ကျွန်တော့်ကို ချစ်တဲ့အတွက် ကိုယ်တော့်ကို ကျေးဇူးတင်တယ်။ ကျွန်တော့်အတွက် ကိုယ်တော်လုပ်ပေးခဲ့တဲ့ အရာအားလုံးအတွက်လည်း ကျေးဇူးတင်တယ်။ ကိုယ်တော့်ကို ချစ်တယ်နော"ဟု ကျွန်တော် ကြွေးကြော်ခဲ့သည်။ ဘုရားသခင်၏ ရင်ခွင်တော်ထဲတွင် အကယ်ပင် ပွေ့ဖက်ခံရသကဲ့သို့ ခံစားရ၏။ အပျော်ရွှင်ရဆုံး အခိုက်တန့် ဖြစ်ခဲ့သည်။ ကောင်းကင်ဘုံရှိ ဘုရားရှင်သည် ကျွန်တော့်ကို ချစ်လွန်းလှသောကြောင့် ကျွန်တော်နှင့်သူ့အကြား ဘယ်အရာမျှ ဝင်မလာစေချင်

ကြောင်း ကျွန်တော်နားလည်ခဲ့ရသည်။ ကျွန်တော်တို့အကြား ခွဲခွာခြင်းသည် သူ့ကို တနုံ့နုံ့ နာကျင်ခံစားစေမည် ဖြစ်သောကြောင့် ခွဲခွာစေမည့်အရာများကို တတ်နိုင်သမျှ တားဆီးတော်မူ၏။

ဤအတွေ့အကြုံကြောင့် ဘုရားသခင့် နိုင်ငံသားဖြစ်ခြင်း၏ မွန်မြတ်သော အထူးအခွင့်အရေးများ စိတ်နှလုံးထဲတွင် မြင်နိုင်ခဲ့ပါသည်။ ယင်းသို့ကြုံခဲ့ပြီး မကြာမီပင် ကျွန်တော့်ကို အမြင်ပွင့်စေသော ကျမ်းချက်အချို့ကို ဖတ်မိ၍ ဘုရားသခင့် ဂုဏ်တော်ကို အထပ်ထပ် ချီးမွမ်းမိပါသည်။ ထိုကျမ်းပိုဒ်၏ လေးနက်မှုသည် သင့်စိတ်နှလုံးထဲတွင်လည်း တောက်လောင်လျက် သံမှိုပမာစွဲမည့်အကြောင်း ဆုတောင်းပါသည်။ ဤကျမ်းပိုဒ်သည် ဘုရားသခင့် နိုင်ငံတော်အကြောင်း ကွက်ကွက်ကွင်းကွင်း ကြည့်လို့ရမည့် တံခါးပေါက်ဖြစ်သည်။

> စာငှက် ငါးကောင်ကို အသပြာ နှစ်ပြားအဖိုးနှင့် ဝယ်ရသည် မဟုတ်လော။ ထိုစာငှက် တစ်ကောင်ကိုမျှ ဘုရားသခင် မေ့လျော့တော်မမူ။ (၇) သင်တို့ ဆံပင်သည်လည်း အကုန်အစင် ရေတွက်လျက်ရှိ၏။ ထို့ကြောင့် မကြောက်ကြနှင့်။ သင်တို့သည် စာငှက်အများတို့ထက် သာ၍အမြတ်ကြ၏။ ရှင်လုကာခရစ်ဝင် ၁၂း၆၊ ၇။

သခင်ယေရှုသည် သူ့နိုင်ငံတော်၏ အခြေခံသဘောတရားကို ဖော်ပြလိုက်ခြင်း ဖြစ်သည်။ ဤကျမ်းချက်များအားဖြင့် ထိုနိုင်ငံတော်တွင် လူများကို တန်ဖိုးရှိစေသော နိယာမကို တွေ့ရ၏။ လူသားများကို မည်သည့်အကြောင်းတရားများက လူရာဝင်စေ၍ တန်ဖိုးရှိသော လူသားဖြစ်စေသနည်း။ ထိုအကြောင်းများသည် သင့်အတွက် အရေးမပါလျှင် ဤကျမ်းပိုဒ်သည် ထူးခြားမည် မဟုတ်ပါ။ သို့သော်လည်း လူ့တန်ဖိုးနှင့် ပတ်သက်သော ပြဿနာများနှင့် လုံးပန်းဖူးခြင်းမရှိသော လူတစ်ဦးတစ်ယောက်ကိုမျှ ကျွန်တော်မတွေ့ဖူးသေးပါ။

သခင်ယေရှုက စာကလေးနှစ်ကောင်၏ တန်းဖိုးကို လူ့အမြင်ဖြင့် ပြောပြခဲ့ဖူးသည်။ လူ့အမြင်တွင် စာကလေးငှက်သည် တန်ဖိုးကြီးသည် မဟုတ်ချေ။ သခင်ယေရှုက နှိုင်းယှဉ်မှုတစ်ခု ပြုလုပ်ကာ - "ဘုရားရှင်သည် ထိုစာငှက် တစ်ကောင်ကိုပင် မမေ့လျော့" ဟု ပြောခဲ့၏။ ထိုသို့ နှိုင်းယှဉ်ရခြင်းမှာ ဘုရားသခင့် နိုင်ငံတော်တွင် စာငှက်များသည် အလွန်တန်ဖိုးရှိ၍ ဘုရားသခင့် စောက်ရှောက်မှု ခံရကြသည်။ ယေရှုက ကျွန်တော်တို့ကို အဘယ်မျှလောက် တန်ဖိုးထားကြောင်း စာငှက်များနှင့် နှိုင်းယှဉ်၍ ပြောပြနေသည်။ "သင်တို့ ဆံချည်မျှင်သည်လည်း အကုန်အစင် ရေတွက်လျက်ရှိ၏။" ဤစကားလုံးများလောက် ပွင့်လင်း၍ ရင်းနှီးသော စကားလုံး မရှိတော့ပါ။ သင့်အကြောင်း စိတ်ဝင်စားလွန်းသဖြင့် သင့်ဦးခေါင်းထက်က ဆံပင်များကိုပင် အကုန်အစင် ရေတွေပေးသူ တစ်ဦးတစ်ယောက် တွေ့ဖူးပါ၏လော။ "မကြောက်ကြနှင့်၊ သင်တို့သည် စာငှက်အများတို့ထက် သာ၍မြတ်ကြ၏" ဟု ထပ်၍ ပြောထား၏။ ဘုရားသခင့် နိုင်ငံတော်တွင် အရေးပါအရာရောက်မှု၊ တန်ဖိုးကို မည်သို့ ရရှိနိုင်ကြောင်း မြင်နိုင်ပါသလော။ ဘုရားသခင်သည် ကျွန်ုပ်တို့အကြောင်း ချစ်သောစိတ်နှင့် အမြဲတွေးနေကြောင်း သိနေရုံနှင့် ဘုရားသခင့် နိုင်ငံတော်တွင် သင်သည် တန်ဖိုးရှိသော လူသားဖြစ်လာနိုင်၏။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ စိတ်နှလုံးသားထဲ၌ အမှန်တကယ် နေရာရသူများဖြစ်သည်။ သူသည် ကျွန်ုပ်တို့ကို အသက်ပေးနေသည်။ ကျွန်ုပ်တို့၏ နှလုံးကို ခုန်စေ၏။ ဘဝကို ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းနိုင်ရန် သူ့မေတ္တာတော်ကို ကျွန်ုပ်တို့အသက်တာ၌ အင်တိုက်အားတိုက် သွန်းလောင်းပေးတော်မူ၏။ ကျွန်တော်တို့အသက်တာ၌ စိတ်ကျေနပ်မှု ရရှိနိုင်ရန် ဘဝပျော်ရွှင်မှု ရရှိနိုင်ရန်၊ သူတစ်ပါးအပေါ် ကုသိုလ်ပြုနိုင်ကြမည့်အကြောင်း ဘုရားသခင်သည် ကျွန်ုပ်တို့အား အစွမ်းအစ၊ ဝါသနာ၊ ပင်ကိုယ်စွမ်းရည်အမျိုးမျိုးကို ကြွယ်ဝစွာ ပေးတော်မူ၏။ ဤအချက်သည် ဘုရားသခင့်နိုင်ငံတော်၏ လျှို့ဝှက်ချက်၊ တန်ဖိုးရှိသော လူသားဖြစ်ဖို့ လျှို့ဝှက်ချက်ဖြစ်ပါသည်။ ဤသည်မှာ စိတ်ဓာတ်ကျခြင်းနှင့် တန်ဖိုးမဲ့

သောအသက်တွင် ကျွန်ခံစေသော နိုင်ငံတော်မှ လွတ်မြောက်နိုင်ဖို့ သော့ချက်ဖြစ်၏။ ယုံကြည်ရဲပါသလော။

ဘုရားသခင်သည် သင့်ကို မည်မျှဂရုစိုက်ကြောင်း သိပါသလော။ ဤကျမ်းပိုဒ်ကို နှလုံးသွင်းကြည့်ပါ။

> အကျွန်ုပ်၏ ဘုရားသခင်ထာဝရဘုရား၊ အကျွန်ုပ်တို့အဖို့ ပြုတော်မူသော အံ့သြဖွယ်အမှုတို့နှင့် ကြံစည်တော်မူသော အကြံအစည်တို့သည် များလှပါ၏။ ရှေ့တော်၌ အစဉ်အတိုင်းလျှောက်၍ မကုန်နိုင်ပါ။ အကျွန်ုပ် ထုတ်ဖော်ကြားပြောမည်ဟု ဆိုသော် ရေတွက်၍ မကုန်နိုင်အောင် များလှပါ၏။ ဆာလံကျမ်း ၄၀း၅။

ကျွန်ုပ်တို့၏ တန်ဖိုးကို ဘုရားသခင် ကျွန်ုပ်တို့အပေါ် ထားရှိသော မေတ္တာတော်အားဖြင့် သတ်မှတ်မည်ဆိုလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ တန်ဖိုးဖြတ်၍ မရသော ရတနာများဖြစ်ကြောင်း အထက်ပါကျမ်းပိုဒ်အားဖြင့် သိနိုင်၏။ အကြောင်းမှာ ကျမ်းစာ၌ ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ အကြံအစည်၊ ပြုတော်မူသောအမှုတို့သည် ပြော၍မကုန်၊ ရေတွက်၍ မကုန်နိုင်အောင် များပြားလှပါသည်ဟု ဖော်ပြထားသည်။ တန်ဖိုးဖြတ်၍ မရသောလူသားဖြစ်ခြင်းသည် မည်သို့သော ခံစားချက်မျိုးဖြစ်မည်နည်း။ ကျွန်ုပ်တို့ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အကန့်သတ်မရှိ အမှန်တကယ် ချစ်တော်မူကြောင်း ကျွန်တော်တို့ ယုံကြည်ရန်သာ လိုသည်။ ဤသတင်းစကားသည် ကျွန်တော်တို့အတွက် ဝမ်းမြောက်စရာအကြောင်းဖြစ်၏။ သင့်တန်ဖိုးအပေါ် သံသယစိတ် ဝင်လာတိုင်း စာကလေးငှက်များကို ကြည့်၍ အားယူပါ။ ယေရှု၏ စကားတော်ကို ယုံကြည်လိုက်ပါ။

## ၄။ မိသားစုနိုင်ငံတော်

ပူနွေးစိုထိုင်းသော နေ့တစ်နေ့၊ အခန်းသည် ပွဲရနံ့တို့ဖြင့် ထုံသင်းနေ၏။ စားဖိုခန်းမှလည်း ဟင်းရနံ့များ လှိုင်လှိုင်ပို့လွှတ်နေ၏။ အတိတ်အကြောင်းများ ပြန်ပြောရင်း ရယ်သံလွင်လွင်များလည်း လွှမ်းနေသည်။ လေထုတစ်ခုလုံး စိတ်လှုပ်ရှားစရာကောင်းနေသည်။ အချစ်တို့နှင့် ပြည့်နေ၏။ ကလေးများသည် ဘွားဘွားကျွေးသော မုန့်များကို စားရင်း ဘိုးဘိုးကလည်း ကျွန်တော်တို့ မည်မျှအရပ်ထွားလာပြီဖြစ်ကြောင်း ပြောနေသည်။ ကျွန်တော်တို့ ဘိုးဘွားတို့ဆီ အလည်လာတိုင်း ခံစားရသည့် အတွေ့ကြုံများဖြစ်သည်။ မိသားစုအတွက် သီးသန့်အချိန်၊ မိမိနေရာဇာတိကို ပြန်လည်အမှတ်ရချိန်၊ လက်ဆောင်များ ဖလှယ်ချိန်၊ ချစ်ရသူများနှင့် ပြန်ဆုံဆည်း၍ အတူနေရန် အကောင်းဆုံး အချိန်ဖြစ်၏။

စိတ်ဓာတ်ကျကာ ငါ့ဘဝသည် မည်သည့်တန်ဖိုးမျှမရှိ စသည့် စိတ်ခံစားချက်တို့ကို မေ့လျော့စေသည့် မိသားစုစုံညီ ဆုံတွေ့ချိန် အခါသမယထက် ပိုအရေးကြီးသော အရာမရှိ။ မိသားစုဆိုသည်မှာ သင့်ကို အရှိကိုအရှိတိုင်း လက်ခံသောနေရာ၊ စိတ်တိုင်းကျ လွတ်လပ်စွာနေနိုင်သောနေရာ၊ အမှားများကို အမှတ်ထားခြင်း မရှိဘဲ၊ အတူတကွ ခံစားချက်များကို မျှဝေခံစား၍ရသော နေရာဖြစ်နိုင်သည်။

ဆုတောင်းနည်း သင်ပေးခဲ့စဉ်က ဘုရားသခင့် နိုင်ငံတော်၏ အခရာကျသော ပုံရိပ်တစ်ခုကို ယေရှုက ဖွင့်ပြပေးခဲ့သည်။ သခင်ယေရှုက သင်တို့သည် "ကောင်းကင်ဘုံ၌ ရှိတော်မူသော အကျွန်ုပ်တို့၏ အဖဘုရား ..." ဟု သင်ပေးခဲ့သည်။ "မြတ်စွာ ဘုရား" "ဘုန်းတော်အနန္တနှင့် ပြည့်စုံသော" (သို့) "မြတ်သောဘုရင်" စသည်ဖြင့် ဘုရားသခင်ကို ရည်ညွှန်းရန် သင်မပေးခဲ့ချေ။ ဘုရားသခင်ကို "ကျွန်ုပ်တို့၏ အဖ" ဟုသာ သင်ပေးခဲ့သည်။

**ဘုရားသခင့် နိုင်ငံတော်သည် မိသားစုတစ်စုဖြစ်သည်**

ဤအကြောင်း အချို့အတွက် နားရှင်းပေမည်။ သို့သော် မိသားစုဆန်နိုင်ငံတော် အကြောင်း အကျယ်တဝင့် နားလည်သူ ရှားပါသည်။ ဤအကြောင်းကို နောက်ပိုင်းတွင် လေ့လာကြမည်။

လူသားများကို ခမည်းတော်ဘုရား စကားပြောခဲ့သည့် ပထမဆုံးအချိန်ကို ရှင်မဿဲခရစ်ဝင် ၃း၁၇ ၌ တွေ့ရသည်။ အချိန်ဟူ၍ စတင်ဖြစ်တည်လာသည့် အချိန်မှစ၍ သခင်ယေရှု ရေနှစ်ခြင်းဗတ္တိဇံ ခံယူသည့်အချိန်ထိ ခမည်းတော်ဘုရားသည် လူသားများကို သားတော်အားဖြင့်သာ အဆက်အသွယ်ပြုခဲ့သည်။ အမွေရခဲ့သော ဘုရားဂုဏ်တော် အပြည့်အဝဖြင့် ပင်လယ်နီကို ခွဲခဲ့သော ယေဟောဝါသည် ယေရှုပင်ဖြစ်သည်။ သိနာတောင်ပေါ်မှ မိုးချုန်းသည့်ပမာ မိန့်ခဲ့သော ယေဟောဝါဘုရားသည် ယေရှုဖြစ်၏။ ကတိထားတော်မူသော တိုင်းပြည်သို့ ယောရှုကို ပို့ဆောင်ခဲ့သော ယေဟောဝါဘုရားသည်လည်း ယေရှုပင်ဖြစ်သည်။ ၁ကော ၁၀း၁-၄။ ခရစ်တော် ရေနှစ်ခြင်းမင်္ဂလာ ခံယူချိန်တွင် ဘုရားသားတော်သည် ကျွန်ုပ်တို့ လူသားများနည်းတူ လူသားအဖြစ် ကျွန်ုပ်တို့နှင့်အတူရှိသော ဧမာနွေလဖြစ်ခဲ့သည်။ ယခုတွင် ခမည်းတော်ဘုရားသည် ပထမဦးဆုံးအချိန် လူသားများကို စကားပြောတော်မူ၏။ စကားလုံးများသည် အခါတိုင်းနည်းတူ အလွန်အရေးပါသော စကားလုံးများဖြစ်၏။ ထိုစကားလုံးများတွင် သူ့နိုင်ငံတော်၏ အနှစ်သာရအစစ်ကို ချပြတော်မူ၏။ "ဤသူကား ငါနှစ်သက်မြတ်နိုးရာ ငါ၏ ချစ်သားပေတည်း။ "ခမည်းတော်ဘုရားအနေဖြင့် စိတ်တော်ရှိက သားတော်ကို "ဤသူသည် သင်တို့၏ ရှင်ဘုရင်ဖြစ်၏။ သူ၏စကား ကို နားထောင်ကြလော့။" (သို့) "ဤသူသည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းသော အရှင်ဖြစ်၏။ သူ့အလိုတော်ကို လိုက်ကြလော့" စသည်ဖြင့် မိတ်ဆက်ပေးနိုင်သည်။ သို့သော် သားတော်၏ ဖြစ်တည်မှုကို ရှင်ဘုရင်၊ အုပ်စိုးသူစသည့် ရာထူးအဆင့်အတန်းဖြင့် မဖော်ညွှန်းဘဲ မိသားစုတစ်ခု၏ မိသားစုဝင်တစ်ဦးအဖြစ်သာ ကြေငြာခဲ့

သည်။ ဤစကားကို ခွဲခြမ်းစိတ်ဖြာလေ့လာကြည့်လျှင် အောက်ပါအတိုင်း တွေ့နိုင်သည်။

၁။ ဤသူကား ငါ၏သား = မည်သူဖြစ်ကြောင်း ဖြစ်တည်မှု

၂။ ဤသူကား ငါ နှစ်သက်မြတ်နိုးရာ ဖြစ်၏။ = တန်ဖိုး

ဘုရားသခင့် နိုင်ငံတော်တွင် လူ့တန်ဖိုးကို ကျွန်ုပ်တို့နှင့် ဘုရားအကြား ရင်းနှီးဆက်နွယ်မှု အပေါ် မူတည်၍ သတ်မှတ်၏။ လူ့တန်ဖိုးကို အောင်မြင်မှု၊ ထူးချွန်မှုတို့အပေါ် မိမိကိုယ်မိမိဖြစ်စေ အခြားသူများကဖြစ်စေ တိုင်းသာသတ်မှတ်ကြသောစာတန်၏ နိုင်ငံတော်နှင့် လုံးလုံးဆန့်ကျင်ဘက် ဖြစ်ပါသည်။ ဘုရားသခင့် နိုင်ငံတော်၌ကား ဘုရားသည် ကျွန်ုပ်တို့၏ ဖခင်ဖြစ်၍ ကျွန်ုပ်တို့သည်လည်း ဘုရား၏ သား၊ သမီးများဖြစ်ကြသည်။ ဤကား ကျွန်ုပ်တို့၏ ဖြစ်တည်မှုဖြစ်၏။ ကျွန်တော်တို့၏ အလုပ်အကိုင်ဖြင့်မဟုတ်ဘဲ ကျွန်ုပ်တို့သည် မည်သူ၏ မိသားစုဝင် ဖြစ်ကြောင်းဖြင့် ကျွန်ုပ်တို့ အသိမှတ်ပြုခံရကြ၏။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်သောကြောင့် ကျွန်တော်တို့အပေါ် အစဉ်အမြဲ ကောင်းချီးသွန်းလောင်းတော်မူ၏။ ကျွန်တော်တို့ အကြောင်း အစဉ်တွေးတော၍ ကျွန်တော်တို့နှင့် အစဉ်နီးကပ်၊ ရင်းနှီးလိုသော ဘုရား ဖြစ်တော်မူ၏။ ဤအချက်က ကျွန်ုပ်တို့ကို အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးသောသူများဖြစ်စေသည်။ "မကြောက်ကြနှင့်။ သင်တို့သည် စာငှက်အများတို့ထက်သာ၍ မြတ်ကြ၏။"

နိစ္စထာဝရတည်၍ မပြောင်းလဲသော ဘုရားသခင် အုပ်စိုးနေသမျှ ကာလပတ်လုံး သူ့နိုင်ငံတော်တွင် ကျွန်ုပ်တို့၏ ဖြစ်တည်မှု၊ ကျွန်ုပ်တို့၏ တန်ဖိုးသည် တည်လိမ့်မည်။ အောင်မြင်သည်ဖြစ်စေ ကျရှုံးသည်ဖြစ်စေ ကျွန်ုပ်တို့နှင့် ဘုရားသခင်အကြားဆက်ဆံရေးသည် ထာဝရတည်၏။ ကျွန်ုပ်တို့၏ တန်ဖိုးကို ဆုံးရှုံးမည်မဟုတ်။ မာရ်နတ်၏ နိုင်ငံတွင်ကား ကျွန်ုပ်တို့၏ တန်ဖိုးသည် စက်တင်ဘာလ ၁၁၊ ၂၀၀၁ နောက်

ပိုင်း၏ စတော့ဈေးကွက်ပမာ ကမောက်ကမ ဖြစ်လွယ်၊ ပျက်စီးလွယ်၏။ ကျွန်ုပ်တို့ အစဉ်အောင်မြင်မည်ဟု အာမခံနိုင်ပါမည်လော။ ကျွန်ုပ်တို့အနားတွင် ရှိနေသူများ၊ ကျွန်ုပ်တို့ အားကိုးရသည့်သူများသည် ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်မှုများကို အစဉ်သြဘာပေးလိမ့်မည်ဟု ထင်ပါသလော။ မဖြစ်နိုင်ချေ။ ပညာရှိတို့မည်သည် ရွှေ့လျော့လွယ်သော သဲပေါ်တွင် အိမ်ကို မဆောက်။ ခိုင်ခံ့သော ကျောက်ပေါ်တွင် အိမ်ဆောက်ကြ၏။ နားရှိသောသူ ကြားပါစေ။

ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဖြစ်တည်မှုကို ကာကွယ်ရန်၊ စိတ်ဓာတ်ကျခြင်း၊ သိမ်ငယ်ခြင်း၊ တန်ဖိုးမဲ့ခြင်း၊ ပျက်စီးခြင်းတို့မှ ကျွန်ုပ်တို့ကို ကယ်တင်ရန် ပညတ်တစ်ခုကို သူ့နိုင်ငံတော်တွင် ဘုရားသခင် ချမှတ်ခဲ့သည်။ ထိုပညတ်သည် တည်တံ့သော ဆက်ဆံရေးကို ထိန်းသိမ်းမည့် ပညတ်ဖြစ်သည်။ ဆက်ဆံရေးနှစ်မျိုးနှင့် ဆိုင်၏။ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ ကောင်းကင်ခမည်းတော်အကြား ဆက်ဆံရေးနှင့် ဘုရားသခင့်နိုင်ငံတော်၌ရှိသော လူသားချင်း ညီအစ်ကို၊ မောင်နှမကဲ့သို့သော ဆက်ဆံရေးတို့ဖြစ်သည်။ ထို့ကြောင့်

"ယေရှုက၊ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်၊ နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှနှင့် ချစ်လော့ (၃၈) ဟူသော ပညတ်သည် ပထမပညတ်ဖြစ်၏။ ကြီးမြတ်သော ပညတ်လည်းဖြစ်၏။ - (၃၉) ထိုမှတစ်ပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ဒုတိယပညတ်သည် ပထမပညတ်နှင့် သဘောတူ၏။ - (၄၀) ဤပညတ် နှစ်ပါးတို့ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်း ရှိသမျှတို့၏ အချုပ်အခြာပင်ဖြစ်သတည်း" ဟု မိန့်တော်မူ၏။ ရှင်မဿဲ ၂၂း၃၇-၄၀။

ထိုအကြီးမြတ်ဆုံးသော ပညတ်နှစ်ပါးတို့သည် ဘုရားသခင့် သား၊သမီးတည်းဟူသောဖြစ်တည်မှုနှင့် တန်ဖိုးကို ကွယ်ကာစောင့်ထိန်းရန် ချမှတ်ထားသော ပညတ်ဖြစ်၏။ ထိုပညတ်နှစ်ပါးသည် ပညတ်တော် (၁၀) ပါး၏ အချုပ်ဖြစ်သည်။ ပညတ်

တော် (၁၀) ပါးသည် သင့်တန်ဖိုးကို ဆုံးရှုံးမသွားရလေအောင် စောင့်ထိန်းရာတွင် အရေးပါသော အချက်တစ်ချက်ဖြစ်ကြောင်း ဆင်ခြင်ဖူးပါသလော။ ဘုရားသခင်၏ နိုင်ငံတော်တွင် ပညတ်တော်(၁၀)ပါးကို ဆက်ဆံရေးဆိုင်ရာပညတ်အဖြစ် နားလည်ကြ၏။ ထိုဆက်ဆံရေးတို့ကို ဖြစ်တောက်ပစ်လျှင် သင့်ဖြစ်တည်မှုကို ဖျက်ဆီးနေသည်နှင့် တူ၏။ သင့်ဖြစ်တည်မှုကို ဖျက်ဆီးလျှင် သေမင်းသည် သင့်ကို လက်ကမ်းကြိုတော့၏။ “အပြစ်၏အခသည် သေခြင်းဖြစ်၏” ဟူသော ဘုရားသခင်၏ စကားသည် ဘက်လိုက်မှုမရှိသော စကားဖြစ်သည်။ အပြစ်သည် (သမ္မာကျမ်းစာတွင် ပညတ်တော်ကို လွန်ကျူးခြင်းဟု ရှင်ယောဟန်ပထမစောင် ၃း၄ ၌ ဆို၏။) ကျွန်ုပ်တို့၏ ဖြစ်တည်မှု၊ တန်ဖိုးတို့ကို ဖျက်ဆီး၏။ ဖြစ်တည်မှုပျောက်ဆုံးသော၊ မိမိကိုယ်မိမိ တန်ဖိုးမရှိဟု ခံစားသော ဝိညာဉ်သည် သေခြင်းကို တောင့်တလာသည်။ ဤအချက်သည် ယနေ့ခေတ် အသိုင်းဝိုင်းတွင် စိတ်ဓာတ်ကျရောဂါ၊ မိမိကိုယ်ကိုယ်သတ်သေခြင်းတို့၏ အကြောင်းရင်း ဖြစ်သည်။ အဖြေသည် ရိုးရှင်းပါသည်။ အပြစ်ကြောင့်ဖြစ်သည်။ အပြစ်ကို ဘုရားသခင် အလွန်မုန်းတီးရသည့် အကြောင်းရင်းကို မြင်နိုင်ပြီလော။ အပြစ်သည် ဘုရားသခင်၏ သား၊ သမီးဖြစ်ခြင်းတည်းဟူသော ကျွန်ုပ်တို့၏ တန်ဖိုးနှင့် ဖြစ်တည်မှုကို လုယက်ခိုးယူသွားသည့်အတွက် ဘုရားသခင်သည် ထိုအပြစ်ကို ဖျက်ဆီးရန် ဆုံးဖြတ်ထားရခြင်းဖြစ်သည်။

ကျွန်တော်တို့ ဆွေးနွေးခဲ့ပြီးသောအချက်များကို အကျဉ်းချုပ်ရလျှင်...

၁။ ဘုရားသခင်၏ နိုင်ငံတော်သည် မိသားစုတစ်တစ်စုဖြစ်သည်။

၂။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အဖဖြစ်၍ ကျွန်ုပ်တို့သည် ဘုရား၏ သား၊ သမီးများ ဖြစ်ကြ၏။

၃။ ကျွန်ုပ်တို့ လူသားတစ်ဦးချင်း၏ တန်ဖိုးနှင့် ဖြစ်တည်မှုသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့အကြား ဆက်ဆံရေးအပေါ် အခြေတည်ထား၏။

၄။ ဘုရားသခင်၏ နိုင်ငံတော်သည် ကျွန်ုပ်တို့နှင့် ဘုရားသခင်အကြား၊ ကျွန်ုပ်တို့ လူသားအချင်းချင်း တစ်ဦးပေါ်တစ်ဦး ဆက်ဆံရေးအပေါ် အခြေတည်ထားသည့် ရင်းနှီးသောဆက်ဆံရေး နိုင်ငံတော်ဖြစ်သည်။

၅။ ထိုဆက်ဆံရေး တည်တံ့စေရန် ပညတ်တော်ဆယ်ပါးဖြင့် စောင့်ထိန်းသည်။

၆။ ပညတ်တော်ကို ကျူးလွန်ခြင်းသည် ကျွန်ုပ်တို့၏ ဖြစ်တည်မှုနှင့် တန်ဖိုးကို ပျက်စီးစေ၏။

## ၅။ မိသားစု ပြဿနာများ

သူ့မျက်နှာကို မြင်လိုက်ရုံဖြင့် စိတ်ဝေဒနာသည်ဖြစ်ကြောင်း သိလိုက်ပါသည်။ ညိုနေသော မျက်ကွင်းများက အဆင်ပြေသယောင် ကြိုးစား၍ ဟန်လုပ်နေရသူဖြစ်ကြောင်း ဖော်ပြနေသည်။ "အဆင်ပြေပါတယ်နော်"ဟု ကျွန်တော် မေးလိုက်သည်။

"ငါ... ငါမိန်းမနှင့် ကွာရှင်းလိုက်ပြီ" ကြေကွဲသံဖြင့် သူပြန်ပြောသည်။ "ဒီလိုဖြစ်မယ်လို့ ငါမထင်ထားဘူးကွား" နောင်တရနေသည့် အသံများပါနေသည်။ သူ့အခက်အခဲများအကြောင်း ကျွန်တော်တို့ ပြောနေစဉ် "ကလေးတွေကို မတွေ့ရဘဲ ငါမနေနိုင်ဘူးကွာ။ ငါ့ကို သတ်နေတာနဲ့ အတူတူပဲ။" ဟု ပေါက်ကွဲတော့သည်။ သူသည် မနည်းစိတ်ထိန်းနေရကြောင်း သိနိုင်သည်။ သူ့နာကျင်မှုအတွက် ထပ်တူခံစားမိသည်။ ကူညီနိုင်လျှင် အလွန်ကူညီချင်သည်။ နောက်ဆုံးစကားနေဖြင့် "ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိတော့ဘူးဗျာ...။ လမ်းပျောက်နေပြီ။"ဟု သူပြောသည်။

ထိုစကားလုံးများ၏ နောက်ကွယ်ရှိ ခံစားချက်အတိမ်အနက်ကို လင်မယား ကွဲကွာခြင်းကို နဖူးတွေ့ဒူးတွေ့ ကြုံဖူးသူများကသာ နားလည်နိုင်ကြလိမ့်မည်။ မကွာရှင်းလိုသည့် တစ်ဖက်လူ၏ ကြောက်လန့်မှု၊ ဒေါသ၊ သောကများကို ဘဝ လက်တွဲဖော်နှင့် သေကွဲကွဲရသူများနှင့် မကြာခဏ နှိုင်းတတ်ကြ၏။ အိမ်ထောင်ကွဲခြင်း၏ ဒုက္ခသည် ပိုင်ဆိုင်မှုများ ခွဲယူကြရုံနှင့်မပြီး။ သင့်ဖြစ်တည်မှုတစ်ခုလုံးကို ပြန်လည်အနက်ဖွင့်ရပြန်သည်။

သားသမီးတို့မှာ မြေစာပင်ဖြစ်သွားရသည်။ သူတို့နှလုံးသားထဲ ပါသွားသည့် ထိုသေရာပါစိတ်ဒဏ်ရာများ၏ နက်ရှိုင်းမှုကို အပြည့်ဝ၍ တွေးကြည့်၍ပင် မရချေ။

Jim Conway က အိမ်ထောင်ကွဲခြင်းကို ငယ်စဉ်ကကြုံခဲ့ကြသည့် အရွယ်ရောက် ပြီးသား ရာနှင့်ချီသောလူများအပေါ် သုတေသနပြုခဲ့ရာ သူတို့၏ ခံစားချက်များကို အောက်ပါအတိုင်း သိရသည်။

| | |
|---|---|
| မပျော်ရွှင်သူ | ၇၂ % |
| သိမ်ငယ်စိတ်ရှိသူ | ၆၅ % |
| အထီးကျန်သူ | ၆၁ % |
| ကြောက်လန့်သူ | ၅၂ % |
| ဘဝကိုနာကြည်းသူ | ၅၀ % |
| အပယ်ခံရသည်ဟု ခံစားသူ | ၄၈ % |
| ကိုယ့်ကိုယ်ကိုယ် မခင်တွယ်သူ | ၄၀ % |
| မိမိဘဝဘာတန်ဖိုးမျှမရှိဟု ခံစားသူ | ၃၀ % |

အိမ်ထောင်ကွဲမှ ကြီးပြင်းလာသောသူများသည် အောက်ပါ စိတ်ပိုင်းဆိုင်ရာ ပြဿနာများကို ကြုံရကြသည်။

| | |
|---|---|
| အသိအမှတ်ပြုခံရရန် အတောမသတ်ကြိုးစားခြင်း | ၅၈ % |
| အချို့သောအတိတ်မဲများကို မေ့ပစ်နိုင်ရန်ကြိုးစား | ၅၄ % |
| မိမိကိုယ်မိမိ အညှာမတာဆက်ဆံခြင်း | ၅၃ % |
| မိမိအတွက်သာ ဦးစားပေးလွန်းမှု | ၄၇ % |
| အဖြစ်သည်းလွန်း၍ စိတ်ထိန်းမနိုင်ဖြစ်ခြင်း | ၄၂ % |

ဘုရားသခင်က မာလခိ ၂း၁၆ ၌ "လင်မယားကွာရှင်းခြင်းကို ငါမုန်း၏" ဟု မိန့်တော်မူခဲ့သည်ကို အံ့သြစရာမရှိတော့ချေ။ ဘယ်အကြောင်းကြောင်းကြောင့် ကွာရှင်း၍ ဘယ်သူက ဘယ်သူ့ကို ကွာရှင်းသည်ဖြစ်စေ အိမ်ထောင်ကွဲခြင်းသည် မိသားစုဝင် အားလုံးကို ဒုက္ခရောက်စေ၏။ အိမ်ထောင်ကွဲသည့်အခါ အနိုင်ရသူဟူ၍ မရှိပါ။ ကောင်းကင်ဘုံတွင်လည်း ထိုနည်းတူဖြစ်ခဲ့ပါသည်။ သူချစ်ရသည့် ဖန်ဆင်းခံအရာတို့တွင် သားဦးဖြစ်သူ သစ္စာဖောက်၍ ပုန်ကန်သည့်အခါ ဘုရားသခင့်မိသားစု ပြိုကွဲခဲ့ရသည်။

ဗျာဒိတ်ကျမ်း ၁၂း ၇ တွင် ကျမ်းစာ၌ "ကောင်းကင်၌ စစ်ဖြစ်၏"ဟု ဆိုထား၏။ ထိုကျမ်းပိုဒ်ကို ဖတ်သည့်အခါ ဘုရင်နှစ်ပါး၊ တိုင်းပြည်နှစ်ပြည် စစ်ဖြစ်ကြသည်ဟု အမှတ်မှား နိုင်ချေရှိပါသည်။ အမှန်မှာ ထိုစစ်ပွဲသည် ဘုရားသခင့်မိသားစုပြိုကွဲခြင်းကို ဆိုလိုပါသည်။ သားဦးလူစီဖာကို ဖန်ဆင်း၍ ကြင်ကြင်နာနာ ထွေးပွေ့ထားသော ဘုရားသခင်ကို မြင်ယောင်ကြည့်ပါ။ ထိုကောင်းကင်တမန်အတွက် သူ့ဝိညာဉ်၊ စိတ်နှလုံးကို ဝေမျှပေးခဲ့သည်။ မေတ္တာပြခဲ့သည်။ သူ့မိသားစုနိုင်ငံတော်၌ အမြင့်ဆုံးသောရာထူးကို ပေး၍ အမှုထမ်းစေသည်။ ယခုတွင် ထိုသားလေးမှ ဒေါသစကားများ ၊ ပုန်ကန်သည့်စကားများ ထွက်လာလေပြီ။ လှည့်စားခြင်း၊ လိမ်လည်ခြင်းအရာတို့၌ ကျင်လည်၍ ဘုရားသခင်၏ အခြားသော သားများကို လှည့်စားလာခဲ့သည်။ အဘယ်မျှလောက် ဝမ်းနည်းစရာကောင်းသနည်း။ ပြစ်မျိုးမဲ့ ဖန်ဆင်းခံရသည့် လူစီဖာသည် ယခုတွင် မလိုမုန်းတီးစိတ်၊ အသက်သတ်လိုစိတ်တို့ဖြင့် ပြည့်နှက်နေ၏။ ရှင်ယောဟန် ခရစ်ဝင် ၈း၄၄ ၌ သခင်ယေရှုက မာရ်နတ်သည် ကနဦးမှစ၍ လူ့အသက်ကို သတ်သောသူဟု ဖော်ထုတ်ခဲ့သောကြောင့် လူစီဖာသည် ဘုရားသခင်၏ ထာဝရသားတော်ကို ဖျက်ဆီးပစ်လိုခဲ့သည်။ ယေရှုကို အမြစ်ဖြတ်လိုသည့် သူ့ဆန္ဒသည် ကရာနီကုန်းပေါ်တွင် ထင်ရှားခဲ့သည်။

သူ့သားလူစီဖာကြောင့် ဘုရားသခင် ခံစားခဲ့ရသော စိတ်သောကကို မည်သူ နားလည်နိုင်ပါမည်နည်း။ ဘုရားသခင်၏ ခံစားချက် ပဲ့တင်သံကို ဒါဝိဒ်နှင့် အဗရှလုံ ပုံပြင်တွင် ကျွန်တော်တို့ တွေ့နိုင်သည်။

မင်းကြီးသည် လွန်စွာ ဝမ်းနည်းကြေကွဲလျက် မြို့တံခါး အမိုးထက်၌ ရှိသော အခန်းသို့ တက်သွား၍ ငိုကြွေးတော်မူ၏။ ယင်းသို့ တက်သွားစဉ် "အို ငါ့သား အဗရှလုံ၊ အဗရှလုံ ငါ့သား၊ သင့်ကိုယ်စား ငါသေချင်ဘိ၏။ ငါ့သား အဗရှလုံ၊ ငါ့သား" ဟု ငိုကြွေး မြည်တမ်းလေ၏။ ၂ ဓမ္မရာဇဝင် ၁၈း၃၃။

ရုပ်ဆင်းရူပကာ ပြည့်စုံသော ဒါဝိဒ်မင်းကြီး၏သား အဗရှလုံသည် အဖေ့ကို သတ်၍ နိုင်ငံတော်ကို သိမ်းလိုခဲ့သည်။ သို့သော် ဒါဝိဒ်မင်းကြီး၏ စစ်တပ်သည် သားတော်၏ စစ်တပ်ကို နိုင်ကာ အဗရှလုံလည်း စစ်တွင်း၌ အသတ်ခံရလေ၏။ ဒါဝိဒ် မင်းကြီးသည် စစ်နိုင်သော်လည်း သူပုန်ထခဲ့သည့် သားကို ဆုံးရှုံးခဲ့သောကြောင့် ငို ကြွေးခဲ့ရသည်။ မိသားစုပြိုကွဲလျှင် အနိုင်ရသူ မရှိပါ။

ဘုရား၏နိုင်ငံတော်တွင် ပုဂ္ဂိုလ်တစ်ဦး၏ ဖြစ်တည်မှုနှင့် တန်ဖိုးသည် ကောင်း ကင်ဘုံအရှင်၊ ကျွန်ုပ်တို့၏အဖ ဖန်ဆင်းရှင်ဘုရားသခင်နှင့် မိတ်သဟာယဖြစ်မှုအ ပေါ် မှီခိုကြောင်း သတိချပ်ရန်လိုပါသည်။ လူစီဖာသည် ထိုဆက်ဆံရေးကို ကျော ခိုင်းသောအခါ ကောင်းသောစိတ်၊ ခံစားချက်တို့ကို အသေသတ်သကဲ့သို့ ဖြစ်သွား၍ အမှောင်ဆန္ဒများဝင်လာရန် တံခါးကို ဖွင့်ပေးသကဲ့သို့ ဖြစ်သွား၏။ လူစီဖာ ထိုသို့ မ ပုန်ကန်မီ သူ့အား "မင်း ဘယ်သူလဲ" ဟု မေးမည်ဆိုလျှင် သူက စိတ်ချလက်ချ "ကျွန် တော်က ဘုရားသခင့် သားတွေထဲက တစ်ယောက်ပါ။ ဘုရားသခင် ချစ်ရတဲ့သူတစ် ယောက်ပါ" ဟု ပြန်ပြောပါလိမ့်မည်။ ခမည်းတော်ကို ငြင်းဆန်ခဲ့သော လူစီဖာကို "မင်း ဘယ်သူလဲ လူစီဖာ" ဟု မေးမည်ဆိုလျှင် မည်သို့ ပြန်ထူးမည်ဟု ထင်ပါသ နည်း။ သူ့၌ ဖြစ်တည်၊ ရပ်တည်မှု မရှိတော့ချေ။ သူကိုယ်တိုင် ဖျက်ဆီးပစ်ခဲ့သော

ကြောင့် ဖြစ်၏။ သူဖြစ်တည်၊ ရပ်တည်မှုကို မည်သို့ပင် တံဆိပ်တပ်စေကာမူ ထို ကွက်လပ်ကို မည်သည့်အခါမျှ ပြန်လည်ဖြည့်စွက်နိုင်မည် မဟုတ်ချေ။ ကောင်းကင် အရှင် ခမည်းတော်နှင့် သူ့အကြားရင်းနှီးသော ဆက်ဆံရေးကို ဖျက်ဆီးပစ်သောပစ် ကြောင့် ခံစားရသည့် ဆုံးရှုံးခြင်း၊ ဗလာခံစားချက်ကို မည်သည့်အခါမျှ ပြန်လည် ဖြည့်စွက်နိုင်မည် မဟုတ်ချေ။

လူစီဖာသည် သူဆုံးရှုံးခဲ့သောအရာများကို ပြန်လည်ပိုင်ဆိုင်လိုစိတ် မကြာခဏ ဖြစ်မိသော်လည်း သူ့မာနက ထိုဆန္ဒကို တာဆီးနေပြန်သည်။ ထို့ပြင် သူ့ပုန်ကန်မှုနှင့် ကျေးဇူးကန်းမှုတို့သည် မည့်သည့်အခါမျှ ခွင့်လွှတ်၍မရသော အပြစ်ဖြစ်သည် ဟု သူ့အတွင်းစိတ်ထဲ၌ စွဲနေ၏။ ယခင်လူစီဖာ၊ ယခု စာတန်မာရ်နတ်သည် (ပုန်ကန်သူ ဟု အဓိပ္ပာယ်ရ၏) တစ်ကိုယ်တည်းဖြစ်လာ၏။ သူကို ဖေးမမည့်သူ မရှိ။ မိဘကဲ့သို့ သဘောထား၍ အားကိုးမည့်သူမရှိ။ အိမ်ဟု ခေါ်စရာနေရာ မရှိ။ ယခုတွင် မာရ်နတ် ကို မလုံခြုံမှု၊ အကြောက်တရား၊ အထီးကျန်မှု၊ မနာလိုစိတ်၊ မာန်မာန၊ မိမိကိုယ်မိမိ အပြစ်မရှိဟုသတ်မှတ်ခြင်း၊ မောက်မာစိတ်၊ ဒေါသစိတ်၊ ဗိုလ်ကျထိန်းချုပ်လိုစိတ်စ သည့် အကျိုးမရှိသောစိတ်ဆန္ဒတို့က ကြိုးကိုင်တော့သည်။

မာရ်နတ်သည် စိတ်ရှုပ်ထွေးလာ၍ ဆောက်တည်ရာမရ ဖြစ်လာခဲ့သည်။ သူ့ ဖြစ်တည်မှုကို သုံးသပ်ဖို့ လိုလာသည်။ အနှစ်သာရကင်းမဲ့သော၊ နတ္ထိ၊ ဗလာခံစား ချက်ကို ဖြေသိမ့်ရန် ကြိုးစားလာခဲ့သည်။ သိမ်ငယ်နေသော ကလေးငယ်ပမာ မာရ် နတ်သည် အရှက်၊ အကြောက်၊ ရှုးသွပ်မှုခပ်သိမ်းကို ပခုံးထမ်းနေသောကြောင့် တစ် ဦးဦး၏ အသိအမှတ်ပြုမှုကို အသေအကြေ တောင့်တလာသည်။ ဂရုစိုက်ခံချင် လာ သည်။ ဖောက်ပြန်နေသောစိတ်သဘောတို့က ထိုဗလာခံစားချက် ဖြေသိမ့်နိုင်ရန် အ ကိုးကွယ်ခံချင်စိတ်၊ လေးစားခံချင်စိတ်၊ အချစ်ခံချင်စိတ်တို့ ဖြစ်လာစေသည်။ ထို အထီးကျန်မှု၊ ဗလာနတ္ထိခံစားချက်ကို ဖယ်ရှားနိုင်မည်ဟု သူထင်သော အရာမှန်သ

မျှကို တောင့်တလာသည်။ ထိုအခြေနေမျိုးကို City of Angles အမည်ရှိ ဇာတ်ကား တစ်ကား၏ ဇာတ်ဝင်တေးတစ်ပုဒ်တွင် ပုံဖော်ထားသည်။

အပိုဒ် ၁။

အရာရာအဆင်ပြေလာမယ့်တစ်နေ့၊

ဘဝကို အသစ်တစ်ခါ ပြန်စနိုင်မယ့်တစ်နေ့ကို

စောင့်ဆိုင်းမျှော်လင့်နေမိတယ်။

သိမ်ငယ်စရာ၊ အားငယ်စရာတွေ ပြည့်နေတဲ့ဘဝမို့

အဆုံးတော့လည်း မျှော်လင့်ချက်တွေ လွှတ်ချမိပြန်တယ်။

ကယ်တင်မယ့်သူ၊ လွတ်မြောက်စေမယ့်သူကို တောင့်တနေပေမယ့်

ငါ့အသွေးသားထဲ အမြစ်တွယ်နေတဲ့ အတိတ်ဆိုးတွေက

ငါ့ကို လှောင်ပြောင်နေလေရဲ့။

ဒီညလေးတော့ အပူပင်ကင်းကင်း၊ လွတ်လွတ်လပ်လပ်

ဖြတ်သန်းချင်မိတယ်။

အပိုဒ် ၂။

ဒီလိုဘဝသံသယာထဲ မောပန်းနေပါပြီ။

နေရာတိုင်းမှာလည်း ခေါင်းပုံဖြတ်အမြတ်ထုတ်ချင်တဲ့လူတွေ ဝိုင်းနေချိန်၊

ဒီမုန်တိုင်းကြီးကလည်း တိုက်လို့ကောင်းနေဆဲ။

ငါဘဝလည်း သိမ်ငယ်စိတ်ကို ဖုံးကွယ်ဖို့ ဖန်တီးမိတဲ့ အလိမ်ညာစကားတွေနဲ့ ပြည့်နှက်နေပြီ။

သေမထူးနေမထူးဘဝက တစ်ခါလေးတော့ လွတ်မြောက်ချင်မိတယ်။

ချိုမြိန်တဲ့ ရှုးသွပ်မှုတွေထဲ ကျရှုံးဖို့တော့ လွယ်သား။

ဒီလို ခမ်းနားတဲ့ကြေကွဲမှုတွေနဲ့ ဒူးထောင်အရှုံးပေးခဲ့ရပြီ။

တန်ဖိုးရှိခြင်း၏ အုတ်မြစ်ဖြစ်သော ဘုရားသခင်နှင့် ဆက်ဆံရေးကို ဖြတ်တောက်ခဲ့သောကြောင့် ချစ်ခင်မှုဆက်ဆံရေးအပေါ် အခြေတည်သော နိုင်ငံတော်ကို စာတန်မတည်ထောင်နိုင်ပါ။ သူ့အတွက် ရွေးချယ်စရာတစ်ခုသာ ကျန်ပါတော့သည်။ လုပ်ဆောင်မှုအပေါ် အခြေတည်ထားသော နိုင်ငံတော်သာ။ ခပ်သိမ်းသော အသက်၊ ဉာဏ်ပညာ၊ ချစ်ခြင်းမေတ္တာတို့သည် ဘုရားသခင်ထံမှလာကြောင်း လူသားအားလုံး အသိအမှတ်ပြုကြမည်ဆိုလျှင် ထိုနိုင်ငံတော်တည်ရှိနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် "ကိုယ်ပိုင်အစွမ်းအစ" တည်းဟူသော အတွေးခေါ်တစ်ခုကို စာတန်က ဖန်တီးကာ ဘုရားကို ဆက်ဆံမိသဟာယဖွဲ့၍ မရသော စွမ်းအားတစ်ခုသက်သက်သဖွယ် ထင်မှတ်ကြစေရန် ကြိုးစားခဲ့သည်။ ဘုရားကို သင့်စိတ်ကြိုက်အသုံးပြု၍ရသော စွမ်းအားရှင်သက်သက်အဖြစ်သာ ထင်မှတ်စေ၏။ စာတန်၏ နိုင်ငံတော်သည် အာဏာ တန်ခိုး၊ ကျွမ်းကျင်လိမ္မာမှု၊ မိမိအလိုကို လိုက်စားမှုဖြင့် တည်ဆောက်ထားသော နိုင်ငံဖြစ်၏။ ထိုနိုင်ငံတော်၏ ဆောင်ပုဒ်မှာ "ကိုယ်ကျိုးကို အရင်ကြည့်ပါ။ လူသားချင်း စာနာစိတ်ကို ခေါက်ထားပါ။" ဟူ၍ဖြစ်သည်။

ထိုနိုင်ငံတော်သည် ပျက်စီးခြင်းဖြစ်၏။ အကြောင်းမှာ ထိုနိုင်ငံတော်၌ ကိုယ်ပိုင်အသက် (သို့) တန်ခိုးမရှိ။ ခမ်သိမ်းသောအသက်နှင့် တန်ခိုးတို့သည် ဘုရားသခင်ထံ

မှ လာသည်ဖြစ်၍ ဘုရားသခင်ကို ငြင်းပယ်သောအပြစ်သည် ဘုရားသခင်၏ သား၊ သမီးဖြစ်ခြင်းတည်းဟူသော ဖြစ်တည်မှုကို အသိမှတ်မပြုဘဲ၊ ခေါင်းမာမာ ငြင်းပယ်ခဲ့သူများ၏ အသက်ကို နှုတ်ယူပစ်လိမ့်မည်။ ထိုဖြစ်တည်မှုကို ငြင်းပယ်ခြင်း၏ အကျိုးဆက်ဖြစ်သော ဆုံးရှုံးမှုများ၊ နာကျင်ဝေဒနာများကို ကုစားနိုင်သောအရာ မရှိသည်ဖြစ်၍ ထိုနိုင်ငံတော်သည် ပျက်စီးခြင်း နိုင်ငံတော်ဖြစ်လာ၏။ ဤအချက်အားဖြင့် ဆိုးယုတ်သူများအတွက် သက်သာရာမရှိဟူသော အမှန်တရားတစ်ခုကို တွေ့နိုင်သည်။

ဒေင်ဉယျာဉ်အကြောင်း ပြန်ပြောရလျှင် ထိုစဉ်က ကောင်းကင်တစ်ခွင် က မောက်ကမဖြစ်စေ၍ အမှောင့်အဖျက်လုပ်ခဲ့သော စာတန်သည် အပြင်ပန်း၌ လိမ္မာပါးနပ်သောသူဟု ထင်စရာရှိသည်။ သို့သော် သူ့အတွင်း စိတ်နှလုံးထဲတွင် ဟာတာတာဗလာခံစားချက်များဖြင့် ပြည့်နေ၏။ သိမ်ငယ်စိတ်တို့ဖြင့် ပြည့်နေ၏။ ဖြစ်တည်မှုအသစ်တစ်ခု တည်ဆောက်နိုင်ရန်၊ အဆုံးမရှိသော မျှော်လင့်ချက် ပျောက်ဆုံးခြင်း ချောက်နက်ကြီးထဲမှ ရုန်းထွက်နိုင်ရန် အချည်းအနှီး ကြိုးစားနေသူ သက်သက်သာ ဖြစ်သည်။

## ၆။ လောက ငရဲဘုံ

နှစ်ပေါင်းများစွာ ဆက်ဆံပေါင်းသင်းခဲ့သော သူငယ်ချင်းအရင်းခေါက်ခေါက် တစ်ယောက်၊ အတူသွားအတူစား သိပ်ခင်ရသော လူတစ်ဦး၏ မထင်မှတ်ဘဲ ရုတ်တရက် ခပ်ခွာခွာဆက်ဆံခံရခြင်းသည် ဘဝတွင် အကြေကွဲရဆုံး အတွေ့ကြုံ တစ်ခုဖြစ်ပါသည်။ ငါ့စိတ်ထင်နေမှာပါဟု တွေး၍ သူ့အပြုအမူကို လျစ်လျူရှုရန် သင်ကြိုးစား၏။ သို့သော် ဆက်ဆံရေးသည် အချိန်နှင့်အမျှ ပိုပိုခြောက်ကပ်လာသည်။ ငါတို့ ဆက်ဆံရေး မည်သို့ဖြစ်သွားသနည်းဟု ကိုယ့်သူငယ်ချင်းအား မေးလိုက်ချင်စိတ်ဖြစ်လာသည်။ ဆက်ဆံရေးပြန်လည် အဆင်ပြေဖို့ ရက်ပေါင်းများစွာ စောင့်ဆိုင်းပြီးနောက် သင့်သူငယ်ချင်းသည် သင့်ကို မကောင်းပြောသည့် ဘေးစကားများနောက် ပါသွားလေပြီ။ ထို့ကြောင့် သင်လုပ်သမျှ အရာအားလုံးကို မကောင်းမြင်သောသူတို့ကြောင့် သင်အံ့သြဆွံ့အသွားရသည်အထိ ဖြစ်လာသည်။

နားလည်မှုလွဲနေသည်ကို သင်ဖြေရှင်းရန် ကြိုးစား၏။ အကြောင်းမထူး။ ရှင်းပြရန်ကြိုးစားလေလေ သူတို့က သင့်အား အရှက်မရှိ ကြံဖန်၍ ဆင်ခြေဆင်လက်ပေးသည်ဟု မြင်လေလေဖြစ်လာ၏။ ဤအခြေနေတွင် သင် နာကျည်းလာသည်။ ဒေါသထွက်လာသည်။ စိတ်ပျက်ကြေကွဲလာသည်။ ငါ့ကို စကားတစ်ခွန်းတောင် မမေးဘဲ ဘေးစကားကို လွယ်လွယ်ယုံရကောင်းလားဟု သင့်သူငယ်ချင်းအပေါ် စိတ်ပျက်လာသည်။ သင့်ကို တစ်ယောက်ထဲ ပစ်ထားသည့်အတွက် ဝမ်းနည်းလာသည်။ သူငယ်ချင်းအပေါ် သင့် ဒေါသပေါက်ကွဲမှု (သို့) တိတ်တဆိတ် နာကျည်းမှုများကို ထောက်၍ သင့်အကြောင်း မကောင်းပြောကြသည့် အရာများသည် အမှန်ဖြစ်နေသည်ဟု သူက ယူဆလိုက်သေးသည်။ အနာပေါ် ဆားဖြူးလိုက်ခံရသည်။

အထက်ပါစာနှစ်ပိုဒ်ကို သင်ဖတ်ရသည့်အခါ လက်တွေ့ဘဝတွင် ကမ္ဘာဦးမှစ၍ အဖန်တရာတေ ဖြစ်ပျက်နေသောအရာများဖြစ်ကြောင်း ဝမ်းနည်းစွာ တွေးမိနိုင်ပါ

သည်။ ဤစာရေးနေစဉ်ပင် ထိုအတွေ့ကြုံမျိုး ခံစားရသူအနေဖြင့် ကိုယ့်ကိုယ်ကိုယ် တွေးကြည့်ရာ "ဘာကြောင့်လဲ" ဟု မေးခွန်းထုတ်မိပါသည်။

ပုံစံအမျိုးမျိုးဖြင့် စွန့်ပစ်ခံရသည့် စိတ်ဒဏ်ရာအမျိုးမျိုး ကျွန်တို့အများစု၌ ရှိတတ်ကြသည်။ ဤခံစားချက်များက ကောင်းမကောင်းသိကျွမ်းရာအပင်၏ အသီးကို အာဒံနှင့်ဧဝက စားပြီးနောက် ဘုရားသခင် ခံစားခဲ့ရသော ခံစားချက်ကို အနည်းငယ်မျှ နားလည်စေနိုင်မည်ဟု ထင်မိပါသည်။ သူစိမ်းတစ်ယောက်၏ ဘေးစကားက အခင်ဆုံးသူငယ်ချင်း၊ မိတ်ဆွေကောင်းများကိုပင် ကွဲစေနိုင်သည်မှာ အလွန်အံ့သြစရာကောင်းပါသည်။

သမီးဧဝသည် ဥယျာဉ်အလယ်သို့ရောက်ကာ သူစိမ်းတစ်ဦးနှင့် စကားကောင်းနေပုံကို ဘုရားသခင် ဂရုတစိုက်စောင့်ကြည့်နေမည့်အဖြစ်ကို မကြာခဏ တွေးဖြစ်ပါသည်။ ဘုရားသခင်သည် ဧဝအပေါ် အနန္တမေတ္တာတော်ကိုပြ၍ ထိုမျှလောက် ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ပြီးဖြစ်သောကြောင့် သူ့ခမည်းတော်၏ အတောင်တော်အောက်တွင် စိတ်ချလက်ချ နေမည်လော။ သို့မဟုတ် မြွေအသွင်ဆောင်ထားသော စာတန်၏ သွေးခွဲစကားကို ယုံမည်လော။ သူတို့ဆက်ဆံရေးကို ဖြတ်တောက်မည့်အဖြစ်ကို ကာကွယ်ရန် ကောင်းကင်တမန်ကို စေလွှတ်ခြင်းဖြင့် မည်သည့်အတွက်ကြောင့် စွက်ဖက်ခြင်း မပြုခဲ့သနည်း။ ထိုအခြေနေမျိုး၌ "ဘာကြောင့်လဲ" အစချီသော မေးခွန်းပေါင်းများစွာ ရှိပါလိမ့်မည်။ ထိုမေးခွန်းရှိသမျှကို အဖြေရှာရန် အချိန်မလောက်ပါ။ ဘုရားသခင်၏ မျက်နှာတော်ကို ကိုယ့်မျက်စိဖြင့် ဖူးမြော်ရမည့်အချိန် မရောက်မချင်း အပြည့်အဝ နားလည်နိုင်မည် မဟုတ်သော မေးခွန်းအချို့လည်း ရှိပါသည်။ သို့သော် ထိုမေးခွန်းအပေါင်းတို့၏ အချုပ်မှာ "ချစ်ခြင်းမေတ္တာ" ဖြစ်သည်။

မေတ္တာသည် ထိန်းချုပ်ခြင်းမပြုဘဲ လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးသည်။ တစ်ဖက်သားသည် အခွင့်ရေးပေးသူအား ထိခိုက်နာကျင်စေမည့်အရာကို ရွေးချယ်မည်

ဆိုလျှင်ပင် ရွေးချယ်ခွင့်ပေးခြင်းသည် မေတ္တာ၏သဘောဖြစ်သည်။ သား၊သမီးတို့ အမှားပြုမည့်အချိန်တိုင်း ဘုရားသခင် ဝင်ရောက်စွက်ဖက်မည်ဆိုလျှင် သူတို့အတွက် လွတ်လပ်စွာရွေးချယ်ခွင့် ရှိတော့မည်မဟုတ်ပေ။ "ငါသည် သင့်ကို ထာဝရမေတ္တာနှင့် ချစ်၏"ဟူသော သူ၏ စကားလုံးတို့ကို သက်သေပြရာတွင် ဘုရားသခင်အနေဖြင့် သား၊သမီးတို့အမှားကို ဆုံးမသွန်သင်ရမည့်အချိန်လည်းရှိသကဲ့သို့ သူတို့ရွေးချယ်မှုအပေါ် ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ တိတ်တဆိတ်နေပေးရမည့်အချိန်လည်း ရှိမည်ဖြစ်သည်။ အကြောင်းမှာ လွတ်လပ်မှုမပေးလိုဘဲ၊ ထိန်းချုပ်ခြယ်လှယ်လိုသောသဘောသည် မေတ္တာစစ်မဖြစ်နိုင်။ ဤသဘောသည် သား၊ သမီးတို့ကို ပျိုးထောင်ရာတွင် မိဘများကြုံတွေ့ရသည့် အရာများပင်ဖြစ်သည်။ မိဘများအနေဖြင့် သား၊သမီးများကို အစွမ်းကုန်ဆုံးမသွန်သင်၍ လမ်းပြပေးသော်လည်း သား၊သမီးတို့သည် နားမထောင်ဘဲ မိဘအလိုကို ဆန့်ကျင်သည် ဆိုပါစို့။ မိဘများအနေဖြင့် ဆန့်ကျင်မခံလိုဘဲ သား၊ သမီးအလိုကို တားဆီးပစ်ရမည်လော။ သို့မဟုတ် သား၊ သမီးတို့အလိုကို မစွက်ဖက်တော့ဘဲ ဝမ်းနည်းစွာ တိတ်ဆိတ်နေလိုက်သင့်သလော။ မိဘများအတွက် ခက်ခဲသော ရွေးချယ်မှုမျိုးဖြစ်ပါသည်။

ဘုရားသခင်သည် သူ့၏သား အာဒံကို ကျဆုံးစေမည့် အသုံးချခံဖြစ်လာသော သမီးဧဝကို မေတ္တာတော်ဖြင့် တိတ်ဆိတ်စွာ စောင့်ကြည့်နေ၏။ ထိုအခြေနေတွင် ဘုရားသခင်သည် သောကကြီးစွာ ရောက်နေပေလိမ့်မည်။ သမီးဧဝကို ဆုံးရှုံးရသည့် ဘုရားသခင်၏ စိတ်ဝေဒနာက သားအာဒံ ဆုံးရှုံးမည့်အဖြစ်ကို စွက်ဖက်တားဆီးစေပါသလော။ မတားဆီးစေပါ။ ဘုရားသခင်သည် သောကများကို မေတ္တာခံ၍ တိတ်ဆိတ်နေခြင်းဖြင့် သူသည် လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးသော ဘုရားဖြစ်ကြောင်း၊ အာဏာတန်ခိုးအသုံးပြု၍ အတင်းအကျပ်ပြုသော ဘုရားမဟုတ်ကြောင်း မေးခွန်းထုတ်စရာမလိုအောင် သက်သေပြခဲ့သည်။ အာဒံအား သူ့ဘာသာသူ လွတ်လပ်စွာ ရွေးချယ်စေ၏။ ထိုစမ်းသပ်မှုနှင့် ပတ်သက်၍ အာဒံနှင့် ဧဝတို့သည် ကောင်း

ကင်သား ဖြစ်ထိုက်သည် မဖြစ်ထိုက်သည်ကို သိနိုင်ရန် ဘုရားသခင်သည် ကောင်းကင်ဘုံမှ စိုးရိမ်စရာမရှိဘဲ လက်ပိုက်ကြည့်နေသည်ဟု မယူဆသင့်ပါ။ ဘုရားသည်လည်း အာဒံ၊ ဧဝတို့နှင့် ထပ်တူ စမ်းသပ်ခံခဲ့ရပါသည်။ အာဒံ၊ ဧဝတို့ ကျဆုံးခဲ့ပါလျှင် ဘုရားသခင်လည်း ကမ္ဘာလောကကြီးကို မဖန်ဆင်းမီကပင် ပြုခဲ့သည့် ပဋိညာဉ်အတိုင်း သားတော်ယေရှုခရစ်၏ အသက်ကို စတေး၍ မဖြစ်မနေ အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ။ သခင်ခရစ်တော်သည်လည်း ခမည်းတော်၏ အကျင့်စာရိတ္တတို့ကို အမှန်အတိုင်း ထင်ရှားစေ၍ လူသားတို့၏ အသက်ကို ကယ်တင်နိုင်ရန် သူတို့အပြစ်ကို ယူတင်ကာ အပြစ်အခကို ခံရမည်ဖြစ်သည်။ ထိုအခြေနေအားလုံးကို သိထားလျက် ဘုရားသခင်သည် ဧဝကို တိတ်ဆိတ်စွာ စောင့်ကြည့်ခဲ့၏။ ထို့နောက် အာဒံသည် ဘုရားသခင်ကို ကျောခိုင်းခဲ့သည်။ ထိုတိတ်ဆိတ်မှု လွှမ်းခြုံထားသော မေတ္တာတော် အလွန်ကြီးမြတ်လှပါသည်တကား။ အာဒံ၊ဧဝတို့အပေါ် ဘုရားသခင်ကိုယ်ကျိုးကြည့်၍ ပြုမူခဲ့သည်ဟူသော အယူလွဲမှုအားလုံးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ ဆိတ်တိတ်စွာနေ၍ မေတ္တာပြနည်းက ထာဝရပစ်ရှားပစ်ပါသည်။

အခန်း(၁)တွင် အာဒံ၊ ဧဝတို့ ပညတ်ထားသည့် အပင်၏ အသီးကို မည်သည့်အတွေးခေါ်မျိုးနှင့် စားခဲ့ကြောင်း ကျွန်တော်တို့ ဆွေးနွေးခဲ့ပါသည်။ အခန်း (၅) တွင် ကျွန်တော်တို့ သည် ဘုရားမရှိဘဲ အသက်ရှင်နိုင်ကြောင်းနှင့် ကျွန်ုပ်တို့ လုပ်ဆောင်နိုင်စွမ်းပေါ် မူတည်၍ ကျွန်ုပ်တို့၏ ဖြစ်တည်မှုကို ဖန်တီးနိုင်သည်ဟူသော အတွေးခေါ်မျိုးကို ထွင်စေသော စာတန်၏ စိတ်ခံစားတို့အကြောင်း လေ့လာခဲ့ကြသည်။ အာဒံ၊ ဧဝတို့ စားထားသည့် အသီးကို အစာအိမ်က အစာခြေနေစဉ်ပင် အပြစ်ရှိစိတ်နှင့် စိတ်ဓာတ်ကျခြင်းတို့ စတင် ခံစားလာကြသည်။ ဘုရာသခင်နှင့် လူသားအကြားဝမ်းမြောက်ပျော်ရွှင်စရာ၊ ချစ်ရာကောင်းသော ဆက်ဆံရေးသည် စတင်ပျက်စီးလာ၏။ ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်လိုစိတ်၏ ကျိန်စာသည် မသိမသာစတင်အလုပ်လုပ်ကာ မကြာမီအတိုင်တွင် သူတို့ကို အပြစ်ရှိစိတ်၊ ကြောက်ရွံ့စိတ်တို့ ဝါးမြိုတော့

သည်။ စာတန်နှင့် သူ့စေတမန်များနည်းတူ အာဒံနှင့် ဧဝတို့သည် စိတ်ထဲတွင် ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့ကြပြီဖြစ်သည်။ သူတို့၏ဖြစ်တည်မှုနှင့် တန်ဖိုးကို ဆုံးရှုံးကြပြီဖြစ်ရာ ပြန်ရယူနိုင်ရန် သူတို့လုပ်ဆောင်နိုင်သောအရာ မရှိချေ။ ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်လာရန် သူတို့ဘာသာသူတို့ မလုပ်ဆောင်နိုင်။ သူတို့ ဖျက်ဆီးခဲ့သော ထိုဆက်ဆံရေးကို ဘုရားသခင်ကသာလျှင် ပြန်လည်တည်ဆောက်နိုင်၏။ ဤအဖြစ်မျိုးကို ကျွန်တော်တို့အတွေ့အကြုံမှ ဆက်စပ် နားလည်နိုင်ပါသည်။ တစ်ဦးဦးက မိတ်ဖျက်လျှင် မကျူးလွန်သူ ဖက်မှသာ ပြန်မိတ်ဖွဲ့ပိုင်ခွင့် ရှိ၏။ သစ္စာဖောက်သူသည် ထိုဆက်ဆံရေးမှ သူ့အခွင့်အရေးများကို စွန့်လွှတ်ခဲ့ပြီးဖြစ်သည်။

ယခု အခန်း (၂) တွင် ကျွန်တော်တို့ လေ့လာခဲ့သောအရာများကို သတိရရန် အရေးကြီးပါသည်။ ဘုရားသခင်သည် ခပ်သိမ်းသောအသက်၊ ဉာဏ်ပညာနှင့် ပျော်ရွှင်မှုတို့၏ အရင်းမြစ်ဖြစ်၏။ အာဒံနှင့် ဧဝက ထိုအရာများသည် သဘာဝအားဖြင့် သူတို့ပိုင်ဆိုင်သောအရာများဖြစ်သည်ဟူသော လိမ်ညာစကားကို ယုံကြည်၍ ထိုအရာများ၏ အရင်းမြစ်ဖြစ်သော ဘုရားသခင်နှင့် အဆက်ဖြတ်ခဲ့ကြသည်။ သူတို့၌ သမာသမတ်ကျကျ စဉ်းစားတွေးခေါ် နိုင်စွမ်း မရှိတော့။ မာရ်နတ်၏ အတွေးအခေါ်မျိုး ရှိလာကြသည်။ မာရ်နတ်ပြောသော မုသားစကားကို ဖော်ထုတ်နိုင်စွမ်း မရှိကြ။ ဘုရားသခင်၏ အကျင့်စာရိတ္တနှင့်ပတ်သက်၍ မှားယွင်းသော အတွေးအခေါ်၊ အယူအဆများကို သူတို့စိတ်ထဲ၌ သွတ်သွင်းရန် အစပြုလာကြသည်။ ထိုမျှမက သူတို့သည် ကောင်းသောလူသားများ မဟုတ်ဟု စွပ်စွဲ၏။ သူတို့သည် သေသင့်သောသူများဖြစ်သည်။ တန်ဖိုးတစ်စုံတစ်ရာမရှိသော လူသားများဖြစ်သည်ဟု ဆို၏။ ဘုရားသခင့်သား၊ သမီးတည်းဟူသော ကျွန်တော်တို့၏ ဖြစ်တည်မှုကို ဖျက်ဆီးပစ်နိုင်ရန် အစွမ်းကုန် ကြိုးစားလျက်ရှိသည်။ ဘုရားသခင်နှင့် ကျွန်ုပ်တို့အကြောင်း မုသားစကားများကို ပြောရန်၊ ဖျက်ဆီးရန် ကြိုးစားသည်။ သူပြောသော ဘုရားသခင်အကြောင်းနှင့် ကျွန်တော်တို့အကြောင်းကို ကျွန်တော်တို့ ယုံကြည်နေသရွေ့ ဘုရားသခင်နှင့် ပြန်

လည်သင့်မြတ်နိုင်မည် မဟုတ်ချေ။ ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်နိုင်မည့် တစ်ခုတည်းသော လမ်းကား သားတော်ပြသခဲ့သည့် ခမည်းတော်၏ အကျင့်စာရိတ္တ၊ သဘောတော်ကို အမှန်တကယ် သိကျွမ်းခြင်းဖြစ်သည်။

သူစိမ်းတစ်ဦးကြောင့် မိတ်ဆွေကောင်းများလည်း သူစိမ်းဖြစ်သွားကြလေပြီ။ ဘုရားသခင် အလည်လာ၍ သူတို့ကိုခေါ်သည့် အသံသည် တစ်ချိန်က စကြဝဠာတစ်ခွင် အချိုသာဆုံးအသံ ဖြစ်ခဲ့သည်။ ယခု ထိုခေါ်သံကို ကြားသောအခါ သူတို့သည် ကြောက်ရွံ့ခြောက်ခြားလာသဖြင့် ထွက်ပြေးပုန်းရှောင်ခဲ့ကြသည်။ မာရ်နတ်၏ အကြံထမြောက်လေပြီ။

သင်အလုပ်မှ အိမ်ပြန်လာချိန်တိုင်း သင့်သားလေးသည် "ဖေဖေ၊ ဖေဖေ" ဟု ကြွေးကြော်ကာ သင့်ဆီ ပြေးလာ၍ သိုင်းဖက်လေ့ရှိသည်ဟု စိတ်ကူးယဉ်ကြည့်ပါ။ နေ့တိုင်း ထိုအချိန်လေးကို သင် အမြတ်တနိုး မျှော်လင့်၏။ တစ်နေ့ အလုပ်မှ အိမ်ပြန်လာစဉ် ချစ်ရသောသားလေးသည် ပြေးလာ၍ မကြိုဆို။ ဘာကြောင့်ဘာလိမ့်ဟု တွေးရင်း အိမ်ထဲဝင်လျှင် ကြောက်ရွံ့စိတ်ဖြင့် ခြံထဲထွက်ပြေးသွားသော ခြေသံကလေးကို သင် ကြားလိုက်ရသည်။ သားအဖအကြား တစ်စုံတစ်ခု ဝင်လာချေပြီ။ အချစ်ရှိရာအရပ်၌ အကြောက်တရားမရှိရာ။ ဖခင်၏ နှုတ်ဆက်ခေါ်သံကြားရ၍ သား၊ သမီးတို့ ထွက်ပြေးမည်ဆိုလျှင် မည်သည့်ဖခင်စစ် တစ်ဦးတစ်ယောက်မျှ ဝမ်းသာလိမ့်မည် မဟုတ်ချေ။ စိတ်ထဲ ဝမ်းနည်းကြေကွဲနေလိမ့်မည်။ အပြစ်တရားသည် စကြဝဠာတစ်ခွင်လုံး၌ ချစ်စရာအကောင်းဆုံး၊ အရက်ရောဆုံး၊ စိတ်အရှည်ဆုံး၊ လွတ်လပ်စွာ ရွေးချယ်ခွင့်ပေး၍ အချစ်တတ်ဆုံးသောပုဂ္ဂိုလ်ကို ကြောက်ရွံ့စေနိုင်သည်မှာ ဝမ်းနည်းစရာကောင်းလှပါသည်။

ဘုရားသခင်သည်လည်း အကျဉ်းကျပ်ထဲ ရောက်ခဲ့ရသည်။ ဘေးစကားကို ယုံစား သွားသော အာဒံ၊ ဧဝတို့အား ယခု ဘုရားသခင်အဘယ်သို့ ချဉ်းကပ်ရမည်နည်း။

ဘုရားသခင်၏ နှုတ်ထွက်စကားတို့ကို တလွဲမှတ်ယူလာကြ၏။ အသက်နှင့် ဉာဏ်ပညာအလုံးစုံ၏ အရင်းမြစ်ဖြစ်သော ဘုရားသခင်အပေါ် အမြင်လွဲသည့် အချိန်မှစ၍ သူတို့အမှားကို သိသော်လည်း လက်ခံနိုင်သည့် သတ္တိမရှိတော့ချေ။ အပြစ်နှင့် သိမ်ငယ်စိတ်တို့ဖြင့် ပြည့်နှက်လာသဖြင့် ကလန်ကဆန်ပြုလျက် အာခံတတ်သူများဖြစ်လာကြသည်။ ရိုးရိုးသားသား စဉ်းစားတွေးခေါ် နိုင်သောအစွမ်း မရှိတော့ချေ။

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၊ သည်းခံနိုင်စွမ်းတို့ကို ကျွန်တော် အံ့ဩမိပါသည်။ ဘုရားသခင်က အာဒံအား "သင် ဘယ်မှာလဲ" ဟု မေး၏။ မသိ၍ မေးခြင်း မဟုတ်။ သူ့လုပ်ရက်ကို ရင်ဆိုင်စေခြင်းသာဖြစ်သည်။ အာဒံ သင့်အသိဉာဏ် အဘယ်မှာနည်း။ သင့်ဖြစ်တည်မှု ဘာဖြစ်သွားသနည်း။ အပြုအမူသည် စိတ်သဘော၏ ကြည့်မှန်ဖြစ်သည်။ ဘုရားသခင်၏ မျက်မှောက်တော်မှ ထွက်ပြေး ပုန်းရှောင်သည့် အာဒံနှင့် ဧဝ၏ အပြုအမူသည် ဘုရားသခင်ထံမှ ထွက်သွားသောသူတို့စိတ်နှလုံးကို ဖော်ပြနေသည်။ သူတို့ကြောက်ရွံ့သော အမှန်တရားကို မျက်ကွယ်ပြုနိုင်ရန် သူတို့ကိုယ်သူတို့ လိမ်လည်လှည့်စားမှုဖြင့် လွှမ်းခြုံထားကြသည်။ အမှန်မှာ ဘုရားသခင်သည် သူတို့ပြဿနာကို ကူညီဖြေရှင်းပေးရန် ကြိုးစားနေခြင်းဖြစ်သည်။

ဘုရားသခင်၏ အမေးကို အဝတ်မပါသောကြောင့် ကြောက်၍ ပုန်းကွယ်ရပါသည်ဟု အာဒံ ဖြေခဲ့သည်။ ကမ္ဘာဦးကျမ်း ၂း၂၅ နှင့် တိုက်ကြည့်လျှင် ထိုဝန်ခံချက်သည် စိတ်ဝင်စားစရာကောင်းလာပါသည်။ "ထိုသူ လင်မယားနှစ်ဦးတို့သည် အဝတ်မဝတ်ဘဲနေ၍၊ ရှက်ကြောက်ခြင်းနှင့် ကင်းလွတ်၏။" ပညတ်ထားသော အသီးကို မစားမီကလည်း အဝတ်မတ်ဘဲ နေခဲ့သော်လည်း ရှက်ကြောက်စိတ် မရှိခဲ့ချေ။ ယခုတွင် အာဒံသည် ရှက်ချေပြီ။ ဟေဗြဲစကားလုံးဖြစ်သော (buwsh) တွင် "စိတ်ရှုပ်၊ စိတ်မလုံ၊ စိတ်ပျက်" စသည့် အဓိပ္ပာယ်များရှိသည်။ အာဒံလည်း လိပ်ပြာမလုံ၊ စိတ်ပျက်ထွေပြားလျက်ရှိ၏။ သူ့ဖြစ်တည်မှုအပေါ် သံသယဝင်လာကာ သူ့အပြုအမူ အတွက် လိပ်ပြာမလုံတော့ချေ။ ဘုရားကလည်း အာဒံ့အနာပေါ် တုတ်ထိုးသည့် ပမာ

“သင် အဝတ်အချည်းစည်း ရှိသည်ကို သင့်အား မည်သူဆိုသနည်း။ မစားရဟု ငါ ပညတ်သော အပင်၏ အသီးကို စားပြီလော” ဟုမေး၏။ ဘုရားသည် အာဒံအား “သင်၌ အဝတ်မရှိကြောင်းကို မည်သို့သိသနည်း” ဟု မမေး။ “သင် အဝတ်အချည်းစည်းရှိသည်ဟု သင့်ကို မည်သူပြောသနည်း” ဟု မေး၏။ ဘုရားသခင်သည် သူ့ကို လှည့်စားသောသူကို ညွှန်းပြနေခြင်းဖြစ်သည်။ တစ်မျိုးပြောင်းပြောရလျှင် “ငါထံမှ ထွက်ပြေးရန် မည်သူသွေးထိုးသနည်း” “ငါတို့အကြား မည်သူသွေးခွဲသနည်း။”

ဘုရားသခင်က “မစားရဟု ငါပညတ်ထားသောအပင်၏အသီးကို စားပြီလော” ဟု ဒွဲ့မေးခဲ့သည်။ စားပါသည် (သို့) မစားပါဟု ဖြေရမည့် ရိုးရိုးမေးခွန်း ဖြစ်ပါသည်။ ယခုတွင်မူ အာဒံက ဘုရားသခင်သည် တစ်ကိုယ်ကောင်းဆန်၍ လက် တုံ့ပြန်တတ်သော ဘုရားအဖြစ် မြင်လာ၏။ သူ့ကိုယ်သူလည်း တုံးအသူ၊ ဘာတန်ဖိုးမျှ မရှိသူဟု မြင်လာ၏။ အရာအားလုံးကို တလွဲမြင်လာ၏။ ဒေါသကြီးသောဘုရားဟု တလွဲမြင်လာသဖြင့် “စားမိပါသည်”ဟု ဖြေလျှင် ပြင်းပြင်းထန်ထန် အပြစ်ပေးခံရမည်ဟု ယုံကြည်လာသည်။ “မစားပါ” ဟု ဖြေလျှင်လည်း အသီးကို စားသည့် တစ်ပြစ်၊ လိမ်သည့် တစ်ပြစ်ဖြင့် နှစ်ခါခံရလိမ့်မည်။ လွတ်လမ်းမရှိသဖြင့် သူ့ကိုယ်သူကာကွယ်နိုင်ရန် ကြိုးစားလာခဲ့သည်။

“ကိုယ်တော် အပ်ပေးတော်မူသော မိန်းမသည် ထိုအပင်၏ အသီးကို ပေး၍ ကျွန်ုပ်စားမိပါသည်” စွပ်စွဲပြောဆိုခဲ့သည်။ သူ၌ အပြစ်ရှိသော်လည်း ဧဝနှင့် ဘုရားသခင်အပေါ် အပြစ်ပုံချခဲ့သည်။ မကြာသေးမီက သူမနှင့်အတူ အရာရာကို ရင်ဆိုင်မည်ဟု ကတိကဝတ်ပြုခဲ့သော်လည်း အခက်အခဲစကြုံသည်နှင့် ထားခဲ့ခံရသော ဧဝသည် အဘယ်မျှလောက် အသည်းကွဲမည်ကို စဉ်းစားကြည့်ပါ။ အပြစ်၌ ကိုယ်ကျိုးစွန့်၍ သူတစ်ပါးအတွက် အနစ်နာခံနိုင်သောသတ္တိ မရှိ။ ကိုယ့်အတွက်သာ အရင်ကြည့်သည်။

ဤအဖြစ်ပျက်ကို နားလည်ရန် အရေးကြီးပါသည်။ အာဒံ၏ အပြုအမူတိုင်း၌ စိတ်မသန့်ခြင်း၊ သိမ်ငယ်ခြင်း၊ ဘုရားသခင့် စာရိတ္တတော်ကို မှားယွင်းထင်မြင်ခြင်း နှင့် မာန်မာနတရားတို့ ပေါင်းစပ်ပါဝင်လျက်ရှိ၏။ သူ့ကိုယ်သူ ဘုရားသခင်၏ သား ဟု မခံယူတော့သောကြောင့် "ငါ့အတွက်ငါမကြည့်ရင် ဘယ်သူကငါ့အတွက် ကြည့် ပေးမှာလည်း" ဆိုသည့် အတွေးခေါ်ကို ကျင့်သုံးလာ၏။ သူ့အတွက် အဖေ မရှိတော့ ဟု ခံယူသောကြောင့် ထိုသို့တွေးခေါ်လာ၏။ ဤတွင် အပြစ်တရား၏ ဝမ်းနည်းစရာ ကောင်းသော အကျိုးဆက်ကို တွေ့မြင်နိုင်သည်။ ဤအခြေနေတွင် အာဒံသည် သူ့ ခမည်းတော်ကို အထင်လွဲနေခြင်းဖြစ်ကြောင်း သူသည် တန်ဖိုးမရှိ၊ တုံးအသောလူ သား မဟုတ်ကြောင်း ဘုရားသခင်အနေဖြင့် မည်သို့ ရှင်းပြနိုင်မည်နည်း။ သမာသ မတ်ကျကျ စဉ်းစားတွေးခေါ် နိုင်ခြင်း မရှိတော့သောသူသည် မိမိအခြေနေအမှန်ကို မည်သို့ မှန်မှန်ကန်ကန် ဆန်းစစ်နိုင်မည်နည်း။ ဘုရားသခင်သည် ဉာဏ်ပညာ၏ အ ရင်းမြစ်ဖြစ်သော်လည်း အာဒံသည် ဘုရားသခင်နှင့် အဆက်ဖြတ်ခဲ့လေပြီ။ လိပ်ပြာ မလုံသော၊ မာန်မာနလက်ကိုင်ထား၍ အမှန်တရားဟူသမျှကို ဆန့်ကျင့်သော စိတ် ထားကင်းကင်းဖြင့် သူ့ကိုယ်သူ ဆန်းစစ်နိုင်မည် မဟုတ်တော့ချေ။ သူကောင်းဖို့ ရည်ရွယ်၍ သူ့အပြစ်ကို ဘုရားသခင် ပြောပြသော်လည်း သိမ်ငယ်စိတ်က ဆင်ခြင် ဉာဏ်ကို အုပ်စိုးကာ ဘုရားစကားကို နားမခံနိုင်ခဲ့ချေ။

အာဒံနှင့် ဧဝတို့ ဘုရားသခင်ထံမှ ထွက်သွားသည့်အချိန်မှစ၍ ထာဝရပျောက် ဆုံးခါနီး ဖြစ်သွားခဲ့ကြောင်း သင်နားလည်နိုင်ရန် ကျွန်တော်ဆုတောင်းပါသည်။ စာ တန်၏ ဝိညာဉ်သည် သူတို့ကို ထိန်းချုပ်ထား၏။ နောင်အခါ သူတို့သားသမီးတို့ကို ကျဆုံးကောင်းကင်တမန်များနှင့်အတူ ပူးပေါင်း၍ ယေရုရှလင်မြို့၌ ဘုရားသခင်၏ သားတော်ကို အသေသတ်စေမည့်မျိုးစေ့ကို ပျိုးထားသည်။ ကျမ်းစာ၌ ထိုကဲ့သို့ အ သေးစိတ် ရေးမထားသော်လည်း သူတို့စိတ်ထဲတွင် ဘုရားသခင်နှင့် သော်လည်း

ကောင်း သူနိုင်ငံတော်နှင့်သော်လည်းကောင်း ဆက်ဆံလိုခြင်း မရှိတော့ချေ။ သူတို့ မသိစိတ်ထဲတွင် ဘုရားသခင်ကို မုန်းပင်မုန်းမိလာကြသည်။

သင့်စိတ်ထဲ၌ "ခဏနေပါအုံး…။ ခင်ဗျားက ချဲ့ကားပြောနေတာပဲ။ မမှန်သေးဘူး ထင်တယ်။ သူတို့ ဘုရားသခင်ကို မုန်းတယ်ဆိုတာကြီးက သက်သက်ချဲ့ကားပြော နေပဲ"ဟု ပြောချင်နေမည် ထင်ပါသည်။ ထိုအချက်ကို ဖြေရလျှင် ကောင်းမြတ်ခြင်း အလုံးစုံ၊ ချစ်ခြင်းမေတ္တာအလုံးစုံနှင့် ဉာဏ်ပညာအလုံးစုံတို့သည် ဘုရားသခင်ထံမှ လာကြောင်း ကျွန်တော်တို့ အမြဲသိရပါမည်။ ထိုအရာများသည် လူ့အထဲမှ ပင်ကိုယ် အားဖြင့် ရှိနှင့်ထားသောအရာများ မဟုတ်ချေ။ ဤအရေးကြီးသောအချက်ကို ကျွန် တော်တို့ မေ့မည်ဆိုလျှင် ဤပုံပြင်ကို မှန်မှန်ကန်ကန် နားလည်မည် မဟုတ်သည့်အ ပြင် ကျွန်ုပ်တို့အကြောင်းကို ကျွန်ုပ်တို့ မှန်မှန်ကန်ကန် နားလည်မည် မဟုတ်ချေ။ ဤအချက်များနှင့် ပတ်သက်၍ သမ္မာကျမ်းစာ၌ ရှင်းရှင်းလင်းလင်း ရေးသားထား သည်။ ကျမ်းပိုဒ်အချို့ကို လေ့လာကြည့်လျှင်…။

အဘယ်ကြောင့်နည်းဟူမူကား၊ ဇာတိပကတိ စိတ်သဘောသည် ဘုရားသခင် နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရားသခင်၏ တရားတော်အလိုသို့ မလိုက်တတ်။ ထိုမျှမက မလိုက်နိုင်။ ရောမသြဝါဒစာ ၈း၇။

ကျမ်းစာလာသည်ကား၊ ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မျှမရှိ။ - (၁၁) နား လည်သောသူမရှိ၊ ဘုရားသခင်ကို ရှာသောသူ မရှိ။ - (၁၂) လူအပေါင်းတို့သည် လမ်းလွဲကြပြီ။ တညီတညွတ်တည်း အသုံးမရသောသူ ဖြစ်ကြပြီ။ ကောင်းသော အကျင့်ကို ကျင့်သောသူမရှိ၊ တစ်ယောက်မျှ မရှိ။ ရောမသြဝါဒစာ ၃း၁၀-၁၂။

စိတ်နှလုံးသည် ခပ်သိမ်းသော အရာထက်စဉ်းလဲတတ်၏။ အလွန်ယိုယွင်းသော သဘောရှိ၏။ စိတ်နှလုံးသဘောကို အဘယ်သူ သိနိုင်သနည်း။ ယေရမိ ၁၇း၉။

ကျွန်ုပ်တို့၏ ဇာတိပကတိ စိတ်သဘောသည် ဘုရားသခင်ကို မုန်း (သို့) ဘုရားသခင်ကို တိုက်လှန်လျက်ရှိကြောင်း သမ္မာကျမ်းစာ၌ ဖော်ပြထား၏။ ကျွန်ုပ်တို့၏ ဇာတိသဘောသည် ပုန်ကန်တတ်၏။ နှုတ်ကပတ်တော်ကို နာခံလိုခြင်းမရှိ။ ဤကဲ့သို့သော အခြေအနေမှ လွတ်မြောက်ရန် လမ်းလည်းမရှိ။ ကျွန်တော့် အတွေ့အကြုံနှင့် ဤသတင်းစကားကို ကြားနာခဲ့သောလူတို့၏ အတွေ့အကြုံမှ ကျွန်တော်သိလိုက်ရသောအရာမှာ ဤအမှန်တရားကို အပြင်းအထန် လက်မခံလိုသောသဘော ကျွန်ုပ်တို့၌ ရှိ၏။ ဘုရားသခင်သည် လူ့ဇာတိပကတိသဘောကို မုန်းတီးသည်ဟူ၍ ဘုရားကို ပုန်ကန်လိုသော ဝိညာဉ်သဘောသည် မိမိအပြစ်ကို ဝန်ခံမည့်အစား ဧဝနှင့် ဘုရားသခင်ကို အပြစ်ဖို့ခဲ့သော အာဒံထံမှ ပဲ့တင်ထပ်လာသော စိတ်ထားဖြစ်သည်။ ထိုသိမ်ငယ်စိတ်သည် အာဒံထံမှ ကျွန်တော်တို့ အမွေရခဲ့သောအရာဖြစ်၏။ အာဒံနည်းတူ ကျွန်ုပ်တို့လည်း အမှန်တရားကို လက်ခံနိုင်စွမ်းမရှိကြ။ ကျွန်တော် အခုတင်ပြသောအရာကို လက်မခံနိုင်ခြင်းဖြစ်ခဲ့သော် အဘယ့်ကြောင့် ထိုသို့ လက်မခံနိုင်ရခြင်းဖြစ်ကြောင်း မိမိကိုယ်မိမိ သုံးသပ်ကြည့်ပါ။ စာဖတ်သူသည် ကိုယ့်ကိုယ်ကိုယ် လိပ်ပြာလုံသောသူဖြစ်လျှင် ဤအရာများအားဖြင့် စိတ်ခုမည်မဟုတ်။ အာဒံ၏ သိမ်ငယ်စိတ်နှင့် အထီးကျန်၊ ဗလာခံစားချက်တို့ကို ကျွန်တော်တို့ အမွေဆက်ခံကြသည်။ ကျွန်တော်တို့အတွက် အာဒံထားရစ်ခဲ့သော တစ်ခုတည်းသော အမွေဖြစ်သည်။

လူ့ဇာတိသဘောသည် ဘုရားအလိုနှင့် ဆန့်ကျင်ကြောင်း သင်လက်ခံနိုင်လျှင် သင့်အတွက် အကျိုးများပါလိမ့်မည်။ ကယ်တင်ခြင်းအရာတွင် သင်ကြိုးစားလုပ်ဆောင်နိုင်သောအရာမရှိကြောင်း နားလည်ခြင်းသည် လွတ်လွတ် လပ်လပ်ရွေးချယ်စရာများစွာရှိစေသည်။ သင့်ကြိုးစားအားထုတ်မှုကို ရပ်တန့်နိုင်သည်။ သင့်အကျင့်ဆိုးဖောက်၍ တစ်စုံတစ်ယောက်ကို ကာယကံ (သို့) မနောကံအားဖြင့် အပြစ်ပြုမိသည့်အခါ ကိုယ့်ကိုယ်ကိုယ် ဆိုးဆိုးရွားရွား အပြစ်တင်ခြင်းမျိုး ရပ်တန့်နိုင်မည်။

ရှေ့အခန်းများတွင် လေ့လာကြမည့် ဤအကြောင်းကို အလောကြီး၍ တင်ပြမိခြင်း ဖြစ်သည်။ နောက်အခန်းများတွင် အသေးစိတ်လေ့လာကြပါမည်။

အာဒံ၊ ဧဝတို့အကြောင်း ပြန်ဆက်ကြပါမည်။ သူတို့နှင့် ဘုရားသခင် အကြားခြား ထားသောနံရံကြီးသည် ဖြိုဖျက်ရန် မလွယ်ကူပါ။ သူတို့နှင့် သူတို့သားသမီးတို့ ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခြင်းအတွက် လိုအပ်သောအရာအချို့ ရှိလာသည်။

၁။ လူသားတို့အား မိမိတို့အခြေအနေကို သုံးသပ်နိုင်သောဉာဏ်ကို ပေး၍ သူတို့၌ ပေးထားသော လွတ်လပ်စွာရွေးချယ်ခွင့်ကို မထိခိုက်ဘဲ လမ်းမှန်သို့ ပို့ဆောင်ပေးနိုင်မည့် နည်းလမ်းရှာရန်။

၂။ လူသားတို့သည် ဘုရားသခင်၏ အကျင့်စာရိတ္တနှင့် နိုင်ငံတော်အပေါ် အမြင်မှားနေကြကြောင်း ဖော်ပြ၍ သူ၏စစ်မှန်သော မေတ္တာတော်ကို ထင်ရှားစေရန်။

၃။ လူသားတို့၏ အပြစ်နှင့် သိမ်ငယ်စိတ်ကို ဖယ်ရှား၍ သူတို့၏ဖြစ်တည်မှု အစစ်ဖြစ်သော ဘုရားသခင်၏သား၊ သမီးဖြစ်ခြင်းကို ပြန်လည်တည်ဆောက်ရန် နည်းလမ်းရှာရန်။

၄။ သူတို့၏ ဘဝရည်ရွယ်ချက်၊ ရှင်သန်ခြင်း၏ အကြောင်းရင်း၊ ဘဝအဓိပ္ပာယ်ကို ပြန်လည်ညွှန်ပြရန်။

၅။ အထက်က အချက်အားလုံး အချိန်ယူရန် လိုအပ်သည်။ အာဒံနှင့် ဧဝသည် သူတို့အသက်ကို သူတို့ကိုယ်တိုင် လက်လွှတ်ခဲ့သဖြင့် သူတို့ကံကြမ္မာအတွက် ရွေးချယ်ဆုံးဖြတ်နိုင်ရန် အချိန်ပေးမည့် နည်းလမ်းတစ်ခု လိုအပ်လာသည်။

၆။ ဘုရားသခင်အနေဖြင့် အထက်ပါအချက်အားလုံးကို တရားမျှတစွာ လုပ်ဆောင်ရမည်ဖြစ်သည်။ လူသားတို့၏ ပုန်ကန်မှုကိုလည်း လျစ်လျူရှု၍မရ။ သို့

သော်လည်း ဘုရားသခင်သည် ကရုဏာတော်ကြီးမား၍ သူတို့ပြုသောအမှု၏ အကျိုးဆက်ကို အပြည့်အဝ မခံစားစေလို။ လူသားတို့သည် အမှားကို ဝန်ခံနိုင်ရန် သူတို့ရွေးချယ်မှုများ၏ အကျိုးရလာဒ်ကို နားလည်ရမည်ဖြစ်သည်။

ဤနေရာတွင် ကျွန်ုပ်တို့နားလည်ထားရမည့် အရေးကြီးသော အချက်တစ်ချက် ရှိပါသည်။ ဘုရားသခင်သည် မမျှော်လင့်ဘဲဖြစ်လာသောအရာများကို ကိုင်တွယ်ရလောက်အောင် ဉာဏ်နည်းသောဘုရား မဟုတ်ပါ။ အကြောင်းတစ်ခုခု ဖြစ်ပျက်လာပါက ကိုင်တွယ်လုပ်ဆောင်ရမည့် နည်းလမ်းကိုလည်း သိရှိဆုံးဖြတ်ပြီးသားဖြစ်၏။ အရာများလုံးအတွက် အစီအစဉ် ရှိနှင့်ပြီးသားဖြစ်သည်။ လူသားတို့၏ ဤဆိုးရွားသောအခြေအနေကို ဖြေရှင်းပေးမည့် အစီအစဉ်လည်း ရှိနှင့်ပြီးသားဖြစ်သည်။

## ၇။ ကောင်းကင် မျိုးဆက်

လူသားများအတွက် အမွန်မြတ်၊ အနက်ရှိုင်းဆုံး အချစ်မေတ္တာသည် မည်သို့သော ချစ်ခြင်းမျိုးဖြစ်ကြောင်းဖော်ညွှန်းရန် ဂရိလူမျိုးများက Admetus နှင့် Alcestis ပုံပြင်ကို ဖန်တီးခဲ့ကြသည်။ တမန်တော်ရှင်ပေါလုကလည်း ထိုပုံပြင် အကြောင်း ရောမသြဝါဒစာ၌ သွယ်ဝိုက်ကိုးကားခဲ့သည်။

> ဖြောင့်မတ်သောသူအတွက်ကြောင့် အသေခံမည့်သူရှိခဲ့၏။ သူတော်ကောင်း အတွက်ကြောင့် အသေခံဝံ့သောသူ ရှိကောင်းရှိပါလိမ့်မည် မှန်စေတော့။ ရောမ ၅း ၇။

Admetus မင်းကြီးသည် ပျူငှာခြင်း၊ တရားမျှတခြင်း စသည့် မင်းကျင့်တရားများဖြင့် ကျော်စောကာ တိုင်းသူပြည်သားများ၏ ချစ်ခင်နှစ်သက်ခြင်း ခံရသော ရှင်ဘုရင်တစ်ပါးဖြစ်သည်။ ခမည်းတော် Jupiter နတ်ဘုရားသည် သားတော် Apollo ကို ဘုရားဘုန်းစွန့်ပြီး ပုထုဇဉ်တို့အကြားတွင် ကျွန်အဖြစ်နေရန် Olympus တောင်မှ စေလွှတ်ခဲ့သည်။ ရှင်ဘုရန် Admetus သည် သူတောင်းစားအဖြစ် ဤကမ္ဘာတွင် ရောက်လာသော Apollo နတ်ဘုရားကို မြင်လျှင် သနားဂရုဏာသက်၍ ကျွေးမွေးသည်။ သိုးထိန်းအဖြစ် ခန့်အပ်၍ သားကဲ့သို့ ဆက်ဆံ၏။ ၁၂လ ကြာပြီး နောက်တွင် Apollo သည် ဘုရားဘုန်းကို ပြန်စံစားကာ Admetus အား ၎င်း၏ ကူညီခဲ့မှုများအတွက် ကျေးဇူးတင်စကားဆိုပြီး “အနာဂတ်တွင် အကူအညီလိုလျှင် သူ့ဆီပြောရန်” မှာခဲ့သည်။

နောင်တစ်ချိန်တွင် Apollo သည် Admetus ထံပြန်လာ၍ မြေအောက်ကမ္ဘာ၏ အရှင်ယမမင်းသည် မင်းကြီးအသက်ကို လာတောင်းလိမ့်မည်ဖြစ်ကြောင်း ပြောပြသည်။ Apollo က မင်းကြီးအစား အသက်ပေးမည့်သူရှိလျှင် မင်းကြီးကို အသက်

ချမ်း သာပေးရန် ယမမင်း၏ မိဖုရား Persephone နှင့် အပေးအယူ လုပ်ပေးခဲ့ကြောင်း ပြောပြသည်။

မင်းကြီး Admetus လည်း မိဘဆီသွား၍ သူ့အတွက် အသက်ပေးဝံ့မည်လောဟု မေးလျှောက်၏။ သူတို့ကလည်း " သားကို သိပ်ချစ်ပါတယ်။ သားက လူကောင်းလေး၊ ပြီးတော့ သနားကြင်နာတတ်တဲ့သားလေး၊ ဒါပေမယ့် ငါတို့ အသက်ကိုလည်း ကြည့်ရအုံးမှာမို့ သားအတွက် အသက်ပေးဖို့ မဖြစ်နိုင်ပါဘူး" ဟုဖြေကြ၏။ ဘုရင်ကြီးလည်း သူ့အစား အသက်ပေးမည့်သူကို တိုင်းပြည်တစ်နံတစ်လျား ရှာခဲ့သော်လည်း တစ်ဦးတစ်ယောက်မျှမရ။ Admetus လည်း ငါ့ထိုက်နှင့်ငါကံပဲ ရှိစေတော့ဟု လက်လျှော့လိုက်၏။ ထိုစဉ် သူ့၏ မိဖုရား Alcestis သည် Apollo ထံ "အို … ဦးထိပ်ထားရပါသော အာပိုလို။ အရှင်၏ ကောင်းချီးကြောင့် တပည့်တော်မ ခင်ပွန်း၏ ဂုဏ်နှင့် စည်းစိမ်သည် တိုင်းပြည်၌ (၁၀) ဆတိုး၏။ အတ်မသပ်စ်သည် မင်းကောင်းမင်းမြတ်ဖြစ်၏။ တိုင်းသူပြည်သားတို့သည် မင်းကြီးကို လိုအပ်ကြ၏။ မင်းမြတ်ကြီးသည် အသက်ရှင်ထိုက်၏။ မင်းကြီးအသက်ရှင်နိုင်ရန်၊ ကျွန်တော်မျိုးမ အသေခံအံ့" ဟု လျှောက်ခဲ့သည်။ အကယ်လည်း အသေခံခဲ့၏။ ရှင်ဘုရင်အတွက် အသက်ပေးသည့် သူတို့ချစ်ရသော မိဖုရားအတွက် တစ်တိုင်းပြည်လုံး ငိုကြွေးခဲ့ကြသည်။ မိဖုရားသည် Persephone ရှေ့မှောက်ရောက်သောအခါ သူမအပေါ် သနား စိတ်ဝင်ကာ သူမ၏ ခင်ပွန်ဘုရင်ကြီးအပေါ် သစ္စာရှိမှုကို အကြောင်းပြု၍ ဆုလာဘ် အဖြစ် လူ့ပြည်၌ ပြန်နေခွင့်ရလိုက်၏။ သို့နှင့် Admetus နှင့် Alcestis တို့သည် ရိုးမြေကျသည့်တိုင်အောင် ပေါင်းကြ၏။ Apollo ကလည်း သူတို့၏ သစ္စာခိုင်မြဲမှုကို ကောင်းချီးပေးတော်မူ၏။ အသက်အရွယ် အိုမင်းလာ၍ သေမင်းလာသောအခါ သူတို့၏ နောက်ဆုံးအချိန်အတွက် အသင့်ဖြစ်နေခဲ့ကြသည်။

ဂရိအတွေးအခေါ် ပညာရှင်များက "ကိုယ့်အဆွေများအတွက် မိမိအသက်ကို စွန့်ခြင်းသည် အကြီးမြတ်ဆုံးသော မေတ္တာဖြစ်သည်" ဟု ကြေငြာခဲ့ကြသည်။

လူများကလည်း ဤပုံပြင်နှင့် ယေရှု၏ နှုတ်ထွက်စကားအချို့ကို ဆက်စပ်ကြသည်။

ကိုယ်အဆွေတို့အဘို့အလို့ငှာ ကိုယ့်အသက်ကို စွန့်ခြင်းမေတ္တာထက် သာ၍မြတ်သောမေတ္တာသည် အဘယ်သူ၌မျှ မရှိ။ ရှင်ယောဟန်ခရစ်ဝင် ၁၅း၁၃။

သို့သော်လည်း ဤပုံပြင်သည် ဘုရားသခင်၏ နက်ရှိုင်းမေတ္တာတော်အကြောင်း ဖော်ညွှန်းသော ပုံပြင်မဟုတ်ပါ။ လူသားတို့၏ ချစ်ခြင်းမေတ္တာ အတိမ်အနက်ကို ဖော်ပြသော ပုံပြင်တစ်ပုဒ်သာဖြစ်သည်။ တမန်တော် ရှင်ပေါလုက လူသားတို့၏ မေတ္တာအတိမ် အနက်အကြောင်းဖော်ညွှန်းသော ပုံပြင်အကြောင်း အောက်ပါအတိုင်း နှိုင်းယှဉ်ပြောဆိုခဲ့သည်။

ဖြောင့်မတ်သောသူအတွက်ကြောင့် အသေခံမည့်သူရှိခဲ၏။ သူတော်ကောင်းအတွက်ကြောင့် အသေခံဝံ့သောသူ ရှိကောင်းရှိလိမ့်မည် မှန်စေတော့။ - (၈) ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့ အတွက်ကြောင့် အသေခံတော်မူသည်ကို ငါတို့အား ထင်ရှားစွာ ပြတော်မူ၏။ - (၉) သို့ဖြစ်၍ ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ပြီးမှ ကယ်ချွတ်တော်မူခြင်းသို့ ရောက်မည်ဟု သာ၍ မြော်လင့်စရာရှိ၏။ - (၁၀) အကြောင်းမူကား ရန်သူဖြစ်လျက်ပင် ဘုရားသခင်၏ သားတော် အသေခံတော်မူခြင်းအားဖြင့်၊ ငါတို့သည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်း ကျေးဇူးတော်ကို ခံရသည်မှန်လျှင် မိတ်သဟာယဖွဲ့ပြီးမှ၊ အသက်တော်အားဖြင့် ကယ်တင်တော်မူခြင်းသို့ ရောက်မည်ဟု သာ၍မြော်လင့်စရာရှိ၏။ ရောမသြဝါဒစာ ၅း၇-၁၀။

ကျွန်ုပ်တို့၏ ပညတ်တရားချိုးဖောက်မှုများနှင့် အပြစ်တရားများကြောင့် သားတော်ကို ဒဏ်ရာဒဏ်ချက်များဖြင့် ပွန်းပဲ့ကွဲပြဲစေရန် ခွင့်ပြုခြင်းအားဖြင့် ကျွန်ုပ်တို့ အပေါ် သူထားသော နက်ရှိုင်းသောမေတ္တာတော်ကို ဘုရားသခင် ဖော်ပြခဲ့သည်။

သူ့ကို အထင်အမြင်သေး၍ မုန်းတီးသော ရန်သူများအတွက် ကြီးမားသောမေတ္တာ တော်နှင့် ကရုဏာတော်အားဖြင့် အသက်စတေးရန် သားတော်ကို ပေးအပ်ခဲ့သည်။ ဤမေတ္တာသည် ဘုရားသခင်၏ မေတ္တာတော်ဖြစ်၏။*

လူသားများကို မဖန်ဆင်းမီကပင် ခမည်းတော်ဘုရားနှင့် သားတော်ဘုရားတို့ သည် သမ္မာကျမ်းစာ၌ ရေးသားထားသကဲ့သို့ မိတ်သဟာယပဋိညာဉ် ဖွဲ့နှင့်ခဲ့ကြ သည်။* ထိုပဋိညာဉ်တွင် အကယ်၍ လူသားတို့သည် ဘုရားသခင်ကို ကျောခိုင်းစွန့် ခွာခဲ့လျှင် ဖြစ်လာမည့်အရာများအတွက် အစီအစဉ် ချထားခဲ့ကြသည်။ ယခု ထိုအစီ အစဉ်အတိုင်း ဆောင်ရွက်ရမည့် အချိန်ရောက်လာလေပြီ။ အဘယ်သူသည် ဘုရား သခင်၏ ဝေဒနာမီးကို နားလည်နိုင်မည်နည်း။ အာဒံနှင့် ဧဝတို့အပြစ်၏ အကျိုး ဆက်ကို ဆပ်ပေးရန် သားတော်ကို သူစတေးပစ်နိုင်ပါမည်လော။ သူတို့၏ တန်ဖိုးမ ရှိတော့သော၊ မျှော်လင့်ချက်မဲ့သောဘဝကို အုတ်ဂူအထိ ခံယူစေရန် သူ့သားတော် ကို ခွင့်ပြုနိုင်ပါမည်လော။ ဘုရားသားတော်တည်းဟူသော သားတော်၏ ဖြစ်တည် ခြင်းကို လုံးလုံးအဆုံးရှုံးခံ၍ သားတော်ကို "အကျွန်ုပ်ကို အဘယ့်ကြောင့် စွန့်ပစ် တော်မူသနည်း" ဟု စိတ်နှလုံးကြေမွလျက် ငိုကြွေးစေမည့် သားတော်နှင့် အဆက် ပြတ်မည့်အရေးကို ဘုရားသခင် ခွင့်ပြုနိုင်ပါမည်လော။

ဤစကားလုံးများကို ကျွန်တော်ရေးနေစဉ် ကျွန်တော့်သားလေးသည် ကျွန် တော့်ဘေးတွင် ငြိမ်ငြိမ်ကလေး ထိုင်နေပါသည်။ သူ့ဘက်လှည့်၍ ချစ်စရာကောင်း သော သူ့မျက်နှာလေးကို ကြည့်နေစဉ် သားလေးကိုချစ်သည့် အချစ်များ နှလုံးသာမှ တဖွားဖွား လိမ့်တက်လာ၏။ ထိုစဉ် မိမိကိုယ်မိမိ ဘုရား၏ နေရာကို ကြားဝင်ခံစား

---

*[1] For more details see *The Word That Turned the World Upside Down* by Robert Wieland.

http://fatheroflove.info/download/view/863

*[2] Zechariah 6:13

ကြည့်မိသည်။ ကျွန်တော့်ကိုသာမက ကျွန်တော့်ရပ်တည်မှု အလုံးစုံကို မုန်းတီးနေသော လူတစ်စုကြုံရမည့် သေခြင်းကို အစားထိုးကြုံတွေ့ရန် ကျွန်တော့်သားကို စတေးပစ်ရန် စိတ်ကူးကြည့်သည်။ ထိုကဲ့သို့သော အတွေးမျိုးကို ကျွန်တော် စိတ်ကူးကြည့်၍ပင် မရပါ။ အတွေးများ ရပ်တန့်သွားကြ၏။ သူတို့အကြောင်း တွေးရန် ကိုယ့်ကိုယ်ကိုယ်ပင် ခွင့်မပြုနိုင်။ ထိုအတွေးမျိုးသည်ပင် ကျွန်တော့်အတွက် ခံနိုင်စရာမရှိအောင် နာကျင်လွန်းလှ၏။ ကျွန်ုပ်ကို ပြိုလဲစေ၏။ ဘုရားသခင်ကြုံတွေ့ခံစားခဲ့ရသည့် အကျဉ်းအကျပ်ကို ပြန်လည်ဆင်ခြင်မိလျှင် စိတ်တစ်ခုလုံး ထိုင်းမှိုင်းသွား၏။ သူ့ရန်သူများအနက် တစ်ဦးအပါအဝင်ဖြစ်သော ကျွန်တော်ကဲ့သို့သော သူ့ရန်သူများအတွက် အသက်ကိုပေးရန် သားတော်ကို စတေးကာ ပေးဆပ်ခဲ့သည့်အတွက် ဘုရားသခင်အပေါ် လေးလေးနက်နက် ကျေးဇူးတင်မိသည်။ ဤအကြောင်းကို တွေးမိတိုင်း အဆုံးအစမဲ့သောမေတ္တာတော်နှင့် အနှိုင်းမဲ့ပေးဆပ်ခြင်းအတွက် ကျေးဇူးတော်ချီးမွမ်းယဇ်ဖြင့် ဘုရားသခင်ကို ကိုးကွယ်မိသည်။

နောင်တစ်ချိန်တွင် ယေရှုအမည်ဖြင့် လူ့ဇာတိခံယူမည့် သားတော်ဘုရားသည် ကျွန်ုပ် တို့ကိုယ်စား ဤအရာများကို ခံယူရန်ဆန္ဒရှိသည်ကိုလည်း ကျွန်တော်အံ့သြမဆုံးဖြစ်မိသည်။ သမ္မာကျမ်းစာ၌ ဘုရားသခင်သည် သားတော်နှင့်အတူ အစအဦး၌ပင် အဆုံးသတ်ကို သိတော်မူကြောင်း ပြောထားသည်။ စကြဝဠာအတွင်း အပြစ်စတင် ဝင်ရောက်သည်နှင့်တစ်ပြိုင်နက် အပြစ်တရားသည် မည်သို့ဦးတည်သွားမည်ကို ကြိုသိတော်မူ၏။ ခရစ်တော်အနေဖြင့် ကမ္ဘာမြေပေါ် လူ့ဇာတိခံယူလျှင် သူခံရမည့် ငြင်းပယ်ခံရခြင်း၊ ကဲ့ရဲ့ဆဲဆိုခံရခြင်း၊ လှောင်ပြောင်ခံရခြင်း၊ ရိုက်နှက်ခံရခြင်း၊ အမုန်းခံရခြင်း၊ ရစရာမရှိအောင် ကားတိုင်တင်၍ ညှင်းဆဲခံရမည့်အဖြစ်၊ သူ့အပေါ် ပုံအပ်မည့် အဖြစ်မရှိသော ဝိညာဉ်ပေါင်းများစွာနှင့် မျိုးဆက်ပေါင်းများစွာ၏ အပြစ်အစုအပုံတို့ကို ထမ်းရွက်ရမည့်အဖြစ်ကို ကြိုသိထား၏။ သားတော်ဘုရားသည် ထိုသို့ ကြိုသိတော်မူသော်လည်း "ကိုယ်တော်၏ အလိုကို ဆောင်ရာ၌ အကျွန်ုပ်သည်

အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏ တရားသည်လည်း အကျွန်ုပ်နှလုံးထဲ၌ ရှိပါ၏" (ဆာလံ ၄၀: ၈ ) ဟု ပြောခဲ့သည်။ သားတော်ဘုရားသည် မလုပ်ချင်ဘဲ တာဝန်အရ ကျွန်ုပ်တို့အပြစ်အစား ဒဏ်ခံပေးခဲ့သည် မဟုတ်။ မေတ္တာတော်ဖြင့် လိုလိုလားလား အသက်တော်ကို စတေးတော်မူ၏။ သူ၏နှလုံးသည် ခမည်းတော်နည်းတူ သူ့သား၊ သမီးတို့အား ပျော်ရွှင်ငြိမ်သက်ခြင်းကို ပြန်လည်ဆောင်ကျဉ်းပေးနိုင်ရန် စေတနာထက်သန် တော်မူ၏။ သူသည် အဘယ်သို့သော ဘုရားဖြစ်သနည်း။ ကျွန်ုပ်တို့သည် ထိုဘုရားကို အဘယ်ဘုရားနှင့် နှိုင်းယှဉ်၍ ရပါမည်နည်း။ သူ့ဂုဏ်တော်ကို အပြည့်အဝ ချီးမွမ်းနိုင်ရန် ကျွန်ုပ်တို့၏ စကားလုံးများသည် မလုံလောက်ပါချေ။

ရှေ့တစ်ခန်း၌ အာဒံ၊ ဧဝတို့သည် အမှား၊ အမှန် ခွဲခြားနိုင်သည့် ဉာဏ်နှင့် သူတို့ကို အသက်ဆက်စေမည့် အရာတစ်ခု လိုအပ်ကြောင်း ကျွန်တော်တို့ သင်ခဲ့ပြီးဖြစ်သည်။ ဘုရားသခင်အကြောင်း မှန်ကန်စွာ သိမြင်နိုင်ရန် အကူအညီ လိုအပ်ကြ၏။ စာတန်ပြောသော လှည့်ဖြားစကားများကို သိမြင်၍ ငြင်းပယ်နိုင်ရန် အကူအညီ လိုအပ်ကြသည်။ ဝိညာဉ်ရေးတွင် စစ်မှန်သောလမ်းစဉ်ကို ပြပေးနိုင်မည့် ကယ်တင်သူ လိုအပ်နေကြသည်။

သားတော်ကို ဤကမ္ဘာပေါ်၌ စေလွှတ်ခြင်းအားဖြင့် သူတို့လိုအပ်သောအရာအားလုံးကို ဘုရားသခင် ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ကမ္ဘာဦးကျမ်း ၃း၁၅ ၌ အာဒံနှင့် ဧဝတို့အား မိန့်ခဲ့သည်။ ဘုရားသခင်သည် မာရ်နတ်အား အောက်ပါအတိုင်း ပြက်ပြက်ထင်ထင် မိန့်ခဲ့၏။

> သင်နှင့်မိန်းမကိုငင်း၊ သင်၏မျိုးနွယ်နှင့် မိန်းမ၏မျိုးနွယ်ကိုငင်း၊ ငါသည် ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်။ သင်သည် သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။ ကမ္ဘာဦးကျမ်း ၃း၁၅။

ထိုကျမ်းပိုဒ်၌ ကတိတော်နှင့် မျှော်လင့်ခြင်းတို့ ပြည့်နေ၏။ ဘုရာသခင်က မိန်းမနှင့်စာတန်အကြား ရန်ငြိုးဖွဲ့စေမည်ဟု ပြောခဲ့သည်။ မိန်းမဟုဆိုရာ၌ သူ့ထံမှ ဆင်းသက်လာမည့် လူသားမျိုးနွယ်တစ်ခုလုံးကို ဆိုလိုသည်။ ရန်ငြိုးသည် "မုန်းခြင်း၊" "ရန်သူ" ဟု အဓိပ္ပာယ်ရသည်။ ဘုရားသခင်သည် လူသားတို့၏ စိတ်နှလုံးထဲ၌ မကောင်းမှုကို မုန်းတီး၍ ကောင်းမှုနှင့် အမှန်တရားကို မြတ်နိုးသောစိတ်ထားကို သွင်းပေးတော်မူမည် ဖြစ်သည်။ ထိုသို့ပြုနိုင်ရန် နည်းတစ်နည်းသာရှိသည်။ ထိုနည်းမှာ ဘုရားသခင်နှင့် လူသားမျိုးနွယ်တစ်ခုလုံး ပြန်လည်ဆက်သွယ်နိုင်ရန် သားတော်သည် လူ့ဇာတိကို ခံယူလျက် မိမိအသက်ကို စတေးရန်ဖြစ်သည်။ မိန်းမမျိုးဆက်နှင့် မာရ်နတ်၏ မျိုးဆက်အကြား ရန်ငြိုးဖွဲ့စေမည်ဟူသော စကား၏ အနက်မှာ ဤအကြောင်းပင်ဖြစ်သည်။ တမန်တော်ရှင်ပေါလုက ရောမသြဝါဒစာ၌ ဒုစရိုက်ကို မုန်းခြင်းသည် ကရုဏာတော်ဖြစ်၏ဟု ဆိုခဲ့သည်။

> သို့သော်လည်း ပြစ်မှားခြင်းသဘောနှင့် ကျေးဇူးတော်သဘောမတူ။ အကြောင်းမူကား တစ်ယောက်ပြစ်မှားသောအားဖြင့် လူများစွာ သေခြင်းသို့ ရောက်ကြ၏။ တစ်ယောက်သောသူ ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကျေးဇူးတော်၏အကျိုးသည် လူများတို့၌သာ၍ ကြွယ်ဝပြည့်စုံ၏။
> ရောမသြဝါဒစာ ၅း၁၅။

အမှန်တရားကို ရွေးချယ်နိုင်စေသည့် အစွမ်းသည် သားတော်ကို လက်ဆောင်အဖြစ် ပေးခြင်းဖြင့် မာရ်နတ်နှင့် ရန်ငြိုးဖွဲ့စေခြင်း၏ ရလာဒ်ဖြစ်သည်။ ထိုလက်ဆောင်တော်အားဖြင့် အလိုအပ်ဆုံးအရာဖြစ်သော အသက်ကိုလည်း ထပ်ဆင့်ရရှိစေ၏။ ထိုအကြောင်းကို ရှင်ပေါလုက ရောမသြဝါဒစာ၌ ဤသို့ဆိုထား၏။

> ထို့ကြောင့် တစ်ယောက်သောသူ၏ ပြစ်မှားခြင်းအားဖြင့် လူအပေါင်းတို့သည် အပြစ်စီရင်ခြင်းနှင့် တွေ့ကြုံရကြသည့်နည်းတူ၊ တစ်ယောက်သော သူ၏

ဖြောင့်မတ်ခြင်းအားဖြင့် လူအပေါင်းတို့သည် အသက်နှင့်ယှဉ်သော ဖြောင့်မတ်ရာသို့ ရောက်ခြင်းအခွင့်ကို ရကြ၏။ ရောမသြဝါဒစာ ၅း၁၈။

ဤအမှန်တရားသည် အဆုံးမဲ့ပျော်ရွှင်၊ ငြိမ်သက်ခြင်းကို ဆောင်ယူပေးသည့် သတင်းစကားဖြစ်သည်။ အထက်က ကျမ်းပိုဒ်ဆိုလိုသောအရာမှာ သင်ရှုသွင်းလိုက်သောဝင်သက်တိုင်းသည် (သားတော်၏ ပေးဆပ်ခြင်းကို ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ) ယေရှုခရစ်တော်ဆီမှ တိုက်ရိုက်လာသော အသက်ဖြစ်၏။ သင့်နှလုံးကို ခုန်စေ၍ သင့်ကို အသက်ရှုစေကာ အသက်ရှင်စေသောအရာသည် ခရစ်တော်၏ အသက်ဖြစ်၏။ ကျွန်ုပ်တို့ ခန္ဓာကိုယ်ထဲရှိ အလိုအလျောက် အလုပ်လုပ်သောလုပ်ဆောင်မှုအားလုံး (involuntary functions) သည် ဘုရားသခင် လုပ်ဆောင်ပေးသောအရာအားဖြင့် လှုပ်ရှား၍ အလုပ်လုပ်သောအရာများဖြစ်သည်။ ဘုရားသခင်သည် အောက်ပါ အမှန်တရား၏ အချုပ်အခြာဖြစ်၏။

အကြောင်းမူကား၊ လူတို့သည် ဘုရားသခင်ကို ရှာစမ်းသဖြင့် တွေ့ကောင်း တွေ့ကြလိမ့်မည် အကြောင်းတည်း။ သို့ဆိုသော်လည်း ဘုရားသခင်သည် ငါတို့တွင် အဘယ်သူနှင့်မျှ ဝေးတော်မူသည်မဟုတ်။ - (၂၈) ငါတို့သည် ဘုရားသခင်အားဖြင့် အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ ဖြစ်လျက်ရှိကြ၏။ တမန်တော်ဝတ္ထု ၁၇း၂၇၊၂၈။

ကျွန်ုပ်တို့အတွက် လက်ဝါးကားတိုင်ပေါ်၌ မိမိအသက်ကို ပေးလှူခဲ့သည့် သခင်ခရစ်တော်၏ ကျေးဇူးကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် ဝေးတော်မမူ။ ဘုရားသခင်နှင့် ဝေးကွာနေသည်ဟု ခံစားမိတိုင်း ဤအမှန်တရားကို သတိရပါ။ ဘုရားသခင်သည် သင်နှင့် ဝေးတော်မမူ။ သင့်ကို စွန့်ပစ်မထားကြောင်း ခုန်နေသည့် သင့်သွေးကြောတို့ကို စမ်းကြည့်၍ သတိရပါ။

ထိုအမှန်တရားအပြင် ဘုရားသည် ကျွန်ုပ်တို့ စိတ်နှလုံးထဲ၌ ကောင်းမှုကို မြတ်နိုး၍ မကောင်းမှုကို ငြင်းပယ်လို့သည့် အလိုဆန္ဒကို သွင်းပေးတော်မူ၏။ ကိုယ်တော့် အပေါ် ကျေးဇူးတင်စရာ များလှပါသည်။ မကောင်းမှုတစ်ခုခု လုပ်ဆောင်ရန် သွေးဆောင်ခံရချိန်တိုင်း မလုပ်ဘဲ နေသည့်အချိန်များကို ပြန်လည်စဉ်းစားကြည့်ပါ။ ထိုအစွမ်းသည် ဘုရားသခင် လက်ဆောင်ပေးသည့် မာရ်နတ်နှင့် ရန်ငြိုးဖွဲ့ခြင်းပင် ဖြစ်သည်။ သင် ဘုရားသခင်ကို ယုံသည်ဖြစ်စေ မယုံသည်ဖြစ်စေ မကောင်းမှုကို ရှောင်၍ ကောင်းမှုကို လုပ်ဆောင်ရန် ရွေးချယ်လိုသည့်အချိန်တိုင်း ထိုအစွမ်းကို သင့်၌ ယေရှုအားဖြင့် ပေးအပ်ထား၏။ သမ္မာကျမ်းစာ၌ ဘုရားသခင်သည် ကောင်းသောသူများနှင့် မကောင်းသောသူများအပေါ် မိုးကို ရွာစေတော်မူ၏ဟု ဆိုထားသည်။ မာရ်နတ်သည် တစ်ဦးတစ်ယောက်စိတ်ထဲတွင် သင့်ကို အန္တရာယ်ပြုရန်၊ သင့်ပစ္စည်းဥစ္စာကို လုယူရန် မကောင်းသောအတွေးကို သွင်းသော်လည်း ဘုရားသခင်ပေးသည့် မကောင်းမှုကို မုန်းတီးစိတ်ကြောင့် သူ ထိုသို့မပြုတော့သည့် သင် ကြုံတွေ့ဖူးသော အဖြစ်အပျက်များကို ပြန်လည်ဆင်ခြင်ကြည့်ပါ။ မကောင်းမှုကို မလုပ်ရန် စိတ်ထဲမှ ချက်ချင်းဖြစ်လာသော သတိပေးချက်ကို နားမထောင်ဘဲ ဒုစရိုက်ပြုခွင့်လည်း ကျွန်ုပ်တို့၌ ရှိပါသေးသည်။ သို့သော်လည်း ဒုစရိုက်ကို မုန်းတီးသောစိတ်သဘောထားသာ မရှိလျှင် ကျွန်ုပ်တို့ စိတ်ထဲရှိ ထိုမကောင်းမှုအတွေးများကို အဘယ်သူမျှ တားဆီးနိုင်မည် မဟုတ်ချေ။

ကျွန်ုပ်တို့အတွက် အရာအားလုံးကို စဉ်းစားပေးကာ လုပ်ဆောင်ပေးသော ဘုရားသခင်သည် ကောင်းမြတ်လှပါသည်။ ကျွန်ုပ်တို့ လူသားအားလုံးသည် စာတန်၏ မကောင်းမှုလမ်းစဉ်များထဲတွင် ပိတ်မိ၍ ကျွန်ခံနေရသူများ ဖြစ်ကြသည်။ မိမိကိုယ်မိမိ ကယ်တင်ရန် မတတ်နိုင်သော ပျက်စီးတော့မည့် သနားစရာ လူသားများသာဖြစ်ကြ၏။ သို့သော်လည်း ကျွန်ုပ်တို့၏ ကောင်းမြတ်သော ကောင်းကင်ခမည်းတော်သည် ကျွန်ုပ်တို့ကို စွန့်ပစ်မထား။ သူ၌ရှိသော တန်ဖိုးကြီးအကြီးဆုံးဖြစ်သော

သား တော်ကို ကျွန်ုပ်တို့အတွက် ပေးတော်မူ၏။ ယေရှုသည် လူသားမျိုးနွယ်၏ ထာဝရ မိသားစုဝင်တစ်ဦး ဖြစ်ပါသည်။ သူပေးဆပ်သောယဇ်သည် ထာဝရကာလတစ်လျှောက်လုံး ကျွန်တော်တို့ သင်ယူရမည့် အဓိကသင်ခန်းစာဖြစ်ပါသည်။

ဤအရာအားလုံးကို ဆင်ခြင်ခြင်းအားဖြင့် ကျွန်ုပ်တို့အတွက် ဘုရားသခင် လုပ်ဆောင်ပေးသောအရာများကို မည်သို့ မြင်ပါသနည်း။ သူ့ဝိညာဉ်တော်သည် သူ့ကို သင် အမှန်တရားအတိုင်း လက်ခံယုံကြည်နိုင်ရန် သင့်အနားတွင် ချဉ်းကပ်နေသည်။ သင့်ကို အလွန်ချစ်မြတ်နိုးကြောင်း သူသိစေချင်သည်။ သင့်ကို ပြန်လည်ပိုင်ဆိုင်နိုင်ရန် အရာအားလုံးကို စွန့်လွှတ်ခဲ့ရကြောင်း သင့်ကို သိစေချင်သည်။ ဤကဲ့သို့ သောချစ်ခြင်းမျိုးကို ကျွန်တော် မငြင်းပယ်နိုင်ပါ။ ကျွန်တော့်အတွက် ငြင်းရက်နိုင်စရာ မရှိပါ။ ထိုချစ်ခြင်းကို မိတ်ဆွေ မည်သို့ တုန့်ပြန်မည်နည်း။

## ၈။ မတူသော နိုင်ငံနှစ်နိုင်ငံ

ရှေ့သို့မဆက်မီ ကမ္ဘာပေါ်ရှိ မတူသော နှစ်ငံ နှစ်နိုင်ငံအကြောင်း အကျဉ်းချုပ်ကြည့်ကြပါစို့။ ဘုရားသခင်၏ ထာဝရနိုင်ငံတော်နှင့် စာတန်၏ နိုင်ငံတော်ဖြစ်သည်။ ထိုနိုင်ငံ နှစ်နိုင်ငံလုံးကို ဒေင်ဥယျာဉ်၌ အာဒံနှင့် ဧဝ ရွေးချယ်ခွင့် ရရှိခဲ့ကြသည်။ နိုင်ငံတော် ဟုဆိုလျှင် ကျွန်တော်တို့ စဉ်းစားရမည့် အချက် (၃) ချက်ရှိပါသည်။

၁။ အုပ်ချုပ်ပုံ။ ။ တိုင်းပြည်ကို အုပ်ချုပ်သောစနစ်။
ဥပမာ - ဒီမိုကရေစီစနစ် (သို့) အာဏာရှင်စနစ်

၂။ ငွေကြေးစနစ်။ ။ပြည်သူပြည်သားများ ရောင်းဝယ်ဖောက်ကားရာ၌ အသုံးပြုကြသော ငွေကြေးစနစ်။

၃။ နိုင်ငံသားဖြစ်မှု။ ။နိုင်ငံသားဖြစ်ကြောင်း သတ်မှတ်သည့် နည်းစနစ်။

ဤနှစ်ပြည်ထောင်အား အောက်ပါအတိုင်း နှိုင်းယှဉ်နိုင်ပါသည်။

| | ဘုရားသခင့် နိုင်ငံတော် | စာတန့် နိုင်ငံတော် |
|---|---|---|
| အုပ်ချုပ်ပုံ | မိသားစုသဖွယ် | အားအကြီးဆုံးဖြစ်ခြင်း |
| ငွေကြေးစနစ် | မေတ္တာ၊ကရုဏာ၊ လွတ်လပ်စွာရွေးချယ်ခြင်း၊ ဘုရားသခင်ကို ယုံကြည်ခြင်း | အာဏာ၊ စည်းစိမ်၊ တန်ခိုး မိမိကိုယ်သာ ကိုးကွယ်ခြင်း |
| နိုင်ငံသားဖြစ်မှု | ဘုရား၏ သား၊သမီးများ | စွမ်းဆောင်နိုင်မှု ကျွမ်းကျင်မှု၊ |

ဘုရားသခင်၏ နိုင်ငံတော်သည် မိသားစုသဖွယ် အုပ်ချုပ်သော နိုင်ငံဖြစ်သည်။ နိုင်ငံ့အကြီးအကဲသည် ခမည်းတော်ဖြစ်၍ ခေါင်းဆောင်နှင့် နိုင်ငံသားများ၏ ဆက်ဆံရေးသည် ချစ်ခြင်းမေတ္တာအပေါ် အခြေခံ၏။ တစ်ဖက် မာရ်နတ်၏ နိုင်ငံတော်

တွင် အားအကြီးဆုံးသူများကသာ အုပ်ချုပ်၏။ ဒီမိုကရေစီစနစ်၌ပင်လျှင် မဲဆွယ်အကောင်း ဆုံးသူများသည် အုပ်ချုပ်သူများဖြစ်လာကြသည်။

ဘုရားသခင့် နိုင်ငံတော်တွင် တစ်ဦးနှင့်တစ်ဦးအကြား ဆက်ဆံရေးအခြေအနေပေါ် မူတည်၍ ရောင်းဝယ်ဖောက်ကားကြသည်။ မေတ္တာသည် စံတန်ဖိုးသတ်မှတ်စနစ် (currency) ဖြစ်သည်။ နိုင်ငံသားများသည် အဖဘုရား၏ မေတ္တာရိပ် အောက်၌ ခိုလှုံကြရသောကြောင့် မိမိဂုဏ်၊ မိမိတန်ဖိုးကို ဖော်ရန်မလို။ တစ်ဦးနှင့်တစ်ဦး လျှို့ဝှက်ချက်မရှိ ပွင့်လင်းရိုးသားစွာ ဆက်ဆံကြ၏။ ဘုရားသခင်ကို သိကျွမ်းခြင်းသည် သူတို့၏ အမြင့်ဆုံး ပန်းတိုင်၊ အမြင့်ဆုံး ပျော်ရွှင်မှုဖြစ်သည်။ ဘုရားသခင်၏ ဉာဏ်ပညာနှင့် ဂုဏ်တော်သည် အဆုံးအစမဲ့သည်ဖြစ်၍ သူတို့၏ ပျော်ရွှင်မှုသည် အဆုံးရှိမည် မဟုတ်။ ဘုရားသခင်အကြောင်း သင်ယူစရာ အသစ် အမြဲရှိနေမည်ဖြစ်၏။ နိုင်ငံသားတို့သည် ဘုရားသခင်ထံမှ တိုက်ရိုက်သော်လည်းကောင်း သူဖန်ဆင်းထားသောအရာများမှတဆင့်သော်လည်းကောင်း သင်ယူနိုင်ကြသည်။ ထို့ကြောင့် တစ်ဦးအကြောင်း တစ်ဦးလေ့လာခြင်း၊ သဘာဝလောကကြီးအကြောင်း လေ့လာခြင်း၊ စကြာဝဠာကြီးအကြောင်း လေ့လာခြင်းတို့သည် ဤနိုင်ငံတော်၏ ပျော်ရွှင်စရာ အစိတ်အပိုင်းများဖြစ်ကြသည်။ ထိုနိုင်ငံတော်တွင် အရာခပ်သိမ်းသည် ဘုရားသခင်ထံမှလာကြောင်း အားလုံးလက်ခံယုံကြည်ကြသည်ဖြစ်၍ ခပ်သိမ်း သောဖန်ဆင်းခံတို့သည် ဘုရားကို ဝမ်းမြောက်စိတ်၊ ကျေးဇူးတင်စိတ်တို့ဖြင့် ကိုးကွယ်ကြသည်။

ဆန့်ကျင်ဘက်အနေဖြင့် မာရ်နတ်၏နိုင်ငံတော်ကား ဥစ္စာဓနပိုင်ဆိုင်မှုအပေါ် အခြေခံ၏။ စွမ်းဆောင်နိုင်မှု ဂုဏ်တင့်သောကြောင့် ဓနပိုင်ဆိုင်မှုသည် ပဓာနကျ၏။ ချမ်းသာကြွယ်ဝခြင်းသည် အခရာကျ၏။ ထိုပိုင်ဆိုင်မှုများသည် ဓန၊ ပညာ၊ ဆွေမျိုး အပေါင်းအသင်းတို့လည်း ဖြစ်နိုင်သည်။ အိမ်ကြီးလေလေ၊ ပစ္စည်းဥစ္စာများများသိုထားနိုင်လေလေ၊ သင့်တန်ဖိုး မြင့်လေလေဖြစ်သည်။ ပညာမြင့်လေလေ ရာထူးမြင့် အလုပ်ရလေလေဖြစ်ကာ ဂုဏ်တက်လေလေဖြစ်၏။

မိတ်ဆွေအပေါင်းအသင်းထားရာတွင်လည်း သတိထားစရာ ရှိလာသည်။ လူတစ်ဦးသည် သင့်အတွက် ကြီးမားသောပိုင်ဆိုင်မှုတစ်ခု ဖြစ်လာနိုင်သည်။ မာရ်နတ်၏ နိုင်ငံတွင် အစွမ်းအစသည် လူတို့၌ သဘာဝအားဖြင့် ရှိနှင့်သောအရာများအဖြစ် လက်ခံကြသည်ဖြစ်၍ လူများကို ပိုင်ဆိုင်ခြင်းသည် သင့်ကို ပိုမိုကြီးပွားလာစေနိုင်၏။ လူမှုဆက်ဆံရေးသည် ပိုမိုကြီးပွားနိုင်စေရန် အသုံးပြုကြသည့် နည်းလမ်းတစ်ခု ဖြစ်သည်။ ထို့ကြောင့် အခြားသူများကို ကြိုးကိုင်နိုင်ခြင်းသည် အလွန်အရေးပါလာသည်။ အခြားသူများကို ကြိုးကိုင်နိုင်သည့်နည်း များစွာရှိ၏။ လေးလေးစားစားဆက်ဆံခြင်း၊ မိတ်ဖြစ်ဆွေဖြစ်လွယ်အောင်နေခြင်းတို့သည် အသုံးများသည်။ အရောင်းသမားများ သုံးနေကျ နည်းလမ်းတစ်ခုဖြစ်သည်။ ကြီးကြီးမားမားလုပ်ပြခြင်းသည်လည်း နောက်လိုက်များစေ၏။ ထိုနည်းများ အလုပ်မဖြစ်တော့လျှင် အင်အားသုံးနည်း၊ လာဘ်ထိုးနည်း၊ ခြိမ်းခြောက်ဖြဲခြောက်နည်းတို့ဖြင့် အခြားသူများကို မိမိ၏ သစ္စာခံများဖြစ်စေနိုင်၏။ ထိုအကြောင်းကြောင့်ပင် ယနေ့ လူမှုဆက်ဆံရေးများသည် ဝမ်းနည်းမှု၊ ကြေကွဲမှုများနှင့် ပြည့်နှက်ရတော့သည်။ မိမိတို့တန်ဖိုး၊ မိမိတို့ဂုဏ်ကို တိုးမြင့်နိုင်ရန်သာ ပေါင်းသင်းဆက်ဆံလာကြသောကြောင့်ဖြစ်သည်။

အခြားမတူညီသော အချက်တစ်ခုမှာ နိုင်ငံသားဖြစ်ခြင်းဖြစ်သည်။ ဘုရားသခင့် နိုင်ငံတော်တွင် ဘုရားသခင့်သား၊ သမီးဖြစ်လျှင် နိုင်ငံသားအဖြစ် သတ်မှတ်၏။ ဘုရားသခင်ကို ခမည်းတော်အဖြစ် လက်ခံဆက်ဆံရုံဖြင့် နိုင်ငံသားဖြစ်နိုင်သည်။ မာရ်နတ်၏ နိုင်ငံတော်တွင် သင့်လုပ်ဆောင်နိုင်စွမ်းပေါ်မူတည်၍ နိုင်ငံသားအဖြစ် သတ်မှတ်ချက်ထားရှိသည်။ ကြိုးစားလိုသူဖြစ်နေသရွေ့ ကျွမ်းကျင်ထက်မြက်မှုဖြစ်စေ ပျင်းရိခြင်းဖြစ်စေ နိုင်ငံသားဖြစ်ရန် လုံလောက်သည်။ ဤနိုင်ငံတွင် ယနေ့ မည်သည်ကို လုပ်ပြလျှင်ကောင်းမည်နည်းဟူသော အတွေးမျိုးဖြင့် အိပ်ယာနိုးကြသည်။ ထိုသို့လုပ်ပြနိုင်စရာ ရှိမှသာ စိတ်ကျေနပ်မှု ရကြသည်။ သင့်ကြိုးစားမှု နှောင့်ယှက်မိသူများအပေါ် သင်စိတ်ဆိုးဒေါသထွက်မည်။ အဆုံးတွင် ကြိုးစားသလောက်အရာ

မထင်ပါက စိတ်ဓာတ်ကျလာမည်။ သို့မဟုတ် ပိုမိုကြိုးစားချင်လာမည်။ မာန်မာနနှင့် စိတ်ဓာတ်ကျခြင်းတို့ သံသယာလည်နေသော ဘဝမျိုးဖြစ်လာသည်။ ကြိုးစားမှု အထမြောက်လျှင် မာနတက်လာကာ အထမမြောက်လျှင် စိတ်ဓာတ်ကျ၍ တန်ဖိုးမရှိသောလူပိုသက်သက်ကဲ့သို့ ခံစားရသည်။ အောင်မြင်မှုနှင့် ကျရှုံးမှုအပေါ် အခြေတည်ထားသောဘဝသည် ကျရှုံးမည်ကို ကြောက်၍ (သို့) ကျော်တက်ခံရမည်ကို စိုးရိမ်၍ ကြိုးစားမှုသာဖြစ်လာသည်။ ထိုသံသယာမှ လွတ်မြောက်နိုင်မည့်လမ်း နှစ်ခုသာရှိသည်။ သေခြင်းတရား (သို့) နိုင်ငံကူးပြောင်းခြင်းဖြစ်သည်။

## မာရ်နတ်နိုင်ငံတော်၏ ဘဝသံသယာ

ဤသံသယာသည် ကျွန်ုပ်တို့အထဲ၌ စွမ်းအင်ရှိသည်ဟု ယုံကြည်ခြင်း၏ အကျိုးဆက်ပင်ဖြစ်သည်။ ကျွန်ုပ်တို့၌ ကိုယ်ပိုင်စွမ်းအင်ရှိလျှင် အခြားသူများအပေါ် မှီခိုရန်လိုအပ်မည်မဟုတ်။ မည်သည့် တန်ဖိုးမျှလည်း ရစရာလိုမည် မဟုတ်။ မိမိတန်ဖိုးကို မိမိကိုယ်တိုင် မြင့်တင်ရမည် ဖြစ်သည်။ အောင်မြင်မှုတိုင်းသည် ကျွန်ုပ်တို့အပိုင် ဖြစ်



လာမည်။ ကျဆုံးမှုတိုင်းကလည်း ကျွန်ုပ်တို့ကို သိမ်ငယ်ကာ စိတ်ဓာတ်ကျစေမည် ဖြစ်သည်။

ပထမဆုံးအကြိမ် တရားဒေသနာ ဟောပြောခဲ့စဉ်က ကျွန်တော့် ပြဿနာကို မှတ်မိပါသေးသည်။ သမ္မာကျမ်းစာမှ သမ္မာတရားများကို အခြားသူများအဖို့ ဝေငှရသည်ကို ကျွန်တော် အလွန်နှစ်သက်သည်။ အစီစဉ်ပြီး၍ တရားနာသူများကို လက်ဆွဲနှုတ်ဆက်ရန် တံခါးဝ၌ ရပ်စောင့်နေစဉ် ကျွန်တော် အဟောအပြောဘယ်လောက်တော်ကြောင်း ချီးမွမ်းစကားများကို မျှော်လင့်ခဲ့သည်။ ကိုယ့်ကိုယ်ကိုယ် အားရကျေနပ်ချင်ခဲ့သည်။ တရားဟောကောင်းလေလေ ချီးမွမ်းစကား ပိုကြားချင်လာလေလေ ဖြစ်လာသည်။ သို့သော် ထိုသို့သောခံစားချက်သည် မကောင်းမှန်းသိ၏။ ထို့ကြောင့် လူများက ချီးမွမ်းစကားပြောသောအခါ "ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်ပါ။ ကျွန်တော့်ကို မချီးမွမ်းပါနဲ့" ဟု ကျွန်တော် ပြန်ပြောလေ့ရှိသည်။ သို့သော် သူတို့အဖို့ ဘုကလန့်နိုင်လှသည်ဖြစ်၍ ကျွန်တော်က သူတို့ကို မနှစ်မြို့ဟန် ခံစားကြသည်။ ကောင်းသောအရာ ခပ်သိမ်းသည် ဘုရားသခင်ထံမှ လာသည်။ ဘုရားသည် ကျွန်ုပ်တို့ကို အကြောင်းပြချက်မရှိ တန်ဖိုးထားချစ်မြတ်နိုးသည်ဟု ကျွန်တော်တို့ အသိအမှတ်ပြုကြသည့်အခါ အောင်မြင်မှုကြောင့်လာသော မာန်တက်ခြင်းနှင့် ကျရှုံးမှုမှလာသော စိတ်ဓာတ်ကျ ခြင်းများမှ ကျွန်တော်တို့ လွတ်မြောက်နိုင်ပါသည်။

## ဘုရားသခင့်နိုင်ငံတော်၏ ဘဝသံသယာ




ဘုရားသခင့်နိုင်ငံတော်၌ လူ့တန်ဖိုးသည် စွမ်းဆောင်ရည်၌ အခြေမတည်သော်လည်း သူတို့သည် အောင်မြင်သူများဖြစ်ကြသည်။ အကြောင်းမှာ ကျရှုံးလျှင်ပင် တန်ဖိုးမရှိသောလူသားအဖြစ် စိတ်ဓာတ်ကျစရာမရှိသည်ဖြစ်၍ သူတို့၌ စွမ်းဆောင်ရည် ပိုမိုအားကြီးကြသည်။ အောင်မြင်သည်ဖြစ်စေ ကျရှုံးသည်ဖြစ်စေ သူတို့သည် အချစ်ခံရသူများ၊ ဘုရားသား၊ သမီးများဖြစ်ကြသည်။ ဘုရားသခင့်နိုင်ငံတော်သည် သင့်ဆက်ဆံရေး ပျက်စီးခံစရာမလို၊ သင့်တန်ဖိုး ချနင်းခံစရာမလိုဘဲ သင်ရောက်ရှိနိုင်မည့် အမြင့်ဆုံးသောနေရာကို တက်လှမ်းနိုင်ရန် ကူညီပေးသည်။

ဤနိုင်ငံ နှစ်နိုင်ငံ၏ သဘောသဘာဝတို့ကို ကျွန်တော်တို့ အကျဉ်းချုံ့လေ့လာပြီးဖြစ်သည်။ ကျန်ရှိသေးသော အခန်းများတွင် လူ့သမိုင်းတစ်လျှောက် ဤနိုင်ငံနှစ်နိုင်ငံ၏ အားပြိုင်မှု၊ ထိုနှစ်နိုင်ငံ၌ ကျွန်တော်တို့ ကြုံတွေ့ရသော ရုန်းကန်မှုများအ

ကြောင်း လေ့လာကြမည်။ နှစ်နိုင်ငံလုံးက လွတ်လပ်ခွင့် ပေးသည်။ နှစ်နိုင်ငံလုံးက ဆုလာဒ်များ ကတိပေးထားသည်။ သို့သော် မည်သည့်နိုင်ငံတော်သည် တည်ကြည် ခိုင်ခံသော အလေးထား၊ တန်ဖိုးထားမှုဖြင့် သင့်ကို ဆက်ဆံပါသနည်း။

## ၉။ ဗာဗုလုန်နိုင်ငံ၏ နှလုံးသား

"ငါတို့ ဘယ်မှာ မှားခဲ့လို့လဲ။" ယခုကြုံတွေ့ရသော အမှန်တရားကို နားမလည်နိုင်သည့် ဖခင်တစ်ဦး၏ ကြေကွဲသံဖြစ်သည်။ "သာယာတဲ့ ငါတို့ရဲ့ မိသားစုလေး။ သူ့ကို ငါတို့ဘယ်လောက်ချစ်မှန်း သူသိရဲ့သားနဲ့" ဆက်လက်၍ ဖခင်ဖြစ်သူ အဖြေရှာနေမိသည်။ ဘယ်အကြောင်းကြောင့် သူ့သားလေးသည် မူးယစ်ဆေးဝါး ကုန်ကူးသူ၊ သူခိုး၊ လူသတ်သမားအဖြစ်ပြောင်းလဲသွားသည်ကို နားမလည်နိုင်ဘဲ အဖြေရှာနေမိသည်။

ထိုကြေကွဲသံများသည် အထပ်ထပ် ပဲ့တင်ထပ်နေသည်။ ပုန်ကန်တတ်သည့်လူ ဆိုးအဖြစ် ပြောင်းလဲသွားသောသား၊ သမီးများကြောင့် ထွက်လာသော မိဘများ၏ အရှက်ကွဲနာကျည်းမှုများ ဖြစ်သည်။ ထိုကြေကွဲသံများအကြောင်း ခြေရာလိုက်ကြမည်ဆိုလျှင် ကျွန်ုပ်တို့၏ မိဦးဖဦးတို့နှင့် သူတို့သားကြီး ကာဣန၏ ကြေကွဲဖွယ်ရာအဖြေပျက်ကို တွေ့နိုင်သည်။ သားဦး ကာဣနကို သူတို့လက်ထဲ ပထမဦးဆုံး ပွေ့ခဲ့စဉ်က ဝမ်းသာမှုပီတိကို မိဘများက နားလည်ပါလိမ့်မည်။ သူတို့ချစ်ခြင်း၏ အသီးအပွင့်ကို ယခုလက်ဝယ်ပိုင်ဆိုင်ရပြီဖြစ်၍ ဝမ်းသာနေကြသည်။ ဧဝလည်း သားကြီးကို ထွေးပိုက်ကာ "ထာဝရဘုရား၏ လူကို ငါရပြီ" ဟု ကြွေးကြော်ခဲ့သည်။ ဧဝက ကာဣနသည် ကမ္ဘာဦးကျမ်း ၃း၁၅ ၌ ဘုရားသခင် ကတိထားတော်မူခဲ့သော ကမ္ဘာကြီးအတွက် ကောင်းချီးမင်္ဂလာဖြစ်စေမည့်သူ ဖြစ်လိမ့်မည်ဟု ထင်မှတ်ခဲ့သည်။ သူထင်ခဲ့သည့်အတိုင်းသာဖြစ်ခဲ့လျှင် အဘယ်မျှလောက် ကောင်းလိမ့်မည်နည်း။ ကာဣနသည် သူအထင်နှင့် လုံးလုံးလွဲကာ သန်းပေါင်းများစွာသော လူများအတွက် သေခြင်း၊ ပျက်စီးခြင်း အမွေအနှစ်များကို သယ်ဆောင်လာသောသူ ဖြစ်သွားခဲ့သည်။ ကာဣနသည် ဝိညာဉ်ရေးရာ၌ မိမိသဘောအတိုင်း ဝတ်ပြုကိုးကွယ်တတ်သူများ၏ ခေါင်းဆောင်ဖြစ်လာသည်။ ဤကဲ့သို့သောလူများသည် ကမ္ဘာ့လူဦးရေအများစုကို

ယစ်မူးစေကာ နှောင်အခါ သမ္မာကျမ်းစာ၌ ဗာဗုလုန်ဟုခေါ်ဝေါ် ခံရသူများ ဖြစ်လာစေမည့် သူများဖြစ်သည်။ ဤအခန်းတွင် ထိုကဲ့သို့သောလူများ၏ နောက်ကွယ်က စိတ်ဓာတ်အကြောင်းကို ပြန်လည်ခြေရာခံရင်း သူတို့သည် သင်နှင့်ကျွန်ုပ်အပေါ် မည်သို့ သက်ရောက်မှုရှိကြောင်း လေ့လာကြပါမည်။

"ဖေဖေ၊ ဘာလို့ အပြစ်မရှိတဲ့ အဲ့သိုးကို သတ်ရမှာလဲ။" ခရစ်တော်နှင့် ပတ်သက်၍ လူသားတို့၌ရှိသော ဇာတိစိတ်သဘောကို မြင်နိုင်ကာ နှောင်တရစေရန်ဖြစ်သည်။ သိုးသူငယ်အသတ်ခံရသည်ကို ကြည့်ခြင်းအားဖြင့် လူသားတို့သည် မိမိ၏ အခြေအနေမှန်ကို နားလည်စေရန် ဘုရားသခင် အဘယ်မျှလောက် ပေးဆပ် ဆန္ဒလိုကြောင်း ဖော်ပြနေပါသည်။ မိမိ၏ အခြေအနေမှန်ကို နားလည်ကာ ဝိညာဉ်တော်၏ သွေးဆောင်ခြင်းအားဖြင့် ခွင့်လွှတ်ခြင်း တောင်းခံတတ်စေရန်ဖြစ်သည်။ ကျွန်ုပ်တို့ ကယ်တင်ခံရစေရန် ပေးဆပ်သော အဖိုးတန် ဆုလာဒ်ကြီးဖြစ်ပါသည်။ ထိုဓလေ့သည် ကားတိုင်၌ ခရစ်တော်ခံရမည့် ဝေဒနာကို ညွှန်ပြနေသည်။ ခမည်းတော်ဘုရားကို ပြသရန် ခရစ်တော် ကမ္ဘာပေါ် ကြွဆင်းလာမည့် မျှော်လင့်ချက်ကိုလည်း ဖော်ညွှန်းနေသည်။ ဒေင်ဥယျာဉ်၌ ကျရှုံးခဲ့သည့်အချိန်မှစ၍ ခရစ်တော်၌ လူသားတို့ပြုခဲ့သော ရှက်စရာ လုပ်ရက်ဆိုးကြီးကိုလည်း ဖော်ပြနေ၏။ ထိုအရာသည် ဘုရားသခင်၏ ကြီးမားသောမေတ္တာတော်အကြောင်း ညွှန်ပြနေသည့် နှစ်သိမ့်ရာဖြစ်သကဲ့သို့ လူသားတို့၏ တစ်ကိုယ်ကောင်းဆန်မှု၊ ကျေးဇူးမရှိတတ်မှုတို့ကို ညွှန်ပြသော နာကျင်စရာအဖြစ်ပျက်လည်း ဖြစ်ပါသည်။ ထိုဓလေ့ကို ကျင့်သုံးတိုင်း ထိုခံစားချက်နှစ်မျိုးကို ခံစားစေရမည်ဖြစ်သည်။ အပြစ်မရှိသောသိုးသူငယ်၏ မျက်နှာကို ကြည့်နေစဉ် မတုန်မလှုပ်ခံစားနေရသည့် သိုးသူငယ်၏ ဝေဒနာသည် မိမိသဘော အတိုင်းသာပြုမူခြင်း၏ အကျိုးဆက်ကို ကောင်းကောင်းနားလည်စေရန် ဖြစ်သည်။ ဘုရားသခင့် စစ်မှန်သောသိုးသူငယ်၏ မျက်နှာတော်ကို ကြည့်သောသူအပေါင်းတို့သည် ခရစ်တော်အပေါ် သူတို့ပြုခဲ့သော ဒဏ်ရာဒဏ်ချက်များအကြောင်း နားလည်ကာ သူတို့

အတွက် မျှောင်လင့်ချက်ကိုလည်း တွေ့ရှိကြလိမ့်မည်။ ကားတိုင်နှင့်ပတ်သက်၍ လူသားတို့၏ သဘာဝတုန့်ပြန်ချက်မှာ လူသားတို့၏ ကျရှုံးခန်းသောအရာများ အမှန်တကယ်မဖြစ်ပျက်ခဲ့ဟု ငြင်းဆိုလျက် လူ့သမိုင်းကို ပြင်ရေးရန် (သို့) အသက်ဖြင့်ပေးဆပ်ခြင်းသည် ဘုရားက အပြစ်အပေါ် သူ့ဒေါသကို ဖြေသိမ့်ရန် သူချမှတ်ခဲ့သောအရာဖြစ်သည်ဟု ယူဆလိုက်ခြင်းစသည့် ထိုအချက် နှစ်ချက်ထဲမှ တစ်ခုခုဖြစ်မြဲ ဖြစ်သည်။ အများအားဖြင့် ကားတိုင်သည် အလင်းမှ အမှောင်သို့ ပြောင်းသွားရသည်။ သို့မဟုတ် ဆိုးဆိုးရွားရွား ပုံဖော်ခံရသည့် မျှော်လင့်ချက် သင်္ကေတဖြစ်သွားသည်။ ကားတိုင်သည် အမှန်မှာ ရှက်ရွံ့ဖွယ်ရာ သင်္ကေတတစ်ခုဖြစ်သည်။

မိဘများက သိုးသတ်သည့်အခါတိုင်း ဝမ်းနည်းမျက်ရည်နှင့် မျှော်လင့်ချက်တို့ ရောထွေးခံစားလျက် ကတိတော်၌ စိတ်ရှည်စွာ မျှော်လင့်စောင့်ဆိုင်းကြသည်ကို နှစ်ပေါင်းများစွာ မြင်ရပြီးနောက် ကာဣနသည် နှိမ့်ချလျက် နောင်တရရမည့်ဘဝကို မလိုချင်တော့။ လူ့အားနည်းချက်ကြောင့် အသတ်ခံရသော သိုးသူငယ်ကြောင့် ကာဣနသည် ထိုပုံစံမျိုးဖြင့်လာသော ဘုရားသခင်၏ ကြီးမားသောမေတ္တာတော် ဆုကျေးဇူးကို အသိအမှတ်ပြုလိုခြင်း မရှိတော့။ ကာဣနအတွက် ထိုသိုးသူငယ်သည် စာတန်ဆီမှ သူ့အဖေ၊ သူ့အဖေဆီမှ အမွေရခဲ့သော သိမ်ငယ်စိတ်ကို လှုပ်နှိုး၏။ အသတ်ခံရသော သိုးသူငယ်ကိုကြည့်ခြင်းအားဖြင့် ဘုရားသခင်သည် သူ့ကို လက်မခံ၊ သူ့အပြုအမူကို ကန့်ကွက်နေသည်ဟုသာ မြင်၏။ သူ့ဝတ်ပြုကိုးကွယ်မှုတွင် သိုးသူငယ်ကို အသုံးမပြုရန် စာတန်သည် ကာဣနကို သွေးဆောင်ခဲ့ကြောင်း ထင်ရှားပါသည်။ ထိုသို့ပြုလိုက်ခြင်းအားဖြင့် သူနှင့် ဘုရားသခင်အကြား ဆက်ဆံရေး၌ နောင်တတရားကို မိမိကြိုးစားမှုဖြင့် အစားထိုးလိုက်ရာ ရောက်သွားသည်။

သမ္မာကျမ်းစာ၌ ကာဣနသည် ထာဝရဘုရားထံ ပူဇော်သက္ကာအဖို့ ခြံထွက်သီးနှံများ ဆောင်ယူလာကြောင်း တွေ့ရသည်။ သီးနှံစိုက်ပျိုးခြင်းဖြင့် အသက်မွေးသူဖြစ်ကြောင်းလည်း ဖော်ပြထားသည်။ သူပူဇော်သောယဇ်သည် ဘုရားသခင်၏ မျက်နှာ

သာတော်ကို မိမိကြိုးစားမှုဖြင့် ရယူလိုသော သဘောဖြစ်သည်။ ကိုးကွယ်ခြင်းကို နှိမ့်ချယုံကြည်ခြင်းမှ မာန်မာနဖြင့် ကြွားဝါမှုသို့၊ ရင်းနှီးသောယုံကြည်ခြင်းဖြင့် တည်ဆောက်သောဆက်ဆံရေးမှ တာဝန်အရ အပြစ်ကြေအေးမှု ရယူခြင်းအဖြစ်သို့ သူ ပြောင်းလဲခဲ့သည်။ ထိုကဲ့သို့ ကိုးကွယ်သူများက အခွင့်အာဏာနှင့် ပတ်သက်၍ ကျွန်ုပ်တို့၌ ဘုရားသခင်နှင့် ညှိနှိုင်းခွင့် မရှိသည့်အချက်ကို လျစ်လျူရှုတတ်ကြ၏။ မိမိသဘာအတိုင်း ဘုရားကို ညှိနှိုင်းနိုင်ရန် ကျွန်ုပ်တို့သည် ကိုယ်ပိုင်အသက်ရှိ သူများမဟုတ်ပါ။ ဝမ်းနည်းစရာကောင်းသည်မှာ ကာဣနက ထိုအချက်ကို မေ့ခဲ့သည်။ သိုးသူငယ်ကြောင့် ဖြစ်ပေါ်သော အပြစ်ရှိစိတ်မှ သူ့ကို လွတ်မြောက်စေမည်ဟု စာတန်က ကတိပေးခဲ့သည်။ သို့သော် ထိုသို့သိုးသူငယ်ကို ငြင်းပယ်ခြင်းအားဖြင့် စစ်မှန်သောဘုရားသခင်နှင့် သူ့အကြား ဆက်ဆံရေးသည် ယုံကြည်ခြင်းမှ သူကိုယ်တိုင်ထွင်သောနတ်ဘုရားကို မိမိလမ်းစဉ်အတိုင်း ကိုးကွယ်ခြင်းသို့ ပြောင်းလဲသွားသည်။ ထိုအချိန်မှ ကာဣနသည် မိမိအလိုအတိုင်းသာပြုချင်သော စိတ်သဘော၏ အဆိပ်သင့်လေ၏။ လွတ်လပ်ပြီ အထင်နှင့် ယာယီပျော်ရွှင်ခဲ့သော်လည်း သခ်ါရတရားသည် သူ့ကို ရိုက်နှက်လေ၏။

အခန်း ၅ ၌ အိမ်ထောင်ကွဲခြင်းကို ကြုံခဲ့သူများ၏ စိတ်ဒဏ်ရာများအကြောင်း ကျွန်တော်တို့ လေ့လာခဲ့ပြီးဖြစ်သည်။ အကျဉ်းချုပ်ရလျှင်...

* အသိအမှတ်ပြုခံရရန် အတောမသတ် တောင့်တရှာဖွေခြင်း။

* မိမိအပေါ် မိမိ ညှာတာမှုမရှိ၊ တင်းကျပ်စွာ ဆက်ဆံခြင်း။

* ထိန်းချုပ်မရသည့် အရာများကို ထိန်းချုပ်လိုစိတ် လွန်ကဲခြင်း။ အလွန်အကျွန် ပုံကြီးချဲ့တတ်ခြင်း။

* လူမှုဆက်ဆံရေး အားနည်းခြင်း။

သူ့ကိုကယ်တင်မည့် ဘုရားသခင်၏ လမ်းစဉ်ကို ကာဣန စွန့်ပယ်သောအခါ ဘုရားသခင်နှင့် ဝေးသွား၏။ သူ့အိမ်ထောင်မိသားစုလည်း ပြိုကွဲသွားရ၏။ ဘုရားနှင့်ဝေးလေ သိမ်ငယ်လေဖြစ်လာ၏ ။ ဘုရားသခင့် ဝိညာဉ်တော်သည် သူ့ကြောက်စိတ်ကို နှစ်သိမ့် မရတော့။ စာတန်၏ လှည့်စားမှုများကို ကူညီဖြေရှင်းပေးရန် မဖြစ်နိုင်တော့ချေ။ ဗလာခံစားချက် ပိုပိုအားကောင်းလာကာ ရှက်ကြောက်စိတ် ပိုပိုအားကြီးလာသည်။ စာတန်နည်းတူ သူလည်း ဘုရားသခင်နှင့် သူ့အကြားက ပျက်ပြယ်သွားသည့် ဆက်ဆံရေးကို အစားထိုးနိုင်ရန် ကြိုးစားသော်လည်း အကြောင်းမထူး။ မည်သို့ပင် ကြိုးစားစေကာမူ ထိုလေနေသော စိတ်ခံစားချက်၊ နက်ရှိုင်းသောဗလာခံစားချက်ကြီးကို ပျောက်အောင်မလုပ်နိုင်။ ဘုရားသခင်၏ လမ်းစဉ်၊ ဘုရားသခင်၏ နိုင်ငံတော်၊ ဘုရားသခင့်ဆီ စိတ်နှလုံးသားဖြင့် ပြန်မလာသရွေ့ ထိုခံစားချက်ကို ဖြေသိမ့်နိုင်မည် မဟုတ်ချေ။

ကာဣန၏ ခံစားချက်တို့ မကြာမီ ပေါက်ကွဲတော့မည် ဖြစ်သည်။ ထာဝရဘုရားကို သူညီအာဗေလနှင့်အတူ ဝတ်ပြုကိုးကွယ်ရမည့်အချိန် ရောက်ရှိလာလေပြီ။ သိုးသူငယ်ဖြင့် ပူဇော်သော အာဗေလ၏ ယဇ်ကို ကောင်းကင်မှ မီးချ၍ ဘုရားသခင် လက်ခံခဲ့သည်။ သို့သော် ကာဣနပူဇော်သောယဇ်ကိုမူ မတို့မထိ။ ထိုအခါ ကာဣနသည် ဒေါသဖြင့် ပေါက်ကွဲတော့သည်။ အပြစ်တရားသည် ဆင်ခြင်ဉာဏ်တုံးစေ၏။ ညွှန်ကြားချက်အတိုင်း မလုပ်ဆောင်လိုသော ကာဣနသည် သူပူဇော်သောယဇ် ငြင်းပယ်ခံရသောအခါ အလွန်စိတ်နာရပြန်သည်။

ပေါင်မုန့်ဖုတ်ရန် လိုအပ်သော ပါဝင်ပစ္စည်းများကိုဝယ်ရန် ဆိုင်တစ်ဆိုင်သို့ သွားနေသည်ဟု စိတ်ကူးကြည့်ပါ။ လိုအပ်မည့်အရာများကို ဆိုင်ရှင်အား သင်မေးကြည့်ရာ ဝယ်ခြမ်းရမည့်အရာများကို သူပြောပြ၏။ ဆိုဒါနံ့တစ်မျိုးကို မကြိုက်၍ မထည့်လျှင် ပိုကောင်းမည်ဟု သင် ထင်လိုက်သည်။ သို့နှင့် မုန့်ကိုဖုတ်ရာ ကြီးမလာဘဲ ပြားချက်နေသဖြင့် သင်စိတ်ပျက်သွား၏။ ဒေါသတကြီး ပြေးသွား၍ သင့်အမှားကြောင့်

ဆိုင်ရှင်အား ပြစ်တင်ပြောဆိုလျှင် သင့်ပါမည်လော။ အဓိပ္ပာယ်ရှိမည် မဟုတ်ပါ။ သို့သော်လည်း ကာဠ္ကနသည် ဘုရားသခင်အပေါ် စိတ်ပျက်၍ အပြစ်တင်ခဲ့သည်။

ကာဠ္ကနသည် အပြန်လမ်းမရှိသောနေရာသို့ ရောက်လုနီးလေပြီ။ သူ့တန်ဖိုးကို သူ့စွမ်းဆောင်ရည်ဖြင့် သတ်မှတ်သော စာတန်၏ နိုင်ငံတော်၌ ဝင်မိပြီဖြစ်၍ သင်ပြခံလိုစိတ်၊ အမှားပြင်လိုစိတ်များ တဖြည်းဖြည်း လျော့ပါးလာ၏။ အမှားလုပ်မိပြီဖြစ်ကြောင်း သူသိသည်။ သို့သော် လူ့စိတ်သည် မိမိကိုယ်မိမိ အလွယ်တကူ လှည့်ဖြားတတ်သည်ဖြစ်ရာ ဘုရားသခင်ထံ နှိမ့်ချစွာအပြစ်ဝန်ခံရမည့်အစား ဒေါသထွက်ခဲ့သည်။ ဘုရားက သူ့ကို ကူညီရန်၊ အမှားပြင်ရန် ကတိတော်ဖြစ်သော သားတော်ဘုရားထံ ကြိုးစားညွှန်ပြခဲ့သော်လည်း သတိပေးချက်ကို သူ မလိုက်နာခဲ့ချေ။ ပုန်ကန်လိုစိတ်များ အားကြီးလှသည်ဖြစ်၍ မှောင်မိုက်သည် သူ့ကို လုံးလုံးဝါးမြိုပစ်တော့မည်ဖြစ်သည်။

ယခုတွင် သူ့စိတ်နှလုံးသည် ကောင်းကင်၌ စာတန်ဖြန့်ခဲ့ဖူးသော ခံစားချက်မျိုးက လုံးလုံး ကြီးစိုးသွားလေပြီ။ ဘုရားသခင်၏ အသိအမှတ်ပြုခြင်းကိုလည်း လိုချင်သည်။ ဘုရားသခင်၏ သွန်သင်ချက်ကိုမူ မနာခံလို။ မိမိသဘောအတိုင်းသာ ပြုမူလိုသည်။ သို့နှင့် လုံးလုံးစိတ်ဓာတ်ကျလေ၏။ အရေးပါလိုစိတ်၊ အသိအမှတ်ပြုခံလိုစိတ်ကို အစာကျွေးရန် ဘုရားထံမှ အသိအမှတ်ပြုမှုကိုလည်း တောင့်တသည်။ တစ်ချိန်ထဲတွင် သူသည် ဘုရားသခင်ကို မှီခိုနေသူဖြစ်ကြောင်းကိုမူ မေ့ပစ်ချင်သည်။ သိုးသူငယ်အားဖြင့် ဘုရားပေးသော မေတ္တာတော်အတွက် နှိမ့်ချစိတ်ဖြင့် ကျေးဇူးတော်ချီးမွမ်းရမည်ကိုလည်း မလိုလားသည့် အခြေနေမျိုး၌ ပိတ်မိလေ၏။ အာဗေလရှေ့တွင် အရှက်တကွဲဖြစ်ခဲ့သည့်အတွက်လည်း တနုံ့နုံ့ခံစားရသည်။ သို့နှင့် သူ့ညီကို စကားများတော့သည်။ အာဗေလက သူ့ဝိနည်းအမှားကို ပြင်ရန်ဖျောင်းဖြသည်။ ဘုရား၏သွန်သင်ချက်အတိုင်း လိုက်နာရန်အားပေးသည်။ ကာဠ္ကနသည် သည်းမခံနိုင်တော့။ အလကားလူဖြစ်ရသည့်အတူတူ ဘာမျှဂရုစိုက်တော့ပြီ ဟူသောခံစား

ချက် ဆတ်ခနဲ ထွက်လာ၏။ စာတန်သည် လုံးလုံးကြိုးကိုင်ခွင့် ရသွားလေပြီ။ ကာဣနအား သူညီကို အလွန်မုန်းတီးစေသဖြင့် မိသားစုမုန်းမသိ အသေသတ်စေလေ၏။ ပထမဦးဆုံးသော လူသတ်မှု၊ ပထမဦးဆုံး သန့်ရှင်းမွန်မြတ်သည့် ဆက်ဆံရေးပျက်သုန်းခြင်းကို ကောင်းကင်တစ်ခုလုံးက ကြည့်ခဲ့ရသည်။ ထိုအရာအားလုံးသည် ဘုရားသခင့် ပညတ်တော်များကို ချိုးဖောက်ခြင်း၏ ရလာဒ်ဖြစ်သည်။ အသက်မဲ့နေသော အာဗေလ၏ ခန္ဓာကိုယ်သည် မြေကြီးကို သွေးစွန်းစေသည့် အဖြစ်ကြောင့် ကောင်းကင်တစ်ခုလုံး ဝမ်းနည်းစိတ်ဖြင့် မှင်သက်ကုန်ကြသည်။ မာရ်နတ်နှင့် သူ့အစေအပါးများပင်လျှင် ခဏတာ ကြက်သေသေမိလိမ့်မည်ဟု ထင်မိသည်။

မာရ်နတ်သည် ထိုထိတ်လန့်စရာ မြင်ကွင်းမှ အာရုံလွှဲကာ သူ့သားကောင်အား အပြစ်ရှိစိတ်ဖြင့် နက်နက်ရှိုင်းရှိုင်းထိုးနှက်လေရာ ကာဣနက ဘုရားသခင် သူ့ကိုခွင့်လွှတ်နိုင်သည်ဟု မယုံကြည်နိုင်တော့ချေ။ ဤကား မာရ်နတ်၏ မိုက်မဲမှုဖြစ်၏။ သူ့လမ်းစဉ်အတိုင်း ပုန်ကန်မည့်သူများအတွက် ပျော်ရွှင်ခြင်းနှင့် လွတ်လပ်မှုကို ကတိပေးကာ ကျွန်တော်တို့ ပုန်ကန်မိသည်နှင့် ကျွန်ုပ်တို့ကို ဖျက်ဆီးပစ်ရန် ဘုရားသခင်ထံ အကျယ်လောင်ဆုံး တောင်းဆိုသောသူသည် သူပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ မိုက်မဲမှုကို ဘုရားသခင် လုံးဝခွင့်လွှတ်နိုင်မည်မဟုတ်ဟု ကျွန်ုပ်တို့ စိတ်ထဲတိုးတိုးကြားရသောအသံသည် သူ့အသံ။ သေချင်လောက်သည်အထိ ကျွန်ုပ်တို့၏ အပြစ်ရှိစိတ်ကို နှိုးဆွသောအသံသည်လည်း သူ့အသံပင်ဖြစ်သည်။ အလွန်လှပမွန်မြတ်ခဲ့ဖူးသော ကောင်းကင်တမန်သည် ဤကဲ့သို့ ယုတ်မာသောဖျက်ဆီးသူအဖြစ် ပြောင်းလဲသွားသည်မှာ ဝမ်းနည်းစရာ ကောင်းလှ၏။ ကာဣနသည် စည်းကျော်မိပြီဖြစ်၍ သူ့ကိုယ်သူ ခုခံကာကွယ်ခြင်းငှာ မတတ်နိုင်။ ထို့ကြောင့် စာတန်သည် ကာဣနအား "ငါ့အပြစ်သည် ခွင့်မလွှတ်နိုင်လောက်အောင် ကြီးပါသည်တကား" ဟု ကြွေးကြော်စေ၏။ ထိုစကားလုံးများထက် ဝမ်းနည်းစရာကောင်းသော စကားလုံးရှိတော့မည် မထင်ပါ။ ဘုရားသခင်သည် သတ်ပစ်ရန်မဟုတ် ပြန်လည်ကယ်တင်နိုင်ရန် သူဆီ သွားခဲ့၏။

နောင်တအတွက် အခွင့်ပေးသည့်အနေဖြင့် သူညီဘယ်မှာရှိကြောင်း မေးသောအခါ ကာဣနက "ငါ့အပြစ်သည် မဖြေနိုင်အောင် ကြီးပါသည်တကား"ဟု ဝမ်းနည်းစဖွယ် ပြန်ပြောခဲ့သည်။ ဘုရားသခင့် စကားထက် စာတန်၏စကားကို ယုံခဲ့သဖြင့် သူစိုက်သည့်အတိုင်း ပြန်ရိတ်သိမ်းခဲ့ရသည်။

ကမ္ဘာဦးကျမ်း ၄း ၁၁ ၌ ဘုရားက ကျိန်စာတစ်ခု တိုက်ခဲ့သည်။ ကျိန်စာနောက်ဆုံးပိုင်းတွင် ကာဣနသည် အရပ်တကာသို့ လေလွင့်၍လှည့်လည်ရသောသူ၊ တိမ်းရှောင်ထွက်ပြေးနေရသောသူ ဖြစ်လိမ့်မည်ဟု ဘုရားက မိန့်ခဲ့သည်။ အနက်မှာ သူသည် လူလေလူလွင့်၊ ဦးတည်ရည်ရွယ်ချက်၊ မျှော်လင့်စရာ မရှိသောသူ ဖြစ်လိမ့်မည်ဟု ဆိုလိုသည်။ ထိုကျိန်စာသည် ဘုရားသခင်က မှော်ပညာများဖြင့် တမင်တိုက်သောကျိန်စာ မဟုတ်။ ထိုကျိန်စာသည် ဘုရားသခင့်နိုင်ငံတော်ကို ငြင်းပယ်လျှင် အလိုအလျောက်ကပ်ပါလာသော ကျိန်စာဖြစ်သည်။ ဘုရားသခင်နှင့် ကိုယ့်အကြား ရင်းနှီးသောဆက်ဆံရေးကို ဖြတ်တောက်ခြင်းကြောင့် ကပ်ပါလာသော အကျိုးဆက်သာဖြစ်သည်။ သူ့စိတ်သည် အစဉ်ဆင်းရဲပင်ပန်းရသည်။ အကြောင်းမှာ လူသားကို ရင်းနှီးချစ်ခင်တတ်သူဖြစ်ဖို့သာ ဖန်ဆင်းခဲ့သောကြောင့်ဖြစ်သည်။ သူသည် ထိုလမ်းကိုမလိုက် အခြားလမ်းကို ရွေးချယ်ခဲ့သည်ဖြစ်၍ အချစ်တော့ ခံချင်သည် သို့သော် သူ့အနားကပ်လာသူများကိုမူ တွန်းထုတ်တတ်ပြန်သည့် အဖြစ်မျိုး။ ရင်းနှီးနွေးထွေးမှုကို တောင့်တသည်။ သို့သော် မိမိသည် ဘာတန်ဖိုးမျှမရှိ၊ အနှစ်မရှိသောလူသားဖြစ်သည်ဟူသော ခံစားချက်များ ပုန်းအောင်းရာ သူ့စိတ်နှလုံးထဲသို့ အခြားသူများကို ဝင်ခွင့်မပြုရဲပြန်။ သူငယ်ချင်းများ ရှိချင်သည်။ သို့သော် ဂုဏ်ပြိုင်လိုစိတ် ရှိပြန်သည်။ "မတရားသောသူတို့အတွက် ငြိမ်းချမ်းမှုမရှိရာ" ဟူသော စကားပုံသည် ဤနေရာတွင် အလွန်မှန်၏။

ကာဣနသည် ထာဝရဘုရားထံတော်မှ ထွက်သွားကြောင်း သမ္မာကျမ်းစာ၌ တွေ့ရသည်။ ယခုတွင် သူသည် ဘုရားသခင်၏ အတူရှိခြင်း မခံစားရတော့။ အပြစ်သည်

သူ့ကို ဘုရားသခင်နှင့် ဝေးကွာစေသည်ဟူသော ခံယူချက်ကြောင့် သူ့အသက်တာထဲမှ ဘုရားသခင်ကို ထုတ်ပစ်သည်။ ပိုပိုပြင်းပြလာသော အရေးပါလိုစိတ်၊ အသိအမှတ်ပြုခံလိုစိတ်တို့ဖြင့် မြို့တစ်မြို့ကို တည်ခဲ့သည်။ လူများကို စည်းရုံး၍ ခေါင်းဆောင်လုပ်လာသည်။ ကြီးမားသော အဆောက်အအုံများကို တည်၍ သူ့စွမ်းဆောင်ချက်များမှ အရေးပါလိုစိတ်ကို အစာကျွေး၏။ သူ့လုပ်ဆောင်မှုများဖြင့် သူ့ကိုယ်သူ အတတ်နိုင်ဆုံး ဝန်းရံကာ ဘုရားသခင့်လက်ရာတော်များကို အတတ်နိုင်ဆုံး မျက်ကွယ်ပြုခဲ့သည်။ သူ့ဝိညာဉ်ရေးအသက်တာကို မေးခွန်းထုတ်ရန် အချိန်မရှိလောက်သည်အထိ မိမိကိုယ်မိမိ အလုပ်ရှုပ်စေလေ့ရှိသည်။

ဤသို့ဖြင့် ကာဣနသည် ဤကမ္ဘာတွင် မာရ်နတ်နိုင်ငံတော် တည်ထောင်မည့်လမ်းကြောင်းဖြစ်လာသည်။ သူ့ကြောင့် အနှစ်မရှိ၊ သိမ်ငယ်စိတ်ဖြင့် ကြမ်းကြုတ်သောလူမျိုးတစ်စု ဖြစ်တည်လာသည်။ သူတို့သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူသော ဘုရားသခင်မှလွဲ၍ ခပ်သိမ်းသော အာဏာတန်ခိုး၊ ရာထူးရာခံရှာသူများ၊ အုပ်ချုပ်လိုသူများ၊ ပြိုင်ဘက်များကို မနာလိုသူများ၊ မိမိသည် မည်ကဲ့သို့သောလူစားမျိုးဖြစ်ကြောင်း အချည်းအနှီး ဖြစ်တည်မှု ဆောက်တည်ချင်သူများ ဖြစ်ကြသည်။ လူတို့သည် ဘုရားသခင့် ရင်ခွင်တော်ထဲတွင် မိမိတို့ ဖြစ်တည်မှုကို ရှာရမည့်အစား သူတို့အထဲ၌ ရှာနေကြသရွေ့ စာတန်သည် သူတို့ကို ခြယ်လှယ်နေမည်ဖြစ်သည်။ ခြယ်လှယ်ခဲ့ပြီးလည်း ဖြစ်သည်။ ခေတ်အဆက်ဆက် မာရ်နတ်သည် သူ့အုပ်ချုပ်မှုအောက်ရှိ လူတစ်စု၏ သိမ်ငယ်စိတ်၊ လေလွင့်စိတ်တို့ကို သူ့စိတ်နှင့်အတူ ပေါင်းစည်း၍ ကမ္ဘာကြီးကို အုပ်ချုပ်ရန် ကြိုးစားလျက်ရှိသည်။

နာကျင်ခံစားနေသော နှလုံးသား၊ မိမိကြိုးစားမှုဖြင့် လူ့တန်ဖိုး၊ ဖြစ်တည်မှုတစ်မျိုးကို ရှာဖွေနေသော နှလုံးသား၊ မိမိ၏ စွမ်းဆောင်ရည်ဖြင့် အသိအမှတ်ပြုခံရရန် ကြိုးစားနေသော နှလုံးသား၊ မိမိသိမ်ငယ်စိတ်ကို အကာအကွယ်ပြုနိုင်ရန် အရာရာကို ကြိုးကိုင်ခြယ်လှယ်နိုင်ရန် ကြိုးစားနေသည့် နှလုံးသားဖြစ်သေ ဗာဗုလုန်နှလုံး

သားအကြောင်း ယခု ကျွန်တော်တို့ လေ့လာခဲ့ပြီးဖြစ်သည်။ နောက်တစ်ခန်းတွင် လူ့သမိုင်းတစ်လျှောက် ထိုနှလုံးသား မည်သို့ ကြီးထွားခဲ့ကြောင်း လေ့လာကြမည်။

## အပိုင်း ၂။ တစ်ခုသောကံကြမ္မာ

## ဖြစ်တည်မှုအစစ်အမှန်ကို ပြန်လည်ရယူခြင်း

### ၁၀။ မာရ်နတ်၏ ချည်နှောင်မှုများမှ ဖောက်ထွက်ခြင်း

သူတို့ ပွေ့ဖက်နေကြစဉ် အတန်ကြာအောင် ငြိမ်သက်နေ၏။ သူတို့ ရင်နင့်နေကြသည်။ သို့သော် အချိန်ကျပြီဖြစ်ကြောင်း သဘောပေါက်ကြသည်။ ရှေးထာဝရကာလမှစ၍ ခမည်းတော်နှင့် သားတော်သည် အတူနေထိုင်ခဲ့ကြသော်လည်း ယခု ခွဲခွာရတော့မည်။ သူတို့ ဆက်ဆံရေး ပျက်စီးရတော့မည်။ သားတော်ဘုရားသည် သူ့သား၊ သမီးများဖြစ်သော လူသားများကို ပြန်လည်ရွေးယူခြင်း စတင်ဆောင်ရွက်ရတော့မည်ဖြစ်သည်။ စွန့်စားရမည့်အရာ၊ ပေးဆပ်ရမည့်အရာတို့ကို ကြိုသိထားလျှက်နှင့် မေတ္တာတော်သည် သူတို့ကို ဆက်လက်ခရီးဆက်စေ၏။

အနာဂတ်တွင် ဖြစ်ပျက်မည့်အရာများကို ဉာဏ်မျက်စိဖြင့် ခဏတာ ကြည့်လိုက်ကြသည်။ သရော်မော်ကားပြုခံရခြင်း၊ ကဲ့ရဲ့ဆဲဆိုခံရခြင်း၊ ငြင်းပယ်ခံရခြင်း၊ အမုန်းပွားခံရခြင်း၊ တံတွေးနှင့် အထွေးခံရခြင်း၊ ကန်ကြောက်ခံရခြင်း၊ ရိုက်နှက်ခံ ရခြင်း၊ သံမှိုဖြင့် အရိုက်ခံရခြင်းတို့သည် ခမည်းတော်နှင့်သားတော်တို့၏ ကွဲကွာရခြင်းနှင့်ယှဉ်လျှင် ဘာမျှ မဟုတ်တော့ချေ။ နှစ်ပေါင်းထောင်ချီနေပြီဖြစ်သော အပြစ်များ၊ ခံစားရမည့် ဝေဒနာ၊ ကြုံရမည့် ပုန်ကန်မှုတို့ကြောင့် သူ့ဘဝသည် တန်ဖိုးမရှိ၊ လေနှင် ရာလွင့်ပါတတ်သည့် သစ်ရွက်ခြောက်ပမာ ခမည်းတော်၏ မျက်ကွယ်ပြုခြင်းခံရလေပြီဟု အပြစ်တရားက ခံစားစေသော ခံစားချက်များဖြင့် ဆုတ်ဖြဲခံရမည့်အဖြစ်ကို ကြည့်ရှုတော်မူ၏။ အမှောင်ထုထဲ၌ ခမည်းတော်သည် သားတော်နှင့်အတူ ရှိနေသော်လည်း ကျွန်ုပ်တို့၌ရှိသော စွန့်ပစ်ခံရသည်ဟူသော ခံစားချက်များကို မရဏနိုင်ငံအထိ ပခုံးပြောင်းခံယူရသူမှာ သားတော်ဘုရားဖြစ်၏။

သားတော် ထိုကံကြမ္မာမျိုး ကြုံရန် ခမည်းတော် အဘယ်ကြောင့် ခွင့်ပြုရသနည်း။ အပြစ်၏ အာဏာစက်အောက်တွင် ထာဝရဆုံးရှုံး နိုင်ချေရှိကြောင်း သူတို့ သိကြသည်။ သားတော်ဘုရားသည် လူ့ဇာတိကို ခံယူရမည်ဖြစ်၍ သူ့ရန်သူ စာတန် အနေဖြင့် အနိုင်ရနိုင်မည့် အခွင့်အရေးတစ်ခု ရရှိသွားမည်ဖြစ်သည်။ ဧကန်အောင်မြင်လိမ့်မည်ဟု တထစ်ချမှတ်ယူ၍ မရ။ ထိုသို့ အန္တရာယ်ကြီးသော အခြေအနေကို သူတို့ ဘာကြောင့် စွန့်စားရသနည်း။ ဘာအကြောင်းကြောင်းကြောင့် ထိုကဲ့သို့သော အစီအစဉ်မျိုးကို စီစဉ်ရသနည်း။ အခြေအနေတို့ မည်သို့ရှိသည်ဖြစ်စေ အနှိုင်းမဲ့မေတ္တာတော်သည် သူတို့ကို ဆက်လက်စွန့်စားစေလေသည်။

ထာဝရကာလသဖွယ် ရှည်လျားသော ထိုတိတ်ဆိတ်မှုအပြီးတွင် အစီအစဉ် အတိုင်း ဆောင်ရွက်ရန် သူတို့ ဆုံးဖြတ်လိုက်ကြသည်။ သားတော်သည် ကောင်းကင်မုခ်ဝမှ သူ့ခမည်းတော်၏ မျက်နှာတော်ကို နောက်ဆုံးအကြိမ် ဖူးမြော်ပြီး ဤကမ္ဘာလောကသို့ ကြွလာခဲ့သည်။

ကမ္ဘာပေါ် ရှိ သူ့သား၊ သမီးများကို ကယ်တင်မည်ဆိုလျှင် ဘုရားသခင် ဖြေရှင်းရမည့် ခက်ခဲသောအရာများအကြောင်း အခန်း ၆ တွင် ကျွန်တော်တို့ လေ့လာခဲ့ပြီးဖြစ်သည်။ အခန်း ၉တွင် လူ့စိတ်နှလုံးထဲ၌ မာရ်နတ်နိုင်ငံတော် မည်သို့ ဖြစ်တည်လာကြောင်းနှင့် ကျွန်ုပ်တို့၏ သိမ်ငယ်စိတ်ကို အသုံးချကာ ကျွန်ုပ်တို့ကို မည်သို့ ကြိုးကိုင်ခြယ်လှယ်ခဲ့ကြောင်း တွေ့ရပြီးဖြစ်သည်။ ယေရှုသည် မာရ်နတ်၏ ထိုစွမ်းအားကို ဖြိုခွင်းမည်ဆိုပါက ထိုသိမ်ငယ်စိတ်ကို မလွဲမသွေ ပယ်ရှားပစ်ရမည်ဖြစ်သည်။ ဘုရားသခင့် သား၊ သမီးတည်းဟူသော ကျွန်ုပ်တို့၏ ဖြစ်တည်မှုအစစ်အမှန်ကို ပြန်လည် သတိရစေကာ ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်သော စိတ်ထားမှလာသော မှားယွင်းသော ဖြစ်တည်မှုကို ချေဖျက်အောင်နိုင်ရမည်ဖြစ်သည်။

မေရှိယလာပြီဟု သိုးထိန်းများထံ သံပြိုင်သီချင်း သီကျူးနေကြသော ကောင်းကင်တမန်များကို မြင်တွေ့ရသည့်အခါ ကံခေပြီဟု သောကရောက်နေပေလိမ့်မည်။ ပညာရှိများကို နှိမ့်ချစွာမွေးဖွားရာနေရာသို့ လမ်းပြပေးသော တောက်ပသည့် ကြယ်ကို မြင်နေရသည်ကလည်း သူ့အတွက် စိတ်မချမ်းသာစရာ။ သူ့ကို တိုက်ခိုက်ရန် ရောက်လာသော ထိုမြင့်မြတ်သည့် သူငယ်တော်ကို သူစိုက်ကြည့်မည့် ပုံစံကို စိတ်ကူးယဉ်ကြည့်နိုင်ပါသည်။ အခြားကလေးများအပေါ် သူပြုလေ့ရှိသကဲ့သို့ ဤသူငယ်တော်၌ သက်ရောက်နေသော ငြိမ်သက်ခြင်းကို ဖျက်ဆီးခြင်းငှာ သူမတတ်နိုင်။ ထိုသူငယ်တော်သည် အသွေးနှင့်အသားနှင့် လူသားဖြစ်သော်လည်း သူ့အပေါ် သက်ရောက်နေသောငြိမ်သက်ခြင်းကို အနှောင့်အယှက်မပြုနိုင်သောအခါ သူဒုက္ခရောက်ပြီဖြစ်ကြောင်း စာတန်သိလာသည်။

ထိုသောကရောက်နေသော စိတ်နှလုံးသည် ဟေရုဒ်မင်းအပေါ် သက်ရောက်လာကာ အမှောင်လောကကြီးသည် ကသောင်းကနင်းဖြစ်သွားရကြောင်း ကျွန်တော်တို့ သိရသည်။ ဟေရုဒ်မင်းကို အုပ်စိုးနေသော စိုးရိမ်စိတ်သည် ကောင်းကင်နိုင်ငံတော်ကို ပုန်ကန်မည့် စာတန်၏ စည်းရုံးရေးအတွက် လွယ်ကူသောပစ်မှတ်တစ်ဦးဖြစ်သွားစေသည်။ တကယ့်စစ်ပွဲမစတင်မီ သူငယ်တော်ကို သူ သုတ်သင်လိုသည်။ သို့သော် သူငယ်တော်၌ တည်ကြည်သော ယုံကြည်ခြင်းရှိ၏။ ဘုရားသခင်သည် သူငယ်တော်အတွက် လွတ်မြောက်ရာလမ်းကို ပြင်ဆင်ပေးခဲ့သည်။ သူငယ်တော်သည် သူ့ခမည်းတော်ဘုရား၏ စစ်မှန်သောသဘောတော်ကို ဖော်ပြကာ၊ အမှောင်လောကကြီး၏အရှင်ကို ဖော်ထုတ်၍၊ လူသားမျိုးနွယ်ကို ဖျက်ဆီးပစ်ရန် ချည်နှောင်ထားသော သိမ်ငယ်စိတ်သဘောတို့ကို လူ့အသွေးအသားဖြင့်ပင် ဖြတ်တောက်ပစ်မည်ဖြစ်သည်။

ယေရှု၏ သက်တော်စဉ်ကို အောက်ပါစကားလုံးများဖြင့် ဖော်ကျူးနိုင်ပါသည်။

ငါ့ကို စေလွှတ်တော်မူသော သူသည် ငါနှင့် အတူရှိတော်မူ၏။ ငါ့ကို တစ်ကိုယ်တည်းနေစေခြင်းငှာ ခမည်းတော်သည် စွန့်ပစ်တော်မမူ။ အကြောင်းမူကား၊ နှစ်သက်တော်မူသောအမှုကို အစဉ်မပြတ် ငါပြုသည် ဟု မိန့်တော်မူ၏။
ရှင်ယောဟန်ခရစ်ဝင် ၈း၂၉။

မည်သို့ပင် ကြိုးစားစေကာမူ စာတန်သည် ယေရှု၏ တည်ကြည်ဖြောင့်မတ်မှုနှင့် ယုံကြည်ခြင်းကို မဖျက်ဆီးနိုင်။ ခရစ်တော်သည် ဘုရားသခင်၏ သားတည်းဟူမိမိ၏ဖြစ်တည်မှုကို အမှောင်လောက၏အရှင်ပင်လျှင် အံ့သြရလောက်အောင် မြဲမြံစွာ စွဲကိုင်ထားနိုင်ခဲ့သည်။ ခရစ်တော်ကို အပြစ်ပြုရန် မသွေးဆောင်နိုင်သည်ကို သိသောအခါ စာတန် အလွန်ဒေါသထွက်နေပါလိမ့်မည်။ သူ့ကို ဆန့်ကျင်နိုင်သော လူသားတစ်ဦး ရှိလာလေပြီ။ နှစ်ပေါင်းလေးထောင်ကျော် လူသားအားလုံးကို လှည့်ဖြားနိုင်ခဲ့သော စာတန်သည် ဘုရားသခင့်သားတော်တည်းဟူသော မိမိဖြစ်တည်မှုအပေါ် မြဲမြံစွာတည်ကြည်သော လူသားတစ်ဦး၏ ယုံကြည်ခြင်းတံတိုင်းနှင့် ပြင်းစွာတိုက်မိလေပြီ။ ဘုရားသားတော်ဖြစ်ခြင်းသည် အောင်မြင်ခြင်း၏ သော့ချက်ဖြစ်၏၊ ဘုရားသားတော်ဖြစ်ခြင်းသည် လူသားမျိုးနွယ်ကို ဝါးမြိုနေသည့် အရေးပါလိုသော်လည်း မိမိကိုယ်မိမိ အရေးမပါ၊ တန်ဖိုးမရှိသောသူအဖြစ် ခံစားစေသည့် သိမ်ငယ်စိတ်ထားတို့မှ မိမိကိုယ်မိမိကာကွယ်ရန် အကောင်းဆုံး ခံတပ်ဖြစ်သည်။ ထို့ကြောင့် "ဘုရားသားတော်ဖြစ်ခြင်း"သည် သခင်ခရစ်တော်နှင့် သူ့ရန်သူအကြား တိုက်ခိုက်မှု၏ အဓိကအချက်ဖြစ်သည်။

နာဇရက်မြို့ တစ်မြို့လုံး လှုပ်လှုပ်ရွရွဖြစ်နေကြသည်။ ဗတ္တိဇံဆရာ ယောဟန်၏ သတင်းသည် ဟိုးလေးတကျော် ဖြစ်နေ၏။ မေရှိယရှေ့ပြေးပေါ် ပြီ ဆိုသည့် သတင်း လက်သမားဆရာ၏ ဆိုင်ငယ်လေးသို့ ရောက်သည့်အခါ သူ့ခမည်းတော်၏

ဂုဏ်တော်ကို ထင်ရှားစေရမည့်အချိန် ရောက်ပြီဖြစ်ကြောင်း ယေရှုသိလိုက်သည်။ ယေရှုလည်း စောက်၊လှံများကို ချကာ အမိကို နှုတ်ဆက်ပြီး ယောဒန်မြစ်သို့ဦးတည် သွားလေ၏။

ယေရှုသည် ဘုရားသားတော်ဖြစ်ခြင်းအပေါ် တည်ကြည်သော ယုံကြည်ခြင်းရှိသူဖြစ်သည်။ သို့သော် တောထဲတွင် မည်သည့် လူသားတစ်ဦးမျှ မကြုံခဲ့ဖူးသော စုံစမ်းသွေးဆောင်ခြင်းကို ခံရတော့မည်ဖြစ်သည်။ ပူဆွေးသောကတို့သည် ဆည်ကျိုးရေပမာ သူ့အပေါ် ကျရောက်တော့မည်။ လူသားတို့၏ အရေးပါ၊ တန်ဖိုးရှိသောလူသားဖြစ်လိုသော်လည်း အရေးမပါ၊ တန်ဖိုးမရှိ၊ အနှစ်မဲ့သောဘဝကို ပိုင်ဆိုင်ရသည့် ခံစားချက်ကို အပြင်းထန်ဆုံး ခံစားရလျက်ပင် ယေရှုသည် သူ့ယုံကြည်ခြင်း၌ တည်ကြည်မြဲမြံနေရမည်ဖြစ်၏။ သူအောင်နိုင်လျှင် ဘက်ထရီ အသက်ပင်၏ ချည်နှောင်လှည့်ဖြားမှုကို အောင်နိုင်သော ပထမဆုံးလူသားဖြစ်လာမည်။ ထိုအောင်နိုင်ခြင်း၏ အသီးအပွင့်တို့သည် သူ့ကို ယုံကြည်သူများအတွက် အမွေတော်ဖြစ်လာမည်။

တောထဲ၌ ရင်ဆိုင်ရမည့် တိုက်ပွဲသည် ကားတိုင်ထက်၌ ရင်ဆိုင်ရမည့် တိုက်ပွဲကိုအောင်နိုင်ရန် ပထမခြေလှမ်းဖြစ်၏။ လူသားသည် သူ့ကို ချည်နှောင်ထားသော အနှစ်မရှိသောဘဝမှ မရုန်းထွက်နိုင်လျှင် ခွင့်လွှတ်ခြင်းကရုဏာတော်သည် အဘယ်ကျေးဇူးရှိမည်နည်း။ လူသားတို့သည် ထိုအမွေတော်လက်ဆောင်ကို ရယူခြင်းငှာ မစွမ်းနိုင်လျှင် မေတ္တာတော်အကြောင်းလှုလှုပပ ဖော်ကျူးခြင်းသည် အဘယ်ကျေးဇူးရှိတော့မည်နည်း။ အနှစ်မရှိသောဘဝ၊ အဓိပ္ပာယ်မရှိသောဘဝကို ပိုင်ဆိုင်ရသူဟူသောခံစားချက်ကို အလျှင်ဖယ်ထုတ်နိုင်မှ၊ ခရစ်တော်၏ အောင်မြင်မှု အသီးအပွင့်ကို လူသားများ၏ လက်ထဲတွင်ထားရှိနိုင်မှသာ လူသားတို့သည် ကားတိုင်တော်၏ အတုမရှိအမွေတော်လက်ဆောင်ကို ဆုပ်ကိုင်လာနိုင်၍ ဘုရားသခင်သည် အကယ်ပင် မေတ္တာတော်ရှင်ဖြစ်ကြောင်း၊ သူတို့ကို အကယ်ပင် ခွင့်လွှတ်ကြောင်း ယုံကြည်နိုင်ကြမည်ဖြစ်သည်။

အချိန်ကား နီးပြီဖြစ်၍ ခမည်းတော်သည် တိုက်ပွဲအတွက် သားတော်ကို အကူအညီ ပေးတော့မည်ဖြစ်သည်။ သို့ရာတွင် တန်ခိုးအာဏာ၊ စစ်တပ်များဖြင့် မဟုတ်။ ထိုအရာများသည် ရန်သူကို ရင်ဆိုင်နိုင်မည် မဟုတ်။ ဘုရားသခင်သည် သူ့၏ အကောင်းဆုံးလက်နက်ဖြစ်သော သူတို့နှစ်ဦး၏ ဆက်ဆံရေးမှလာသော စိတ်ခွန်အားကိုသာ ပေးခဲ့သည်။ ယေရှုရေထဲမှ ထလာသောအခါ ကောင်းကင်ပွင့်ကာ ချိုးငှက်တစ်ကောင် သူ့အပေါ် ဆင်းသက်လာ၍ "ဤသူသည် ငါ၏ ချစ်သားပေတည်း။" ဟူသော သူ့ခမည်းတော်၏ အသံတော်ကို နားဖြင့် ဆက်ဆက်ကြားခဲ့ရသည်။ ထိုစကားလုံးများသည် သားတော်အတွက် ခမည်းတော်ပေးနိုင်သောတိုက်ပွဲဝင်ရန် အကောင်းလက်နက်ဖြစ်သည်။ ခမည်းတော်၏ နှုတ်ကပတ်တော်၌ ယုံကြည်တည်ကြည်စွာဖြင့် ကျွန်တော်တို့ လုံးလုံးမဖြတ်တော်နိုင်သော ရန်သူ၏ ချည်နှောင်လှည့်ဖြားမှုများကို ကျွန်ုပ်တို့ကိုယ်စား သူ ချိုးဖြတ်ပေးမည်ဖြစ်သည်။

ထိုခမည်းတော်၏ စကားလုံးများသည် ကျွန်ုပ်တို့ တွေးထင်ထားသည်ထက် ပိုမိုအစွမ်းထက်ပါသည်။ လူသားမျိုးနွယ်တစ်ဦးကို သားတော်အဖြစ် ဘုရားသခင်လက်ခံသည့်အတွက် ကျွန်လူသားအားလုံးအတွက်လည်း မျှော်လင့်ချက် ရှိလာ၏။ ယေရှုအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံးဆီရောက်လာ၍ ကျွန်ုပ်တို့သည်လည်း သူချစ်ရသော သား၊ သမီးများပင်ဖြစ်ကြောင်း ပြောပြနေပါသည်။ ကားတိုင်တော်၏ လက်ဆောင်ကို ကျွန်တော်တို့ လက်ခံရရှိလိုပါက "ဤသူသည် ငါ၏ ချစ်သားပေတည်း"ဟု ပြောသော ဘုရားသခင်၏ အသံတော်ကို ကျွန်တော်တို့ အလျှင်ကြားနိုင်ရပါမည်။ ရန်သူပေးသောလက်ဆောင်ကို အန္တရာယ်ရှိသလောဟု ဦးစွာသေချာ စစ်ဆေးခြင်းမပြုဘဲ မည်သူမျှ လက်ခံမည်မဟုတ်ပါ။ သို့သော် ချစ်ရသော မိသားစု ဝင်တစ်ဦး ပေးသောလက်ဆောင်ကိုမူ စိုးရိမ်မှုမရှိ ရိုးရိုးလေး လက်ခံကြပါသည်။ ဘုရားသခင်နှင့် ခိုင်မာသောယုံကြည်ချက်ဖြင့် တည်ဆောက်ထားသော သားသမီး ဆက်ဆံရေး ဦးစွာရှိမထားဘဲ ကားတိုင်တော်ကို ချဉ်းကပ်ရန် အခြားလမ်းမရှိ

ပါ။ အခြားလမ်းတို့သည် ပညတ်ကိုသာ အသားပေးလွန်းသော ဖာရိရှဲများအဖြစ် (သို့) ကားတိုင်တော်ကို အပြစ်ပြုလုပ်ရန် ခွင့်ပြုချက်ပေးသည့် အရာအဖြစ်ယူဆသူများအဖြစ်သို့ ဦးတည်သွားစေနိုင်ပါသည်။

ကောင်းကင်မှ ကြားရသော ထိုစကားလုံးများက စာတန်ကို အလွန်ဒေါသထွက်စေခဲ့လိမ့်မည်။ ထိုစကားလုံးက သူသားဖြစ်ခဲ့ဖူးသည့်အကြောင်းကို သတိရစေလိမ့်မည်။ ထိုစကားလုံးက အချည်းအနှီးကြိုးစားမှု၊ အဓိပ္ပာယ်မရှိသောဘဝကို ပြန်လည်သတိရစေလိမ့်မည်။ မာန်မာနသည် အလွယ်တကူ အားလျော့တတ်သည် မဟုတ်။ ထို့ကြောင့် စာတန်သည် ယေရှုကို တောထဲတွင် စုံစမ်းသွေးဆောင်နိုင်ရန် ပြင်ဆင်တော့သည်။

သမ္မာကျမ်းစာ၌ "ယေရှုသည် ရက်လေးဆယ်ပတ်လုံး ထိုတော၌နေ၍ မာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံတော်မူ၏"ဟု လာ၏။ ရက် (၄၀) မပြောနှင့်။ ဆယ်မိနစ်ခန့်မျှ ဆက်တိုက်သွေးဆောင်ခံရလျှင် အများစု ကျရှုံးကြမည်ဟု ထင်မိပါသည်။ မာရ်နတ်သည် သွေးဆောင်ခြင်းအတတ်၌ နှစ်လေးထောင် အတွေ့အကြုံရှိသူဖြစ်၍ ယေရှုကို ရှိသမျှလက်နက်ဖြင့် အစွမ်းကုန် အနိုင်ယူရန် ကြိုးစားပေလိမ့်မည်။ သည်တိုက်ပွဲမည်မျှ နက်နဲကြောင်း မည်သူ နားလည်နိုင်မည်နည်း။ မာရ်နတ်သည် သားတော်ဘုရားအား တစ်မျိုးပြီးတစ်မျိုး စုံစမ်းနေသည်ကို စကြဝဠာတစ်ခုလုံးက ရင်တမမဖြင့် ရှုစားကြ၏။ ကျွန်ုပ်တို့ကမူ ငိုက်မျည်းလွယ်လှ၏။ ကျွန်ုပ်တို့၏ လွတ်မြောက်ခြင်းအတွက် ကျွန်ုပ်တို့ကိုယ်စား တိုက်ပွဲဝင်ပေးနေသော သခင်ယေရှုကို သတိရဖော် မသိကြ။ အကယ်၍ ထိုနေရာ၌ ယေရှုကျရှုံးခဲ့လျှင် ကျွန်ုပ်တို့၏ မိမိဘဝအပေါ် အားငယ်စိတ်ကုန်သောစိတ်က ကျွန်ုပ်တို့ကို နင်းချေကြေမွစေလိမ့်မည်။ ထိုမှောင်မိုက်ကို အနိုင်ယူရန် ကျွန်ုပ်တို့၏ တစ်ခုတည်းသော မျှော်လင့်ချက်မှာ ယေရှုတစ်ပါးတည်းသာရှိ၏။

ဤကဲ့သို့သောအခြေနေမျိုးကို စဉ်းစားမိတိုင်း ကျွန်တော် သူ့အကြောင်း တွေးကြည့်သည်။ ကျွန်ုပ်တို့၏ သေရေးရှင်ရေးကို ဝင်ရောက်ကူညီပေးသည့် တန်ခိုးကြီးသောသားတော်ဘုရား၏ မဆုတ်မနစ် ကြိုးစားမှုကြောင့် အတိုင်းမသိ ဝမ်းမြောက်ပျော်ရွှင်မိကြောင်း ကလွဲ၍ အခြားပြောစရာမတွေ့။ မိမိကလေးကို ကယ်တင်ရန် မီးလောင်နေသောအိမ်ထဲသို့ ပြေးဝင်သွားသည့် မိဘနှင့် တူပါသည်။ စိတ်ပိုင်းဆိုင်ရာ၌ စာတန်သည် ယေရှုကို အနိုင်ယူလုနီးနီးဖြစ်ခဲ့သော်လည်း ယေရှုက သူ၏ဘုရားသားတော်ဖြစ်ခြင်းကို မစွန့်လွှတ်။ ထိုအချက်က ကျွန်တော့်စိတ်ထဲတွင် "ငါဟာ တန်ဖိုးရှိတဲ့လူသားပဲ ဖြစ်ရမယ်။ အရမ်းတန်ဖိုးထားရတဲ့ အရာတစ်ခုအတွက် မဟုတ်ရင် ဘယ်သူကမှ ဒီလိုဒုက္ခမျိုး ငါ့အတွက်ခံပေးမှာ မဟုတ်ဘူး"ဟူသော အတွေးမျိုး ဖြစ်လာစေ၏။ သည်မေတ္တာမျိုးကို ကျွန်တော်မလွန်ဆန်နိုင်ပါ။ ငြင်းပယ်ရန် ကြိုးစားခဲ့ဖူးပါသည်။ သို့သော် ဘုရားသခင့်မေတ္တာတော် ပိုမိုဖွဲ့ကြီးလှပါသည်။

မောပန်း၊ ဆာလောင်၍ အထီးကျန်နေသည့်အချိန်၊ စာနာစိတ်ကို မေ့ထားချင်လောက်အောင် အားအနည်းဆုံးအခြေအနေ၌ ယေရှုရှိနေစဉ် စာတန်သည် အခက်ခဲဆုံးသော သွေးဆောင်မှုကို ပြုခဲ့သည်။ "ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်လျှင် ဤကျောက်ခဲတို့ကို မုန့်ဖြစ်စေခြင်းငှာ အမိန့်ရှိတော်မူပါ" ဟု လျှောက်လေ၏။ ဘုရားသားဖြစ်ခြင်းအပေါ် စမ်းသပ်ရန်မှလွဲ၍ အခြားဘာရှိဦးမည်နည်း။ တောထဲ၌ ဘယ်လောက်ကြာကြာနေရမည်ဖြစ်ကြောင်း ယေရှုမသိခဲ့ပါ။ ကျမ်းစာ၌ ရက် ၄၀ ပြီးနောက် စုံစမ်းခြင်း ပြီးဆုံးမည်ဟု ယေရှုကို ကြိုတင်အသိပေးမှုမျိုး မတွေ့ရပါ။ ယေရှုသည် တောထဲ၌ ရှိနေဆဲဖြစ်၏။ သူ့ကိုအစာကျွေးရန် မည်သည့်ကျီးကန်းမှလည်း မလာ။ မည်သည့် မန်နမုန့်မှလည်း ကောင်းကင်မှ ကျမလာချေ။ ကောင်းကင်မှ သူ ကြားရသောအသံသည် ဟန်ပြသက်သက်လော။ ထိုစဉ် "ကိုယ်တော့် ခမည်းတော်သည် ကိုယ်တော့်ကို ဤကဲ့သို့ ဒုက္ခခံစေလိုမည် မဟုတ်။ တစ်ခုခုပြုပါလော့။" ဟု စာတန်က တီးတိုးပြောသွား၏။

ခမည်းတော်အအပေါ် သူ့ယုံကြည်ခြင်းကို ဖျက်ဆီးပစ်ရန် စားသောက်လို စိတ်ကို စာတန်အသုံးချခဲ့သည်။ လွန်ခဲ့သော ရက်ပေါင်းလေးဆယ်က "ဤသူသည် ငါ၏ ချစ်သားပေးတည်း။" ဟု ဘုရားသခင် ပြောခဲ့သည်။ အကယ်၍ ယေရှုအနေဖြင့် ကျောက်တုံးများကို အစာဖြစ်ပြောင်းစေခဲ့လျှင် ဘုရားသခင့်စကားတော်ကို မယုံကြည်ရာရောက်သွားလိမ့်မည်။ ထိုသံသယစိတ်သည် သူ့ဖြစ်တည်မှုကို ရှုပ်ထွေးစေရန် လုံလောက်၏။ သူမည်သူဖြစ်ကြောင်း သက်သေပြရန် ကျောက်တုံးများကို အစာအဖြစ်ပြောင်းရန် တောင်းဆိုချက်သည် မာရ်နတ်နိုင်ငံတော်ဝင်ရာတံခါးပေါက်ပင် ဖြစ်သည်။ မိမိ မည်သူဖြစ်ကြောင်း ဖြစ်တည်မှုကို မိမိအစွမ်းအစဖြင့် သတ်မှတ်ရန် ကြိုးစားခြင်းပင် မဟုတ်ပါလော။

ကျွန်ုပ်တို့၏ မည်သူဖြစ်ကြောင်း ဖြစ်တည်မှုကို ကျွန်ုပ်တို့အစွမ်းအစဖြင့် သတ်မှတ်ရန် ကြိုးစားစေသည့် ကျော့ကွင်း၌ မမိသေးသူ မည်မျှရှိမည်နည်း။ အမြင့်ဆုံးရောက်နိုင်ရန် အစွမ်းကုန်ကြိုးစားလျက်၊ အနားယူချိန်၊ အိပ်စက်ချိန်ပင်မရ၊ ကျမ်းစာဖတ်ရန်၊ ဆုတောင်းရန် အချိန်ပင်မရှိ၊ မိသားစုအတွက် အချိန်မပေးနိုင်လောက်အောင် ညဥ့်နက်အထိ ရုံးကမဆင်းဘဲ ရာထူးထက်ဖို့၊ ဘောက်ဆူးရဖို့ ကြိုးစားတတ်ကြ သည်မဟုတ်လော။ ဘာ့ကြောင့် ထိုမျှကြိုးစားကြသနည်း။ "သင်သည် ဘုရားသခင်၏ သား၊သမီးမှန်လျှင် ကြီးမားသောအရာတစ်ခုခု လုပ်ပြပါ"ဟူသော စမ်းသပ်ချက်ကို ထိုနည်းဖြင့် သက်သေပြနေကြသလောဟု ကျွန်တော်ထင်မိပါသည်။

မနက်အိပ်ယာထသည့်အခါ ဘုရားကို အာရုံပြုချင်သော်လည်း ထိုနေ့ပြီးရမည့်အလုပ်များတစ်ခုပြီးတစ်ခု ခေါင်းထဲပေါ်လာ၏။ မတတ်သာတော့ဘဲ ငါးမိနစ်မျှသာ ဆုတောင်းပြီး ထိုနေ့ အချိန်ကုန်တော့သည်။ သည်လိုမျိုး ဖြစ်ဖူးပါသလား။ တစ်နေ့တာကုန်၍ ထင်သလောက်အလုပ်မတွင်သည့်အခါ ကျေနပ်နိုင်သေးသလော။ ပျော်ရွှင်နိုင်သေးသလော။ သို့မဟုတ် စိတ်ပျက်၍ စိတ်ဓာတ်ကျတတ်သလော။ သင်လုပ်ဆောင်ရမည့်အရာများကို လုပ်ဆောင်ရမည့်အချိန်တွင် နာမကျန်းဖြစ်၍အိပ်ယာပေါ်

လဲကာ အချိန်ကုန်သည့်အခါမျိုးတွင် ဒေါသဖြစ်မိပါသလော။ ဤအချက်များအား လုံးက ကျွန်ုပ်တို့အားလုံး စာတန်၏ သွေးဆောင်မှုအောက်၌ ချွတ်ယွင်းချက်မရှိ ကျ ရှုံးခဲ့ပြီးဖြစ်ကြောင်း၊ ကျွန်ုပ်တို့ မည်ကဲ့သို့သော လူစားမျိုးဖြစ်ကြောင်း ကျွန်ုပ်တို့၏ ဖြစ်တည်မှုကို ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်ဖြင့် တိုင်းတာသတ်မှတ်နေကြကြောင်း သက်သေများဖြစ်သည်။ ကျွန်ုပ်တို့၏ အတွင်းတစ်နေရာ၌ သိမ်ငယ်စိတ်ကြောင့် အ ရေးပါ၊ အရာရောက်လိုသောစိတ်ထားကို အာဒံနှင့် ဧဝထံမှ ဆက်ခံရရှိခဲ့သည် ဖြစ်၍ အညာလွယ်သူများဖြစ်သည်။ အရှက်အကြောက်တရားကို ဖုံးရန် သဖန်းရွက်များ ဖြင့် ကိုယ့်ကိုယ်ကိုယ် ဖုံးတတ်ကြ၏။ သိမ်ငယ်သူများသည် မိမိမည်သူဖြစ်ကြောင်း နှင့်ပတ်သက်၍ စိန်ခေါ်မှုမျိုး ကြုံရတိုင်း သူတို့သည် တစ်စုံတစ်ရာဖြစ်ကြောင်း အ လွန်သက်သေပြ ချင်ကြသည်။ လိပ်ပြာလုံ၍ စိတ်သန့်သူများကမူ ထိုကဲ့သို့သောအ ရာမျိုးအတွက် အလုပ်ရှုပ်ပင် မခံကြပါ။ မိမိမည်သူဖြစ်ကြောင်း အသေအချာသိ သည်ဖြစ်၍ သက်သေပြနေစရာမလို။ တစ်ချိန်က Rottweiler ခွေး မွေးသော မိတ် ဆွေနှင့် အတူလမ်းလျှောက်ဖြစ်ခဲ့သည့်အကြောင်း တွေးမိပါသည်။ ထိုခွေးထက်ပို သေးသောခွေးတစ်ကောင်ရှိသည့် အိမ်နီးချင်း၏ အိမ်ရှေ့ ဖြတ်လျှောက်ကြစဉ် ပို သေးသောခွေးလေးသည် Rottweiler၏ အာရုံစိုက်ခံရရန် ဟိုပြေးသည်ပြေးလုပ်၍ တဝုတ်ဝုတ် ဟောင်နေ၏။ Rottweiler က ထိုခွေးကလေးကို တစ်ချက်မျှပင် လှည့် ၍မကြည့်။ ခွေးလေးက "မစ္စတာ၊ ရုဒ်ဝယ်လ်လာ လာစမ်းပါအုံး။ မင်းလို ခပ်ကြီး ကြီးခွေးမျိုးကိုလည်း ငါနိုင်တယ်ဆိုတာ ငါ့ပိုင်ရှင်ကို သိစေချင်တယ်။ ချရအောင်။" ဟုများ စိန်ခေါ်နေသလားဟု ထင်မိပါသည်။ ခွေးကြီးကမူ သူနိုင်မည်ဖြစ်ကြောင်း အ သေအချာသိသည်ဖြစ်၍ ထိုစိန်မှုမျိုးကို စိတ်ထဲပင် မထားခဲ့ချေ။ သူ့ထက်ငယ်သော အကောင်ကို နိုင်ရုံဖြင့် သူ့အတွက် ဘာမှ ဂုဏ်ယူစရာမရှိ။

ထိုအကြောင်းကြောင့်ပင် ယေရှုလည်း တောထဲ၌ စုံစမ်းခံရန် သွားခဲ့ခြင်းဖြစ် သည်။ လုပ်ဆောင်ချက်စွမ်းဆောင်ရည်ဖြင့်မဟုတ် ဘုရားသခင်၏သားဖြစ်ကြောင်း

ဘုရားသခင့် နှုတ်ကပတ်တော်အားဖြင့်သာလျှင် ယုံကြည်ခြင်းကို ပြသနိုင်သောသူ တစ်ဦး လူသားမျိုးနွယ်အတွက် လိုအပ်လျက်ရှိသည်။ ကျွန်ုပ်တို့ကို အပြစ်၏ ကျေးကျွန်ဖြစ်စေလျက်၊ မမြင်ရသည့် ဂေါလျက်တည်းဟူသော ကျွန်ုပ်တို့ကို စိတ်ပျက်အားငယ်မှုများဖြင့် ချည်နှောင်ထားသောသူကို တိုက်ခိုက်အနိုင်ယူမည့် ဒါဝိဒ်တစ်ဦး ကမ္ဘာကြီးအတွက် လိုအပ်နေသည်။ တောထဲ၌ စုံးစမ်းခံရသည့် ခရစ်တော်၏ ပုံပြင်သည် ဒါဝိဒ်နှင့် ဂေါလျက်ပုံပြင်နှင့် ဆင်တူမှုများ ရှိပါသည်။

၁။ နာမ်ဝိညာဉ်ဖြစ်သော စာတန်သည် လူ့ဇာတိခံယူသော ယေရှုအပေါ် အသာစီးရထားသည်။ ဓမ္မရာဇဝင် ပထမစောင် ၁ရး၃၃။

၂။ လူသားမျိုးနွယ်တစ်ခုလုံးကို ကိုယ်စားပြုထားသော သခင်ယေရှု၏ အောင် နိုင်ခြင်းသည် ကျွန်ုပ်တို့၏ လွတ်မြောက်ခြင်းမည်၏။ မကောင်းမှု အလုံးစုံကို ကိုယ်စားပြုထားသော စာတန်၏ အောင်နိုင်ခြင်းသည် ကျွန်ုပ် တို့ကို မှောင်မိုက်၏ ကျေးကျွန်အဖြစ် ထာဝရရှိစေခြင်းမည်၏။ ဓမ္မရာဇဝင်ပထမစောင် ၁ရး၉။

၃။ ဂေါလျက်သည် ဣသရေလလူမျိုးတို့အား ရက်ပေါင်း (၄၀) မခံချင် အောင်ခနဲ့ စိန်ခေါ် ခဲ့သကဲ့သို့ သခင်ယေရှုလည်း တောထဲ၌ ရက်ပေါင်း (၄၀) စာတန်၏ ရန်ပြု၊ စုံစမ်းသွေးဆောင်ခြင်းကို ခံခဲ့ရ၏။ ဓမ္မရာဇဝင်ပထမစောင် ၁ရး၁၆။

၄။ မာရ်နတ်နှင့် ဂေါလျက်တို့သည် ကိုယ်အစွမ်းအစကို အားကိုး၍ လာကြ၏။ သခင်ယေရှုနှင့် ဒါဝိဒ်တို့သည် ထာဝရဘုရား၏ နာမတော်ဖြင့် လာကာ ခမည်းတော်ဘုရားကို ဘုန်းထင်ရှားစေလျက်၊ ထာဝရအသက်ရှင်တော်မူသောဘုရားသခင်၏ ရှေ့မှောက်တွင် သူ့စစ်တပ်ကို စိန်ခေါ်သောသူကို ဖော်ထုတ်ကြ၏။ ဓမ္မရာဇဝင်ပထမစောင် ၁ရး၄၅။

၅။ သခင်ယေရှု အသုံးပြုသည့် လက်နက်သည် လူ့အမြင်၌ အားရစရာမရှိ။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကိုးစားလျက်၊ တိတိကျကျ အသုံးပြုခြင်းဖြင့် စာတန်၏ လှည့်ဖြားမှုများကို ဖော်ထုတ်ခဲ့သည်။ ၁ ဓမ္မရာဇဝင် ၁၇: ၄၃။

ထပ်တူကျသည့် အချက်များသည် မှတ်သားစရာကောင်းပါသည်။ သူတို့ဘုရား၊ သူတို့ဘာသာနှင့် သူတို့ကို စော်ကားနေသော ဂေါလျတ်၏ စကားလုံးများကို ကြားနေရသော တောင်ပေါ်၌ရပ်နေသည့် ဣသရေလစစ်သားများအနက် တစ်ဦးအဖြစ် ကိုယ့်ကိုယ်ကိုယ် စိတ်ကူးကြည့်မိသည်။ "မင်းတို့ ဘုရားက ဘယ်မှာလဲ။ မင်းတို့ ဘုရားသိပ်တန်ခိုးကြီးနေရင် ဘာလို့ ငါ့ကို မတိုက်ကြတာလဲ။ မင်းတို့က အားနည်းပြီး အသုံးမကျတဲ့ လူတွေပဲ။ မင်းတို့ ဘုရားရှေ့မှာ မင်းတို့ ရှက်သင့်တယ်။" စသည့် စော်ကားစကားများကို ရက်ပေါင်းလေးဆယ်တိုင်တိုင် ကြားနေရသည်မှာ အလွန်စိတ်ပျက်စရာ ကောင်းနေပေလိမ့်မည်။ သူ့အရပ်အမောင်းကို ကြည့်ပါ။ သူကိုင်ဆောင်သောချပ်ဝတ်တန်ဆာသည် နေရောင်အောက်၌ ပြိုးပြိုးပြက်ပြက် တောက်ပနေ၏။ ကြောက်စရာကောင်းသော သူ့အော်သံသည် တောင်ကြားတစ်ဝှမ်း ဟိန်းနေ၏။ မျှော်လင့်ချက်မဲ့စရာ အခြေအနေ။ ကျွန်ဖြစ်ရတော့မည်ဟူသော ခံစားချက်များ တရွေ့ရွေ့ ပေါ်လာ၏။ ယနေ့ခေတ်နှင့်လည်း မခြားနားပါချေ။ စာတန်သည် ကျွန်ုပ်တို့၏ အားနည်းချက်များကို ပျက်ရယ်ပြုကာ ခံသာအောင် ခနဲ့လျက်ရှိသည်။ သူ့သွေးဆောင်ချက်များသည် မငြင်းဆန်နိုင်လောက်အောင် အားကောင်းသည်ဖြစ်၍ ကျွန်တော်တို့ အခါခါ ကျရှုံးတတ်ကြသည်။ အပြစ်ကျေးကျွန်တစ်ဦးအဖြစ် ခံစားချက်များ ရှိလာတတ်သည်။ အပြစ်တရားကို ကျွန်တော်တို့ အနိုင်မယူနိုင်။ အပြစ်တရားသည် ကျွန်တော်တို့ကို အစဉ်အနိုင်ရသည်ဟု တရားဟောနေသူများ ရှိသေး၏။ ထိုမျှလောက်အောင် အပြစ်တရားအောက်၌ ကျွန်ခံနေကြပြီ မဟုတ်လော။ ဒါဝိဒ်၏ သားတော်သည် ယနေ့ကျွန်တော်တို့ စစ်တပ်၌ ရှိ၏။ သူသည် မကောင်းမှုနှောင်ကြိုးများမှ ကျွန်တော်တို့ကို လွတ်မြောက်စေသည်။ တောထဲ၌ သူ့အောင်မြင်မှုသည် လူ

သားမျိုးနွယ်တစ်ခုလုံး၏ အောင်မြင်မှုဖြစ်သည်။ ထိုဂေါလျာတ်ကို သင်ကိုယ်တိုင် အနိုင်ယူရမည်ဟု သင် ကြိုးစားနိုင်သည်။ သို့မဟုတ် တောင်ပေါ်တွင် သင့်ရန်သူ၏ ဦးခေါင်းကို ဖြတ်ယူပေးနေသည့် ယေရှုကို တအံ့တသြ ကြည့်နေနိုင်သည်။ ယေရှုသည် သင့်ကို အောင်မြင်ခြင်းအခွင့် ပေးမည်ဟု မျှော်လင့်နေခြင်းထက် သင်သည် ယေရှုကြောင့် အောင်မြင်သောသူဖြစ်သည်ဟု ယုံကြည်သည့်အခါ သင်သည် ယုံကြည်ခြင်း၏ အနှစ်သာရကို တွေ့ရှိသောသူဖြစ်သည်။

အနှစ်မရှိသောဘဝမှ ကျွန်ုပ်ကို ကယ်တင်ခဲ့သော ဒါဝိဒ်သားတော်ကြောင့် ကျွန်တော်အလွန် ပီတိဖြစ်မိပါသည်။ သူသည် ကျွန်ုပ်၏ မာန်မာန၊ ကျွန်ုပ်၏ ပုန်ကန်စိတ်တို့ကို ပယ်ရှားပေးလေပြီ။ ဘုရားသခင့် သားတည်းဟူသော ကျောက်ပေါ်၌ ကျွန်တော့်ခြေကို တည်စေလေပြီ။ ခမည်းတော်၏ နှုတ်ကပတ်အပေါ် ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်ကိုယ်စား သံယစိတ်ထားများကို အောင်မြင်ခဲ့လေပြီ။ ဘုရားသခင့်သား၊ သမီးဖြစ်သော မိတ်ဆွေ၊ ကျွန်ုပ်နှင့်အတူ ဂုဏ်တော်ကို ချီးမွမ်းလျက် ဝမ်းမြောက်လော့။ ယေရှုက မိမိကိုယ်သာ ကိုးကွယ်တတ်သော စိတ်ထားများကို ချေဖျက်ပေးလေပြီ။ ဘုရားသခင့် မိသားစုဝင် ဖြစ်စေလေပြီ။

## ၁၁။ ကောင်းကင်တံခါးများကို ဖွင့်ခြင်း

ရောင်နီသည် အမှောင်ထုကို ဖြိုခွင်းလျက် အာရုဏ်ဦးသည် ရောက်လေပြီ။ လုပ်ရမည့်အရာများ စတင်လုပ်ဆောင်ရမည့် အချိန်ရောက်လေပြီ။ ခရီးအတွက် ပြင်ဆင်ရင်း နှလုံးခုန်မြန်လာ၏။ အသက်ရှူ မြန်လာ၏။ မိုးသောက်ယံ အာရုဏ်ဦး၌ သူတို့ထွက်လာကြစဉ် အာပြဟံသည် အတိတ်ကို အမှတ်ရနေမိသည်။ ပထမဆုံးအကြိမ် ဣဇာက်ကို ပွေ့ချီခဲ့သည့်အချိန်ကို အမှတ်ရနေသည်။ အကြာကြီးစောင့်ခဲ့ရသော ပျော်ရွှင်မှုလေး။ အဖေ့ရင်ခွင်ထဲတွင် တိုး၍ အာဒံ၊ ဧဝ၊ နောဧ စသည့် ပုဂ္ဂိုလ်များအကြောင်း နားထောင်ခဲ့သည့် ဣဇာက်နှင့်အတူ ဖြတ်သန်းခဲ့သည့် အချိန်ကလေးများကို ပြန်အမှတ်ရနေမိသည်။ သူလုပ်ဆောင်ရမည့် ဘုရားသခင့် စေခိုင်းချက်သည် သူ့အတွက် လေးလံလှ၏။

> သင်သည် အလွန်ချစ်သော တစ်ဦးတည်းသောသား ဣဇာက်ကို ယူ၍၊ မောရိပြည်သို့ သွားလော့၊ ငါပြ လတ္တံ့သောတောင်ပေါ်မှာ သူ့ကိုမီးရှို့ရာ ယဇ်ပြု၍ ပူဇော်လော့ဟု မိန့်တော်မူ၏။ ကမ္ဘာဦးကျမ်း ၂၂း၂။

ဘုရားသခင် မိန့်တော်မူခဲ့သည့်အတိုင်း လိုက်နာနိုင်ရန် စိတ်တင်းထား၏။ စေခိုင်းချက်အတွက် ရှင်းပြချက်တစ်စုံတစ်ရာ၊ အကြောင်းပြချက်တစ်စုံတစ်ရာ မရှိ။ ဘုရားသခင်နှင့်အတူ လျှောက်လမ်းခဲ့သည့် အကြုံအတွေ့များအရ သူ့အမိန့်တော်ကို ငြင်းပယ်မကောင်းကြောင်း သူသိထားသည်။ ဘုရားသခင်သည် အကောင်းဆုံးအရာကို သိသောသူဖြစ်ကြောင့် သူ့လမ်းစဉ်သည် လိုက်လျှောက်ရန် အလုံခြုံဆုံးသောလမ်းဖြစ်ကြောင်းလည်း သိထားသည်။ သို့သော်လည်း ထိုလမ်းသည် လွယ်ကူသောလမ်းမဟုတ်။ အလွန်တရာ ခက်၏။

သူ့စိတ်ထဲဖြစ်နေသော ရွေးချယ်မှုတိုက်ပွဲ မည်မျှပြင်းထန်ကြောင်း မည်သူသိနိုင်မည်နည်း။ ဖြစ်နိုင်လျှင် သားလေးကိုယ်စား သူ့အသက်ကိုသာ ယဇ်ပူဇော်လိုက်

ချင်သည်။ သားလေးကို ကယ်တင်နိုင်မည်ဆိုလျှင် သူမလုပ်ဝံ့သောအရာ မရှိ။ အသက်ရှုကြပ်လာသည်။ သူ့စိတ်သောကကို သားလေးမမြင်အောင် ကြိုးစားဖုံးကွယ်နေရသည်။ သည်အိပ်မက်ဆိုးမှ အမြန်နိုးထလိုက်ချင်သည်။ "ဖေဖေ၊ သားတို့မှာ ထင်းလည်းရှိတယ်။ မီးလည်းရှိတယ်။ ရှို့စရာယဇ်အတွက် သိုးသူငယ်က ဘယ်မှာလဲ ဖေဖေ"ဟူသော ဣဇာက်၏ မေးခွန်းသည် မြားတစ်စင်းပမာ အာဗြဟံ၏ နှလုံးသားထဲ စိုက်ဝင်သည်။ သူမည်သို့ ဖြေရမည်နည်း။ ဆုတစ်ချက်တောင်းလိုက်ပြီးနောက် "ဘုရား ပြင်ဆင်ပေးလိမ့်မယ် သား။"ဟု ဖြေလိုက်သည်။

တောင်ထိပ်ရောက်လျှင် ဘုရားသခင့်စေခိုင်းချက်ကို သူနားလည်သည့်အတိုင်း ဣဇာတ်ထံ အာဗြဟံ ရင်နင့်စွာ ပြောပြရတော့သည်။ ဣဇာတ်သည် အားကောင်းမောင်းသန်လူငယ်ဖြစ်သောကြောင့် သူ့အဖေထံမှ ကိုယ်လွတ်ရုန်း၍ ထွက်ပြေးနိုင်၏။ သို့သော် ဣဇာက်သည် စကားနားထောင်သော သားဖြစ်သည်နှင့်အညီ သူ့ဆန္ဒကို ဖခင်၏ ဦးဆောင်မှုနောက်သို့ အပ်လိုက်၏။ သူ့ချစ်လှစွာသောသားကို ပူဇော်ရန် ယဇ်ပြင်ဆင်နေသည်ကို ကောင်းကင်တစ်ခွင်လုံးက စောင့်ကြည့်နေကြသည်။ လူ့ဦးနှောက်သည် ယခုယုံကြည်ခြင်းကို ဆန့်ကျင်လျက် တွေးတော အကြောင်းပြချက်များ ထုတ်နေ၏။ သို့သော် အာဗြဟံသည် လေမုန်တိုင်းကို ကြံ့ကြံ့ခံသော သစ်တောပမာ ယုံကြည်ခြင်း၌ တည်ကြည်လျက် မိမိအလိုကို မလိုက်ဘဲ နေခဲ့၏။

ကိစ္စအားလုံး ပြီးစီး၍ အသင့်ဖြစ်သောအခါ သူ့သားကို တစ်ချက်ကြည့်လိုက်သည်။ နှလုံးကြွေမတတ် နာကျင်ရလေရာ အရှုံးပေးလုနီးနီးဖြစ်နေသော မိမိကိုယ်မိမိ ပြန်လည်သတိကပ်လိုက်သည်။ ဆုတောင်းပြီးနောက် သူ့ချစ်လှစွာသောသား၏ အသက်ကို ဓားဖြင့် နှုတ်ယူရန် ဆုံးဖြတ်လိုက်တော့သည်။

ထိုစဉ် "အာဗြဟံ၊ ထိုလုလင်ကို အလျှင်းမပြုနှင့်။ သင်သည် ဘုရားသခင်ကို ကြောက်ရွံ့သည်ကို ယခုငါသိ၏" ဟု ဆိုသော အသံတစ်သံ ထွက်လာ၏။

ဤပုံပြင်ကို တွေးမိတိုင်း ကျွန်တော့်ကို ကျွန်တော် အာဗြဟံ၊ ကျွန်တော့်သား လေးကို ဣဇာတ်အဖြစ် စိတ်ကူးယဉ် တွေးကြည့်မိလေ့ရှိသည်။ သူ့စိတ်သောကကို ခံစားကြည့်သည်။ သို့သော် ကျွန်တော် မခံစားနိုင်ပါ။ ကျွန်တော့်အထဲမှ တစ်စုံတစ်ခု ဖြစ်လာ၍ စိတ်ကူးကြည့်၍ မနိုင်။ ထိုအဖြစ်မျိုးကို ကျွန်တော် စိတ်ကူးဖြင့်ပင် မခံ စားနိုင်ပါ။

ကားတိုင်ပေါ်တွင် ခရစ်တော်ပူဇော်ခဲ့သော ကြောက်စရာယဇ်အကြောင်း နား လည်နိုင်ရန် သားတော်နှင့် ခမည်းတော်အကြား ဆက်ဆံရေး၏ အတိမ်အနက်ကို မြင်တတ်ရန် လိုပါသည်။ ဘုရားသခင့်နိုင်ငံတော်၏ အနှစ်သာရကို သူတို့အသက် တာ၌ တစ်ဦးအပေါ်တစ်ဦးထားရှိသော ချစ်ခြင်းမေတ္တာတော်၌ ဖော်ပြထားပါသည်။ ကားတိုင်တော်အကြောင်း စဉ်းစားရာတွင် ထိုအချက်ကို ပယ်ထားမိလျှင် ကားတိုင် တော်၏အဓိကအချက်ကို ကျွန်တော်တို့ ဆုပ်ကိုင်မိမည် မဟုတ်ပါ။

> ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၏ တစ်ပါး တည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ် တော်မူ၏။ ရှင်ယောဟန် ၃း၁၆။

ခွဲခွာခြင်းသည် လူသားတို့ကြုံတွေ့ရသည့် အခက်ခဲဆုံး ခံစားချက်တစ်ခုဖြစ်၏။ ချစ်ရသောသူနှင့် ခွဲခွာရခြင်းသည် လူသားတိုင်း ကြောက်ရသည့်အရာ ဖြစ်သည်။ ဟောပြောရေးအတွက် အိမ်နှင့်တစ်ပတ်မျှ ဝေးရသည့်အခါများ၌ပင် ချစ်ရသူများ ရှိရာအိမ်ကို ကျွန်တော် လွမ်းမိတတ်သည်။ ကမ္ဘာပေါ် ရှိ မည်သည့်အရာနှင့်မျှ ကျွန် တော့် မိသားစုကို မလဲနိုင်ပါ။ ထိုကဲ့သို့သော အတွေးမျိုးကိုပင် မတွေးနိုင်ပါ။ သမ္မာ ကျမ်းစာထဲတွင် ဖော်ပြထားသည့်အတိုင်း ဘုရားသခင်၏ စိတ်နှလုံးသားထဲ ကျွန် တော်တို့ ကြည့်မည်ဆိုလျှင် ခမည်းတော်နှင့် သားတော်သည် သင်နှင့်ကျွန်ုပ် ကောင်း

ကင်တံခါးဝထဲ ဝင်နိုင်ရန်၊ ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်သားတော်နှင့်အတူ မိတ်သဟာယဖွဲ့ခွင့် ပြန်လည်ရရှိနိုင်ရန်အတွက် သူတို့ ချစ်ခြင်းတရားကို စတေးဝံ့ကြကြောင်း တွေ့ရသည်။

တစ်ယောက်ယောက်က "စတေးချင်မှာပေါ့။ ယေရှုက သူပြန်လည်ထမြောက်ပြီး သူ့ခမည်းတော်နဲ့ ပြန်လည်ပေါင်းစည်းနိုင်မှာကို ကြိုသိနေတာပဲ။ အဲလောက်လည်း မဟုတ်သေးပါဘူး" ဟု ပြောချင်ပြောလိမ့်မည်။ သင်လည်း ထိုအတွေးမျိုး ရှိခဲ့လျှင် "အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ့်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း"ဟု ဟစ်အော်ခဲ့စဉ်က ယေရှုမည်သို့ ခံစားခဲ့ရမည်ဖြစ်ကြောင်း ကျွန်တော်မေးချင်ပါသည်။ ပုန်ကန်သည့် ကမ္ဘာကြီး၏ အပြစ်တရားသည် သူ့အပေါ် ပုံကျလာသောအခါ သူ့ကို ဘုရားသခင့် ခွင့်လွှတ်ခြင်းတရားကို မယုံကြည်သည့် လူ့ဇာတိစိတ်သဘောတို့ ဖုံးအုပ်ထားသည်ဖြစ်၍ သူ့ခမည်းတော်၏ မေတ္တာတော်ကို မမြင်နိုင်ဘဲ အမှောင်ထဲတွင် ယေရှု စမ်းတဝါးဝါး ဖြစ်ခဲ့ရ၏။ ထာဝရကာလတစ်လျှောက်လုံး သူ့ပျော်ရွှင်ခြင်းဖြစ်ခဲ့သော မျက်ဝန်းတစ်စုံကို ရှာသော်လည်း မတွေ့ရ။ အပြစ်တရားသည် ခမည်းတော်၏ မျက်နှာတော်ကို ကွယ်ဝှက်ထားသည်ဖြစ်ရာ ခမည်းတော်နှင့် လုံးလုံးခွဲခွာခဲ့ရသည်။ မျှော်လင့်စရာ မရှိတော့။ သူ့ကို ကြိုနေသူမှာ သေခြင်းတရားသာ ရှိတော့သည်။ သူချစ်ရသော ခမည်းတော်နှင့် ထာဝရ ခွဲခွာသွားရနိုင်သည်ကို ခံစားခဲ့ရသဖြင့် "အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ့်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း" ဟု ငိုကြွေးခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းကို ခဏမျှ ဆင်ခြင်ကြည့်ပါ။ အံ့ဖွယ်မဟုတ်ပါလော။

ခမည်းတော်သည် သားတော်ကို စွန့်ပစ်မထားပါ။ သို့သော် သခင်ယေရှု ထမ်းရသော အပြစ်ဝန်ထုပ်သည် သူ့ကို အပြစ်သားနည်းတူ ခံစားစေ၏။ အခန်း (၉) တွင် ကာဣနက "အကျွန်ုပ်၏ အပြစ်သည် မဖြေနိုင်အောင် ကြီးပါသည်တကား" ဟု မြည်တမ်းခဲ့ကြောင်း ကျွန်တော်တို့ ဖတ်ခဲ့ပြီးဖြစ်သည်။ အပြစ်တရားက ဘုရားသခင်

သည် ကျွန်ုပ်တို့ကို ဆန့်ကျင်သည်ဟု ခံစားစေသည်။ အပြစ်ကြောင့် ကျွန်ုပ်တို့ကို သတ်လိုသည်ဟု ထင်စေ၏။ သို့သော်လည်း ကျွန်ုပ်တို့၏ အပြစ်ကို သူခွင့်လွှတ်နိုင်ကြောင်း ကျွန်တော်တို့ ယုံကြည်နိုင်စေရန် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုယ်စား သားတော်ကို အပြစ်သားဖြစ်စေလျက် မေတ္တာတော်ကို ပြတော်မူ၏။

ဘုရားသခင်သည် သူနှင့် ကျွန်ုပ်တို့ကို ကာခြားနေသည့် အဆီးအတားများကို မည်သည့်အတိုင်းအတာအထိ ပယ်ရှားလိုကြောင်း မေးခွန်းမေးစရာရှိပါသည်။ အာဗြဟံနှင့် ဣဇာက်ပုံပြင်၌ ဘုရားသခင်နှင့် သူ့သားတော်အကြောင်းကိုလည်း ကျွန်တော်တို့ တွေ့နိုင်သည်။ ကျွန်တော်တို့လည်း အာဗြဟံနည်းတူ ဘုရားသခင်သည် ဣဇာက်ကို သတ်စေလိုသည်ဟု ထင်တတ်ကြသည်။ ဘုရားသခင်က ဣဇာက်ကို တောင်းသည့်အခါ အာဗြဟံအနေဖြင့် သူ့သား၏အသက်ကို တောင်းနေသည်ဟုသာ ထင်မှတ်ခဲ့သည်။ အသက်ပေးခြင်းကို အပြစ်အတွက် တရားမျှတမှု ရယူနည်းဟု ခံယူသော လူ့သဘောကို အာဗြဟံ၏ အပြုအမူက ဖော်ပြနေပါသည်။ ဘုရားသခင်က သတ်ရန်ခွင့်မပြုခဲ့သည်ကို ထောက်၍ ဣဇာက်အသက်နှင့်ပူဇော်ခြင်းသည် သူ့အလိုတော်မဟုတ်ကြောင်း ဖော်ပြနေသည်။ သို့သော်လည်း ထိုဖြစ်စဉ်၌ အာဗြဟံသည် ဘုရားသခင်အတွက် သူတန်ဖိုးအထားရဆုံးသော အရာများကိုပင် ပေးအပ်လိုသည့်သဘောရှိကြောင်း တွေ့ရသည်။ ယဇ်ကောင်အတွက် အစားထိုးအဖြစ် သိုးသူငယ်ကို ဘုရားသခင် ပြင်ဆင်ပေးခဲ့သည်ကို ထောက်၍ တရားမျှတမှု ရယူနည်းအပေါ် လူတို့၏ အမြင်ကိုလည်း ပြောင်းလဲပေးခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်ကြောင်း ကျွန်တော်တို့ ယုံကြည်နိုင်စေရန် သူ့သားတော်ကို စေလွှတ်တော်မူ၏။

ကျွန်ုပ်တို့၏ အပြစ်ကြောင့် အကြီးမားဆုံး ချစ်ခြင်းတို့ ကွေကွင်းခဲ့ရသဖြင့် ကြောက်စရာကောင်းလောက်အောင် အမှောင်ဖုံး၍ လျှောင်လှုပ်ခဲ့သော ထိုနေ့တွင် ခမည်းတော်ဘုရားသည် “ငါ့သား၊ ငါ့သား၊ သားကို အဖေ ဘယ်လို စွန့်လွှတ်နိုင်ရမ

လဲ” ဟု ငိုကြွေးခဲ့မိလိမ့်မည်။ ငရဲသည် ထိုအခြေနေပင်ဖြစ်သည်။ ကျွန်ုပ်တို့ကိုယ်စား ခွဲခွာခဲ့ရသည့်အချိန်တွင် ခမည်းတော်နှင့် သားတော်သည် ငရဲ ခံခဲ့ရကြသည်။ ကျွန်တော်တို့ ပေးရမည့်အပြစ်ကြွေးကို သူတို့ ဆပ်ပေးခဲ့ကြသည်။ ဘုရားသခင့် နိုင်ငံတော်တည်းဟူသော ချစ်ခြင်းမေတ္တာ၊ ချစ်ခင်ရင်းနှီးသောဆက်ဆံရေး၏ ဆန့်ကျင်ဘက်ဖြစ်သော ခွဲခွာခြင်းသည် ငရဲမဟုတ်လျှင် ဘယ်အရာသည် ငရဲဖြစ်တော့မည်နည်း။

ထိုအဖြစ်အပျက်သည် ကျွန်ုတော်တို့အတွက် မည်သည့် အဓိပ္ပာယ်ဆောင်သနည်း။ ဘုရားသခင့်သားတော်သည် ကျွန်ုပ်တို့ကိုယ်စား ဘုရား၏မေတ္တာတော်နှင့် ကွေကွင်းရခြင်းဒုက္ခကို ခံစားပေးခဲ့သည်။ ထို့ကြောင့် ကျွန်တော်တို့ ဘုရားသခင်နှင့် ခွဲခွာရန် မလိုတော့ပါ။ “အို သေမင်း၊ သင်၏ လက်နက်၊ သင်၏ အောင်မြင်ခြင်းသည် အဘယ်မှာရှိသနည်း။” ဘုရားသခင်၏ မေတ္တာတော်နှင့် ကျွန်ုပ်တို့ကို ဘယ်အရာမျှ မခွဲနိုင်။ အသက်နှင့် ယဇ်ပူဇော်ခြင်းကို ဘုရားသခင် အလိုရှိသည် မဟုတ်။ ကျွန်ုပ်တို့ကို သူခွင့်လွှတ်ကြောင်း ကျွန်တော်တို့ ယုံကြည်နိုင်စေရန်အလို့ငှာ ဘုရားသခင်သည် သားတော်၏ အသက်ဖြင့် အပြစ်ကြွေးကို ဆပ်တော်မူ၏။

သားတော်ဘုရားသည် ငရဲတံခါးကို ပိတ်ခဲ့ပြီဖြစ်၍ ကောင်းကင်တံခါးသည် ကျွန်တော်တို့အတွက် ဖွင့်ထားလျက်ရှိ၏။ ကျွန်တော်တို့အတွက် ယေရှုဘုရား လုပ်ပေးခဲ့သောအရာများကို ငြင်းပယ်သူများ၊ ဘုရား၏ မေတ္တာတော်နှင့် သူတို့ကိုယ်တိုင် ထာဝရအဆက်အသွယ်ဖြတ်သူများ ခံစားရမည့် ငိုကြွေးခြင်းနှင့်အံသွားခဲကြိတ်ခြင်းရှိအရာ အရပ်သို့သွား၍ သူတို့နည်းတူ ကျွန်တတ်တို့ ခံစားစရာမလိုတော့ပါ။

ကျွန်တော်တို့ လုပ်ဆောင်ရန် ကျန်ရှိနေသောအရာမှာ ကျေနပ်မှုမရှိနိုင်သော၊ အနှစ်မရှိသော ဘဝ၊ မိမိ၏ မည်သူဖြစ်ကြောင်း ဖြစ်တည်မှု၊ မိမိ၏တန်ဖိုးကို မိမိ၏ စွမ်းဆောင်နိုင်စွမ်း၊ ကျွမ်းကျင်ထူးချွန်မှုတို့ဖြင့် တိုင်းတာသောဘဝမှ ခရီးဆန့်၍

ကျွန်ုပ်တို့ကို မေတ္တာဖြင့် စောင့်ကြိုနေသော ကျွန်ုပ်တို့၏ ခမည်းတော်၊ အသက်ရှင်ခြင်း၏အရှင်ထံ ပြန်သွားရန် ဖြစ်သည်။ ယေရှုသည် ကျွန်ုပ်တို့အတွက် ကောင်းကင်တံခါးများကို အစဉ် ဖွင့်ထားပေးပါသည်။ သို့သော် မာရ်နတ်၏ နိုင်ငံတော်မှ ဘုရားသခင်၏ နိုင်ငံတော်၊ မိမိမည်သူဖြစ်ကြောင်း ဖြစ်တည်မှုကို အစွမ်းအစဖြင့် သတ်မှတ်သောဘဝမှ ဘုရားသခင်၏ သား၊ သမီးဖြစ်ခြင်းဖြင့် မိမိဘဝ၊ မိမိတန်ဖိုးကို သတ်မှတ်သောဘဝသို့၊ တစ်နည်းအားဖြင့် ကြိုးစားမှုဖြင့် ကယ်တင်ခြင်းရှာဖွေသော ဘဝမှ ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းရယူသောဘဝမျိုးသို့ ကူးပြောင်းခရီးဆန့်ရန်မှာ ကျွန်တော်တို့ ရွေးချယ်ရမည့်အရာဖြစ်သည်။ ကျန်ရှိသော အခန်းများတွင် ဤခရီးကြောင့် ကြုံတွေ့ရမည့် အခက်အခဲများနှင့် ကောင်းချီးမင်္ဂလာများအကြောင်းတင်ပြထားပါသည်။

## အပိုင်း ၃ - ဘုရားသခင့် သား၊ သမီးများအဖြစ်သို့

## ၁၂။ မိမိကိုယ်သာ ကိုးကွယ်သောဘဝ

ခန်းမထဲတွင် မျှော်လင့်ခြင်း အငွေ့အသက်များ ဝင်ရောက်လာ၏။ ကျွန်တော်သည် အတန်းဖော်များနှင့်အတူ ခန်းမထဲတွင် ထိုင်၍ ကိုယ့်နာမည်အခေါ် ခံရလေမလားဟု စောင့်နေမိသည်။ ထိုစာသင်နှစ်၌ ကျွန်တော် စာကို အပတ်တကုတ် ကြိုးစားခဲ့သည်။ ဘယ်အဆင့်ပဲရရ အရေးမကြီးပါဘူးဟု ကိုယ့်ကိုယ်ကိုယ် ပြောခဲ့သော်လည်း အခေါ် ခံချင်နေမိသည်။

ကျောင်းတော်ကြီးသည် ထိုစာသင်နှစ်၏ ပညာရည်ထူးချွန်ဆုပေးပွဲ ကျင်းပနေချိန်ဖြစ်သည်။ ဆုပေးပွဲတွင် "ငါဒီနှစ်အတော်လေး ကြိုးစားခဲ့တာပဲ။ ဆုတစ်ဆုတော့ ရမှာပါ။ အင်း...မရလောက်ဘူး ထင်တယ်။ အခြားတစ်ယောက်ယောက်ကပဲ ရမယ် ထင်ပါတယ်။ မဟုတ်သေးပါဘူး...ငါ့မှာလည်း အခွင့်အရေးရှိပါသေးတယ်။" စသည်ဖြင့် စိတ်ထဲ ကိုယ့်ကိုယ်ကိုယ် စကားများနေမိသည်။ ဆုရရှိသူများ၏ နာမည်ကို ခေါ်သောအခါ မျှောင်လင့်ချက်နှင့် ကျွန်တော့် နှလုံးခုန်မြန်နေ၏။ ကြားရသည့် နာမည်က ကျွန်တော့်နာမည်မဟုတ်၊ သူငယ်ချင်းတစ်ယောက်။ စိတ်ဝင်စားစရာကောင်းသည်မှာ အပြင်ပန်းတွင် ဆုရရှိသော သူငယ်ချင်းများအတွက် ကျွန်တော်လက်ခုပ်တီးပေးနေသော်လည်း အခြားတစ်ဖက် အခြားတစ်ခု ဖြစ်နေ၏။ "သူက ဆုရတယ်ပေါ့။ ငါသူ့ထက် ပိုကြိုးစားခဲ့တာပဲ။ ဘာလို့ သူ့ကို ဆုပေးကြတာလဲ။ သူက ဆရာတစ်ယောက်ယောက်နဲ့ တစ်ခုခုအမျိုးတော်လို့ ဆုရတာပဲ နေမှာပါ။ ဆုပေးပွဲက တရားမျှတမှု မရှိလိုက်တာ။ မင်း ဘယ်လောက်တော်တယ်ဆိုတာ အရေးမကြီးပါဘူးကွာ။ မင်း ဘယ်သူနဲ့ ဘာတော်လဲ၊ ဘယ်လိုအမျိုးတော်လဲဆိုတာ ပိုအရေးကြီးပါလား။" စသည်ဖြင့် ကျွန်တော်တွေးနေမိသည်။ ထိုသို့ တွေးနေရင်း ပြုံးကာ လက်ခုပ်တီးရင်း ဟန်လုပ်နေမိသည်။ နောက်နာရီအနည်းငယ် ကြာသောအခါ ကျွန်တော်

စိတ်ပျက်လာကာ ဒေါသပင်ဖြစ်လာမိသည်။ ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်ခဲ့စဉ်က နေ့တစ်နေ့အကြောင်းဖြစ်ပါသည်။

အများ၏ တန်ဖိုးထားမှု၊ လက်ခံအသိအမှတ်ပြုမှုကို ခံရလိုလျှင် အများတကာထက် နှာတစ်ဖျားသာဖို့လိုကြောင်း ကလေးများပင် သိကြသည်။ လောကကြီးသည် ပြိုင်ဆိုင်မှုများနှင့် ပြည့်နေသောလောကကြီး မဟုတ်ပါလော။ သား၊သမီးများအနက် တစ်ယောက်အတွက် သင် မွေးနေ့လက်ဆောင်ဝယ်ပေးသော်လည်း အခြားကလေးများအတွက် ဘာမျှ မဝယ်မိသည့် အဖြစ်မျိုး ကြုံဘူးပါသလော။ ဘာမျှမရသော ကလေးသည် တစ်ခါတည်း ငရဲကျတော့မည့်အလား “ဒါမတရားဘူး”ဟု မျက်ရည်မျက်ခွက်နှင့် ငယ်သံပါအောင် အော်တော့မည်။ စိတ်ကောက်မည်။ သား၊ သမီးများ အကြား အခြားပြိုင်ဆိုင်မှုတစ်မျိုးမှာ “သားကို ကြည့်နေနော” ဖြစ်သည်။ ခြံထဲတွင် လျှောစီးနေသော သင့်ကလေးကို သင်ပြုံး၍ ကြည့်နေသည်။ ထိုစဉ် ဒန်းစီးနေသည့် သင့်ကလေးကလည်း သူ့ကိုကြည့်ရန်ပြောသည်။ အာရုံစိုက်မခံရသည်ကို သတိထားမိသော ကလေးက “သားကို ကြည့်လေ အဖေ”ဟု အော်မည်။ ဤသို့ဖြင့် အော်သံများ ပိုမိုကျယ်လာမည်။ ပိုပိုစိပ်လာမည်။ နေ့လယ်စာစားမည့်အချိန်ရောက်သော် “သူရတာ ပိုများနေတယ်။ သားကိုကျတော့ နည်းနည်းပဲပေးတယ်။ ဖေဖေ မျက်နှာလိုက်တယ်နော။ သားကိုလည်း များများပေးပါ” ဟု သင့်ကလေးက ပူဆာမည်။ ထိုကဲ့သို့သော အဖြစ်အပျက်များသည် မိမိကိုယ်သာ ကိုးကွယ်တတ်သူများ၏ အသက်တာပုံစံဖြစ်သည်။ ကျွန်တော်တို့ အသက်ရလာသည့်နှင့်အမျှ ပိုပိုယဉ်ကျေးသိမ်မွေ့လာကြသော်လည်း တစ်ဦးနှင့်တစ်ဦး နှိုင်းယှဉ်ခြင်း၊ အာရုံစိုက်ခံရလို စိတ်များသည် လူ့သဘာဝ၊ လူ့မနော ဖြစ်လာသည်။

ကျောင်းသင်ရိုးအများစုကလည်း ဤပြိုင်ဆိုင်မှုလိုစိတ်၊ အာရုံစိုက်ခံလိုစိတ်၏ သဘောတရားကို နားလည်ကြဟန်ရှိသည်။ အိမ်၏ နွေးထွေးမှုများ မရှိသော၊ သင့်အရွယ်တူများနှင့်အတူ နေရသောကျောင်းသည် မိမိကိုယ်သာ ကိုးစားတတ်သော

စိတ်သဘောထားကို ပျိုးထောင်ပေးသည့် အကောင်းဆုံးနေရာဖြစ်လာသည်။ နောင်လာမည့် ၁၂ နှစ် လုံးလုံးသည် အနာဂတ်တွင် ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ရန် နယ်ပယ်အမျိုးမျိုးတွင် ပြိုင်ဆိုင်ရမည့် အချိန်များဖြစ်လာမည်။ လူ့အသိုင်းအဝိုင်းသည် ကျောင်းပညာရေး၌ ထူးချွန်သူများကို ပိုမိုနှစ်သက်ကြသည်။ အများထက် နှာတစ်ဖျားသာခြင်းသည် တိုးတက်ကြီးပွားရန် လိုအပ်သောအရာ ဖြစ်လာသည်။ စာတော်သောကလေးများကို လက်မှုကျွမ်းကျင်သည့် ကလေးများထက် ဘာကြောင့် ပို၍ ချီးမြောက်ကြကြောင်း စဉ်းစားဖူးပါသလော။ ပန်းခြံ၊ ဥယျာဉ်များကို ကျွမ်းကျွမ်းကျင်ကျင် ထိန်းသိမ်းစောင့်ရှောက်တတ်ခြင်း၊ ကားအင်ဂျင်များကို ကျွမ်းကျွမ်းကျင်ကျင် ပြုပြင်တတ်ခြင်းစသည့် ကျွမ်းကျင်မှုများကြောင့် တက္ကသိုလ်ဝင်ခွင့်ရနိုင်သည်ဟု ကြားဖူးပါသလော။ လက်မှုကျွမ်းကျင်သူများအတွက် နေရာရှိတော့ရှိပါသည်။ သို့သော် ကြီးပွားချမ်းသာရေးအတွက် ကျောင်းပညာကို အထွတ်အထပ်၌ ထားကြသည်။

ကလေးတို့သည် အမှတ်စာရင်းကို အိမ်ပြသည့်အခါတိုင်း တစ်နှစ်ပြီး တစ်နှစ် သူတို့ဘဝကို ထိုအမှတ်စာရင်းဖြင့် တိုင်းတာလာကြသည်။ လက်မှုအတတ်၌ ကျွမ်းကျင်သော်လည်း စာညံ့သည့်ကလေးများကို မကြာခဏ ကျွန်တော်တွေ့ဖူးပါသည်။ သူတို့သည် “ငါ ဒါတွေ နားမနိုင်ဘူး။” “ငါဘယ်တော့မှ လုပ်နိုင်မှာ မဟုတ်ဘူး” “ငါက ဘာမှ အသုံးမကျတဲ့လူပဲ” စသည့် ခံစားချက်များဖြင့် သူတို့ကိုယ်သူတို့ ကန့်သတ်ထားကြသည်ကို မကြခဏ တွေ့ရတတ်သည်။

သို့သော် ဘယ်တော့မှ မကြောက်ပါနှင့်။ အောင်မြင်နိုင်ရန် အခြားနည်းလမ်းများလည်းရှိပါသေးသည်။ ကျောင်းတိုင်းတွင် အားကစား၌ ယှဉ်ပြိုင်လိုစိတ်များ ပျိုးထောင်ပေးမည့် အစီအစဉ်များရှိကြသည်။ တစ်နေ့၌ သူတို့လိုချင်သော ကျော်ကြားမှု၊ ဂုဏ်သြဇာကို ရရှိနိုင်ရန် ကျောင်းသားများသည် အားကစား၌ နာရီပေါင်း များစွာလေ့ကျင့်ကြသည်။ အားကစားကို ကစားခြင်းသက်သက်ဟု ထင်ပါသလား။ ကမ္ဘာ

ဖလားဘောလုံးပွဲကျင်းပချိန် ဥရောပရှိ လမ်းမများပေါ်တွင် ပြေးလွှားသောင်းကျန်း တတ်ကြသော အင်္ဂလန်ဘောလုံးပရိသတ်များကို ပြောပြကြည့်ပါ။ ခရစ်ကတ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သူအားပေးသည့်အသင်း ရှုံးနေသည့်အချိန် ထိုသူမည်သို့ ခံစားရမည်ဟု ထင်ပါသနည်း။ ထိုသူနှလုံးဖောက်၍ ပွဲမပြီးခင် သေသွားသည်။ ဘာကြောင့် သားရေအိတ်လုံးကို ဂိုးပေါက်ထဲကန်သွင်းနိုင်ရန် ကြိုးစားရုံဖြင့် အားကစားသမားများသည် နှစ်စဉ်ဒေါ်လာသန်းနှင့်ချီ၍ ဝင်ငွေရရှိနေကြသနည်း။ အားကစားသည် လူ့တန်ဖိုးကို စွမ်းဆောင်ရည်ဖြင့် တိုင်းတာသတ်မှတ်သည့် နည်းလမ်း၊ လူ့သဘော၊ လူ့မနော၏ အလိုဆန္ဒများကို ရယူနိုင်မည့် အရိုးရှင်းဆုံး နည်းလမ်းတစ်ခုဖြစ်သော စီးပွားရေးလုပ်ငန်းကြီးတစ်ခု ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်ခြင်းစိတ်ထားအတွက် အကောင်းဆုံး နည်းလမ်းတစ်ခုဖြစ်သည်။ စွမ်းဆောင်ရည်၊ ကျွမ်းကျင်လိမ္မာမှုတို့ကြောင့်မဟုတ်၊ ချစ်ခြင်းမေတ္တာကြောင့်လည်း ကျွန်တော်တို့သည် တန်ဖိုးရှိသောလူသားများဖြစ်နိုင်သည်ဟူသော ယုံကြည်ချက်ကို ပျောက်ဆုံးစေ၏။

အားကစားတွင် စိတ်ဝင်စားစရာ အကောင်းဆုံးအရာတစ်ခုမှာ မည်သို့ပင် သင်အကောင်းဆုံးကစားပြနိုင်သည်ဖြစ်စေ သင်သာဒုတိယလူဖြစ်နေလျှင် သင့်ကိုမည်သူမျှ အဖက်လုပ်မည်မဟုတ်။ ရှုံးလျှင်လည်း စိတ်ဓာတ်ကျလာမည်။ ပင်နယ်တီကန်ရာ မဂိုးသောကြောင့် ဖလားလုပွဲတွင် သူတို့အသင်းရှုံးလေရာ ကလေးငယ်ပမာ လူးလိမ့်ငိုးကြွေးခဲ့သည့် ဘောလုံးကစားသမားတစ်ဦးကို ကျွန်တော်မှတ်မိပါသေးသည်။ ကွင်းထဲတွင် နည်းပြက သူ့ကို နှစ်သိမ့်နေသည်။ ထိုအချိန်တွင် သူ့တန်ဖိုးကို သူမေးခွန်းထုတ်နေသည်။ ဘောလုံးသည် အားကစားသက်သက်ဖြစ်သည်မှာ မှန်ပါသည်။ သို့သော် အားကစားသည် အများ၏အထင်ကြီးလက်ခံမှု၊ တန်ဖိုးထားလေးစားမှုတို့အတွက် အသေအကြေတိုက်ပွဲဝင်ရသည့် ကစားပွဲဖြစ်နေပါသည်။

ကျွန်တော်တို့ကို အောင်မြင်ကျော်ကြားမှုနှင့် ပျော်ရွှင်မှုကို ပေးစွမ်းမည်ဟု မျှော်လင့်ချက်ဖြင့် ကျွန်တော်တို့ ကိုးကွယ်သည့် အခြားဘုရားများအကြောင်း ကျွန်

တော်တို့ စာရင်းပြုစု၍ပင် ရနိုင်လောက်ပါသည်။ ရုပ်၊ အဆင်းရူပကာလှပခြင်းသည် လည်း ထိုဘုရားများအနက် တစ်ခုဖြစ်သည်။ မိမိ ပါးရိုးများ၏ တည်ဆောက်ပုံ၊ ရင် ဆိုဒ်စသည့် အချက်များပေါ်မူတည်၍ လောက၌ အောင်မြင်ကျော်ကြားမှုနှင့် ရှုံးနိမ့်မှု ကို ရရှိနိုင်သည်။ သူတို့ကို သူတို့အဆင့်မမှီဟု ခံစားရသောကြောင့် ညတိုင်းငိုကြွေး သည့် မိန်းမပျို မည်မျှရှိမည်ဟု ထင်သနည်း။ ယနေ့ခေတ်တွင် ဝမည်ကို စိုးရိမ်လွန်း ၍ ပိန်ပိန်ပါးပါး ကိုယ်ခန္ဓာရနိုင်ရန် အစားအသောက် ချုပ်တည်းလွန်း၍ ဖြစ်သော (anorexia) ရောဂါအကြောင်း ကျွန်တော်တို့ မကြာခဏ ကြားနေရသည်။

ချမ်းသာကြွယ်ဝမှုလောက၊ အလုပ်အကိုင်၊ နေရာအရပ်ကို ဦးစားပေးလွန်း သည့် လောကသည်လည်း မည်သို့ရှိသနည်း။ ကျွန်တော် ကုမ္ပဏီဝန်ထမ်းအဖြစ် နှစ် အတန်ကြာအောင် လုပ်ခဲ့ဖူးသည်။ ကုမ္ပဏီအတွင်းရှိ ရာထူးအဆင့်အတန်းများ အ ကြောင်း လေ့လာရသည်မှာ စိတ်ဝင်စားစရာ ကောင်းလှသည်။ လူတစ်ယောက်၏ ရာထူးကို သူ့ရုံးခန်းအပြင်အဆင်၊ အသုံးအဆောင်ပစ္စည်းများအားဖြင့် အလွယ်တကူ ခန့်မှန်း၍ ရသည်။ ရာထူးအကြီးဆုံး၏ ရုံးခန်းသည် သီးသန့်အခန်းဖြစ်၍ ပြတင်း ပေါက်မှ အောက်ကလမ်းမကြီးများကို မြင်နိုင်သည်။ လက်ရန်းပါသည့် သားရေကု လားထိုင် ရှိသည်။ နောက်ဆုံးပေါ် ကွန်ပြူတာများတပ်ဆင်ထားသည့် ဆေးဆိုးထား သော သစ်သားစားပွဲရှိသည်။ သူ့လက်အောက်လူ၌လည်း ကိုယ်ပိုင်ရုံးခန်း ရှိသည်။ သို့သော် သူ့ရုံးခန်းသည် မြင်ကွင်းကောင်းကောင်းမရှိ၊ ကုလားထိုင်များ၊ ကွန်ပြူတာ များကလည်း အသင့်အတင့်။ သူ့လက်အောက်လူ၏ ရုံးခန်းသည် သီးသန့် မဟုတ်။ နံရံဖြင့် အခန်းကန့်ထားသော ပါတီးရှင်း အခန်းမျိုး။ ကုလားထိုင်တွင် လက်ရန်းမပါ တော့။ အပြင်ကြည့်နိုင်သည့် ပြတင်းပေါက်မျိုးပင် မရှိ။ အဆင့်ဆင့် ခွဲထားပုံများမှာ ရယ်စရာပင်ကောင်းနိုင်သည်။ သို့သော် ကုမ္ပဏီလောကတွင် အလွန်အရေးပါသည်။ ရုံးခန်းပါ အသုံးအဆောင်ပစ္စည်းများသည် သင့်နှင့် သင့်လုပ်ဖော်ကိုင်ဖက်ကို ထိထိ ရောက်ရောက် နှိုင်းယှဉ်ပေးသည့် အရာများဖြစ်သည်။

မိမိအစွမ်းကို အားကိုးသည့်လောကတွင်  နိုင်းယှဉ်စရာများ အဆုံးမရှိ များပြား လှပါသည်။ သို့သော် အောက်ပါ အမျိုးအစားထဲက တစ်ခုခုနှင့် တူနိုင်ပါသည်။

၁။ ပညာရည် အဆင့်အတန်း

၂။ အားကစား စွမ်းရည်

၃။ အနုပညာ၊ ဂီတစွမ်းရည်

၄။ အလုပ်အကိုင်/ ဝင်ငွေ ပမာဏ

၅။ ရုပ်ဆင်းအသွင်အပြင် လှပမှု

၆။ ချမ်းသာကြွယ်ဝမှု၊ ဓနဉစ္စာကြွယ်ဝမှု

၇။ နိုင်ငံတစ်ခုခု၌ နိုင်ငံသားဖြစ်မှု

ဤအရာများသည်  လောကကြီးက  ကိုးကွယ်သောအရာများ၊  ရယူပိုင်ဆိုင်နိုင် ရန် မျှော်လင့်သည့်အရာများ ဖြစ်သည်။ ထိုအရာများသည် လူအား၊  ဉာဏ်အားများ စွာ စိုက်ထုတ်ရသော အရာများဖြစ်သည်။ ရယူပိုင်ဆိုင်လိုလျှင် လုံးလုံးပေးဆပ်အား ထုတ်နိုင်ရန်  လိုအပ်သည်။  မိသားစုနှင့်  အပေါင်းအသင်း၊  မိတ်ဆွေများကိုပင် စွန့် လွှတ်သင့်က စွန့်လွှတ်နိုင် ရမည်ဖြစ်သည်။ ကံပါလျှင် ခဏတာဂုဏ်ပေါ် ကျော်ကြား မည်။ သို့သော် ထိုအောင်မြင်မှုသည် မကြာမီ အနတ္တသက်သက်ဖြစ်လိမ့်မည်။ ကိုယ့် ကိုယ်ကိုယ်သာ အားကိုးလိုသည့် စိတ်ထားကြောင့် ကျွန်တော်တို့အားလုံး  ထိုဘုရား များ၏ ကျေးကျွန်များဖြစ်သွားရသည်။ ကောင်းကင်နှင့် မြေကြီးကို  ဖန်ဆင်းတော်မူ သော ဘုရားသခင်သည်  ထိုဘုရားများ၏ လက်ထဲမှ ကျွန်တော်တို့ကို ကယ်တင်ချင် သည်။

## ၁၃။ ကောင်းကင်တက်ရာ လှေကားထစ်များ

နေ့တာများ တိုလာသည်နှင့်အညီ ရာသီဥတုလည်း အေးလာ၏။ ဆောင်းရာသီ ရောက်လာတော့မည်။ ပျော်ရွှင်စရာ ချိုင့်ဝှမ်းကလေး၌ မကြာမီ ရောက်လာမည့် ကိုက်ခဲလှသည့် အအေးဒဏ်ကို ခံနိုင်ရန် မီးဖိုအတွက် ထင်းများ စတင်စုဆောင်းရမည့် အချိန်ရောက်လာလေပြီ။ လူကြီးတစ်ယောက်သည် ထင်းခွဲရင်း အလုပ်ရှုပ်နေစဉ် ဖိနပ်သေးသေးလေးတစ်စုံကို လှမ်းတွေ့လိုက်သည်။ ခေါင်းမော့ကြည့်လိုက်ရာ သူ့လုပ်ရှားမှု မှန်သမျှကို ကြည့်နေသည့် ကလေးငယ်တစ်ဦးကို တွေ့ရသည်။ "သားဖေဖေက ဦးလေးထက် ထင်ခွဲတာ ပိုမြန်တယ်။" "ဟုတ်လို့လားကွ။" လူကြီးက ပြန်ပြောရင်း လူငယ်လေး၏ သတ္တိကို သဘောကျသွားသည်။ "ဟုတ်တာပေါ့ကွာ။ သားဖေဖေက အားလုံးလုပ်နိုင်တယ်။ သားဖေဖေက အတော်ဆုံးပဲ။" "အိုး..အဲ့လို အဖေမျိုးရှိတာ လူလေးက ကံကောင်းတာပေါ့ကွာ။"

ဤကား ရိုးရှင်းသော ကျွန်တော့်ငယ်ဘဝအကြောင်း ဖြစ်သည်။ ထိုအချိန်များက ဖေဖေနှင့် မေမေသည် အမှားမရှိသောသူ၊ အားလုံးထဲ၌ အကောင်းဆုံးဖြစ်ခဲ့ကြသည်။ ထိုစဉ်ကအတိုင်း အရာရာ မပြောင်းမလဲရှိနေလျှင် အကောင်းသား။ သို့သော် ဘဝသည် ထိုသို့မဟုတ်။ ကျောင်းတက်နိုင်သည့် အရွယ်ရောက်သောအခါ နှိုင်းယှဉ်မှုများစတင်ပြုလုပ်လာသည်။ ကျောင်းနေဖက်ကလေးများအကြား ကျွန်တော့်နေရာကို စတင်ရှာဖွေမိသည်။ မူလတန်းအရွယ်တွင် ထိုနှိုင်းယှဉ်မှုများသည် အရေးမဟုတ်သေး။ ထိုစဉ်က ကျောင်းတက်ရသည့်မှာ ပျော်စရာကောင်းခဲ့သည်။ ကစားလိုက်၊ ဟိုဟာလုပ်လိုက်၊ ဒီဟာလုပ်လိုက်နှင့် အလွန်ပျော်ခဲ့ရသည်။ သို့သော် တစ်ခါတစ်ခါ အရွယ်နှင့် မလိုက်အောင် မိမိကိုယ်ကိုယ် ကိုးကွယ်သော နိုင်ငံတော်၏ ချိုမြိန်ခါးသီးမှုများကိုလည်း ကြုံတွေ့ရလေ့ရှိသည်။

ကျွန်တော် ခုနှစ်နှစ်သားအရွယ်သို့ ရောက်လာသောအခါ ကျွန်တော်တို့ မိသားစု နေရာသစ်တစ်ခုသို့ ပြောင်းကြရာ အပေါင်းအဖော်သစ်များနှင့် ဆက်ဆံရသည်။ ကျွန်တော်သည် မိတ်ဖြစ်လွယ်သူဖြစ်၏။ သို့ရာတွင် မနှစ်မြို့စရာသူငယ်ချင်းများနှင့်လည်း ကြုံရတတ်၏။ သက်တူရွယ်တူများအကြား ကျွန်တော်သည် တောင့်တောင့်တင်းတင်းရှိသည်။ ခပ်ပိန်ပိန် ကောင်လေးအချို့ကလည်း သူတို့ထက် အနည်းငယ်ပိုဝသော ကျွန်တော့် လိုက်လိုက်စချင်ကြသည်။

"ဖက်တီး၊ ဝက်ပုပ်၊ ငဒူ" စသည်ဖြင့် ကျွန်တော့်ကို ခေါ်တတ်ကြသည်။ ကလေးဘဝတွင် ကျွန်တော်တို့အများစု ကြုံရလေ့ရှိသည့် မနှစ်မြို့စရာ တစ်ခုဖြစ်သည်။ နေ့တိုင်း ကျွန်တော့်ကို စကြသည်။ ရန်သူမာရ်နတ်သည် ကျွန်တော့်တန်ဖိုးကို ဖျက်ဆီးပစ်ရန် ထိုကလေးများကို အသုံးချနေသည်။ တစ်နေ့ကျောင်းသွားနေရင်း ကျွန်တော်သည်းမခံနိုင်တော့ပါ။ "မေမေ၊ သားကားပေါ်က မဆင်းတော့ဘူး။ သား ကျောင်းကို မသွားချင်တော့ဘူး။" "သွားရမှာပေါ့ သားရဲ့" "မသွားပါဘူးဆို" ကျောင်းဝန်းထဲ ဝင်လာစဉ် ထိုကောင်လေးနှစ်ယောက်က သားကောင်ကို ကိုက်စားတော့မည့် သားရဲပမာ ကျွန်တော့်ကို ဘုကြည့်ကြည့်ကြသည်။ အမေက ကားတံခါးကို ဖွင့်၍ ကျွန်တော့်ကို ဆင်းခိုင်းသည်။ ကျွန်တော် ကန်မိရာရာ ကန်သည်။ အကြောက်အကန် အော်သည်။ ထိုင်ခုံကို အသေကိုင်ထားတော့သည်။ ကျွန်တော် ကလေးဆိုးတစ်ဦးနှင့် တူချင်နေလိမ့်မည်။ သိက္ခာ၊ အရှက်ခွဲခံခဲ့ရသော ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ်ကယ်တင်နိုင်ရန် အခြားသူများနှင့် မိမိကိုယ်မိမိ နှိုင်းယှဉ်နေမိသည်။ နောက်ပိုင်း ကျွန်တော် ဘာဖြစ်ခဲ့သည်ကို သိပ်မမှတ်မိတော့ပါ။ သို့သော် ကိုယ့်ကိုယ်ကိုယ်တော့ မညှင်းဆဲဖြစ်တော့။ ကောင်းခန်းရောက်ပါတော့မည်။

ကလေးများ၌ တွေ့ရတတ်သော ကလန်ကဆန်အပြုအမူတို့သည် မာရ်နတ်နိုင်ငံတော်မှလာသော နှိုင်းယှဉ်လိုစိတ်၏ အကျိုးရလာဒ်များဖြစ်သည်။ ကလေးများ၌ တွေ့ရတတ်သည့် မျက်နှာပြောင်တိုက်တတ်သော သူတို့၏ တစ်ကိုယ်ကောင်းစိတ်၊

ကျေးဇူးမသိတတ်သော အပြုအမူများက ကျွန်တော်တို့ကို မကြာခဏ မူးသွားစေလောက်သည်။ ထိုအပြုအမူများသည် မွေးရာပါ အမူအကျင့်များ ဖြစ်ပါသလော။ မဟုတ်ပါ။ ကျွန်တော်တို့ သိပြီးသည့်အတိုင်း ယေရှု၏ အကူအညီမပါဘဲ မည်သူမျှ မာရ်နတ်နိုင်ငံတော်ထဲမှ ထွက်မလာနိုင်ပါ။ အသက်ရလာလေလေ ကျွန်တော်တို့သည် ဉာဏ်နီဉာဏ်နက်များလာသည်။ သိမ်မွေ့လာသည်။

အထက်တန်း ကျောင်းသားအရွယ်အထိ ကျွန်တော် ကောင်းကောင်းမွန်မွန် ဝါဒသွတ်သွင်းခံရသည့်အရွယ် ဖြစ်သည်။ ပညာရေး၊ အားကစား၊ အလှအပ နတ်ဘုရားများကို ကောင်းကောင်းမွန်မွန်ကိုးကွယ်တတ်ရန် သင်ယူနေရသည့် အချိန်ဖြစ်သည်။ ငွေဘုရားကို ကျွန်တော် ကိုးကွယ်ချင်ခဲ့သည်။ သို့သော် အလုပ်အကိုင်က မရှိ။ ကျွန်တော့် ဘေးပတ်ပတ်လည်ရှိ အရာအားလုံးက ကျွန်တော့်ကို ကြိုးစားရန်၊ ကြီးကြီးမားမားတစ်ခုခု လုပ်ပြနိုင်ရန် ဖိအားပေးနေသည်။ အောင်နိုင်သူများကိုသာ လောကကြီးက လက်ခံ၍ ရှုံးနိမ့်သူများသည် ဖွတ်ကျားသာသာဖြစ်ကြောင်း ကျွန်တော်သိသည်။ ထို့ကြောင့် ကျောင်းနေခဲ့စဉ်က ကျွန်တော့် ဦးတည်ချက်သည် သင်ယူခြင်း၌ ပျော်မွေ့တတ်ရန် မဟုတ်ဘဲ၊ အတန်းထဲ ပထမရဖို့သာဖြစ်လာသည်။ ရုပ်ရှင်ဇာတ်လမ်းကြည့်လျှင်လည်း ထိုယုံကြည်ချက်ကို အားဖြည့်မည့် ဇာတ်ကားမျိုးကိုသာ ကြည့်သည်။ ဇာတ်လိုက်မင်းသားတို့သည် အမျိုးသမီးများ၏ နှလုံးသားကို ဆွဲဆောင်ဖမ်းစားနိုင်ရန် ကြီးကြီးမားမားတစ်ခုခု လုပ်ပြရလေ့ရှိသည်။ ထိုအချက်များကြောင့် ချစ်ကြိုက်ခြင်းသည် ကြိုးစားလုပ်ယူရမည့်အရာ၊ အမျိုးသမီးများသည် သူငယ်ချင်းဆိုသည်ထက် ကြိုးစားဆွတ်ခူးရမည့် ဆုလာဒ်စသည်ဖြင့် ကျွန်တော်မြင်ယောင်လာသည်။ သင်လည်း မဝန်ခံရုံသာရှိမည်၊ ကျွန်ုပ်တို့၏ မသိစိတ်ထဲတွင် ကျွန်တော်တို့ ထိုကဲ့သို့ ထပ်တူထင်မြင်ကြပါသည်။

ဤသို့ဖြင့် စိတ်ကူးယဉ်ခြင်း စတင်တော့သည်။ အိပ်ယာပေါ်လှဲ၍ ဩစတြေးလျနိုင်ငံ့ဂုဏ်ဆောင်အဖြစ် ခရစ်ကတ်ပြိုင်ပွဲတွင် အနိုင်ရရှိသူဖြစ်လိုက်၊ စိတ်ဓာတ်

ကျနေသည့် ကောင်မလေးများကို စွန့်စားကယ်တင်သူဖြစ်လိုက်နှင့် မကြခဏ စိတ်ကူးယဉ်တတ်သည်။ ထိုစိတ်ကူးများသည် ကျွန်တော့်ဘဝတန်ဖိုးကို တည်ဆောက်သည့် အစိတ်အပိုင်းများဖြစ်လာသည်။

ပိုပိုစိတ်ကူးယဉ်ကြည့်လေလေ၊ ထိုကဲ့သို့ ဖြစ်ချင်လာလေလေ၊ ထိုအရာများကို ရရှိ ပိုင်ဆိုင်ချင်လာလေလေ ဖြစ်လာ၏။ ပြဿနာမှာ ထိုအရာများကို စိတ်ကူးရုံနှင့် မရနိုင်။ အခြားလူများကို အနိုင်ယူရန် လိုသည်။ မိတ်ဆွေအပေါင်းအသင်း လိုချင်သော်လည်း ကျွန်တော့် အိမ်မက်များကို ပိုလိုချင်မိသည်။ အဆင်ပြေသည့်အခါ ယဉ်ယဉ်ကျေးကျေးလေး နေတတ်သော်လည်း လိုအပ်လာလျှင် အိမ်မက်များအတွက် တိုက်ပွဲဝင်ရန်ပင် ဆန္ဒပြင်းပြလာသည်။

ရည်မှန်းချက်များအတိုင်း ကြိုးစားသည်။ အားကစားနှင့် ပညာရေးတွင် ကျွန်တော် ထူးချွန်သည်။ အိမ်မက်သုံးခုအနက် နှစ်ခု အရာထင်လာသည်ကလည်း မဆိုးလှ။ သို့နှင့် တစ်မျိုးကြံရပြန်သည်။ အောင်မြင်၍ ထိပ်သို့ရောက်လာသည့်အခါ ကျမသွားရန်၊ ထိုနေရာ၌ မြဲနေနိုင်ရန် ကြိုးစားရပြန်သည်။ အထက်ကိုသာ အာရုံစိုက်၍ ကိုယ့်နေရာကို စောင့်ထိန်းရသည်။ ကျော်ကြားမှုကိုလည်း တောင့်တလာသည်။ အငြိမ်းမရ ဖြစ်လာသည်။ တစ်ခုခု အမှားလုပ်မိမည်ကို စိုးရိမ်နေရသည်။ ကျော်တက်မခံရအောင် အမြဲသတိထားနေရသည်။

ထိုအတိုင်း အချိန်အတိုင်းအတာတစ်ခုထိ ကြိုးစားခဲ့သည်။ နောက်ပိုင်းတွင် ဆန္ဒအားလုံး အကောင်ထည်ဖော်ရန် မဖြစ်နိုင်ကြောင်း နားလည်လာသည်။ ထိုအခါ ဒေါသဖြစ် ပေါက်ကွဲရပြန်သည်။ သစ္စာဖောက်ခံရသကဲ့သို့ ခံစားလိုက်ရသည်။ အကောင်းဆုံး ကြိုးစားကိုးကွယ်ခဲ့သော်လည်း ထိုနတ်ဘုရားများသည် ယခု ကျွန်တော့်ကို လှောင်ပြောင်နေကြသည်။ တည်မြဲသော လူ့တန်ဖိုးကို မပေးနိုင်သည့် စနစ်တစ်ခုထဲတွင် ပိတ်မိနေသည်ဖြစ်၍ အလွန်ဒေါသထွက် ခံပြင်းရသည်။

မူးယစ်ဆေးနွံမိနေသော လူငယ်များ၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံကြ သောလူငယ်များ၊ ပျက်စီးနေသော လူငယ်များ၊ ထိရှလွယ်လွန်းသောလူငယ်များ အကြောင်း မကြာခဏ မြင်ရ၊ ကြားရဖန်များလာသောအခါ အများစုက နားမလည်နိုင်ဖြစ်ကြသည်။ လူငယ်များအနေဖြင့် သူတို့ စိတ်ကူးအိပ်မက်များကို သူတို့အစွမ်း အစဖြင့် မည်သည့်အခါမျှ ရယူပိုင်ဆိုင်နိုင်မည် မဟုတ်ကြောင်း သဘောပေါက်လာသည့်အခါ ထိုကဲ့သို့ ပြုမူလာကြသည်ဟု ကျွန်တော် ထင်မိပါသည်။ အခြားသူများ၏ အမြင်များဖြင့် သူတို့ကိုယ်သူတို့ နှိုင်းယှဉ်ကြရာ စိတ်ကျေနပ်မှု မရနိုင်သည်နှင့် စိတ်ပျက်ကာ သူတို့ကိုယ်သူတို့ ဖျက်ဆီးလာကြသည်။

ဘတ်စကက်ဘော ပြိုင်ခဲ့သည့် တစ်နေ့ကို မှတ်မိပါသေးသည်။ အချိန်မကျန်တော့သည်နှင့်အမျှ ပြိုင်ပွဲက ပိုပိုပြင်းထန်လာသည်။ ကျွန်တော် ကပ်ရသည့် လူသည် ရုတ်တရပ် ဂိုးပေါက်ဘက်ရွေ့ကာ ဂိုးသွင်းရန် ဘောလုံးကို သယ်လာစဉ် ကျွန်တော်ဝင်၍ သန့်သန့်ရှင်းရှင်း ဖြတ်ထုတ်လိုက်သည်။ မမျှော်လင့်ဘဲ ခရာမှုတ်ကာ “ဖောင်းဘော” ဟု အော်သည့် ဒိုင်လူကြီး၏ အသံကို ကြားလိုက်ရသည်။ ကျွန်တော် သူ့ကို ထိပင်မထိခဲ့။ စိတ်ထဲ ဒေါသချောင်းချောင်းထွက်လာသည်။ အကောင်းအဖို့ ထားထားသော ထိုစနစ်သည် ကျွန်တော့်ကို သစ္စာဖောက်လိုက်သည်။ ဒိုင်လူကြီး၏ ရှေ့တည့်တည့် နှစ်လက်မခန့်အကွာမှ သူ့ကို ပြန်အော်ပစ်လိုက်သည်။ ရုတ်တရက်ထွက်လာသော ဒေါသကို မထိန်းချုပ်နိုင်ခဲ့။ ကျွန်တော့်ကို ပြိုင်ပွဲမှ ထုတ်ပစ်လိုက်ကြသည်။ ကွင်းထဲမှ ထွက်သွားစဉ် ဘုရားသခင် ကျွန်တော့်ကို စကားပြောခဲ့သည်ဟု ထင်မိသည်။ “မင်း ဘာမှားနေတာလဲ။ မင်း တကယ်ကို ရှုံးခဲ့တာပဲ။ ကိုယ့်စိတ်ကိုတောင် မထိန်းလိုက်နိုင်ဘူး” စသည်ဖြင့် ကျွန်တော့်ကို ကျွန်တော် မေးခွန်းထုတ်ခဲ့မိသည်။ ကျွန်တော့်ကို ကျွန်တော် ပထမဆုံးအကြိမ် သုံးသပ်မိခြင်းဖြစ်သည်။ ပိုကောင်းသောအရာများကို ကြိုးစားရှာဖွေရန် ဘုရားသခင် ကျွန်တော့်ကို ခေါ်ဖိတ်

နေသည်။ ကျွန်တော် ကြိုးစားရှာဖွေနေသောအရာများထက် သာ၍ကောင်းသော အရာရှိလိမ့်မည်ဟု စတင်စဉ်းစားမိလာသည်။

မာရ်နတ်လည်း ကျွန်တော့်အဖြစ်ကို မြင်သောအခါ ဆေးလိပ်စွဲသူသည် ဆေးလိပ်ဖြတ်ရမည်ကို သိသောအခါ မဖြတ်မီ အရင်ကထက် နှစ်ဆ ပိုသောက်လာတတ်သကဲ့သို့ ကိုယ့်အစွမ်းအစကို ပိုမိုအားကိုးသူဖြစ်လာစေရန် သွေးဆောင်လာခဲ့သည်။ စိတ်ကူးအိပ်မက်များ ပျောက်ကွယ်သွားသည်နှင့် အလွယ်တကူ စိတ်တို၊ စိတ်ပျက်တတ်လာသည်။ တစ်နေ့ အမေ ကျွန်တော့် အခန်းထဲဝင်လာသည်။ ရှုပ်ပွနေသော အခန်းကြောင့် အဆူခံလိုက်ရသည်။ အခန်းမှာ သပ်သပ်ရပ်ရပ် မဟုတ်လှသော် လည်း ယောကျ်ားလေးအများစု၏ အခန်းများလောက်တော့ သန့်ပါသေးသည်။ ကျွန်တော့် အခန်းထဲလာ၍ ဆူပူရကောင်းလားဟု ကျွန်တော် အလွန်ဒေါသထွက်သွားသည်။ အထိမိဆုံး၊ အရက်စက်ဆုံး စကားလုံးများဖြင့် အခန်းထဲမှ ထွက်သွားရန် ပယ်ပယ်နယ်နယ် ပြောလိုက်မိသည်။

လူတစ်ဦးနှင့် တစ်ဦး မတူညီသည့် နည်းလမ်းများဖြင့် ဘုရားသခင် ချဉ်းကပ်သည်မှာ စိတ်ဝင်စားစရာကောင်းပါသည်။ ကျွန်တော့် သူငယ်ချင်း တော်တော်များများက သူတို့အမေကို အရိုအသေမဲ့ အသုံးနှုန်းများဖြင့် ခေါ်ပြောတတ်ကြသည်။ ကျွန်တော့်ကိုမူ အဖေက မိဘကို ရိုသေတတ်ရန် ကောင်းမွန်စွာ သင်ပေးနိုင်ခဲ့သည်။ သူငယ်ချင်းများကဲ့သို့ ကိုယ့်အမေကို အရိုအသေမဲ့ ရိုင်းစိုင်းစွာ မဆက်ဆံရန် ကျွန်တော် ကတိကဝတ် ပြုခဲ့ဖူးသည်။ မထင်မှတ်ဘဲ အမေ့ကို အရိုအသေမဲ့ ဆက်ဆံမိပြီဖြစ်ကြောင်း သတိလည်လာသောအခါ ကိုယ့်ကိုယ်ကိုယ် လုံးဝတန်ဖိုးမရှိသော အလကားလူအဖြစ် ခံစားခဲ့ရသည်။ ကိုယ့်စကားကို မယုံနိုင်။ စိတ်ပျက်သထက် စိတ်ပျက်လာသည်။ အလွန်အန္တရာယ်များသော ဘာမျှဂရုမစိုက်တော့သည့် အခြေနေမျိုး ရောက်ခဲ့သည်။ ကျွန်တော် လမ်းဆုံ၌ ရပ်နေသည်။ ကျယ်သောလမ်းသည် ဝိုင်၊ မိန်းမ၊ တေးသီချင်းများဖြင့် ကျွန်တော့်ကို လက်ကမ်းကြိုနေသည်။ တစ်ဖက်တွင် သမ္မာ

ကျမ်းစာ၌ ပြထားသော ကျဉ်းသောလမ်းရှိသည်။ မိဘများက သွန်သင်ပြပေးသည့် ဘာသာတရားကို လိုက်ရမည်လော။ သို့မဟုတ် ကျယ်သော လမ်းမထက်တွင် တောက်ပသော ကြယ်တံခွန်ပမာ လိုက်သွားရမည်လော။ ခရစ်ယာန်တစ်ဦးအဖြစ် ဟန်ဆောင်နေရသည်ကို လက်မခံနိုင်တော့။ ယခု ပြန်စဉ်းစားကြည့်သောအခါ ကျွန်တော်သည် ခရစ်ယာန်အသိုင်းအဝိုင်းထဲမှ ကြီးပြင်လာသူဖြစ်သော်လည်း စစ်မှန်သော ခရစ်ယာန်တစ်ဦး မဟုတ်ခဲ့ချေ။ ရွေးချယ်စရာ ခရစ်တော် သို့မဟုတ် မာရ်နတ် နှစ်မျိုးသာရှိသည်။ ကျေးဇူးတော်ကြောင့် သမ္မာကျမ်းစာ၌ ဖော်ပြထားသော စစ်မှန်သော ခရစ်တော်ကို ရှာဖွေရန် ကျွန်တော်ရွေးချယ်နိုင်ခဲ့သည်။

ကျွန်တော်တို့ အိမ်တွင် နှစ်ပေါင်းများစွာ ရှိနေခဲ့သော "သုခချမ်းသာ လမ်းညွှန်" (Steps to Christ) စာအုပ်ကို ဖတ်ရန် ဆုံးဖြတ်ခဲ့သည်။ စာအုပ်ခေါင်းစဉ်သည် ကျွန်တော် လိုအပ်နေသောအရာနှင့် အံကိုက်ဖြစ်နေသည်။ ခရစ်တော်ကို ရှာတွေ့ရန် ထိုစာအုပ်ကို ဆာလောင်မွတ်သိပ်စွာ ဖတ်ရှုခဲ့သည်။ မာရ်နတ်နိုင်ငံတော်ကို ကျွန်တော် မခံစားနိုင်တော့ပါ။ ကောင်းကင်သို့ တက်သွားနိုင်မည့် လှေကားတစ်စင်း ရှာတွေ့မှ ရတော့မည်။

စာအုပ်အစပိုင်းတွင် ဘုရားသခင်နှင့်ပတ်သက်၍ လူသားတို့၏ အထင်လွဲမှားမှုများကို ဖြေရှင်းရန်နှင့် ဘုရားသခင် ကျွန်ုပ်တို့ကို အမှန်တကယ် ချစ်မြတ်နိုးကြောင်း ပြသရန် ယေရှုကြွလာခဲ့ခြင်းဖြစ်ကြောင်း စာရေးသူက ရှင်းပြထားသည်။ ခြောက်သွေ့သောမြေပြင်သည် နွေမိုးကို တောင့်တသကဲ့သို့ စာအုပ်ကို ကျွန်တော် အငမ်းမရ ဖတ်ခဲ့သည်။ ဂေသရှေမာနေဥယျာဉ်၌ ဆုတောင်းနေသော ယေရှုအကြောင်း ဆင်ခြင်ကာ ကားတိုင်တော်အထိ သူ့နောက်လိုက်ရန် စာရေးသူက ကျွန်တော့်ကို ခေါ်ဖိတ်နေခဲ့သည်။

ထိုမြင်ကွင်းများကို ကျွန်တော် စိတ်ကူးပုံဖော်နေစဉ် အကယ်ပင် သူ့အအနားမှာ ရပ်၍ သူ့ကို ကြည့်နေရသကဲ့သို့ ခံစားခဲ့ရသည်။ ကားတိုင်ထက်က မြင်ကွင်းများသည် တကယ့်မြင်ကွင်းများနှင့် တူလှ၏။ သူသည် ကျွန်တော့်ကို ချစ်သောကြောင့်၊ မာရ်နတ်နိုင်ငံတော်မှ ထွက်သွားလိုသော ကျွန်တော့်တောင့်တမှုကို နားလည်သောကြောင့် ကားတိုင်ထက်၌ ချိတ်ဆွဲခံခဲ့သည်ဟု ကျွန်တော် အပြည့်အဝ ခံစားလိုက်ရသည်။ သူသည် ယုံကြည်ထိုက်သောသူ၊ ကျွန်တော့်အတွက် အကောင်းဆုံးသူငယ်ချင်း၊ ကျွန်တော့်ကို ကောင်းကင်နိုင်ငံတော်သို့ ဦးဆောင်လမ်းပြမည့်သူ ဖြစ်သည်ဟု ကျွန်တော် ခံယူလိုက်သည်။ သူ့ကို မျှော်ကြည့်နေစဉ် ကျွန်တော့်အသက်ကို ကယ်တင်လိုသော သူ့အပေါ် အလွန်ကျေးဇူးတင်နေမိသည်။ နှစ်ပေါင်းများစွာ ကျွန်တော်ကျောထမ်းခဲ့သော အပြစ်ရှိစိတ်၊ စိုးရိမ်ပူပန်မှု၊ စိတ်ဓာတ်ကျမှု ၊ ကြောက်ရွံ့မှုတို့ လွင့်စင်ပျောက်ကွယ်သွားသည်။ မည်သည့်အချိန်ကမျှ မခံစားခဲ့ရဖူးသော ငြိမ်သက်ပျော်ရွှင်မှုသည် ကျွန်တော်နှလုံးသားထဲ ဝင်ရောက်ခိုဝင်လာသည်။ ဝမ်းသာပီတိမျက်ရည်များ တသွင်သွင် စီးကျလာ၏။ ဒါဝိဒ်သားတော်သည် မှောင်မိုက်နေသော ကျွန်တော့်ဘဝကို မွန်းတည့်နေခြည်ဖြင့် ထွန်းလင်းစေတော်မူသည်။

## ၁၄။ အမည်ကွဲ ဘုရားများ

အခန်းထဲတွင် ရယ်သံများ၊ တေးဂီတသံများ၊ ငယ်ရွယ်သူတို့၏ အငွေ့အသက်များ ပြည့်နေသည်။ အခန်း၏ အရှေ့ဘက်ရှိ စပီကာနှစ်လုံးမှ နောက်ဆုံးပေါ်ရောခ့် တေးသီချင်းများ တဒုန်းဒုန်း ကြားနေရသည်။ သူငယ်ချင်းများနှင့် ပျော်ဖို့ ပါတီပွဲတစ်ပွဲ ကျွန်တော်စီစဉ်ခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးပေါ် ဇာတ်ကားတစ်ကား၏ ဇာတ်ဝင်ခန်းတစ်ခန်းကို အာရင်းသန်သန် ရှင်းပြနေသောလူတစ်ယောက်ရှိရာ အခန်းထောင့်တစ်နေရာတွင် ကျွန်တော် ဝင်ထိုင်လိုက်သည်။ သူတို့ပြောသောအရာများကို ကြိုးစားနားထောင်သော်လည်း စိတ်မဝင်စားနိုင်။ အိမ်နောက်ဖေးပေါ်တီကို ဘက်သို့ ထွက်လာ၍ သူတို့သဘောကျသော အမျိုးသမီးများကို မည်သို့မည်ပုံ ပိုးပန်းခဲ့ကြကြောင်း ဆွေးနွေးနေကြသော အချစ်ငှက်များဆီ ဝင်ထိုက်လိုက်သည်။ သို့သော် သူတို့ပြောသောစကားများကိုလည်း စိတ်ဝင်စားခြင်း မရှိပြန်။ မိမိကိုယ်မိမိ ဘာဖြစ်နေမှန်းမသိ။ သီချင်းသံများကိုလည်း နားမခံနိုင်တော့။ အခန်းထဲလှမ်းကြည့်ရာ တီဗွီ၌ မကြည့်ချင်သော ဇာတ်ကားတစ်ကား မြင်ရပြန်သည်။ ထိုဇာတ်ကားမျိုးကို ကျွန်တော် မုန်းသည်။

နောက်လာမည့် ဇာတ်ဝင်ခန်းများကို ကြိုတွေးနေမိသည်။ အရင်က ထိုအရာများသည် ကျွန်တော့်နိဗာန်ဖြစ်ခဲ့ဖူးသော်လည်း ယခု ကျွန်တော် မကြိုက်တော့ပါ။ တစ်စုံတစ်ခုသည် ကျွန်တော့် နှလုံးသားကို သိမ်းပိုက်ထားသည်ဖြစ်ရာ ထိုအရာများကို ယခုကျွန်တော် မနှစ်သက်တော့ချေ။ "ငါ့ဘဝမှာ ပျော်စရာ မရှိတော့ပါလား။ ငါ ပျော်တော့မှာ မဟုတ်ဟူထင်တယ်"စသည့် ကြောက်စရာအတွေးမျိုး တွေးမိလာ၏။ အိမ်ရှေ့ထွက်လာ၍ "မင်း ငါ့ဘဝကို ဖျက်ဆီးလိုက်တာပဲ" ဟု လက်သီးလက်မောင်း တန်းကာ အော်ဟစ်လိုက်သည်။

ထိုအချိန်သည် ကျွန်တော် ယေရှုကိုတွေ့ပြီး ရက်သတ္တပတ်အနည်းငယ်က ဖြစ်သည်။ကျွန်တော့်ဘဝ လုံးလုံးပြောင်းလဲလာသည်။ ယေရှုကို တွေ့ပြီးနောက် မည်သည့်အခါကမျှ မခံစားခဲ့ဖူးသော ငြိမ်သက်ခြင်းမျိုး ခံစားခဲ့ရသည်။ သမ္မာကျမ်းစာလည်း အသက်ဝင်လာသည်။ ဓမ္မရေကို အဝသောက်သုံးနေစဉ် မည်သည့်အခါကမျှ မခံစားခဲ့ရဖူးသော လွတ်လပ်မှုမျိုး ခံစားခဲ့ရသည်။ ဘဝထဲ ယေရှုဝင်လာသည်နှင့် တစ်ပြိုင်နက် ကျွန်တော့်ဘဝ ချက်ချင်းပြောင်းလဲသွားသည်။ ကျွန်တော့် စကား အသုံးအနှုန်းအချို့သည် မသင့်တော်မှန်း၊ ကျွန်တော့် ပျက်လုံးအချို့သည် ရိုင်းနေမှန်း၊ ကျွန်တော့်နေပုံထိုင်ပုံအချို့သည် ယခုကျွန်တော် ဦးတည်သွားနေသည့် ခရီးနှင့် ကိုက်ညီမှုမရှိမှန်း သိလာသည်။ ကျွန်တော်သည် အသစ်သော နိုင်ငံတစ်နိုင်ငံသို့ ဦးတည်သွားနေသူဖြစ်သည်။ မသွားဖူးသော နိုင်ငံရပ်ခြားတစ်နိုင်ငံသို့ သွား၍ သူတို့ဘာသာစကား၊ ရိုးရာ၊ အကျင့်ဓလေ့များကို သုညမှစ၍ လိုက်လံသင်ယူရသည်နှင့် တူပါသည်။ ထိုနိုင်ငံတော်၏ အရှင်သခင်ကို ကျွန်တော်နှစ်သက်သောကြောင့် သင်ယူလိုစိတ် အပြည့်ရှိခဲ့သည်။ သို့သော် ထိုနိုင်ငံနှင့် ဆန့်ကျင်ဘက်နိုင်ငံတွင် ပညာသင်ယူခဲ့သူဖြစ်ရကား ကျွန်တော်သွားလိုသော နိုင်ငံတော်နှင့် ကိုက်ညီသည့် နေပုံထိုင်ပုံမျိုး ပြုမူနေထိုင်တတ်ရန် အချိန်လိုပါသည်။

ထိုပါတီပွဲညမှသာ ကျွန်တော် မည်သို့ လုံးလုံးပြောင်းလဲသွားကြောင်း သိလိုက်ရသည်။ ယေရှုသည် မေတ္တာတော်နှင့် ကျွန်တော့်နှလုံးသားကို သိမ်းပိုက်ထားသည်ဖြစ်ရာ သူခေါ်ရာသို့ မငြင်းဆန်နိုင်။ ထိုပါတီညတွင် ကျွန်တော်အရင်က ပုံမှန်ဟု ယူဆခဲ့သောအရာများ၊ ပြုမူနေထိုင်ပုံများမှ ကျွန်တော့်ကို သူခေါ်ထုတ်နေကြောင်း သဘောပေါက်ခဲ့သည်။ ကျွန်တော်ဘာမျှ သိပ်မသိသေးသည်ဖြစ်၍ အဟောင်းများကို အစားထိုနေသည့် အသစ်သောအသက်တာသည် ဘဝဟောင်းလောက် ပျော်စရာကောင်းပါ့မလားဟု စိုးရိမ်နေခဲ့သည်။ မှန်သည်၊ ကောင်းသည်ဟု သိသော်လည်း ကျွန်တော်တို့နှင့် မရင်းနှီးသောအရာများကို စိတ်မချနိုင်ဖြစ်ရန် လွယ်ကူလှသည်။

ကျေးဇူးတော်ကြောင့် ကျွန်တော့်ခံစားချက်၊ အသိစိတ်များထက် ခရစ်တော်ကို ယုံကြည်ကိုးစားရန် ကျွန်တော်ရွေးချယ်နိုင်ခဲ့သည်။ ယေရှုက ကျွန်တော့်ဘဝကို တာဝန်ယူလိမ့်မည်ဟု ပုံအပ်ခဲ့လိုက်သည်။

သခင်ယေရှုကို ကျွန်ုပ်၏ကယ်တင်ရှင်အဖြစ် လက်ခံသည့်အခါ ရက်သတ္တပတ်များစွာ ပျော်ရွှင်ပီတိဖြစ်နေခဲ့သည်။ ယနေ့အထိ သူ ကျွန်တော်နှင့်အတူ ရှိနေပေးပါလားဟု သူ၏အတူရှိခြင်းကို ခံစားနိုင်ခဲ့သည်။ သူ ကျွန်တော့်အတွက် ကောင်းကင်နိုင်ငံတော်၏ တံခါးများကို ဖွင့်ပေးလေပြီ။ ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်လိုသည့် မျိုးစေ့များကိုလည်း ကူညီပယ်ရှားပေးသည်။ ထူးချွန်၊ အောင်မြင်မှုများအပေါ် မူတည်၍ ဘဝတန်ဖိုးကို ခွဲခြားသတ်မှတ်တတ်သော ကျွန်တော့်အတွေးအခေါ်များ ကို အမြစ်မှ ကူညီဆွဲနုတ်ပေးတော်မူ၏။ ထိုခရီးသည် အာဒံ၏ သားများအားလုံး လိုက်လျောက်ရမည့် ခရီးဖြစ်သည်။ ထိုသို့ လိုက်လျောက်နိုင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ ကားတိုင်တော်အလင်းကို မျက်ခြေမပျက် မျှော်ကြည့်ကာ၊ အသစ်သောနိုင်ငံတော်၏ နည်းဥပဒေသများအတိုင်း သွားနေသော ကျွန်ုပ်တို့ကယ်တင်ရှင်၏ ခြေရာတော်များအတိုင်း နှိမ့်ချကျိုးနွံစွာ လိုက်လျောက်ရန်ဖြစ်သည်။

သူငယ်ချင်းများနှင့်အတူ ဆုတောင်းအစည်းအဝေးများ စတင်တက်ရောက်ခဲ့သည်။ ပထမည ကျွန်တော်တို့အတူဒူးထောက်ဆုတောင်းနေစဉ် ဘုရားသခင့်ဝိညာဉ်တော်သည် ကျွန်တော်တို့နှင့်အတူ ရှိနေကြောင်း ခံစားမိခဲ့သည်။ သို့သော် အတိတ်ဟောင်း၌ ကျွန်တော့်ကို အနိုင်ကျင့်နေခဲ့သော ဝိညာဉ်တစ်မျိုးလည်းရှိနေသေးသည်။ အလှည့်ကျ အတူဆုတောင်းနေကြစဉ် "ဒီလူတွေတောင်းသလို ငါတော့ ဆုတောင်းတတ်မှာ မဟုတ်ဘူး။ သူတို့ ဆုတောင်းတာ အားရစရာကြီး" ဟူသော အတွေးဝင်လာသည်။ ထိုသို့ တွေးရင်း ကျွန်တော့်အလှည့် ရောက်ခါနီးလေလေ နှလုံးခုန်မြန်လာလေလေဖြစ်လာသည်။ အားလုံးက ကျွန်တော့် ဆုတောင်းသံကို နားထောင်နေမည်။

ထိုခဏတွင် အသိတစ်ခု ဝင်လာသည်။ ကျွန်တော် မည်သို့ ဆုတောင်းသည်မှာ အဓိကမဟုတ်၊ ဆုတောင်းအစည်းအဝေးသည် ယေရှုထံဆုတောင်းခြင်းသာဖြစ်သည်။

ဤနေရာ၌လည်း ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်လိုသည့်ဇာတိစိတ်၏ အကျိုးဆက်များ ရှိနေပြန်သည်။ ယေရှုထံ ကျွန်တော့်နှလုံးသားကို ပေးအပ်ကာ သူ့အလိုတော်အတိုင်း လိုက်လျောက်အသက်ရှင်ရန် ကြိုးစားခဲ့သော်လည်း လူဟောင်း၏ဇာတိစိတ်သည် ကျွန်တော့်ကို ပြန်ဆွဲချရန် အသင့်ရှိနေ၏။ ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်စေရန် အသင့်စောင့်ဆိုင်းနေ၏။ ဆုတောင်းရာ၌ပင် ဘုရားနှင့် ကျွန်တော့်အကြား ဆက်ဆံရေးထက် မိမိ၏တောင်းလျှောက်တတ်သည့်အစွမ်းကို အားကိုးလိုစိတ်ဖြစ်စေပြန်၏။

သမ္မာကျမ်းစာကို တင်လေ့လာခဲ့စဉ်က မကြာခဏ လိပ်ပြာမသန့် ဖြစ်မိသည်။ ခရစ်ယာန်မိသားစုမှ မွေးဖွားခဲ့သော်လည်း ကျွန်တော်သည် ကျမ်းစာအရာတွင် သူငယ်တန်းပင် မအောင်သေး။ သင်ကြားပို့ချမှုများ နားထောင်ရသည်ကို နှစ်သက်သော်လည်း "အဲ့ကျမ်းချက်တွေကို ဘယ်လိုများ လွယ်လွယ်ရှာတွေ့နိုင်ကြတာလဲကွာ။ ငါ ဘယ်တော့မှ အဲ့လိုကျွမ်းကျင်လာမယ် မထင်ဘူး"ဟု စိတ်ထင့်နေတတ်၏။ ကျမ်းချက်များရှာသည့်အခါ စမ်းတဝါးဝါးနှင့် သူများစောင့်ရသည်အထိ နောက်ကျမနေရန် ဆုတောင်းမိသည့်အခါလည်း ရှိသည်။ ရှက်စရာ ကောင်းလှပါသည်။ နှစ်ချီသင်ယူလေ့လာခဲ့ပြီးနောက် ကျွန်တော့်ဓမ္မခရီးကို အခြားသူများနှင့် ချိန်ထိုးကြည့်၏။ ကျွန်တော့် စကားအသုံးအနှုန်း၊ နေပုံထိုင်ပုံများကို ခရစ်တော်၏ ဝိညာဉ်တော်သည် အလွယ်တကူ အမှားပြပေးနိုင်ခဲ့သည်။ သို့သော် ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်လိုသည့် ဇာတိစိတ်၏ လွှမ်းမိုးမှုများသည် မည်မျှနက်ရှိုင်းစွာ အမြစ်တွယ်နေကြောင်း နားလည်နိုင်ရန် အချိန်လိုနေသေးသည်။

ခရစ်ယာန်အသက်တာတစ်လျှောက် သမ္မာကျမ်းစာကို ချစ်မြတ်နိုးတတ်လာခဲ့သည်။ သမ္မာကျမ်းစာသည် ကျွန်တော့်အတွက် အသက်စွန့်ခဲ့သော၊ ကျွန်တော်လေးစားမြတ်နိုးရသည့် စံပြပုဂ္ဂိုလ်အကြောင်း လေ့လာနိုင်မည့် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ ယေရှုအကြောင်း လေ့လာနေရသည်ကို ကျွန်တော်နှစ်သက်သည်။ ဂုဏ်ယူသည်။ သို့သော် လူဟောင်း၏ ဇာတိသဘောသည် ကျွန်တော့်ကို အစဉ်ချောင်းမြောင်းနေသည်။ ဤသို့ဖြင့် ကျွန်တော်သည် ပတ်ဝန်းကျင်ရှိ အခြားသူများထက် ကျမ်းစာအကြောင်း ပိုမိုသိရှိကြောင်း ရိပ်မိလာသည်။ ကျမ်းစာဗဟုသုတ ပိုသိရှိလာသည်နှင့်အမျှ လူအများရှေ့ ပြောရဲဆိုရဲဖြစ်လာသည်။ မကြာမီ အဖွဲ့ငယ်များကို ဦးဆောင်၍ တရားဟော၏။ ထို့နောက် ပိုပိုများလာသောအဖွဲ့များ၌ တရားဝေငှလာနိုင်သည်။ ထိုသို့ တိုးတက်လာခြင်းသည် ကျွန်တော်နှင့် ကျွန်တော့်ပတ်ဝန်းကျင်ရှိ လူများအတွက် ကောင်းချီးမင်္ဂလာဖြစ်ပါသည်။ သို့သော် တဖြည်းဖြည်း လူ့တန်ဖိုးကို စွမ်းဆောင်ရည်ဖြင့် တိုင်းတာသောအသက်တာသို့ ရောက်မှန်းမသိ ရောက်လာပြန်သည်။ အတွေ့အကြုံအရ ကျွန်တော်တို့အများစုသည် အမည်နာမအမျိုးမျိုးရှိသော်လည်း တူညီသောဘုရားများကို ကိုးကွယ်နေကြကြောင်း မြင်လာသည်။

အောက်တွင် ပြထားသည့်ဇယားကို ကြည့်ပါက သမ္မာကျမ်းစာကို ယုံလျက်နှင့် လောကီသားများနည်းတူ ပြုမူကျင့်ကြံရန် မည်သို့ လွယ်ကူကြောင်း တွေ့နိုင်သည်။ စွမ်းဆောင်ရည်ဖြင့် လူ့တန်ဖိုးကို သတ်မှတ်ခြင်းကို ဆိုလိုပါသည်။

| လောကီအသက်တာ | ခရစ်ယာန်အသက်တာ |
|---|---|
| ပညာရေးထူးချွန်မှု | ကျမ်းစာအသိပညာ |
| အားကစားထူးချွန်မှု | တရားဟောကျွမ်းကျင်မှု |
| အနုပညာထူးချွန်မှု | တေးဂီတထူးချွန်မှု |
| အလုပ်အကိုင်၊ အဆင့်အတန်း | အသင်းတော်၌ ပါဝင်သည့်ရာထူး |
| ချမ်းသာကြွယ်ဝမှု | ဝိညာဉ်ဆုကျေးဇူးများပြားခြင်း |
| ရုပ်ရည်ချောမောလှပမှု | အသင်းတော်ပွဲများ အဆင့်မြင့်မြင့်ကျင်းပခြင်း |

ကျွန်တော်တို့အများစု၏ အသက်တာ၌ မမြင်ရသော ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်လိုသည့် စိတ်သဘောထားသည် ယေရှုနှင့်အတူ လျှောက်လှမ်းရာတွင် များစွာနှောင့်ယှက်တားဆီးတတ်သည်။ ယနေ့ အသင်းတော်များကို ကျွန်တော် အကဲခတ်သည့်အခါ လောက၌ ကျွန်တော်တို့ ရှောင်ပြေးခဲ့သောဘုရားများကို အသင်းတော်ထဲ၌ ကိုးကွယ်ကြသည်ကို တွေ့နေရသည်။ ထိုဘုရားတို့သည် သူတို့ကိုယ်သူတို့ အလင်းဝတ်ရုံများဖြင့် လွှမ်းခြုံထားသဖြင့် ကျွန်တော်တို့က သူငယ်ချင်းကောင်းများအဖြစ် အထင်မှားကြသည်။ အကျိုးဆက်မှာ အသင်းတော်၌ အငြင်းပွားတိုက်ခိုက်မှုများ၊ မုန်းတီးမှုများ ရှိလာသည်။ အသင်းတော်ထဲ၌ ဘာသာရေးကိုင်းရှိုင်းဟန် လုပ်ပြရသည်မှာ လွယ်ကူလှသည်။ သို့သော် သင်အတင်းပြောသည်ကို ခံရသောအသင်းသားတစ်ဦးသည် ပြန်ကြားသဖြင့် သင့်ကို စကားမပြောလျှင် အဘယ်သို့ဖြစ်မည်နည်း။ အတီးမကောင်းဟု အပြောခံရသော ပီယာနိုသမားသည် အခြားအသင်းတော်တစ်ခု၌ ဘုရားကျောင်းတက်လျှင် အဘယ်သို့ရှိမည်နည်း။ အသင်းတော်ထဲ၌ သူတို့သင်ကြားသော အသင်းတော်ယုံကြည်ချက်များအတိုင်း မလက်ခံသူများကို ချောင်းမြောင်းရှာကြံကာ အသင်းတော်မှ ထုတ်ပယ်ရန် အသင့်ရှိနေတတ်သူများသည် အဘယ်သို့နည်း။ သူတို့၏ အသစ်သော ချီးမွမ်းကိုးကွယ်မှုပုံစံအတိုင်း အားလုံးကို ကိုးကွယ်စေလို၍ မနှစ်သက်သူများအပေါ် မကောင်းဆက်ဆံတတ်သော ချီးမွမ်းကိုးကွယ်ခြင်းအစီစဉ် ဦးဆောင်သူများသည်လည်း အဘယ်သို့ ရှိသနည်း။ ပြောစရာ မဆုံး ရှိပါသည်။ ကျွန်ုပ်တို့၏ ရန်သူသည် ကျွန်တော်တို့ ထိုသို့ ပြုမူနေသမျှကာလပတ်လုံး သူ့ဘက်တော်သားများဖြစ်နေသေးကြောင်း သိနေသည်။

မာရ်နတ်နိုင်ငံတော်၏ နည်းစနစ်များအတိုင်း ပြုမူနေတတ်ခြင်း၏ အကြောင်းရင်းမှာ အသင်းတော်၌ ခရစ်ယာန်ချစ်ခြင်းနှင့် စည်းလုံးညီညွတ်ခြင်း အစစ် မရှိသေး

သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့နှင့် သူ့အကြား ဆက်ဆံရေးကို ဘုရားသခင် ဂရုစိုက်သည့်နည်းတူ သူနှင့်ကျွန်ုပ်တို့အကြား ဆက်ဆံရေးကို ကျွန်တော်တို့ ဂရုစိုက်မည်ဆိုလျှင် အသင်းတော်၌ တစ်ဦးပေါ်တစ်ဦး ချစ်ခင်ကြင်နာခြင်း၊ ဂရုစိုက်အလေးစားခြင်းများ ပိုရှိလာမည်ဖြစ်သည်။

ကျွန်တော်တို့အသက်တာ၌ တွေ့ရသော လောကီဘုရားများကို အသင်းတော်၌ အမည်ပြောင်း၍ ကိုးကွယ်မိသည့် အဖြစ်မျိုးကို အသင်းတော်လည်း ကြုံတွေ့တတ်သည်မှာ စိတ်ဝင်စားစရာ ကောင်းလှပါသည်။ အေဒီ ၄ရာစု၌ ကွန်စတန်းတင့်ဘုရင်သည် ခရစ်ယာန်ဘာသာသို့ ပြောင်းလဲလာသည့်အခါ ခရစ်ယာန်အသင်းတော်သည် ပြောင်းလဲမှုများစွာ ကြုံခဲ့ရသည်။ ထိုအရာများထဲမှ ထင်ရှားသောပြောင်းလဲမှုတစ်ခုမှာ ရုပ်ထုကိုးကွယ်သူများ၏ ဘုရားကျောင်းထဲက နတ်ဘုရားရုပ်ထုများကို ကျမ်းစာထဲမှ ထင်ရှားသည့်ပုဂ္ဂိုလ်များဖြစ်သော မောရှေ၊ ဒါဝိဒ်၊ ပီတာစသည့် အမည်များမည့်ပေး၍ ခရစ်ယာန်ဘုရားကျောင်းထဲ ပြောင်းရွှေ့ခဲ့ကြခြင်းဖြစ်သည်။ သူတို့ကိုးကွယ်ခဲ့သော နတ်ဘုရားများကိုပင် အမည်ပြောင်းလဲပေးခဲ့ခြင်းသာဖြစ်သည်။ မည်သို့ပင် ပြင်ဆင်ပြောင်းလဲကြစေကာမူ ထိုအရာသည် ရုပ်ထုကိုးကွယ်ခြင်းသာဖြစ်သည်။ ယနေ့ ကျွန်တော်တို့ ထိုအရာကို မည်သို့ မြင်ကြသနည်း။ တမန်တော်များ ဟောကြားခဲ့သောသမ္မာတရားမှ လမ်းလွဲသွားစေရန် အသင်းတော်ကို တိုက်ခိုက်မှုတစ်ရပ်သာဖြစ်သည်။ ထိုသဘောတရားကို နေ့စဉ်အသက်တာ၊ လုပ်ငန်းခွင်များ၌လည်း မြင်နေရက ဆိုးပါသည်။ ကျွန်ုပ်တို့ ညီအစ်ကိုများ၏ မျက်စိ၌ရှိသော သစ်အမှုန်အစကို ထုတ်ပေးဖို့ မပြောမီ ကျွန်ုပ်တို့မျက်စိ၌ရှိသောသစ်တုံးကို သေသေချာချာဦးစွာ ရှင်းသင့်ပါသည်။

ခရစ်တော်၏ ဇောအသန်ဆုံးတပည့်တော်များဖြစ်သည့် တမန်များ၏ ဝိညာဉ်ရေးရာခရီးအကြောင်း လေ့လာရသည်မှာလည်း စိတ်ဝင်စားစရာ ကောင်းလှသည်။

သူတို့အကြား အာဏာ၊ ရာထူးနှင့်ပတ်သက်၍ အငြင်းပွားတတ်ကြသည်။ အောက်ပါကျမ်းချက်များကို လေ့လာကြည့်ကြပါစို့။

ထိုအခါ တပည့်တော်တို့သည် ချဉ်းကပ်၍ ကောင်းကင်နိုင်ငံတော်၌ အဘယ်သူသည် သာ၍ကြီးမြတ်ပါအံ့နည်းဟု မေးလျှောက်ကြ၏။ ရှင်မဿဲ ၁၈း၁။

ထိုသို့တပည့်တော်များ မေးရသည့်အကြောင်းရင်း တစ်ခုသာရှိသည်။ မိမိကိုယ်ကျိုးစီးပွားကြည့်လိုစိတ်ဖြစ်သည်။ ယေရှုသည် မေရှိယ၊ ခရစ်တော်ဖြစ်သည်ဟု သူတို့ ယုံကြည်ကြသည်။ လေးလေးနက်နက် ယုံကြည်ကြသည်။ သူ့အတွက် လိုအပ်လျှင် အသေခံဝင့်သူပင်ရှိသည်။ သို့သော် ကျွန်တော် ဆုတောင်းမည့်အခါ ဘုရားနှင့်ကျွန်တော့်အကြား ဆက်ဆံရေးထက် ကျွန်တော့်ဆုတောင်းတတ်မှုအပေါ် စိတ်ရောက်သွားသကဲ့သို့ တပည့်တော်များသည်လည်း မေရှိယနှင့် သူတို့အကြား ဆက်ဆံရေးမှ သူ့နိုင်ငံတော်၌ သူတို့ ရရှိမည့် ဂုဏ်ရာထူးဘက်သို့ စိတ်ရောက်သွားခဲ့ကြသည်။

ထိုအခါ ဇေဗေဒဲ၏သား ယာကုပ်နှင့်ယောဟန်သည် အထံတော်သို့ ချဉ်း ကပ်၍၊ အရှင်ဘုရား၊ အကျွန်ုပ်တို့တောင်းသော ဆုကျေးဇူးကို ပြုတော်မူစေချင်ပါသည်ဟု လျှောက်လေ၏။ - (၃၆) ကိုယ်တော်က၊ ငါသည် သင်တို့ကို အဘယ်သို့ပြုစေချင်သနည်းဟု မေးတော်မူသော်၊ - (၃၇) ကိုယ်တော်သည် ဘုန်းပွင့်တော်မူသောအခါ အကျွန်ုပ်တို့သည် လက်ျာတော်ဘက်၌ တစ်ယောက်၊ လက်ဝဲတော်ဘက်၌ တစ်ယောက် ထိုင်ရသော အခွင့်ကို ပေးတော်မူပါဟု လျှောက်ကြ၏။ ရှင်မာကုခရစ်ဝင် ၁၀း၃၅-၃၇။

ရာထူး၊ဂုဏ်အသရေနတ်ဘုရားသည် ယာကုပ်နှင့် ယောဟန်တို့ သင်ယူနေသည့် အသစ်သောနိုင်ငံတော်၏ သဘောတရားများကို လွှမ်းမိုးအနိုင်ယူသွားသောကြောင့် ခရစ်တော်၏ နိုင်ငံတော်တွင် သူ၏ လက်ယာ၊ လက်ဝဲဘက်၌ ထိုင်ရသောအခွင့်ကို

တောင်းမိခဲ့ကြခြင်းဖြစ်သည်။ မာရ်နတ်နိုင်ငံတော်၏ အတွေးအမြင်များတိုင်း ပြုမူနေကြသေးသော သူတို့အပေါ် ယေရှုစိတ်မပျက်ခဲ့ပါ။ မာရ်နတ်နိုင်ငံတော်၏ အတွေးအမြင်၊ အပြုအမူများသည် ကျွန်ုပ်တို့စိတ်ထဲတွင် မည်မျှနက်ရှိုင်းစွာ အမြစ်တွယ်နေကြောင်း သူသိသည်။ ထိုအဖြစ်ကို ကျွန်တော်တို့ မြင်နိုင်ရန် အချိန်လိုကြောင်း သူသိသည်။ ပြဿနာမှာ နိုင်ငံတော်ဟောင်း၏ သဘောတရားများက ကျွန်တော်တို့ကို အနိုင်ယူရန် ကျွန်တော်တို့ ခွင့်ပြုသည့်အခါ အောက်ပါအတိုင်း ဖြစ်လာတော့သည်။

> အခြားသော တပည့်တော်တစ်ကျိပ်တို့သည် ကြားသိလျှင်၊ ယာကုပ်နှင့် ယောဟန်တို့ကို အမျက်ထွက်ကြ၏။ ရှင်မာကုခရစ်ဝင် ၁၀း၄၁။

ထိုလူဟောင်း၏ အမူအကျင့် အစိုးရရန် ကျွန်တော်တို့ ခွင့်ပြုသည့်အခါ ယှဉ်ပြိုင်မှု ဧကန်ပေါ်ပေါက်ရတော့သည်။ ယာကုပ်နှင့် ယောဟန်တို့အပြုအမူသည် အခြားသောတပည့်တော်များကို အဘယ့်ကြောင့် အမျက်ထွက်စေခဲ့သနည်း။ ညီအစ်ကိုတို့၏ အပြုအမူက "ငါတို့က မင်းတို့ထက် သာတယ်" ဟူသော အဓိပ္ပာယ်ဆောင်နေသောကြောင့်ဖြစ်သည်။ သူတို့ ထိုကဲ့သို့ မရည်ရွယ်ခဲ့တာလည်း ဖြစ်နိုင်ပါသည်။ သို့သော် ဂုဏ်ရှိန်၊ ရာထူးမက်မောသည့် စိတ်သည် ယှဉ်ပြိုင်မှုကို အမြဲဖြစ်စေသည်။ ထိုအဖြစ်အပျက်ကို ယေရှုက သူတို့ကြီးပြင်လာရာ နိုင်ငံတော်နှင့် သူ့နိုင်ငံတော် မည်သို့ ခြားနားကြောင်းသိစေရန်၊ သူတို့အတွေးအမြင်များ ကျယ်ပြန့်နိုင်လာစေဖို့ အခွင့်အရေးတစ်ခုအဖြစ် အသုံးချခဲ့သည်။ သူတို့ အတွေးအမြင်များကို ပြောင်းလဲရမည်ဖြစ်သည်။

> ယေရှုသည် ထိုသူတို့ကို ခေါ်တော်မူ၍၊ သင်တို့ သိသည်အတိုင်း လောကီမင်းတို့သည် အစိုးတရ ပြုတတ်ကြ၏။ အကဲအမှူးတို့သည် အာဏာထားတတ်ကြ၏။ - (၄၃) သင်တို့မူကား ထိုသို့ မပြုကြနှင့်။ သင်တို့တွင် အကဲအမှူး ပြုလိုသောသူသည် သင်တို့အစေခံဖြစ်ရမည်။ - (၄၄) သင်တို့တွင် အထွဋ်အမြတ်လုပ်ချင်

သောသူသည်လည်း အလုံးစုံတို့၏ စေခိုင်းရာ ကျွန်ဖြစ်ရမည်။ (၄၅) အကြောင်းမူကား၊ လူသားသည် သူတစ်ပါးကို စေစားခြင်းငှာမလာ၊ သူတစ်ပါးအစေကို ခံခြင်းငှာရင်း၊ ကြွလာသတည်းဟု မိန့်တော်မူ၏။ ရှင်မာကုခရစ်ဝင် ၁၀း၄၂-၄၅။

ထိုစကားလုံးများကို ကျွန်ုပ်တို့နားထဲတွင် အစဉ် ကြားကြပါစို့။ ဘုရားသခင့်နိုင်ငံတော်၌ အကဲအမှူးပြုချင်သောသူသည် သူတစ်ပါးကို ကြိုးကိုင်ခြယ်လှယ်ကာထိန်းချုပ်ရမည့်အစား သူတစ်ပါးကို ဝမ်းမြောက်စွာ အစေခံနိုင်ရန် သင်ယူသင့်သည်။ လောကီမင်းတို့သည် အခြားသူများအပေါ် အုပ်ချုပ်ရသည်ကို ပျော်မွေ့ကြသည်ဟု ယေရှု ပြောခဲ့သည်။ ထူးဆန်းသည်မှာ မိမိတို့ဆန္ဒအတိုင်း၊ အာဏာရာထူးအတိုင်း အုပ်စိုးလိုသည့် စိတ်သဘောထားများက အသင်းတော်ကို အုပ်စိုးနေ၏။ ကားတိုင်တော်အပြီး နှစ်ပေါင်းနှစ်ထောင်ခန့် ရှိလာပြီဖြစ်သော်လည်း ကျွန်တော်တို့ အများစုသည် ဘုရားသခင့်နိုင်ငံတော်၏ အခြေခံအတွေးအမြင်၊ အကျင့်စရိုက်များကိုပင် နားမလည်နိုင် ရှိကြသေးသည်။

အဘယ့်ကြောင့် ကျွန်ုပ်တို့၏ရန်သူသည် ကျွန်ုပ်တို့ကို လူဟောင်း၏ အတွေးအခေါ်များဆီ အလယ်တကူ ဆွဲချနိုင်ရသနည်း။ ဆိုခဲ့ပြီးသည့်အတိုင်း ကျွန်ုပ်တို့၌ နက်ရှိုင်းစွာအမြစ်တွယ်နေသော သိမ်ငယ်စိတ်ကြောင့်ဖြစ်လာသည့် လုပ်ပြချင်စိတ်ကို အသုံးချကာ စာတန်သည် ကျွန်ုပ်တို့ကို အလွယ်တကူ သွေးဆောင်နိုင်၏။ လူ့တန်ဖိုးကို မည်သို့ရရှိကြောင်း ကျွန်တော်တို့ မသိသေးသမျှကာလပတ်လုံး ကျွန်ုပ်တို့၏ အရေးပါမှုကို သက်သေပြနိုင်မည့် ကျောက်တုံးကို အစာဖြစ်စေခြင်း သွေးဆောင်မှုမျိုးကို အောင်မြင်ကျော်လွှားနိုင်မည် မဟုတ်ချေ။

ကျွန်ုပ်တို့အထဲ၌ စွဲကပ်နေသော မိမိကိုယ်သာ ကိုးကွယ်လိုစိတ်ကို သတိပြုရမည့် အချက်တစ်ခုရှိသေးသည်။ ယေရှုသည် ဤလောကကြီးက မြင်ဖူးသော ဆရာများအနက် အကောင်းဆုံးမြတ်ဆရာဖြစ်၏။ တပည့်တော်များနှင့် သုံးနှစ်တာ အတူ

နေခဲ့စဉ် ကောင်းကင်နိုင်ငံတော်အကြောင်း တတ်နိုင်သလောက် သင်ကြားပေးခဲ့၏။ သို့ပါလျက်နှင့် ကားတိုင်၌ ယေရှု အသတ်ခံရမည့်ညတွင် တပည့်တော်တို့သည် လူဟောင်းစရိုက်ကို မထိန်းနိုင် မသိမ်းနိုင်ဖြစ်ခဲ့ကြသေးသည်။

ထိုနည်းတူ ညစာစားပြီးမှ ခွက်ကိုလည်း ယူ၍၊ ဤခွက်ကား သင်တို့ အဘို့အလို့ငှာ သွန်းသော ငါ၏ အသွေး၌တည်သော ပဋိညာဉ်တရားသစ်ဖြစ်၏။ (၂၁) သို့သော်လည်း ငါ့ကို အပ်နှံသောသူ၏လက်သည် ဤစားပွဲပေါ်မှာ ငါ့လက်နှင့်အတူ ရှိ၏။ (၂၂) ခွဲခန့်မှတ်သားတော်မူသည်အတိုင်း လူသားသည် သွားရမည်။ သို့သော်လည်း လူသားကို အပ်နှံသောသူသည် အမင်္ဂလာရှိ၏ဟု မိန့်တော်မူ၏။ (၂၃) တပည့်တော်တို့သည်လည်း ထိုအမှုကို အဘယ်သူပြုအံ့နည်းဟု အချင်းချင်း မေးမြန်းကြ၏။ (၂၄) ထိုမှတစ်ပါး တပည့်တော်တို့သည် မိမိတို့တွင် အဘယ်သူသည် သာ၍ ကြီးမြတ်သနည်းဟု အချင်းချင်း ငြင်းခုံကြ၏။

ရှင်လုကာခရစ်ဝင် ၂၂း၂၀-၂၄။

စကြဝဠာတစ်လုံး၌ အကြီးမြတ်ဆုံးသော ချစ်ခြင်းမေတ္တာကို ထင်ရှားဖော်ပြသည့် ညဉ့်၌ပင် ယေရှုနှင့်အနီးဆုံး၌ ရှိနေကြသူများ၊ ယေရှု၏ နိုင်ငံတော်အကြောင်း အခြားလူအားလုံးထက် ပိုသိကြသူများသည် သူတို့အနက် မည်သူသည် အကြီးမြတ်ဆုံးဖြစ်သနည်းဟု ငြင်းခုန်နေကြပါသေးသည်။ ထိုအချိန် ယေရှု လွန်စွာဝမ်းနည်းခဲ့မိပေလိမ့်မည်။ ယနေ့ ခရစ်ယာန်များဟု ကိုယ့်ကိုယ်ကိုယ်ခေါ်ကြသော ကျွန်တော်တို့သည်လည်း ယေရှု၏ အမာခံတပည့်တော်များ မှားခဲ့သောအမှားမျိုး ဆက်မှားနေကြမည်လော။ ကျွန်ုပ်တို့တွင် မည်သူသည် အကြီးမြတ်ဆုံးဖြစ်သနည်းဟု ငြင်းခုံနေကြအုံးမည်လော။ အကြီးမြတ်ဆုံးဖြစ်နိုင်ရန် အလုအယက် ကြိုးပမ်းကြအုံးမည်လော။

ဤလောကကို မာရ်နတ်နိုင်ငံတော်၏ နည်းစနစ်များ အုပ်စိုးနေသည်ထက် သာ၍ ဆိုးသောအရာတစ်ခုရှိသေး၏။ ထိုအရာမှာ မာရ်နတ်နိုင်ငံတော်၏ နည်းစနစ်များက အသင်းတော်ကို အုပ်စိုးနေခြင်းဖြစ်သည်။ တစ်ကိုယ်ကောင်း စိတ်ထားများမှ လွတ်မြောက်၍ ဘုရားသခင့် နိုင်ငံတော်၏ ပျော်ရွှင်မှုကို အပြည့်အဝခံစားနိုင်ရန် ကျွန်တော်တို့အားလုံးကို ဘုရားသခင် ကူညီဆောင်မပါစေသော။

## ၁၅။ သင် အဘယ်သို့ ဖတ်သနည်း။

ယနေ့သည် နေ့ထူးနေ့မြတ် နေ့တစ်နေ့ ဖြစ်မည်။ အနာဂတ်အတွက် စိတ်လှုပ်ရှားမှုများစွာနှင့် မျှော်လင့်အချက်အပြည့်။ ကုမ္ပဏီကြီးတစ်ခု၏ မန်နေဂျာသည် သင်ရေးဆွဲသော ဒီဇိုင်းတစ်ခုကို သဘောကျနေသည်။ ထိုဒီဇိုင်းအတိုင်း ထုတ်ကုန်ထုတ်၍ နိုင်ငံတကာသို့ တင်ပို့ရန် စဉ်းစားနေသည်။ မြို့ထဲက စားသောက်ဆိုင် သေးသေးလေးတစ်ဆိုင်တွင် နေ့လယ်စာအတူစားရန် သင် ချိန်းလိုက်သည်။ သင့် စိတ်ကူးအိပ်မက်များကို အကောင်အထည်ဖော်ပေးမည့် ထိုသူသည် မည်ကဲ့သို့သော လူမျိုးဖြစ်လိမ့်မည်နည်းဟု တွေးကြည့်ရင်း ဂနာမငြိမ် ဖြစ်နေသည်။ သူရောက်လာသည့်အခါ အားပါးတရ လက်ဆွဲနှုတ်ဆက်လိုက်သည်။ တစ်ယောက်အကြောင်း တစ်ယောက်သိလာစေရန် သင့် မိသားစုအကြောင်း၊ ဘယ်မှာနေကြောင်း၊ ကလေးများ၏ ပညာရေးအကြောင်း စသည်များကို စကားစမြည် ပြောကြသည်။ အားလုံးအဆင်ပြေနေသည်။ သို့သော် သင့်အနောက်က လူသည် စွပ်ပြုပ် တရှုပ်ရှုပ်မြည်အောင် သောက်နေသည်။ အစက သင် လျစ်လျူရှုလိုက်သည်။ နောက်တော့ အနည်းငယ် စိတ်ကသိကအောင့်ဖြစ် လာသည်။ “တစ်ချို့လူတွေ ယဉ်ကျေးမှုလေးဘာလေး သင်ထားရင်ကောင်းမယ်” ဟု တွေးလိုက်သည်။ စိတ်အနှောင့်အယှက်မဖြစ်ချင်သောကြောင့် မကြားသလို နေလိုက်သည်။ သင့် စီးပွားဖက်ဖြစ်လာမည့်သူနှင့် စကားပြောကောင်းနေသည်။ သင် ရေးဆွဲသည့် ဒီဇိုင်းကို အသုံးပြုလျှင် ရရှိမည့် အခြားသောအကျိုးကျေးဇူးများအကြောင်း သင်တို့ ဆွေးနွေးနေစဉ် သင့်အနောက်ကလူသည် ရုတ်တရက် ရွံစရာကောင်းအောင် အသံကျယ်လောင်ရှည်လျားစွာ လေပျို့တော့သည်။ အရိပ်သုံးပါး နားမလည်သည့် ထိုထူးဆန်းသောလူအပေါ် အကြည့်အားလုံး ရောက်သွားသည်။ ရွံသည့်စိတ်များဖြင့် ကျိတ်ရယ်သူများ၊ အသံထွက် မရယ်မိအောင် အောင့်ထားသည့် အသံများ၊ ထိတ်လန့်သံများဖြင့် တစ်ခန်းလုံး ပြည့်နေသည်။

နောက်ဆုံးတွင် စားသောက်ဆိုင်ပိုင်ရှင်လာ၍ သူ့ဆိုင်တွင် ထိုသို့သော အပြုအမူမျိုး လက်မခံကြောင်း ပြောကာ ထွက်သွားရန် တောင်းဆိုလိုက်သည်။

စိတ်ဝင်စားစရာကောင်းသည်မှာ တရုတ်စားသောက်ဆိုင်ဆိုလျှင် ထိုလူကို မည်သူမျှ အရေးစိုက် ကြည့်ကြမည် မဟုတ်။ တရုတ်စားသောက်ဆိုင်ဆိုလျှင် ထိုကဲ့သို့ အသံထွက်မစားပါက ဆိုင်ရှင် စိတ်မကောင်းပင် ဖြစ်မိလိမ့်မည်။ ထိုနည်းတူ တရုတ်ယဉ်ကျေးမှုတွင် သင်မတွေ့ဖူးသေးသော လူတစ်ဦးကို လက်ဆွဲနှုတ်ဆက်လျှင် (သို့) မိသားစုပြဿနာများကို ညစာစားချိန် ပြောမိလျှင် သူ့ကို ရိုင်းစိုင်းသူ၊ ယဉ်ကျေးမှု မရှိသူဟု မြင်ကြလိမ့်မည်။

သင်လာရာအရပ်၏ ယဉ်ကျေးမှု၊ အတွေးအမြင်အပေါ် မူတည်၍ တူညီသော အပြုအမူတစ်ခုကို လုံးလုံးခြားနားစွာ အနက်ဖွင့်ကြသည်မှာ ထူးဆန်းပါသည်။ ထိုနည်းသူ ဘုရားသခင့်နိုင်ငံတော်နှင့် မာရ်နတ်နိုင်ငံတော်၌လည်း မတူညီသော ယဉ်ကျေးမှုဓလေ့များ ရှိကြသည်။

ခရစ်ယာန်ယုံကြည်ခြင်းသည် ခရစ်တော်တည်းဟူသော ယုံကြည်ခြင်း အုတ်မြစ်အပေါ် အခြေခံ၏။ သို့သော် ကျွန်တော်တို့ သိထားသည့်အတိုင်း ယေရှုအမည်ခံများ များစွာရှိနေသည်။ တူညီသော အုတ်မြစ်တစ်ခုအပေါ် အခြေတည်ထားသော်လည်း အယူအဆဆန့်ကျင်ကွဲလွဲမှုများ များစွာရှိနေသည်ဖြစ်၍ ကျွန်တော်တို့ ခေါင်းခြောက်ရပြန်သည်။ ဘုရားသခင့်နိုင်ငံတော်သို့ သွားရာလမ်းသည်လည်း ရိုးရာဓလေ့ပြောင်းလဲမှုများ၊ အတွေးအမြင်ပြောင်းလဲမှုများ ပါရှိနေသည်။ စာအုပ်နောက်ဆုံးအခန်းတွင် ကောင်းကင်နည်းအတိုင်း တွေးခေါ်တတ်ရန် သင်ယူရာ၌ ကျွန်တော်တို့ ကြုံတွေ့ရလေ့ရှိသော အခက်အခဲများအကြောင်း ဖော်ပြထားပါသည်။

ခရစ်ယာန်အသက်တာ၏ အကြီးမားဆုံးသော အခက်အခဲများ၏ အဓိက အချက်မှာ ဘုရားသခင့် နှုတ်ကပတ်တော်ဖြစ်သော သမ္မာကျမ်းစာကို ချဉ်းကပ်ပုံ ချဉ်း

ကပ်နည်းဖြစ်နေသည်။ စွမ်းဆောင်ရည်နှင့် ရာထူးအာဏာအတွက် သင်ကြားခံခဲ့ရသည့် လောကကြီးမှ ကျွန်တော်တို့ ထွက်လာခဲ့ကြသည်။ သို့သော် ဘုရားသခင့်နိုင်ငံတော်သို့ သွားရာတွင် ကျွန်ုပ်တို့၏ ကိုယ်ပိုင်အတွေးအခေါ်များကို ဘေးချထားရပါမည်။ ဘုရားသခင့်ဝိညာဉ်တော်ထံ နှုတ်ကပတ်တော်ဖတ်ရှုနည်း သင်ကြားကြရမည်ဖြစ်သည်။ ထိုကဲ့သို့ ကျမ်းစာဖတ်ရှုသူ နည်းသည်မှာ ဝမ်းနည်းစရာ ကောင်းပါသည်။ ခရစ်ယာန်ယုံကြည်ခြင်းနှင့်ပတ်သက်၍ သမိုင်းတစ်လျှောက်တွေ့ရသော အယူဝါဒကွဲလွဲမှုများ၊ အချေအတင် ငြင်းခုံမှုများသည် ဘုရားသခင်နှင့် သဘာဝကျ၍ ရင်းနှီးသော ဆက်ဆံရေးအပေါ် အခြေတည်ထားသော ကောင်းကင်နည်းစနစ်အတိုင်း ကျမ်းစာကို မဖတ်ဘဲ မာရ်နတ်စိတ်ထားနှင့် ဖတ်ရှုခြင်းကြောင့် ဖြစ်သည်။

ရှင်လုကာ ၁၀ ရှိ ကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦးနှင့် ဆွေးနွေးခန်းတွင် ထိုအချက်ကို ယေရှုက ဖော်ထုတ်ခဲ့သည်။ ကျမ်းတတ်ပုဂ္ဂိုလ်က ယေရှုအား "ထာဝရ အသက်ကို အမွေခံရအံ့သောငှာ အကျွန်ုပ်သည် အဘယ်သို့ ပြုရအံ့နည်း"ဟု မေး၏။ ယေရှုက "ပညတ္တိကျမ်း၌ အဘယ်သို့ လာသနည်း။"ဟု ပြန်မေး၏။ အဓိကပြဿနာကို ဖော်ထုတ်ရန် "သင်သည် အဘယ်သို့ ဖတ်သနည်း။" ဟု ထပ်မေးခဲ့သည်။ "သင်ဘာကို ဖတ်သနည်း" ဟု ယေရှု မမေးခဲ့ပါ။ "သင် အဘယ်သို့ ဖတ်သနည်း။ အဘယ်သို့ နားလည်သနည်း။"ဟု ဆိုလိုခြင်းဖြစ်သည်။ မာရ်နတ်နိုင်ငံတော်မှ ကောင်းကင်မိသားစုဝင်အဖြစ်သို့ ခရီးဆန့်လိုသူများအဖို့ ထိုအချက်သည် အဓိကမေးခွန်းဖြစ်သည်။ သင်မည်သို့ ဖတ်သနည်း။

ထာဝရအသက်နှင့် ပတ်သက်၍ သခင်ယေရှုထံ ကျမ်းတတ်ပုဂ္ဂိုလ်မေးခဲ့သည့် မေးခွန်းသည် ခရစ်ယာန်အသက်တာ၌ အရေးကြီးဆုံး မေးခွန်းတစ်ခုဖြစ်သည်။ ဤလောက၌ သင့်အလုပ်အကိုင်ရာထူးနှင့် သင် ပေါင်းသင်ဆက်ဆံရသောလူများသည် သင့်တန်ဖိုးကို ညွှန်ပြနေသည့် အရာများဖြစ်သည်။ ဆန့်ကျင်ဘက်အနေဖြင့် ဘုရားသခင့်နိုင်ငံတော်၌ လူတိုင်းသည် ဘုရားသခင့် သား၊ သမီးများဖြစ်သည်။ လူတိုင်း

သည် ရိုသေလေးစားမှု၊ ဂုဏ်သိက္ခာနှင့် ထိုက်တန်သည်။ သူတို့ ဆွေးနွေးမှုကို ပြန်ကောက်ရလျှင် ကျမ်းတတ်ပုဂ္ဂိုလ်သည် ကျမ်းစာကို သူ့အရင်လူများ အနက်ဖွင့်ခဲ့သည့်အတိုင်း အနက်ဖွင့်ချင်ခဲ့ကြောင်း တွေ့နိုင်သည်။ ဤကဲ့သို့ အဖြေမှန်ကို သူဖြေနိုင်ခဲ့သည်။ "သင်၏ ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှနှင့် ချစ်လော့။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့် အမျှချစ်လော့ဟု ပြန်လျှောက်လေ၏။" သခင်ယေရှုကလည်း "ထိုအတိုင်းပင် ပြုကျင့်လော့။" ဟု မိန့်ခဲ့သည်။ ကျမ်းတတ်ပုဂ္ဂိုလ်သည် ယေရှုပြောလိုသောသဘောကို နားလည်သော်လည်း အနက်အဓိပ္ပာယ်ကို လှည့်လိုသည့်စိတ်ဖြင့် "မည်သူသည် ငါ နှင့်စပ်ဆိုင်သူ ဖြစ်သနည်း" ဟု ပြန်မေးခဲ့သည်။ သမ္မာကျမ်းစာ၏ အနက်အဓိပ္ပာယ်သည် ရိုးရှင်းလွယ်ကူသော်လည်း မာရ်နတ်နှလုံးသား၏ လွှမ်းမိုးခြင်းခံရသော လူ့စိတ်နှလုံးသည် နားမလည်နိုင် ဟန်ဆောင်၏။ အကြောင်းမှာ လူဟောင်းကို စွန့်ပစ်၍ လူသစ်ကို လုံးလုံး၊ အပြည့်အဝ မခံယူလိုသောကြောင့်ဖြစ်သည်။ အသက်မရှိသော ခရစ်ယာန်များစွာတို့သည် ခရစ်တော်၏ နိုင်ငံတော်ကို ယုံကြည်ကြသော်လည်း မာရ်နတ်၏ နည်းစနစ်အတိုင်းသာ အသက်ရှင်လိုကြသည်။ အကျိုးဆက်ကား ခက်ခဲရှုပ်ထွေးခြင်း၊ အမှန်အတိုင်း နားမလည်နိုင်ခြင်းနှင့် အဓမ္မအမှုများဖြစ်သည်။

ခရစ်ယာန်လောကတစ်ခုလုံး ကယ်တင်ခြင်းနှင့်ပတ်သက်၍ နားမလည်နိုင်ဖြစ်ကြသည်။ နှုတ်ကပတ်တော်က ကရုဏာကျေးဇူးတော်ဖြင့် အသက်ရှင်သော ခရစ်ယာန်သည် ပညတ်တော်ဆယ်ပါးအတိုင်း လိုက်လျောညီထွေစွာ အသက်ရှင်လိမ့်မည်ဟု ရှင်းလင်းစွာ ဖော်ပြထားသည်။ သို့သော်လည်း အများစုသည် ပညတ်တော်ဆယ်ပါးကို မိမိကိုယ်သာ အားကိုးသည့် မာရ်နတ်စိတ်ထားဖြင့် ချဉ်းကပ်ကြသည်။ ကယ်တင်ခြင်းအဖို့အလိုငှာသာ ထိုပညတ်များကို ကျင့်သုံးဖို့ ကြိုးစားကြသည်။ ပညတ်တော်သည် ဘုရားသခင်နှင့် သူ့သား၊ သမီးများအကြား ဖြစ်တည်လာမည့် ကတိထားတော်မူသော ဆက်ဆံရေးပြယုဂ်ဖြစ်ကြောင်း မမြင်နိုင်ကြ။

ထိုကြောင့် ပညတ်တော်ကို လိုက်လျှောက်ရန် မဖြစ်နိုင်ဟု ယူဆသူ အများအပြားရှိသည်။ ယုံကြည်ခြင်းကို အခြေပြုသော မိတ်သဟာယဖွဲ့ဖြင့် ဘုရားသခင့်နိုင်ငံတော်သို့ ဝင်ရောက်မည်မကြံဘဲ ဘုရားသခင့်ပညတ်တော်တို့သည် စောင့်ထိန်းရန် မဖြစ်နိုင်ဟု ပြောတတ်ကြသည်။ ထိုအမြင်ကြောင့် ခရစ်တော်၌ အောင်မြင်စွာ လွတ်လပ်ခြင်းကို သူတို့မခံစားရကြ။ ပညတ်တော်ကို စောင့်ထိန်းရန် ကြိုးစားသည်ဖြစ်စေ၊ မကြိုးစားသည်ဖြစ်စေ ပြဿနာမှာ လုပ်ဆောင်မှုဖြစ်နေသည်။ ကယ်တင်ခြင်းအတွက် ဆက်ဆံရေးကို အခြေပြုခြင်း မဟုတ်။ ကျွန်ုပ်တို့အတွက် အသက်ပေးခဲ့သောသူနှင့် ယုံကြည်ခြင်းအပေါ် အခြေတည်သော ဆက်ဆံရေးအားဖြင့် ပညတ်တော်ဆယ်ပါးကို မစောင့်ထိန်းကြလျှင် ထိုလူများသည် ဘုရားသခင့်နိုင်ငံတော်သို့ ဝင်ရောက်နိုင်ကြမည် မဟုတ်ပါ။

အကျင့်သီလကို မကိုးစားသည့်အယူဝါဒကို ကိုင်ဆွဲကာ ခရစ်ယာန်အသက်တာ၌ အကျင့်သီလဆိုင်ရာ အောင်မြင်မှုကို မရရှိနိုင်ဟုဆိုသည့် ခရစ်ယာန်များအနေဖြင့် သူတို့ကိုးကွယ်သည့် ဘုရားသည် မည်သည့်အရာမျှ မလုပ်ဆောင်နိုင်သော ဘုရားဖြစ်နေကြောင်း မကြာမီအချိန်တွင် သိလာကြလိမ့်မည်။ အသိအမှတ်ပြု ခံလိုသော ဇာတိအလိုနှင့် ထိုခေတ်ပေါ် ယုံကြည်ချက်ကို ပေါင်းကြသည့် ခရစ်ယာန်ကျမ်းတတ်များ၊ ဆရာများနှင့် ယုံကြည်သူများ ပေါ်ပေါက်လာသည်မှာ မထူးဆန်းလှပါ။ သူတို့သည် ကောင်းကင်နှင့် မြေကြီးကို ခြောက်ရက်အတွင်း ဖန်ဆင်းခဲ့သော ဘုရားသခင်၏တန်ခိုးတော်ကို ငြင်းပယ်သူများသာဖြစ်သည်။ သူသည် မိမိအိမ်နီးချင်းဖြစ် သူကို ချစ်ရမည်ဖြစ်ကြောင်း မှန်သောအဖြေကို သိလျက်နှင့် "ကျွန်ုပ်၏ အိမ်နီးချင်းဖြစ်သူသည် မည်သူနည်း" ဟု မေးခွန်းထုတ်ခဲ့သော ကျမ်းတတ်ပုဂ္ဂိုလ်နည်းတူ ယနေ့ များစွာသော ကျမ်းတတ်ပညာရှင်တို့သည် "ငါတို့က ခြောက်ရက်အတွင်း အရာအားလုံးကို ဖန်ဆင်းတဲ့ဘုရားကို ယုံပါတယ်။ အဲခြောက်ရက်ဆိုတာ ဘယ်လို နေ့ရက်မျိုးလဲ" ဟု ပြန်ပြောတတ်ကြသည်။ အဓမ္မတရားသည် မိမိအလိုအတိုင်း ကျမ်းအနက်ကို

မှောက်လှန်တတ်၏။ ယေရှုကိုလည်း ယုံကြည်စေသည်။ လောကီသားများနည်းတူ အသက်ရှင်ရန်လည်း အားပေးတိုက်တွန်းပြန်သည်။ နတ်ဆိုးတို့သည်လည်း ယေရှုကို ယုံကြည်လျက် လောကီတရားအတိုင်း အသက်ရှင်သူများ ဖြစ်သည်။

စိတ်နှလုံးအသစ်ကို ဖန်ဆင်းနိုင်သောဘုရားအပေါ် ယုံကြည်မှုပျောက်ဆုံးသည့်အခါ လူသည် န္ဒုတ်ကပတ်တရားတော်ရှိ ရိုးရှင်းသောရေးသားချက်များကို ဉာဏ်နီဉာဏ်နက်ဖြင့် မေးခွန်းထုတ်တတ်လာသည်။ ထိုလူသည် ကျမ်းစာ၌ ကျွန်ုပ်တို့အတွက် ရှင်းရှင်းလင်းလင် ရေးသားထားသော အသင်းတော်နှင့် အိမ်၌ ကျင့်သုံးရမည့် ယောကျ်ားနှင့် မိန်းမတို့၏ မတူညီသော အခန်းကဏ္ဍများကို ငြင်းပယ်လျက်နှင့် လိင်တူဆက်ဆံခြင်းကို ခရစ်ယာန်တို့၏ စံတစ်ခုအနေဖြင့် အလွယ်တကူ လက်ခံပြန်၏။ ဤအယူအဆသည် ကောင်းကင်နှင့် မသက်ဆိုင်။ လူ့တန်ဖိုးသည် ဆက်ဆံရေး၌ တည်၏။ ရာထူးဂုဏ်အလွှာများဖြင့် မတည်။

ကျမ်းစာထဲ၌ မလိမ့်တစ်ပတ်လုပ်ခံရသော သွန်သင်မှုများအကြောင်း တစ်ခုပြီးတစ်ခု စာရင်းပြုလောက်စရာ ရှိနေသည်။ ကျမ်းစာထဲက သွန်သင်ချက်များကို အာဏာတန်ခိုး၊ အလုပ်အကိုင်ရာထူးနှင့် စွမ်းဆောင်နိုင်ရည်များအတွက် အနက်လှည့်ကာ သွန်သင်ကြသည်။ သို့သော် ကျွန်တော်တို့သည် ခရစ်တော်၏ နောက်တော်လိုက်သူများမှန်လျှင် န္ဒုတ်ကပတ်တော်ကို ကျွန်တော်တို့ကြီးပြင်လာရာ လောကကြီး၏ သဘောတရားများအတိုင်း အနက်မဖွင့်ဘဲ ယေရှုအလိုတော်အတိုင်း အနက်ဖွင့်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းစွာနားလည်ကြမည်ဟု ကျွန်တော်မျှော်လင့်ပါသည်။

## ၁၆။ ကျွန်မျိုး မဟုတ်တော့ပြီ

ထိုနေ့ကား ပျော်စရာကောင်းခဲ့သော အရင်ချိန်က နေ့တစ်နေ့ဖြစ်သည်။ ၆ နှစ်သားအရွယ် ကျွန်တော့်သားလေးနှင့်အတူ ကျွန်တော်တို့ ကားဖြင့် ခရီးထွက်ခဲ့ကြသည်။ ကျွန်တော်တို့ စကားကောင်းနေခဲ့ကြသည်။ သူစကားပြောရသည်ကို အရှိန်ရလာဟန်ရှိသည်။ တစ်ခုခုကို အလွန်ဖွင့်ပြောချင်နေမှန်း ကျွန်တော်ရိပ်မိသည်။ အဆုံးတွင် "အဖေသိလား၊ တစ်ခါတစ်လေ ကျွန်တော်တို့ ဒါမှမဟုတ် ကျွန်တော်သာ ချမ်းသာရင် အရာရာ အရင်ကထက် အများကြီးပိုအဆင်ပြေမှာပဲ လို့တွေးမိတယ်" ဟု ဖွင့်ပြောလာသည်။ "အင်း...၊ စိတ်ဝင်စားစရာ ကောင်းတဲ့အတွေးပဲ။" ဟု လည်ချောင်းရှင်းရင်း ကျွန်တော်ပြန်ဖြေလိုက်သည်။ ကျွန်တော်တို့ ခဏတာ စကားပြတ်သွားသည်။ သူ့အတွေး ဘာကြောင့် မမှန်ကြောင်း ရှင်းပြဖို့ အကြောင်းပြချက်ကောင်းကောင်း ကျွ န်တော်လိုအပ်နေသည်။ ကောင်းကောင်းမရှင်းပြနိုင်လျှင် ကျွန်တော်တို့ နှစ်ယောက်လုံး ပြဿနာတက်နိုင်သည်။ "သားရယ်...၊ ကျမ်းစာကတော့ အဲ့လို ပြောမထားဘူးရယ်။" "အဖေရယ်... သားဘာလုပ်ရမယ်၊ မလုပ်ရဘူး ဆိုပြီး တစ်ချိန်လုံး ပြောပြဖို့လိုလို့လား။" "လိုတာပေါ့သား။ ယေရှုက သားကို သူ့အတွက် သန်မာတဲ့ လူငယ်ကောင်းတစ်ယောက်ဖြစ်အောင် သွန်သင်ပေးဖို့ တောင်းဆိုထားတယ်။ ယေရှုက အဖေ့ရဲ့ ဘော့စ်ဆိုတော့ သူပြောသလို လိုက်တာပိုကောင်းမယ်ထင်ပါရဲ့။"

သား၊ သမီးများကို အုပ်ထိန်းခြင်းသည် သင်ယူစရာများနှင့် ပြည့်နေတတ်၏။ "သား၊ အစာ စားနေရင် ထိုင်ရမယ်လေ။" "အား.. ဖေဖေကလည်း မဆိုင်လိုက်တာ။" "သားလေး... သားရဲ့အရုပ်တွေကို ပြန်ကောက်ပြီး သူ့နေရာသူ ပြန်သိမ်းထားနော" "အမေကလည်း... သား အပြင်ထွက် ဆော့ချင်ပြီ။" "သား...၊ အိပ်ချိန်ရောက်ပြီ။"

မကျေမနပ် မြည်တွန်တောက်တီးကာ ငိုသည်။ "အမေမှ မအိပ်သေးဘဲနဲ့။ ဘာလို့ သွားကအိပ်ရမှာလဲ။"

ထိုစည်းမျဉ်း၊ စည်းကမ်းများကြောင့် သင့်မိဘများကို နေရာတကာဝင်ပါချင် လွန်းသော ကြောက်စရာမိဘများဟု သင် ထင်ချင်ထင်နေလိမ့်မည်။ သူတို့ ကောင်း ကောင်းမွန်မွန် အစာခြေနိုင်ရန် ငြိမ်ငြိမ်ထိုင်၍ အစာကို ဖြည်းဖြည်းစားစေချင်သော သင့်စေတနာကို ကလေးများက ဘာကြောင့် နားမလည်နိုင်ကြသနည်း။ သူတို့ကြီး လာသည့်အခါ အလုပ်ကို စနစ်တကျ၊ ကောင်းကောင်းမွန်မွန်လုပ်တတ်ရန် ရည်ရွယ် ၍ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် နေစေလိုသော သင့်စေတနာကို ဘာကြောင့် သူ တို့ နားမလည်နိုင်ကြသနည်း။ အိပ်ရေးဝဝအိပ်ခြင်းဖြင့် သူတို့ကို ကျန်းမာစေချင် သော သင့်ဆန္ဒကို သူတို့ ဘာကြောင့် အသိအမှတ် မပြုကြသနည်း။ အဘယ့်ကြောင့် နည်း။ အဖြေမှာ သူတို့သည် ဘဝအန္တရာယ်များ၊ ကျရှုံးနိုင်သည့် အခြေအနေများကို မသိကြသေးသောကြောင့် ဖြစ်သည်။

ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာကို ဖော်ညွှန်းရန် ရှင်ပေါလုက ထိုဥပမာနှင့် ရှင်းပြခဲ့သည်။

> တစ်ဖန်တုံ၊ အမွေခံမည်သည်ကား၊ ဥစ္စာရှိသမျှကို ပိုင်ထိုက်သောသူ ဖြစ်သော်
> လည်း၊ အရွယ်မရောက်မီ ကာလပတ်လုံး အစေအပါး ကျွန်နှင့် တူ၏။
> ဂလာတိဩဝါဒစာ ၄း၁။

ရှင်ပေါလုက မိဘနှင့် သားသမီးကြားက ဆက်ဆံရေးသည် သခင်နှင့် ကျွန်အ ကြားက ဆက်ဆံရေးနှင့် မခြားနားဟု ဆိုခဲ့သည်။ အဖေဖြစ်သူသည် သားကို ဘုရား သခင့်နိုင်ငံတော်၏ နည်းစနစ်များအတိုင်း သင်ကြားပေးဖို့ တာဝန်ရှိသည်။ ကိုယ့် ကိုယ်ကိုယ်သာ အလေးထားကိုးကွယ်တတ်သော စိတ်သဘောပါလာသည့် သားဖြစ် သူသည် ထိုသင်ကြားမှုများ၏ အကြောင်းရင်းကို နားမလည်နိုင်။ သူ့အဖေသင်ကြား

ပေးသည့်အရာများသည် သူ့ဇာတိသဘောနှင့် ဆန့်ကျင်နေသည်။ ကြိုးစားနေရသဖြင့် သူ့ဘဝသည် ကျွန်ဘဝနှင့် မခြားနားဟု ခံစားလာသည်။ "ဘာလို့ အဖေက ကျွန်တော် လုပ်ချင်တဲ့အရာတွေကို လုပ်ခွင့် မပေးတာလဲ။ ကျွန်တော်က ကျွန်လိုလိုဖြစ်နေပြီ။ သားရယ် ဒါလုပ်ပါ၊ ဒါမလုပ်ပါနဲ့ ဆိုတာကြီးပဲ။ မတရားဘူးကွား။"ဟု အလွယ်တကူ တွေးမိပေ လိမ့်မည်။

ထိုအခြေနေသည် ဘုရားသခင်နှင့် ကျွန်တော်တို့အကြားက ဆက်ဆံရေးနှင့် တူနေပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့ကို သူ့နိုင်ငံတော်အတွက် ပြင်ဆင်ပေးနေခြင်းဖြစ်သည်။ အများစုသည် ဘုရားသခင့် စေခိုင်းချက်များကို ခက်ခဲသည်၊ တိကျတင်းကျပ်လွန်းသည်ဟု ထင်ကြသည်။ မေးခွန်းထုတ်ချင်ကြသည်။ "ဘုရားက ဘာလို့ ငါ့ကို ဒါမျိုးကြုံစေတာလဲ။ ဘာလို့ ခရစ်ယာန်အသက်တာက တစ်ချိန်လုံး ချုပ်တည်းနေရတာလဲ။" ခရစ်ယာန်အသက်တာ၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရင်း ဘုရား၏သား၊ သမီး (သို့) အစေခံများအဖြစ် အသင်းတော်၌ ရောင့်ရဲဟန်ရှိကြသော်လည်း သူတို့ ကြိုးစားအားထုတ်မှုများအတွက် ဆုလာဒ်မျှော်မှန်းနေကြသူများလည်း များစွာရှိပါသည်။ ထိုသူတို့သည် ပျောက်သောသားပုံပမာထဲမှ သားကြီးကဲ့သို့ ခံစားချက်များ၏ ဝါးမြိုခံရနိုင်သည့် အန္တရာယ်ရှိသော အခြေအနေ၌ ရှိနေသူများဖြစ်သည်။

ရှင်ပေါလုက ကျွန်တော်တို့ မည်သို့ဘဝ၏ခက်ခဲရှုပ်ထွေးမှုများမှ လွတ်မြောက်နိုင်ကြောင်း၊ ဘုရားနှင့် ကျွန်ုပ်တို့အကြား ဆက်ဆံရေးအပေါ် မေးခွန်းထုတ်မှုများအကြောင်း ရှင်းပြထားသည်။ ဘုရားသခင်သည် ကျွန်တော်တို့၏ ဖခင်ဖြစ်ကြောင်း၊ သူသည် ကျွန်တော်တို့ သူ့နိုင်ငံတော်ကိုဝင်နိုင်ရန် ကျွန်တော်တို့ကို ပြင်ဆင်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ သူ ကျွန်တော်တို့ကို အလွန်ချစ်မြတ်နိုးကြောင်း အမှန်တကယ် နားလည်သဘောပေါက်သည့်အခါမှသာ သူနှင့်ကျွန်ုပ်တို့အကြားက ဆက်ဆံရေးသည် အသက်ဝင်လာမည်ဖြစ်သည်။ သူ ချမှတ်သော စည်းမျဉ်းစည်းကမ်းများ

သည် ကျွန်တော်တို့၏ အပျော်ကို ကန့်သတ်ဘောင်ခတ်ထားသည့် စည်းမျဉ်းများဟုတ် တော့မည် မဟုတ်။ လွတ်လပ်မှုအတွက် တံခါးပေါက်များ ဖြစ်လာကြလိမ့်မည်။ ကျွန်ုပ်တို့အပေါ် ဘုရားသခင်၏ ဂရုစိုက်မှုများ ဖြစ်လာမည်။ ဘုရား၏ သား၊ သမီး များအနေဖြင့် ကျွန်တော်တို့ ရရှိမည့် အမွေတော်ကို အပြည့်အဝ လက်ခံရရှိနိုင် အောင် ထားထားသောစေတနာများအဖြစ် မြင်လာနိုင်မည်ဖြစ်သည်။ ရှင်ပေါလုက အောက်ပါအတိုင်း ရှင်းပြထားသည်။

"ထိုနည်းတူ ငါတို့သည် အရွယ်မရောက်မီ လောကီတရားနုလက်၌ ကျွန်ခံရကြ ၏။ အချိန်ကာလစေ့သောအခါ ငါတို့သည် သား၏အခွင့်အရာကိုခံရမည်အကြောင်း ပညတ်တရားလက်ရှိသော ငါတို့ကို ရွေးနုတ်စေခြင်းငှာ မိန်းမဝမ်း၌ ပဋိသန္ဓေယူ၍ ပညတ်တရားအောက်၌ ဖွားမြင်ရသော သားတော်ကို ဘုရားသခင်သည် စေလွှတ် တော်မူ၏။ ထိုသို့သင်တို့သည် သားဖြစ်သောကြောင့် အဗ္ဗအဘဟု ခေါ်တတ်သော သားတော်၏ ဝိညာဉ်တော်ကို သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင် စေလွှတ်တော်မူ ၏။ သို့ဖြစ်၍ သင်တို့သည် နောက်တစ်ဖန် အစေအပါးကျွန် မဖြစ်၊ သားပင်ဖြစ်ကြ ၏။ သားဖြစ်လျှင်၊ ခရစ်တော်အားဖြင့် ဘုရားသခင်၏ အမွေခံလည်း ဖြစ်ကြ၏။" ဂလာတိ ၄း ၃-၇။

အထက်ပါ စကားလုံးများသည် ကျမ်းစာတော်ထဲက အလှပဆုံးသောစကားလုံး တစ်ချို့ဖြစ်သည်။ ကျွန်တော်တို့ ဘုရားသခင့်သား၊ သမီးများ ဖြစ်လာနိုင်ရန် ယေရှု ပြုခဲ့သော စတေးမှုကို အသိအမှတ်ပြုသည့်အနေဖြင့် ကျွန်တော်တို့သည် မာရ်နတ် နိုင်ငံတော်မှ လွတ်ခြင်းအခွင့် ရကြ၏။ နိုင်လိုမင်းထက်ပြုတတ်သော မာရ်နတ်ကမ္ဘာ မှ ကျွန်တော်တို့ လွတ်မြောက်လာကြသည်။ ယေရှုကြောင့် ဘုရားသခင်၏ မြင့်မြတ် သောသား၊ သမီးများအဖြစ် မားမားမတ်မတ် ရပ်တည်ခွင့် ရကြသည်။ စေလွှတ်ခံရ သော ဘုရားသခင့် ဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲတွင် "အဗ္ဗအဘ " "ဖေဖေ၊ ဖေဖေ" ဟု ခေါ်လျက်ရှိ၏။ လုံခြုံသော သူ့ရင်ခွင်၊ သင့်ကို ကြိုဆိုရုံသာမဟုတ်၊ သင့်

ကို လိုချင်တောင့်တသော သူ့ချစ်ခြင်းတရားကို ခံစားနိုင်ပါသလော။ အနားရှိနေလျှင် ပျော်ရွှင်ပီတိဖြစ်နေတတ်သော ကလေးတို့၏ ဖခင်အပေါ် အချစ်မျိုးကို သင် ပြန်ခံစားနိုင်ပါသလော။ ထိုကဲ့သို့သော ပျော်ရွှင်လွတ်လပ်မှုမျိုး မခံစားရသေးသရွေ့ သင်သည် လုပ်အားခ မည်သည့်အချိန် ဖြတ်တောက်ခံရမည်ကို ရင်တထိတ်ထိတ် ဖြစ်နေရသော ကျွန်တစ်ဦးကဲ့သို့ ခံစားနေရအုံးမည်ဖြစ်သည်။

ဘုရားသခင့် သား၊ သမီးများအနေဖြင့် ကျွန်တော်တို့ ဧကန် အမွေရရှိမည်ဖြစ်သည်။ ကျွန်တော်တို့ သူ့ရှေ့တွင် လွတ်လပ်စွာ သွားလာ၍ အလိုရှိသောအရာကို တောင်းခွင့်ရှိသည်။ သူသည် ကျွန်ုပ်တို့အတွက် အကောင်းဆုံး လုပ်ဆောင်ပေးမည်ဟု လုံးလုံးယုံကြည်စိတ်ချနိုင်သည်။ လူ့ဘဝတွင် ကျွန်တော်တို့ ကြုံတွေ့ရသမျှသော အရာများသည် ဘုရားသခင့်နိုင်ငံတော်၏ တန်ဖိုးကို ပိုမိုနားလည်လာ၍ ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်လိုသော မာရ်နတ်စိတ်ထားများကို ချေဖြတ်ပစ်နိုင်ရန် အကူအညီဖြစ်စေသည့် အရာများသာဖြစ်လာသည်။

အခန်း ၆ တွင် ဘုရားသခင်အနေဖြင့် လူသားမျိုးနွယ်ကို သူ့ရင်ခွင်ထဲ ပြန်လည်ခေါ်ဆောင်နိုင်ရန် လုပ်ဆောင်ရသည့် အလွန်ခက်ခဲသော အလုပ်အကြောင်း ကျွန်တော်တို့ ဆွေးနွေးခဲ့ကြသည်ကို မှတ်မိမည် ထင်ပါသည်။ ပြန်ချုံ့ရလျှင် -

၁။ လူသားတို့အား မိမိတို့အခြေအနေကို သုံးသပ်နိုင်သောဉာဏ်ကိုပေး၍ သူတို့၌ ပေးထားသော လွတ်လပ်စွာရွေးချယ်ခွင့်ကို မထိခိုက်ဘဲ လမ်းမှန်သို့ ပို့ဆောင်ပေးနိုင်မည့် နည်းလမ်းရှာရန်။

၂။ လူသားတို့သည် ဘုရားသခင်၏ အကျင့်စာရိတ္တနှင့် နိုင်ငံတော်အပေါ် အမြင်မှားနေကြကြောင်း ဖော်ပြ၍ သူ၏စစ်မှန်သော မေတ္တာတော်ကို ထင်ရှားစေရန်။

၃။ လူသားတို့၏ အပြစ်နှင့် သိမ်ငယ်စိတ်ကို ဖယ်ရှား၍ သူတို့၏ဖြစ်တည်မှု အစစ်ဖြစ်သော ဘုရားသခင်၏သား၊သမီးဖြစ်ခြင်းကို ပြန်လည်တည်ဆောက်မည့် နည်းလမ်းရှာရန်။

၄။ သူတို့၏ ဘဝရည်ရွယ်ချက်၊ ရှင်သန်ခြင်း၏ အကြောင်းရင်း၊ ဘဝအဓိပ္ပာယ်ကို ပြန်လည်ညွှန်ပြရန်။

၅။ အထက်က အချက်အားလုံး အချိန်ယူရန် လိုအပ်သည်။ အာဒံနှင့် ဧဝသည် သူတို့အသက်ကို သူတို့ကိုယ်တိုင် လက်လွှတ်ခဲ့သဖြင့် သူတို့ ကံကြမ္မာအတွက် ရွေးချယ်ဆုံးဖြတ်နိုင်ဖို့ အချိန်ပေးမည့် နည်းလမ်းတစ်ခု လိုအပ်လာသည်။

၆။ ဘုရားသခင်အနေဖြင့် အထက်ပါအချက်အားလုံးကို တရားမျှတစွာ လုပ်ဆောင်ရမည် ဖြစ်သည်။ လူသားတို့၏ ပုန်ကန်မှုကိုလည်း လျစ်လျူရှု၍မရ။ သို့သော်လည်း ဘုရားသခင်သည် ကရုဏာတော်ကြီးမား၍ သူတို့ပြုသောအမှု၏ အကျိုးဆက်ကို အပြည့်အဝ မခံစားစေလို။ လူသားတို့သည် အမှားကို ဝန်ခံနိုင်ရန် သူတို့ရွေးချယ်မှုများ၏ အကျိုးရလာဒ်ကို နားလည်ရမည်ဖြစ်သည်။

ယေရှုပြုခဲ့သော သာသနာတော်၊ အသက်တော်စွန့်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်းတို့သည် အထက်ပါ အချက် ၆ ချက်အတွက် အဖြေဖြစ်သည်။ ခရစ်တော်၏ ကားတိုင်တော်တန်ခိုးကို မည်သူ နားလည်နိုင်သနည်း။ ထိုတန်ခိုးသည် ကျွန်ုပ်တို့၏အမှားများကို ဖြေလွှတ်ရုံသာ မဟုတ်ပါ။ ထို့ထက်များစွာ နက်နဲသောသဘောများ ပါရှိနေပါသည်။

မာရ်နတ်စိတ်သဘော၏ ချုပ်နှောင်မှုများမှ လွတ်ခြင်းအခွင့်အတွက် ယခုပင် ဒူးထောက်၍ ကားတိုင်တော်ကို မျှော်ကြည့်သင့်သည် မဟုတ်လော။ သင်သည် သူနှစ်သက်မြတ်နိုးရသည့် ချစ်သားဖြစ်ကြောင်း ပြောပြနေသော ကောင်းကင်မှ အသံ

တော်ကို  သင် ကြားနိုင်ပါသလော။ သင် ခံစားနေရသော အပြစ်ရှိစိတ်၊ မုန်းတီးစိတ်၊ မာန်မာနနှင့်  ခါးသီးမှုဝန်များကို  သူ့အပေါ် မချဘဲ နေမည်လော။  သူ့ထံမှ လာသော ဝမ်းမြောက်ခြင်းကို   သင့်အထဲ စီးဆင်းလာစေရန်  ယခုပင် ခွင့်ပြုလိုက်ပါ။ သင်သာ အလိုရှိပါက သူ့ထံမှလာသော ပျော်ရွှင်မှုကို ခံစားနိုင်ပါသည်။ မာရ်နတ်စိတ်သဘောမှ လွတ်မြောက်နိုင်မည့် လမ်းသည် ကျွန်ဘဝမှ   ဘုရားသခင့် သား၊ သမီးများအဖြစ် ယုံကြည်ခြင်းဖြင့် ပြောင်းလဲခံယူခြင်းဖြစ်သည်။

## ၁၇။ ဗာဗုလုန်၏ ကျဆုံးခန်း

အဖြစ်အပျက်တို့သည် လျှပ်စီးပမာ မြန်ဆန်၏။ ဂျာမန်တင့်ကားတပ်ရင်းသည် ဟော်လန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံ လွင်ပြင်များတစ်လျှောက် မောင်းနှင်ကာ တစ်ညအတွင်း ထိုနှစ်နိုင်ငံကို သိမ်းပိုက်လိုက်သည်။ အသိမ်းပိုက်ခံနိုင်ငံ၌ နေရသည်မှာ ဆိုးရွားသော အတွေ့အကြုံဖြစ်သည်။ ဟော်လန်မြောက်ပိုင်း အက်ဆဲန်မြို့တွင် ထိုစဉ်အခါက ကျွန်တော်အဖေ နေထိုင်ခဲ့သည်။

အမျိုးသားများသည် ဂျာမန်စစ်တပ်အတွက် အသုံးချခံလိုက်ရကြသည်။ သူတို့အလွန်ကြောက်ရသော လျှို့ဝှက်ပုလိပ်များထံ သတင်းပေးသူများလည်းရှိသည်။ အချိန်မရွေး အိမ်တံခါးခေါက်သံကြားရ၍ ချစ်ရသောမိသားစုဝင်များ ဆွဲခေါ် ခံရတတ်သည်။ အခေါ် ခံရသူများကို မည်သည့်အခါမျှ ပြန်မတွေ့ရတတ်။ နာဇီစစ်တပ်သည် မာရ်နတ်စိတ်သဘောအတိုင်း အတိအကျ ပြုမူကြသည်။ ပြိုင်ဘက်မှန်သမျှကို အနိုင်ယူချင်ကြသည်။ အကြောက်တရားဖြင့် အုပ်ချုပ်သည်။ ကောက်ကျစ်စဉ်းလဲစွာ အာဏာပြတတ်ကြသည်။

စားနပ်ရိက္ခာ အလုံအလောက်မရှိခြင်း၊ ဖိနှိပ်ချုပ်ချယ်မှုများကြောင့် စိတ်ကုန်ပင်ပန်းနေကြခြင်းတို့ကြောင့် ဟော်လန်သည် ၁၉၄၄ ခုနှစ် ဆောင်းရာသီအတွက် အဆင်သင့် မဖြစ်နိုင်ကြ။ အိမ်မှလည်း မည်သူမျှ ထွက်မသွားဝံ့။ သွားမိလျှင် ပြန်လာသောအခါ အိမ်ရှိတော့မည် မဟုတ်။ ထင်းအတွက် ဖြိုချခံရမည်။ ဆာလောင်မှုနှင့် အအေးဒဏ်ကြောင့် မြို့များထဲတွင် ထောင်နှင့်ချီ သေကြေကုန်ကြသည်။ ဤအနိဋ္ဌာရုံ မည်မျှကြာမည်နည်း။

ဂျာမန်စစ်တပ်သည် တံတားများကို ဖောက်ခွဲ၊ စစ်လက်နက်များကို ဖျက်ဆီးကာ အပျက်အစီးများနိုင်သမျှ များအောင် ဖျက်ဆီးပြီးနောက် အဆုံးတွင် တပ်ဆုတ်သွားကြသည်။ မဟာမိတ်တပ်များက အစားအစာများ ဝေသည့်အခါ လူတိုင်း

လမ်းမထက်၌ ကခုန်ခဲ့ကြသည်ကို အဖေ မှတ်မိနေသေးသည်။ စစ်ပြီးသွားသည်ကို ပင် မယုံနိုင်လောက်အောင် ဖြစ်ခဲ့ကြသည်။ အဆုံးတော့ လွတ်လပ်ခွင့်ရလေပြီ။

ကာဠကန၏ စိတ်ဝိညာဉ်သည် ယခုထက်ထိ ရှင်သန်နေဆဲဖြစ်သည်။ ဗျာဒိတ်ကျမ်းက ခရစ်တော်ပြန်မလာမီ အချိန်ကလေးတွင် ထိုအနိုင်အထက်ပြုတတ်သော၊ မနာလိုဝန်တိုတတ်သော၊ သိမ်ငယ်တတ်သော၊ တန်ဖိုးမရှိသော စိတ်သဘောများသည် အပြီးသတ်မကုန်ဆုံးမီ နောက်ဆုံးတစ်ကြိမ် ပြန်လည်အားကြီးလာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ရှင်ယောဟန်က ထိုအချင်းအရာကို ဦးခေါင်းခုနစ်လုံး၊ ဦးချိုဆယ်ချောင်းပါရှိသော ရေထဲမှထွက်လာသည့် သားရဲအဖြစ် ဖော်ပြထားသည်။

> ပင်လယ်နား၌ သဲပေါ်မှာ ငါရပ်၍၊ သားရဲတစ်ကောင်သည် ခေါင်းခုနစ်လုံး၊ ချိုဆယ်ချောင်းနှင့်တကွ ချိုပေါ်၌ သရဖူဆယ်ဆူကို ဆောင်းလျက်၊ ခေါင်းပေါ်၌လည်း ဘုရားသခင်၏ အသရေတော်ကို ရှုတ်ချသော နာမရှိလျက်၊ ပင်လယ်ထဲက တက်သည်ကို မြင်၏။ ဗျာဒိတ်အနာဂတ္တိကျမ်း ၁၃း၁။

ထိုသားရဲသည် ကမ္ဘာ့နိုင်ငံအသီးအသီးအပေါ် ကြီးမားသောတန်ခိုးနှင့် အခွင့်အာဏာကို ရရှိသည်ဖြစ်၍ တစ်လောကလုံးသည် ထိုသားရဲ၏ တန်ခိုး၊ အာဏာစက်အောက်တွင် မိမိကိုယ်မိမိ အပ်နှံကာ ထိုသားရဲကို ကိုးကွယ်ကြသည်။ သားရဲ၏ အာဏာသည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူသော ဘုရားသခင်နှင့် ကျွန်ုပ်တို့အကြား ဆက်ဆံရေးကို ဆန့်ကျင်ဘက် ပြုလိမ့်မည်။ ကိုးကွယ်ခြင်းကို သူ့အဖို့ တောင်းဆိုလိမ့်မည်။

ထိုသားရဲသည် မိမိကိုယ်ကိုယ်သာ ကိုးကွယ်ခြင်းစနစ်ဖြင့် လည်ပတ်သဖြင့် တစ်လောကလုံးကို သူ့နောက်လိုက်လာရန် အလွယ်တကူ စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။ ထိုသားရဲသည် လူ့ဇာတိပြောသောစကားမျိုးကို ပြောသည်။ လူဖြစ်တည်မှုကို အရည်အချင်း၊ စွမ်းဆောင်နိုင်မှုများဖြင့် ရှာဖွေတည်ဆောက်ကြရန် တိုက်တွန်း

သည်။ ဘုရားကို လူ့အလိုအတိုင်း ကိုးကွယ်စေသည်။ သွေးမပါသော ယဇ်ကို ပူဇော်၍ ဘုရားသခင်သည် ငါတို့၏ ကိုးကွယ်မှုကို လက်ခံလိမ့်မည်ဟု မျှော်လင့်စေသည်။ လွတ်လပ်ခွင့်ကို ငြင်းပယ်လျက် တစ်ကမ္ဘာလုံးကို အကြောက်တရားနှင့် အခွင့်အာဏာတို့ဖြင့် ထိန်းချုပ်ပြန်သည်။ ထိုအရာများအားလုံးသည် ကျွန်တော်တို့ နှလုံးသားထဲ ကိန်းအောင်းနေသော စိတ်သဘောသည် အပြင်တွင် ထင်ရှားလာခြင်းဖြစ်သည်။

ဘုရားသခင်သည် ဘာမျှမလုပ်ဘဲ ထိုင်နေသော ဘုရားမဟုတ်။ အရေးပေါ် သတင်းစကားကို စေလွှတ်၍ သားရဲ၏ အာဏာစက်အောက်တွင် အရှုံးမပေးရန် သတိပေး၏။ သတင်းစကားသည် သုံးမျိုးဖြင့် လာ၏။ ပထမ သတင်းစကားက ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းသော ဘုရားသခင်ကိုသာ ကိုးကွယ်ရန် အသိပေးနှိုးဆော်ထားသည်။ ယေရှု ပူဇော်ခဲ့သောယဇ်ကို ညွှန်ပြလျက် ကာဣနပူဇော်သောယဇ်မျိုးကို ဘုရားသခင် မည်သည့်အခါမျှ လက်ခံမည် မဟုတ်ကြောင်း သတိပေးထားသည်။ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့အတွက် သိုးသူငယ်၏ အသွေးတော်ဖြင့် ရွေးဝယ်ထားသောအရာဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင့်မျက်နှာသာတော်ကို မိမိအလိုတိုင်း ကြိုးစားအားထုတ်မှုဖြင့် မရနိုင်။

ထို့အပြင် အလွန်အရေးကြီး၍ မှန်သောသတင်းစကားဖြင့် ဘုရားသခင် ကျွန်တော်တို့ကို သတိပေးထားသည်။ ဤကဲ့သို့ ဆိုထားသည်။

> ကောင်းကင်တမန်တစ်ပါးကလည်း၊ ဗာဗုလုန်မြို့ကြီး ပြိုလဲပြီ၊ မိမိ မတရားသောမေထုန်၏ အဆိပ်အတောက်တည်းဟူသော စပျစ်ရည်ကို လူမျိုးအပေါင်းတို့အား တိုက်လေပြီးသော ဗာဗုလုန်မြို့ကြီး ပြိုလဲပြီဟု လိုက်၍ ပြောဆို၏။
> ဗျာဒိတ်အနာဂတ္တိကျမ်း ၁၄း၈။

ဘုရားသခင်သည် အဘယ့်ကြောင့် “ဗာဗုလုန်” ဟူသော နာမကို သုံးခဲ့ရသနည်း။ သမ္မာကျမ်းစာကို လေ့လာသည့်အခါ နိမ်ရောဒအမည်ရှိ လူတစ်ဦးသည် ဗာဗုလန်မြို့

ကို တည်ထောင်သောသူဖြစ်ကြောင်း သိရသည်။ နိမ်ရောဒသည် စိတ်ဝင်စားစရာကောင်းသော ဇာတ်ကောင်တစ်ဦးဖြစ်သည်။ ကျမ်းစာ၌ "သူ၏ နိုင်ငံအဦးကား၊ ရှိနာပြည်၌ ဗာဗုလုန်မြို့ ရေက်မြို့ အက္ကဒ်မြို့ ကာလနေမြို့တည်း" ဟု ဆိုထား၏။ နိမ်ရောဒသည် သူ့ကိုယ်ပိုင်နိုင်ငံတစ်ခု တည်ထောင်သူအဖြစ် ပထမဦးဆုံး မှတ်တမ်းတင် ခံရသူဖြစ်သည်။ သူမိခင်ကို လက်ထပ်ယူခဲ့သည်မှာလည်း မှတ်သားစရာ အချက်တစ်ချက် ဖြစ်သည်။ စိတ်ပျက်စရာ အိမ်ထောင်မိသားစုပင်။ သူ့အမေကို လက်ထပ်ယူရန် သူ့အဖေကို သတ်ခဲ့သည်ဟု ယူဆချက်များလည်းရှိသည်။ မည်သို့ပင်ဖြစ်စေ နိမ်ရောဒ၏ အိမ်ထောင်သည် မိသားစုဆက်ဆံရေးကို အလေးအမြတ်ထားသည့် ဘုရားသခင့် နိုင်ငံတော်၏ ပညတ်ချက်များအပေါ် တည်သောအိမ်ထောင် မဟုတ်ချေ။

နိမ်ရောဒသည် မိသားစုထဲတွင် သိမ်ငယ်စိတ်၊ အမြဲအနိုင်ရသူဖြစ်လိုစိတ် အားကြီးလှသည်ဖြစ်၍ သူ မည်သူ၏ သားဖြစ်ကြောင်းဖြင့် အသိအမှတ်ပြုမှုကို မရှာဘဲ သူစွမ်းဆောင်နိုင်ရည်ဖြင့် အသိအမှတ်ပြုမှုကို ရှာဖွေစပြုလာသည်။ ကမ္ဘာဦးကျမ်း ၁၀ တွင် လူသားတို့၏ ဆွေစဉ်မျိုးဆက်စာရင်းကို ဖော်ပြထားသည်။ တစ်ဦးချင်းစီကို မည်သူ၏ သားဖြစ်ကြောင်းဖြင့် ဖော်ပြထား၏။ သူတို့၏ မည်သူဖြစ်ကြောင်းဖြစ်တည်မှုကို သူတို့မိသားစုအသိုင်းအဝိုင်းအားဖြင့် အတည်ပြုကြသည်။ ထိုနည်းစနစ်သည် ဘုရားသခင့်နိုင်ငံတော်၏ နည်းစနစ်ဖြစ်သည်။ သို့သော်လည်း နိမ်ရောဒကိုမူ အားကြီးသောမုဆိုး၊ အားကြီးသောအုပ်ချုပ်သူအဖြစ် သိကြသည်။

ထာဝရဘုရားရှေ့မှာ အားကြီးသော မုဆိုးဖြစ်၏။ ထို့ကြောင့် စကားပုံ၌ကား၊ ဘုရားရှေ့နိမ်ရောဒ၊ အားကြီးမုဆိုး၊ ပြုလုပ်သည်လိုဟု စပ်ဆိုသတည်း။ သူ၏နိုင်ငံအဦးကား၊ ရှိနာပြည်၌ ဗာဗုလုန်မြို့ ရေက်မြို့ အက္ကဒ်မြို့ ကာလနေမြို့တည်း။ ထိုပြည်မှ အာရှုရိပြည်သို့ သွား၍ နိနေဝေမြို့ ရဟောဘုတ်မြို့ ကာလမြို့ကိုလည်းကောင်း၊ နိနေဝေမြို့နှင့်၊ ကာလမြို့ စပ်ကြားမှာ ကြီးစွာသောမြို့

တည်းဟူသော ရေသင်မြို့ကိုလည်းကောင်း တည်ဆောက်လေ၏။

ကမ္ဘာဦးကျမ်း ၁၀း၉-၁၂။

သိမ်ငယ်စိတ်မောင်းနှင်သော နိမ်ရောဒသည် သူဘာလုပ်နိုင်ကြောင်း သက်သေပြချင်သူဖြစ်သည်။ ထို့ကြောင့် မြို့များကို တည်၏။ စစ်တပ်များကို တည်၍ အိမ်နီးချင်း မိသားစုမျိုးနွယ်များကို သိမ်းပိုက်အနိုင်ယူသည်။ သမိုင်းပညာရှင်တစ်ဦးက အောက်ပါကအတိုင်း ဆိုထားသည်။

"ယခင်အုပ်ချုပ်သူများ၏အာဏာသည် ဆွေမျိုးသားချင်းတို့၏ သဘောကျကျေနပ်မှုအပေါ် မူတည်သည်။ သူတို့ သဘောကျသောသူကို အုပ်ချုပ်သူအဖြစ် ခန့်အပ်ကြသည်။ ထို့ကြောင့် ခေါင်းဆောင်အဖြစ်ခန့်အပ်ခံရရန် မိဘမျိုးရိုး၏လုပ်ရည်ကိုင်ရည်၊ သွန်သင်ပြသနိုင်မှုအပေါ် မူတည်နေသည်။ နိမ်ရောဒသည် နယ်မြေ၏ အချုပ်အချာအာဏာပိုင်ဖြစ်လာရန် ထိုနယ်မြေ၌ သာမန်နေထိုင်သူသာဖြစ်ရန်လိုသည်။ သူ့အတွက် အခြားသူများကဲ့သို့ မိဘမျိုးရိုးစသည်ဖြင့် ပုဂ္ဂိုလ်ရေးရာ နှီးနွှယ်မှု ရှိထားစရာမလို။ ထိုအချိန်၌ မျိုးနွယ်စုများသည် မိသားစုမှ လူ့အသိုင်းအဝန်းကြီး တစ်ခုအဖြစ် ကြီးထွားလာကြသည်။ ယခုတွင် နိုင်ငံအဖြစ်ကြီးထွားလာသည်။ နိုင်ငံရေးရာ အုပ်စုများ၊ ပြည်နယ်အလိုက် နေထိုင်သူများစသည်ဖြင့် ဖြစ်လာကြသည်။"

ယနေ့ခေတ်တွင် တစ်ကမ္ဘာလုံးနီးပါးက နိမ်ရောဒ၏ ခြေရာအတိုင်း လိုက်နေကြပြီဖြစ်သည်။ ယနေ့ခေတ် အစိုးရတို့သည် ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းနေထိုင်ကြသော မျိုးနွယ်စုများကဲ့သို့ အုပ်ချုပ်သူ မခန့်အပ်ကြပါ။ ထိုနယ်မြေတွင် နေထိုင်သူဖြစ်သည့်အလျောက်၊ နိုင်ငံရေးရာ နည်းဗျူဟာများအလျောက် အုပ်ချုပ်သူများ ဖြစ်လာကြသည်။

ထိုပြည်နယ်အခြေစိုက် နိုင်ငံရေးစနစ်ကို ထူထောင်သည့် နိမ်ရောဒ၏ လမ်းစဉ်သည် စိတ်ဝင်စားစရာကောင်းသည်။ ပထမဆုံးမြို့ကိုတည်ရာတွင် သူအသုံးပြုသော လမ်းစဉ်၊ စနစ်ကို ဘုရားသခင်က ဗာဗုလန်ဟု အမည်တပ်ခဲ့သည်။ လူ့နှလုံးသားထဲတွင် ဗာဗုလုန်၏ အနှစ်သာရများ မည်သို့ ကြီးထွားလာပုံကို သတိပြုကြည့်ပါ။

၁။ ထိုစိတ်သဘောသည် မိဘများနှင့်ကွဲသောသား၊ သမီးများထံမှ စတင်လာ၏။

၂။ ထိုစနစ်၏ အကျိုးဆက်ဖြစ်သောသိမ်ငယ်စိတ်ကြောင့် သူတို့သည် အများ၏ အသိအမှတ်ပြုခြင်းကို အမြဲခံချင်ကြသည်။

၃။ အသိအမှတ်ပြုခံလိုစိတ်သည် သူတို့၏ ဗလာခံစားချက်၊ အနှစ်မရှိသောဘဝကို ပိုင်ဆိုင်ရသည်ဟူသော ခံစားချက်ကို ဖျောက်ဖျက်ပစ်နိုင်ရန် ရရာနည်းဖြင့် အသည်းအသန် ကြိုးစားစေသည်။

ဤအချက်သည် တန်းတန်းစွဲစေသော ဗာဗုလုန်စပျစ်ရည်၏ လျှို့ဝှက်ချက်ဖြစ်သည်။ ငါ တယ်မသုံးအကျပါလားဟု မခံစားဖူးသူ ရှိမည်မထင်ပါ။ ကျွန်တော်တို့သည် ကျွန်တော်တို့ဘာလုပ်နိုင်ကြောင်း အခြားသူများရှေ့တွင် သက်သေပြချင်ကြသူများဖြစ်သည်။ ဘုရား၏ မျက်နှာသာရရန် ကျွန်တော်တို့၏ ကြိုးစားမှုအားလုံး အချည်းအနှီးဖြစ်ကာ လုံးလုံးထပ်မံကြိုးစားချင်စိတ် မရှိတော့သည်အထိ ခံစားဖူးပါသလော။ အလုပ်ခွင်၊ ကျောင်း၊ အသင်းတော်တို့ရှိ အာဏာလုပွဲများ ကြုံဖူးပါသလော။ ကိုယ့်မာနကလေးကို ကာကွယ်ဖို့၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ ဒေါသတကြီး ဆဲဆိုဖူးပါသလော။ ဆဲဆိုကြသည်ကို ကြားဖူးပါသလော။ ထိုဗာဗုလုန်စပျစ်ရည်ကို အားလုံးသောက်ကြသည် မဟုတ်လော။ ထိုအပြုအမူမျိုး ပြုဖူးလျှင် ကျွန်တော်တို့သည် အမှန်တကယ် ဗာဗုလုန်၏ ကျေးကျွန်များဖြစ်ကြသည် မဟုတ်လော။

ဗာဗုလုန်၏ ပြိုလဲခြင်းသည် မည်သည့်ကို ပုံဆောင်သနည်း။ "ဗာဗုလန်မြို့ကြီး ပြိုလဲပြီ" ဟူသော စကားစုသည် ယေရမိ ၅၁း ၈ မှလာသည်။ မူလအခြေအနေ၊ အကြောင်းအရာကိုလည်း ယေရမိ ၅၀၊ ၅၁ တို့တွင် တွေ့ရသည်။

ယေရမိ ၅၀ တွင် ဘုရားသခင်က သူ့လူများကို သူတို့အိမ်ကို မသိတော့သော ပျောက်သောသိုးများအဖြစ် ဖော်ပြထားသည်။ ဘုရားသခင့်လူ အများစုသည် ဗာဗုလုန်၏ ဖမ်းသွားခြင်းကို ခံရကြသည်။ သူတို့အိမ် အစစ်ကို မေ့လျော့သွားကြပြီ။ သူတို့၏ စစ်မှန်သော နားခိုရာကို မသိကြတော့ချေ။

သို့သော် ဘုရားသခင်သည် သူ့သား၊ သမီးများကို မေ့လျော့မထားပါ။ အောက်ပါအတိုင်း ချစ်စရာကောင်းသော ကတိတော်ကို ပေးထာသည်။

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ဣသရေလ အမျိုးသားတို့နှင့်တကွ ယုဒအမျိုးသားတို့သည် ညှဉ်းဆဲခြင်းကို ခံရကြပြီ။ သူတို့ကို သိမ်းသွားသောသူရှိသမျှတို့သည် ချုပ်ထားပြီးလျှင်၊ ငါတို့သည် မလွှတ်ဟု ငြင်းပယ်လျက်နေကြပြီ။ (၃၄) သို့ရာတွင်၊ သူတို့ကို ရွေးနုတ်သောသခင်သည် အားကြီး၏။ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားတည်းဟူသော ဘွဲ့နာမရှိတော်မူ၏။ ထိုသခင်သည် သူတို့အမှုကို ကျပ်တည်းစွာ စောင့်၍ ပြည်တော်ကို ငြိမ်ဝပ်စေလျက်၊ ဗာဗုလုန်မြို့သူမြို့သားတို့ကို နှောင့်ယှက်လျက် ပြုတော်မူမည်။ ယေရမိအနာဂတ္တိကျမ်း ၅၀း၃၃-၃၄။

အခန်းကြီး ၅၁ တွင် -

ဗာဗုလုန်မြို့ထဲက ထွက်ပြေး၍ အသီးအသီး ကိုယ့်အသက်ကို ကယ်နုတ်ကြလော့။ မြို့သားတို့၏ အပြစ်နှင့်ရောစ၍ ဆုံးရှုံးခြင်းကို မခံကြနှင့်။ ဤအချိန်ကား၊ ထာဝရဘုရား၏ အမျက်တော်ကို ဖြေချိန်ဖြစ်၍၊ အကျိုးအပြစ်နှင့် အလျှောက်စီ

ရင်တော်မူမည်။ (၇) ဗာဗုလုန်မြို့သည် ထာဝရဘုရား ကိုင်တော်မူ၍ မြေကြီး တစ်ပြင်လုံးကို ယစ်မူးစေသော ရွှေဖလားဖြစ်၏။ ထိုဖလား၌ပါသော စပျစ်ရည်ကို လူအမျိုးမျိုးတို့သည် သောက်၍ အရူးဖြစ်ကြ၏။ (၈) ဗာဗုလုန်မြို့သည် ချက်ချင်း ပြိုလဲ၍ ပျက်စီးပြီ။ သူ့အတွက် ငိုကြွေး မြည်တမ်းကြလော့။ သူ၏ အနာ ပျောက်နိုင်လျှင်၊ ပျောက်စေခြင်းငှာ ဗာလစံစေးကို ယူကြလော့။ (၉) ငါတို့သည် ဗာဗုလုန်မြို့၏ အနာကို ပျောက်စေခြင်းငှာ ပြုသော်လည်း၊ အနာမပျောက်နိုင်။ သူ့ကို စွန့်ပစ်၍၊ အသီးအသီး ငါတို့နေရင်း ပြည်သို့ သွားကြကုန်အံ့။ သူခံရသော အပြစ်သည် ကောင်းကင်တိုင်အောင်ရောက်၍၊ မိုးတိမ်ကို ထိလျက်ရှိ၏။ - (၁၀) ထာဝရဘုရားသည် ငါတို့ ဖြောင့်မတ်ခြင်းကို ဖော်ပြတော်မူပြီ။ လာကြလော့။ ငါတို့ဘုရားသခင် ထာဝရဘုရားအမှုတော်ကို ဇိအုန်မြို့၌ ကြားပြောကြကုန်အံ့။ ယေရမိအနာဂတ္တိကျမ်း ၅၁း၆-၁၀။

ထိုကျမ်းပိုဒ်အရ ဘုရားသခင့်လူများသည် ဗာဗုလုန်သို့ ဖမ်းသွားခြင်း ခံခဲ့ရကြသည်။ သူတို့သည် လမ်းမှားခဲ့ကြသည်။ ဘုရားသခင်သည် သူတို့ကို ပြန်လည်ခေါ်ဆောင်မည်ဖြစ်သည်။ သူတို့သည် ကယ်တင်ခြင်းနှင့် ထိုက်သန်ကြသောကြောင့် မဟုတ် သူ့သား၊ သမီးများဖြစ်သောကြောင့် ဖြစ်သည်။

"ဗာဗုလုန်မြို့ကြီး ပြိုလဲပြီ" ဟူသောစကားစုသည် တရားစီရင်ခြင်း၊ အပြစ်စီရင်ခြင်းနှင့် ဆိုင်သောသတင်းစကားဖြစ်သည်နှင့်အညီ ဣသရေလတို့အတွက် လွတ်မြောက်ခြင်းနှင့်ဆိုင်သော ကတိတော်လည်းဖြစ်သည်။ ဗာဗုလုန်သည် ဣသရေလတို့ကို ဖမ်းချုပ်ခဲ့သောကြောင့်ဖြစ်သည်။

ဒုတိယကောင်းကင်တမန်သတင်းစကား၌ပါသော ဗာဗုလုန်၏ ပြိုလဲခြင်းသည် သိမ်ငယ်စိတ်၊ မိမိဘဝကို တန်ဖိုးမရှိဟု ခံစားစိတ်၊ အပြစ်တရားသို့ သွေးဆောင်သောစိတ်ဝိညာဉ်များမှ ဝိညာဉ်ရေးရာဣသရေလတို့၏ လွတ်မြောက်ခြင်းဖြစ်၏။

ယေရှု၏ အသက်တော်စွန့်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင် ချစ်သောသား သမီးများဖြစ်သည်ဟု အမှန်ယုံကြည်လက်ခံလျှင် ကျွန်ုပ်တို့၏ သိမ်ငယ်စိတ်၊ မိမိ ကိုယ်မိမိ တန်ဖိုးမရှိဟု ခံစားနေရခြင်းတို့ လွင့်စင်ပျောက်ကွယ်သွားမည် ဖြစ်သည်။ ဘုရားသခင်၏ သား၊ သမီးများအဖြစ် ကျွန်တော်တို့ ဖြစ်တည်နေကြမည်ဖြစ်သည်။

ကောင်းကင်တမန်သုံးပါးသတင်းစကားကို ဧလိယ၏ သတင်းစကားဟုလည်း ခေါ်ကြသည်။ မာလခိ ၄း ၆ရှိ သတင်းစကား၏ နောက်ဆုံးအပိုင်းတွင် ဘုရားသခင် သည် အဘတို့၏ စိတ်နှလုံးကို သား၊သမီးများ၏ စိတ်နှလုံးနှင့်လည်းကောင်း၊ သား၊ သမီးတို့၏ စိတ်နှလုံးကို အဘတို့၏စိတ်နှလုံးတို့နှင့်လည်းကောင်း တွေ့စေမည်ဟု မတော်တဆ ပါရှိနေခြင်း မဟုတ်ပါ။ တနည်းဆိုရလျှင်၊ ကျွန်တော်တို့၏ စွမ်းဆောင် ရည်၊ လုပ်ရည်ကိုင်ရည်ကြောင့် မဟုတ်၊ ယေရှု ကျွန်ုပ်တို့အတွက် လုပ်ဆောင်ပေး သောအရာအားဖြင့် ကျွန်တော်တို့သည် ဘုရားသခင့် သား၊ သမီးများဖြစ်သည်ဟု အ မှန်ယုံကြည်မှသာ ထိုသတင်းစကား၏ အစွမ်းတန်ခိုး ထွက်ပေါ်လာမည် ဖြစ်သည်။

ဗာဗုလန်နှင့် သူ၏နည်းစနစ်၊ စိတ်နေသဘောထားတို့ကို စွန့်ပစ်ပါ။ ကျွန်အဖြစ် ရှိမနေပါနှင့်တော့။ ဘုရားကို “အဗ္ဗအဘ” ဟု ခေါ်ပါ။ သင်သည် ဘုရားသခင်၏ ချစ် သား (သို့) သမီးဖြစ်ကြောင်း ယုံကြည်ပါ။ ခရစ်တော်အားဖြင့် ကျွန်ုပ်တို့သည် လွတ် မြောက်သူများ၊ လွတ်လပ်သူများဖြစ်ကြသည်။

။ ။ ။

လူတို့သည် မိမိကိုယ်မိမိ အခြားသူများနှင့်နှိုင်းယှဥ်ကာ မိမိ၏ လုပ်ရည်ကိုင်ရည်ကို အားမရခြင်း၊ အများ၏ နှစ်သက်ချစ်ခင်မှုမရဟု ခံစားရခြင်း၊ အခြားသူများလောက် အသုံးမကျဟူသော ခံစားချက်တို့ကြောင့်  ဘဝကို စိတ်ပျက်ကြ၏။ တန်ဖိုးမရှိသော လူသားများအဖြစ် ခံစားရကြ၏။ ဘဝအောင်မြင်တိုးတက်ရေး၊ စိတ်ချမ်းသာပျော်ရွှင်ရေး ဆိုင်ရာ စာအုပ်စာပေအများစုက ထိုပြဿနာကို ဖြေရှင်းဖို့ လူများကို ကိုယ့်ကိုယ်ကိုယ် ချစ်ရန်၊ ကိုယ့်ကိုယ်ကိုယ် အလိုလိုက်ရန်၊ ကိုယ့်ကိုယ်ကိုယ် သူမတူထူးခြားသူဟု ခံယူရန် အားပေးအားမြှောက်ပြုကြသည်။

သို့သော် လူသားတို့၏ မရှိမဖြစ်လိုအပ်ချက်မှာ မေတ္တာတရားသာဖြစ်သည်။ လူသားတို့သည် လောကီအရာများ၌သာ ဘဝပျော်ရွှင်ကျေနပ်မှုကို ရှာဖွေကြလေရာ စိတ်ပျက်ခြင်းနွံထဲ ရုန်းလေနစ်လေဖြစ်ရကြသည်။
မေတ္တာအသိုက်အဝန်းရှိရာအရပ်တွင်သာ ဘဝပျော်ရွှင်ကျေနပ်မှုကို ရှာတွေ့နိုင်သည်။ ထိုမေတ္တာအသိုက်အဝန်း၏ မိသားစုဝင်တစ်ဦးဖြစ်လာဖို့ "ချစ်သား" "ချစ်သမီး" ဟု သင့်ကို ခမည်းတော်ဘုရား ခေါ်ဖိတ်နေပါသည်။